www.burmeseclassic.com



www.burmeseclassic.com

# မင်းမြတ်သူရ

## ပြည်လုံးကျော်

စာမူခွင့်ပြုချက်အမှတ် - ၁၅၀၇/၂၀၀၄ (၀၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၅၈၀၅၀၃

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၀၀၀/-


အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၀၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၃၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

စေတနာစာပေ
မောင်ကျော်လှိုင်
စီစဉ်သည်



# မင်းမြတ်သူရ

## ပြည်လုံးကျော်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ


၁။ သားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ

၂။ သားပုလင်းမင်းအောင်နှင့် ပန်းတိုးသွင်ဒေဝီ

၃။ သားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာကိုကြီး

၄။ သားပုလင်းမင်းအောင်နှင့် ပုလဲခင်

၅။ သားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး

၆။ သားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း

၇။ သားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား

၈။ သားပုလင်းမင်းအောင်နှင့် နေမင်းဆီသမီးတော်

၉။ သားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး

၁၀။ သားပုလင်းမင်းအောင်နှင့် ဘကြီးတူရင် လူမရွေးဘူး

၁၁။ သားပုလင်းမင်းအောင်နှင့် မိုးနတ်သူစာရှာပုံတော်

၁၂။ သားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားဆောင်ပွင့်ကောင်း

၁၃။ ရွှေချမ်းသာငွေချမ်းသာ

၁၄။ သားပုလင်းမင်းအောင်နှင့် မြေမင်းသမီး

၁၅။ လိုတရက်ကြီးချွင်

၁၆။ တစ်ကျွန်းခြွန်ဘိုးမှန်

၁၇။ ဖြည်ထော်ဖြန်

၁၈။ ကြာပန်းသုံးခိုင်တံဆိပ်တော်

၁၉။ ရွှေမြည်းကြီး

၂၀။ ပွဲကျောင်းသားမိုးကောင်း

၂၁။ သားပုလင်းမင်းအောင်နှင့် ဇော်မှဲ့နှင်းဆီ

၂၂။ ပဥ္စလက်ဆောင်နမ


www.burmeseclassic.com

www.burmeseclassic.com


၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းဆွေ့တဝေဝေ
၂၄။ နဝမမြောက်လွမ်းစာ
၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၂၆။ ငွေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ပဥ္စမမြောက်မိုးနတ်မယ်
၃၁။ ရတနာကျွန်းဧကရီ
၃၂။ ဝုဏ္ဏာက်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာဝန်း
၃၇။ မဟာလူသားမောင်ဒဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့်တာနောယက္ခ
၄၀။ နတ်သမီးနဲ့ ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့်မိုးမျှော်ထိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးဓားခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇီဝဇိုးရှုလိုက်ရှု
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့်နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့်စိန်ပန်းနီနီ
၅၃။ မျော်အိုင်နှင့်နတ်ဆေးသမန်း
၅၄။ ဘာမထီဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သစင်ဖြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းခဲ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျူမဒါမင်းသင်နှင့်သေမင်းနာရီစင်
၆၁။ ခေါင်းခင်းဆုစာ
၆၂။ မောင်နှံခုနစ်တော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ဂျူမဒါမင်းသင်နှင့် သစ္စာတော်ခံ


ယခုလထုတ်စာအုပ်


၆၆။ ဖြည့်ကုံးတော်


တစ်ဖက်သို့

www.burmeseclassic.com

## မင်းမြတ်သူ(ရှမ်း)နောက်ထွက်မည့်စာအုပ်များ

- ရွှေမျက်နှာသခင်မ
- ပတ္တမြားဆန်လျှိုး အစိုးမြည်တန်
- လူဝင်စားကျောင်းတော်
- မိုးလုံးပြည့်လျှံ
- ယထ္ထုညီနောင်
- ကျောက်စိမ်းအမိန့်တော်
- အမြူရောင်လွှင်မြင်
- မြေမြို့ရှင်မ
- ကျော်လင်းယုန်
- ချိုတိုင်ကြိုးကွဲ နှင်းဆီနိုင်
- ဆာဗုလင်းခင်းအောင်နှင့် ရွှေကိုယ်ရံတော်

နောက်မှာ
အမြဲနေရင်
နောက်လိုက်ဘဝနဲ့
ဇာတ်သိမ်းရမယ်။

ချမ်းမြေ့သာရစိုးလှိုင်

www.burmeseclassic.com

ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့

မားကိုင်လက်ဟာ

သူ့ရဲ့ကောင်းမြစ်နိုင်သလို သားသတ်သမားလည်းဖြစ်နိုင်တာပဲ။

ချမ်းမြေ့သရစ်လှိုင်

သူများဖျက်လို့ ပျက်တာထက်

ကိုယ့်ကိုယ်ကိုယ် ဖျက်လို့ပျက်တာပိုဆိုးတယ်။

ချမ်းမြေ့သရစ်လှိုင်

www.burmeseclassic.com

www.burmeseclassic.com

၁။ ထိပ်ဆုံးမှာရပ်ဖို့ထက်

ခြေကုတ်မိဖို့ လိုအပ်တယ်။

ချမ်းမြေ့သရဖီလှိုင်

၁

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း လူသူမနီးသော တောကြီးအတွင်း၌ မြင့်မားသောတောင်ကြီးပေါ်တွင် မိန်းမတစ်ဦးသည် သဘာဝတောတောင်အလှကို ရှုစားနေလေ၏။

ထိုမိန်းမသည် မြေပေါ်ပေါ်သို့ ကြွေကျနေသော ရွက်ကြွေများကို ငေးမောကြည့်လျက်

" သစ်ရွက်ကလေးတွေ မြေပေါ်မှာကြွေနေတယ်၊ ဟိုးအဝေးမှာမြင်နေရတဲ့ စမ်းချောင်းကလေးထဲမှာလည်း တောပန်းလေးတွေ မျောပါနေတယ်၊ သစ်ပင်သစ်ကိုင်းတွေအားလုံး နွေရာသီရဲ့ သဘာဝအတိုင်း နီးတံပြိုင်းပြိုင်းဖြစ်နေတယ်၊ ဥသြငှက်ကလေးကလည်း လွမ်းမောဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် အော်မြည်နေတယ်၊ သဘာဝတရားကြီးက လှလိုက်တာ၊ လွမ်းမောဖို့လည်းကောင်းလိုက်တာ၊ ဒီရှုခင်းတွေကိုမြင်ရင် ငါ့ဘဝ အထီးကျန်သလို ခံစားရတယ်၊ ဟိုးအဝေးမှာ မြင်နေရတဲ့ သစ်ပင်ကြီး ပေါ်မှာ ချိုးဖိုနဲ့ချိုးမဟာ တစ်ကောင်နဲ့တစ်ကောင် ကလူကျီစယ်နေကြတယ်၊ သူတို့ဘဝဟာ ငါ့ထက်စာရင် ပျော်ရွှင်ဖို့ကောင်းလိုက်တာ ''

ထိုမိန်းမသည် သူမ၏ရှည်လျားသောဆံပင်များကို ထုံးနှောင်လိုက်ရင်း ကျွန်းပင်ကြီးကိုမှီ၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၏ ပျို့ကဗျာတစ်ပုဒ်ကို တီးတိုးရေရွတ်နေလေ၏။

သူမသည် ကဗျာရွတ်ရင်း မှိုင်းညို့သောမျက်ဝန်းများဖြင့် အဝေးဆီသို့ ငေးမောကြည့်နေလိုက်၏။ သူမဘဝတစ်လျှောက်လုံး အထီးကျန်နေထိုင်ခဲ့ရ၏။

မိန်းမသားတစ်ဦး၏ဘဝနှင့် မမျှအောင် ကြမ်းတမ်းခဲ့ရ၏။ စွန့်လွှတ်စွန့်စားခဲ့ရ၏။

ယောကျ်ားရင့်မကြီးများ အရှုံးပေးရလောက်အောင် အစွမ်းတွေပြခဲ့ရ၏။ အများသူငါ မိန်းမသားများနှင့်ဆန့်ကျင်စွာ အလှမပြင် ပန်းမပန်ဘဲ ရုန်းကန်လှုပ်ရှားခဲ့ရ၏။

သူမ၏သည်းထိတ်ရင်ဖို စွန့်စားခန်းများကြောင့် လူပေါင်းများစွာ၏ ဘဝပေါင်းများစွာ သာယာလှပခဲ့၏။ ပျော်ရွှင်ကြည်နူးခဲ့ကြ၏။

သူမမှာတော့ မည်သည့်အကျိုးရလဒ်မှမရှိဘဲ အန္တရာယ်များ၊ ရန်ငြိုးရန်စများ၊ အာဃာတများကိုသာ ပိုင်ဆိုင်ခွင့်ရခဲ့၏။





သူမကို အသည်းခိုက်အောင် မုန်းတီးရွံရှာသူများ၊ ရက်ရက်စက်စက် သတ်ဖြတ်လိုသူများ၊ ကလဲ့စားချေလိုသူများ မရေမတွက်နိုင်အောင် များပြားခဲ့၏။

သို့သော် သူမဘဝတစ်လျှောက်လုံး ရန်သူအားလုံးကို အောင်မြင်နိုင်ခဲ့၏။ ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့၏။ အားလုံးကို နှာတစ်မျှားဖြင့် အနိုင်ယူနိုင်ခဲ့၏။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးမှာ သူမတစ်ယောက်တည်း အထီးကျန်ဖြစ်ခဲ့၏။ အထီးကျန်ဘဝမှာ သူမအတွက် ရင်းနှီးပျော်ရွှင်စရာ အဖော်အနေဖြင့် ရှေးဟောင်းဂန္ထဝင်ကဗျာများသာဖြစ်၏။

သူမသည် ရှေးဟောင်းကဗျာများကို အလွန်နှစ်သက်သဖြင့် အားလပ်ချိန်တိုင်း တီးတိုးရေရွတ်နေတတ်၏။ စာဆိုတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့ကဗျာအားလုံး သူမအလွတ်ရ၏။

ကြမ်းတမ်းခက်ထန်သော သူမအတွက် နူးညံ့သိမ်မွေ့သော အရာဆိုလို့ ရှေးဟောင်းကဗျာများသာရှိ၏။

သူမသည် သစ်ပင်ပေါ်သို့ ပြေးတက်သွားသော ရှဉ့်ညိုလေးကို ငေးမောကြည့်ရှုနေစဉ် သစ်ကိုင်းခြောက်ကျိုးသံ ဖျောက်ခနဲ ကြားရ၍ မျက်မှောင်ကြုတ်လိုက်မိ၏။

သူမသည် အန္တရာယ်၏အရိပ်အငွေ့များကို ခံစားရသဖြင့် မျက်လုံးများ အရောင်တဖျတ်ဖျတ် တောက်ပသွား၏။

ထို့နောက် အနီးရှိသစ်ပင်ကြီးပေါ်သို့ မျောက်တစ်ကောင် ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခိုဆွဲတက်လိုက်ပြီး မြင့်မားသောသစ်ကိုင်းပေါ်တွင် အရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေလိုက်၏။

သူမ၏နားထဲတွင် သစ်ကိုင်းခြောက်နင်းသံများကို ထပ်မံကြားရပြန်၏။ သူမရှိရာအရပ်သို့ တိတ်တဆိတ်ချဉ်းကပ်လာသူများ ရှိနေချေပြီ။

သူမဘဝတစ်လျှောက်လုံး အန္တရာယ်များစွာနှင့် ရင်ဆိုင်ခဲ့ဖူးသဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်မိဘဲ ခါးကြားရှိ ဓားမြှောင်ကိုထုတ်၍ သွားဖြင့်ကိုက်ထားလိုက်၏။

ထို့နောက် ကိုယ်နှင့်မကွာရှိနေသော ကြိုးခွေကိုထုတ်၍ လက်မောင်း၌ သိုင်းလွယ်ထားလိုက်၏။ သူမအတွက် ကြိုးတစ်ချောင်းသည် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်၏။

သူမဘဝတစ်လျှောက်လုံး အန္တရာယ်အခက်အခဲနှင့်ကြုံတွေ့တိုင်း ဤကြိုးက ကယ်တင်သွားခဲ့၏။ သူမ၌ ကြိုးတစ်ချောင်းသာရှိလျှင် မည်သည့်ရန်သူကိုမဆို ရင်ဆိုင်ဝံ့၏။

ထိုအခိုက် သူမ၏စူးရှသော မျက်လုံးတွဲတွင် ရန်သူ၏လှုပ်ရှားမှုကို စတင်တွေ့ရှိလိုက်၏။

ရန်သူသည် အပေါ်ပိုင်းကို ဗလာကျင်းထား၍ အောက်ပိုင်း၌ ရှမ်းဘောင်းဘီဝတ်ဆင်ထားသော လူထွားကြီးတစ်ယောက်ဖြစ်၏။ ရန်သူ၏လက်ထဲတွင် မြားတစ်လက်ကို ကိုင်ဆောင်ထား၏။

ရန်သူသည် မုဆိုးတစ်ယောက်ဖြစ်ပုံရပြီး တောတွင်းရှိ သူမ





ရှိရာအရပ်သို့ လမ်းပြခေါ်ဆောင်လာသူဖြစ်၏။ လမ်းပြမုဆိုး၏အနောက်တွင် သူမကို အန္တရာယ်ပြုလိုသူများ လိုက်ပါလာပုံရ၏။

လမ်းပြမုဆိုးသည် သူမရှိရာအရပ်သို့ ခန့်မှန်း၍ရောက်လာပြီး သူမကို မတွေ့သဖြင့် ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်၏။ ထိုအခါ သူမလက်ဖြင့်ခြွေထားသော တောပန်းကလေးတစ်ပွင့်ကို မြင်သွား၏။

လမ်းပြမုဆိုးသည် ဤအရပ်တွင် သူမရှိမှန်း သေချာသွားသဖြင့် ပိုမို၍ သတိထားနေလေ၏။ သစ်ပင်အောက်ရှိ ခြေရာများကို ငုံ့ထောက်၍ သေချာစွာကြည့်၏။

မုဆိုး၏အနောက်တွင် ရန်သူများစွာလိုက်လာပုံရ၏။ သူမ၏ များပြားလှသော အတွေ့အကြုံများအရ မုဆိုးကို ဦးစွာတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

သူမအတွက် အချိန်ဆွဲရန် မဖြစ်နိုင်တော့သဖြင့် မြင့်မားသော သစ်ပင်ပေါ်မှ သစ်ကိုင်းကို ခိုဆွဲ၍ မုဆိုးအရှေ့သို့ခုန်ချလေ၏။

မြေပြင်သို့ရောက်သောအခါ ကြောင်အမ်းအမ်းဖြစ်နေသော မုဆိုး၏ပေါင်ကြားကိုခြေဖြင့်ဆောင့်ကန်လိုက်ရာ အားခနဲအော်၍ မုဆိုးသည် မြေပေါ်သို့လဲကျသွားလေ၏။

သူမသည် မုဆိုး၏ခန္ဓာကိုယ်ကို တရွတ်တိုက်ဆွဲ၍ ချုံထဲတွင် ဝှက်ထားလိုက်၏။

ထိုအခိုက်တွင် သူမရောက်ရှိနေသော တောစ်ကုန်းအောက်မှ ရန်သူ၏အရိပ်အယောင်ကိုမြင်သဖြင့် တစ်ပတ်ကျွမ်းပစ်၍ ခုန်ဆင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ရောက်သည်နှင့် ရန်သူ၏ သေနတ်ကိုင်လက်ကို လက်ဝါးစောင်းဖြင့်ခုတ်၍ နဖူးကို ဒူးဖြင့်တိုက်လိုက်သည်။ ရန်သူသည် အားခနဲအော်၍ လဲကျသွားလေ၏။

သူမသည် ရန်သူမေ့မြောသွားသောအခါ သက်ပြင်းချလိုက်၏။ သူမ၏ရန်သူများသည် ပထမတန်းစား တိုက်ခိုက်ရေးပညာရှင်များ ဖြစ်ပုံမရချေ။

ထိုအခိုက်မှာပင် သေနတ်ကိုင်ရန်သူနှစ်ဦးကို ခပ်လှမ်းလှမ်းတွင် မြင်သဖြင့် အနီးရှိနွယ်ကြိုးကို ခိုဆွဲ၍ ရန်သူများဆီသို့ အရှိန်အဟုန် ပြင်းစွာရောက်ရှိသွားပြီး ရန်သူများ၏မေးရိုးများကို ဘယ်ခြေ၊ ညာခြေဖြင့် တစ်ပြိုင်တည်း ကန်ထည့်လိုက်လေ၏။

ရန်သူနှစ်ဦး လဲကျမေ့မြောသွားသောအခါ ရန်သူ၏ကိုယ်ခန္ဓာကို သဲလွန်စရှာဖွေရန် ပြင်ဆင်ခနစဉ် ရန်သူတစ်ဦးထပ်မံ ရောက်ရှိလာပြီး အလန့်တကြား အော်ဟစ်လိုက်ပြန်၏။

သူမသည် ရန်သူကို မကျေမချမ်းကြည့်၍ ခါးကြားမှ ဓား မြှောင်ကိုထုတ်၍ လှမ်းပစ်လိုက်၏။ ရန်သူသည် လက်မောင်းကို လက်ဖြင့်အုပ်၍ နာကျင်စွာအော်ဟစ်လိုက်၏။

ရန်သူ၏အသံကြောင့် တောအုပ်အတွင်းမှ လူဝကြီးတစ် ယောက် ပြေးထွက်လာပြီး သူမကိုမြင်သောအခါ အထိတ်တလန့်ဖြင့်

" မလုပ်နဲ့ကေရီ မှားမယ်၊ မှားကုန်လိမ့်မယ် "

ဟုအော်ဟစ်လေရာ ကေရီသည် လူဝကြီးကိုပစ်ရန် ချိန်





ရွယ်ထားသော ဓားမြှောင်ကို မပစ်ပေါက်သေးဘဲ လေသံမာမာဖြင့်

" လူဝကြီး၊ ရှင်တို့ဘယ်သူတွေလဲ၊ ကျွန်မဆီကို ဘာကြောင့် ရောက်လာတာလဲ၊ မှန်မှန်ဖြေနော်၊ မုသားပြောမယ်မကြံနဲ့၊ သေ မင်းနဲ့တွေ့သွားမယ် "

ဟုမေးမြန်းလေရာ လူဝကြီးသည် ကေရီကို ထိတ်လန့်ဟန် ဖြင့်ကြည့်၍ လေသံတုန်တုန်ယင်ယင်ဖြင့်

" ဓားမြှောင်ကိုချပြီး အေးအေးဆေးဆေးပြောပါကေရီ မှား ကုန်လိမ့်မယ် "

ဟုတောင်းပန်လေ၏။ ကေရီက လူဝကြီးကို စူးစိုက်ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" မချဘူးလူဝကြီး၊ ကေရီရဲ့ရာဇဝင်မှာ ရန်သူကို အကြောင်း မသိဘဲ ယုံကြည်ရိုးထုံးစံမရှိဘူး၊ ကျွန်မမေးတာ မှန်မှန်ဖြေ၊ မဖြေရင်တော့ ရေပြည်ပို့ပေးရမှာပဲ "

ဟုခြိမ်းခြောက်လိုက်လေ၏။ ထိုအခါ လူဝကြီးသည် ကမန်း ကတန်း လက်ကာပြ၍

" ငရဲပြည်တော့ မပို့ပါနဲ့၊ မှန်မှန်ဖြေပါ့မယ်၊ ကျုပ်တို့ဟာ စီအိုင်ဒီ က စုံထောက်အရာရှိကြီးတွေပါ "

ဟုဖြေလေ၏။ ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" ဘာ... စုံထောက်အရာရှိကြီးတွေဟုတ်လား၊ စုံထောက် အရာရှိကြီးတွေက တောထဲကို ဘာလာလုပ်တာလဲ၊ ဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့၊ သေသွားမယ် လူဝကြီး ''

ဟုခြိမ်းခြောက်ကာ ဓားမြှောင်ကို ကိုင်မြှောက်လိုက်ပြန်၏။

ထိုအခါ လူဝကြီးက လက်ကာ၍

'' အမလေး... တကယ်ပြောတာပါဗျာ၊ ကျုပ်တို့ဟာ စီအိုင်ဒီက စုံထောက်အရာရှိကြီးတွေပါ။ မယုံရင် အိတ်ထဲက သက်သေခံကတ်ပြားကို ထုတ်ပြပါ့မယ် ''

ဟုပြောဆိုကာ အင်္ကျီအိတ်ထဲရှိ ကတ်ပြားတစ်ခုကို ကမန်းကတန်း ထုတ်ပေးလေ၏။

ကေရီသည် လူဝကြီးကို မျက်ခြေမပြတ် စောင့်ကြည့်၍ အနီးသို့ တိုးကပ်ကာ သက်သေခံကတ်ပြားကို ဆတ်ခနဲလှမ်းယူလိုက်၏။

ကေရီသည် ကတ်ပြားကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြန်ပြီး

'' လူဝကြီး၊ ဒါမျိုးတွေ ရှိုးနေပြီ၊ စီအိုင်ဒီကတ်ပြားကို ဘယ်သူမဆို အတုလုပ်လို့ရနေတာပဲ ''

ဟုမယုံကြည်ဟန်ဖြင့် ပြောလိုက်ပြန်ရာ လူဝကြီးက မျက်နှာရှုံ့မဲ့သွားပြီး

'' အတုမဟုတ်ပါဘူးဗျာ၊ ဘုရားစူး အစစ်ပါဗျာ၊ ခင်ဗျားကို မလိမ်ဝံ့ပါဘူး ''

ဟုထိတ်လန့်ဟန်ဖြင့်ပြောဆိုလေ၏။

ကေရီက သူမ၏လက်ထဲရှိ ဓားမြှောင်ကို လှည့်ပတ်ကစား လိုက်ပြီး





'' နေပါဦး၊ စီအိုင်ဒီက စုံထောက်တွေ ကျွန်မဆီကို ဘာလာလုပ်တာလဲ၊ ဘာလဲ ကျွန်မကို ဒုက္ခပေးဖို့လား၊ ဒါဆိုရင်တော့ ငရဲကို ပို့ပေးလိုက်မယ် ''

ဟုပြောလေရာ လူဝကြီးက ကမန်းကတန်း လက်ကာ၍

'' နေပါဦးဗျာ၊ ခင်ဗျားက သတ်ဖို့ဖြတ်ဖို့ပဲ စိတ်အားထက်သန်နေတာကိုး၊ ကျုပ်တို့ကို ဆားပုလင်းမင်းအောင်က လွှတ်လိုက်တာပါ ''

ဟုပြောလေ၏။ ကေရီသည် ဆားပုလင်းမင်းအောင်ဆိုသော အမည်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

'' ဘာ... ဆားပုလင်းမင်းအောင်က လွှတ်လိုက်တယ်ဟုတ်လား၊ ကိုမင်းအောင်က ကျွန်မဆီကို သူကိုယ်တိုင်မလာဘဲ ရှင်တို့လို ခပ်ညံ့ညံ့လူတွေကို လွှတ်လိုက်မှာတဲ့လား၊ ဒီမှာ လူဝကြီး၊ ရှင့်စကားကို ကျွန်မ မယုံဘူး၊ ကိုမင်းအောင်က လွှတ်လိုက်တယ်ဆိုရင် ကျွန်မကို ဘယ်လိုသက်သေပြမှာလဲ ''

ဟုမေးမြန်းလေ၏။ ကေရီ၏စကားကြောင့် လူဝကြီးက သူ့အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်၍ ကေရီထံသို့ ပစ်ပေးလိုက်၏။

ကေရီသည် လူဝကြီးပေးလိုက်သောအရာကိုကြည့်ပြီး မျက်လုံးများ အရောင်တဖျတ်ဖျတ် တောက်ပသွား၏။

ထိုအရာမှာ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ချိန်ခွင်ငယ်လေးတစ်လက် ဖြစ်၏။ ချိန်ခွင်ကလေး၏အရှယ်မှာ ပန်းထိမ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာကောင်းမွန်သောကြောင့် လှပသေသပ်နေ၏။

ကေရီသည် ချိန်ခွင်ကလေးကို ကိုင်မြှောက်ကြည့်ရင်း သူမ၏ လှပသောနှုတ်ခမ်းများ ပြုံးယောင်သမ်းလာပြီး

" ကိုချိန်ခွင်... ကိုချိန်ခွင်... တရားဥပဒေရဲ့ ဘက်တော်သားကြီး ရှင်နဲ့ကျွန်မပြန်တွေ့ရဦးမှာဇာပဲ... ရှင့်လို စိတ်ဓာတ်မျိုးရှိတဲ့သူဟာ အင်္ဂလိပ်အစိုးရလက်အောက်မှာ အမှုထမ်းနေတာ ကျွန်မတို့ မြန်မာလူမျိုးတွေအတွက် နစ်နာလွန်းတယ်ရှင့် "

ဟု တီးတိုးရေရွတ်နေပြီးမှ လူဝကြီးဘက်သို့လှည့်၍

" ရှင်တို့ဟာ စီအိုင်ဒီက စုံထောက်တွေဆိုတာ ယုံသွားပြီနေပါဦး၊ ရှင့်တို့ဟာ စီအိုင်ဒီက စုံထောက်အရာရှိတွေ ဖြစ်နေရက်နဲ့ ဘာဖြစ်လို့ တောထဲကို ခိုးကြောင်ခိုးဝှက် ရောက်လာရတာလဲ၊ ကိုမင်းအောင်က သူကိုယ်တိုင် ဘာဖြစ်လို့ ကျွန်မဆီကို ရောက်မလာတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါမှပင် လူဝကြီးသည် ပင့်သက်ကို ချလိုက်ပြီး သူ၏မျက်နှာပေါ်ရှိ ချွေးသီးချွေးပေါက်များကို လက်ဖြင့်သုတ်လိုက်ပြီး

" အေးအေးဆေးဆေးရှင်းပြပါ့မယ်ဗျာ၊ လော့လောဆယ် ခင်ဗျားရဲ့လက်ချက်ကြောင့် အထိနာသွားတဲ့ ကျုပ်မိတ်ဆွေ စုံထောက်ကြီးတွေကို သတိရအောင် အရင်လုပ်ပါရစေဦး "

ဟု ပြောကာ မြေပေါ်တွင် လဲကျမေ့မြောနေသော စုံထောက်





များကို သတိရအောင် ပြုလုပ်လေ၏။

ခဏအကြာတွင် ကေရီ၏လက်ချက်ကြောင့် မေ့မြောနေသော စုံထောက်များသည် သတိရသည်နှင့် ဒဏ်ရာများကို လက်ဖြင့်ပွတ်၍ နာကျင်ဟန်ဖြင့် ညည်းညူနေကြ၏။

စုံထောက်များသည် ကေရီ၏အစွမ်းကို ထိတ်လန့်ဟန်ဖြင့် ငြိမ်သက်စွာရှိနေသော်လည်း လမ်းပြမုဆိုးသည် ကေရီကို မကျေနပ်ဟန်ဖြင့် ကြည့်ရှုနေလေ၏။ ကေရီက စုံထောက်များကို ကြည့်၍

" ရှင်တို့အားလုံး အထိနာရတာ ကျွန်မဆီကို ခိုးကြောင်ခိုးဝှက်ရောက်လာရတာကြောင့်ပဲ "

ဟု ပြောလေ၏။ ထိုအခါ ကေရီကို မကျေမချမ်းကြည့်ရှုနေသော မုဆိုးကြီးက လက်သီးဆုပ်၍

" ကျုပ်ရာဇဝင်မှာ အားနွဲ့တဲ့မိန်းမတစ်ယောက်ကို အရှုံးပေးရိုးထုံးစံမရှိဘူး၊ ကျုပ်ဟာ အလယ်လုပ်ပွဲတွေမှာ ရင်ဆိုင်ခဲ့လေ့ရှိတဲ့ လက်ဝှေ့သမားတစ်ယောက်ပဲ၊ ကျုပ်ကို အလစ်အငိုက်သုံးပြီး အနိုင်ယူသွားတာ လုံးဝမကျေနပ်ဘူး "

ဟု ဒေါ်မာန်ပါပါဖြင့် ပြောဆိုလေ၏။ ကေရီသည် မုဆိုးကြီး ကို မထီလေးစားအမူအရာနှင့် ကြည့်ရှုလိုက်ပြီး

" မကျေနပ်ရင် ရှင်ဘာလုပ်ချင်လဲ မုဆိုးကြီး၊ တကယ်တော့ စုံထောက်တွေခံရတာ မုဆိုးတစ်ယောက်ဖြစ်ပြီး တောရဲ့စည်းကမ်းကို မလိုက်နာဘဲ ခိုးကြောင်ခိုးဝှက်လုပ်တဲ့ ရှင့်ရဲ့ မကောင်းတဲ့ အကျင့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကျွန်မဆီကို အသံမပြုဘဲရောက်လာတဲ့လူတွေကို ရန်သူလို့ပဲ သတ်မှတ်ရမှာပဲ ''

ဟု ပြောလေရာ မုဆိုးကြီးက တက်ခေါက်၍

'' ရန်သူဆိုရင် အတိအလင်းတိုက်ခိုက်ပေါ့၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာလဲ ''

ဟု မေးမြန်းလေ၏။

'' ဟား ဟား ဟား... ရှင်က ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ခံရလို့ ရှုံးတယ်လို့ထင်နေတယ်ပေါ့၊ ဒါဆိုရင် အခုပဲ အတိအလင်း ရှင်ဝင်တိုက်ကြည့်ပါလား '',

ဟု စိန်ခေါ်လိုက်ရာ မုဆိုးကြီးလည်း ကေရီကို အံ့ကိုကြိတ်၍ ကြည့်ရှုလိုက်ပြီး

'' မိန်းမတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် မာန်ဝံ့တဲ့ မိန်းမ ယောကျ်ားသတ္တိပြရတာပေါ့ ''

ဟု ကြုံးဝါးကာ ကေရီထံသို့ အပြေးအလွှားရောက်ရှိလာပြီး ကေရီ၏မျက်နှာကို လက်သီးဖြင့် အားကုန်ထိုးလိုက်၏။

ကေရီသည် မုဆိုးကြီး၏လက်သီးကို ရှောင်တိမ်းလိုက်ပြီး ရှေ့သို့ လွန်လာသော မုဆိုး၏အရိုက်ကို လက်သီးဖြင့် လှမ်းထောက်လိုက်၏။

ထိုအခါ မုဆိုးကြီးသည် အင့်ခနဲအော်၍ ဖင်ထိုင်လဲလုမတတ် ဖြစ်သွားလေ၏။ ကေရီက မုဆိုးကြီးကို မခိုးမခန့်ကြည့်၍

''ဟင်း ဟင်း... သတိထားနော်၊ ဒါ့အစပဲရှိသေးတယ်''





ဟု ပြောကာ မုဆိုးကြီးကို မခံချင်အောင်ပြောလိုက်ရာ မုဆိုးကြီးသည် ဒေါသအိုးပေါက်ကွဲလာပြီး ရှေ့သို့တိုး၍ လက်သီးဖြင့် တချက်ပြီးတစ်ချက် ဆက်ထိုးလေ၏။

ကေရီသည် မုဆိုးကြီး၏လက်သီးများကို အေးဆေးစွာ ရှောင်တိမ်းလိုက်ပြီး မုဆိုး၏နံကြားကို ခြေဖြင့် လျင်မြန်စွာ ကန်လိုက်ရာ မုဆိုးကြီးသည် အသက်ရှူမှားမတတ် ဖြစ်သွားလေ၏။

ကေရီက ရယ်မော၍

'' ဘယ်လိုလဲ အလံလုပွဲမှာဝင်နွှဲတဲ့ လက်ဝှေ့ကျော်ကြီး၊ ရှင့်ရဲ့ အရည်အချင်းနဲ့ဆိုရင် အစောဘ်ည့်မှ အလံမျိုးပဲရမယ် ထင်တယ် ''

ဟု ပြောလေရာ မုဆိုးသည် မခံချင်စိတ်များ ဝင်ရောက်လာပြီး ဒေါသ ပိုမိုကြီးမားလာလေသည်။

လူဝကြီးခေါင်းဆောင်သော စုံထောက်ကျော်များသည် ကေရီ၏ အစွမ်းကို ကြည့်ရှု၍ မျက်လုံးပြူးနေကြ၏။ တောထဲတွင် ကျင်လည် ကျက်စားသော မုဆိုးလူထွားကြီးပင်လျှင် ကေရီကို မယှဉ်နိုင်ချေ။

မုဆိုးကြီးသည် ကေရီနှင့်တွေ့ဆုံတိုင်း အထိနာနေသဖြင့် စိတ် ထိန်းနိုင်တော့ဘဲ အသံနက်ကြီးဖြင့် အော်ဟစ်၍ ကေရီကို ဝင်လုံးရန် ကြိုးပမ်းသည်။

ကေရီသည် နွားရိုင်းကြီးကဲ့သို့ တရှိန်ထိုးပြေးဝင်လာသော မုဆိုးကြီးကိုကြည့်၍ ပြုံးလိုက်၏။ ထို့နောက် လေထဲသို့ လျင်မြန်စွာ ခုန်လွှားလိုက်ပြီး အရှိန်နှင့် ပြေးဝင်လာသော မုဆိုးကြီး၏နဖူးကို



www.burmeseclassic.com

www.burmeseclassic.com



ဖနောင့်ဖြင့်ပေါက်လိုက်ရာ မုဆိုးကြီးသည် မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေ၏။

ကေရီသည် လဲကျမေ့မြောသွားသော မုဆိုးကြီးကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" အဝတ်ော်မိုက်တဲ့ မုဆိုးပဲ၊ သူနဲ့ရင်ဆိုင်ရတဲ့မိန်းမဟာ ဘယ်လိုမိန်းမလဲဆိုတာ မသိရှာဘူး။ မိန်းမတိုင်းဖော့ဖယောင်းလို ပျော့ပြောင်းမယ်လို့ ယူဆနေရှာတယ်၊ သနားစရာပဲ "

ဟု ရွှေတ်ကာ အထိတ်တလန့်ကြည့်ရှုနေသော စုံထောက်များဘက်သို့ လှည့်၍

" ကဲ... ရှင်တို့လာရင်းကိစ္စကို ပြောပါဦး၊ ကိုမင်းအောင်ဘယ်ကိုရောက်နေသလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ စုံထောက်ကျော်လူဝကြီးက ကေရီကိုကြည့်၍

" ကျုပ်နာမည် စုံထောက်ဦးပေါ်ဦးလို့ခေါ်ပါတယ်၊ ကိုမင်းအောင်က ကျုပ်ကို အကူအညီတောင်းလို့ ရှိုးမတောထဲ ဝင်ရောက်လာတာပါ၊ ကိုမင်းအောင်ကတော့ လောလောဆယ် မြန်မာပြည်မှာ မရှိပါဘူး။ အိန္ဒိယနိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်သွားတဲ့ ရာဇဝင်လူဆိုးတစ်ယောက်ကို လိုက်ရှာနေလို့ပါ၊ ကိုမင်းအောင်က ကေရီ ရှိုးမတောထဲမှာရှိနေမယ်ဆိုတာ ရိပ်စားမိတယ်၊ ဒါကြောင့် ကျုပ်တို့ကို အကူအညီတောင်းရတာပါ၊ ကိုမင်းအောင် မြန်မာပြည်ပြန်ရောက်တဲ့





အချိန်ဆိုရင် ကေရီကို ဖမ်းလို့မလွယ်ဘူးဆိုတာ ကြိုသိနေတယ် "

ဟုပြောလေရာ ကေရီက ခေါင်းညိတ်၍

" ဒါအမှန်ပဲ၊ ကျွန်မကို ဖမ်းဖို့က လေကိုဖမ်းရတာထက်ခက်တယ်၊ ကျွန်မဟာ နေရာတစ်ခုတည်းမှာ အတည်တကျ မနေတတ်ဘူး၊ ဒါနဲ့နေပါဦး၊ ကိုမင်းအောင် ကျွန်မကို ဘာကြောင့်တွေ့ချင်တာလဲ "

ဟုမေးမြန်းလိုက်၏။ ကေရီ၏စကားကြောင့် ဦးပေါ်ဦးက အလွန်လေးနက်သောဟန်ပန်ဖြင့် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး

" ဒီကိစ္စဟာ အလွန်လျှို့ဝှက်ပြီး အရေးပါလွန်းတဲ့ကိစ္စပါ၊ ဒါကြောင့် လူအများကြားမှာ လွယ်လွယ်ကူကူပြောဖို့ မသင့်ပါဘူး "

ဟုပြောလေ၏။ ကေရီမှာ စုံထောက်ဦးပေါ်ဦး၏အမူအရာကြောင့် သက်ပြင်းချလိုက်ပြီး

" ဟုတ်ပါပြီ၊ ဒါဆိုရင် ရှင်တို့အဖွဲ့မှာ လူစိမ်းတွေပါနေလို့လား "

ဟုမေးမြန်းလေ၏။

စုံထောက်ဦးပေါ်ဦးကြီးက သူ၏အဖွဲ့ဝင်များကို မျက်လုံးဝေ့ကြည့်၍

" ကျုပ်တို့အဖွဲ့မှာ စီအိုင်ဒီက စုံထောက်အရာရှိတွေ အပါအဝင်ရောဘာရှည်ဂါတ်က ပုလိပ်တွေလည်းပါတယ်၊ နောက် ပြီးတော့ လမ်းပြမုဆိုးလည်းပါတယ် "

ဟုပြောလေ၏။ ကေရီက ဦးပေါ်ဦး၏စကားကြောင့် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ပြီး သစ်ပင်အကွယ်ဆီသို့ ဦးဆောင်လျှောက်သွားကာ

" ဒါဆိုရှင် ရှင် ကျွန်မနောက်ကိုလိုက်ခဲ့ပြီး လျှို့ဝှက်ချက်ကို တိုးတိုးလေးပြောပါ "

ဟု တောင်းဆိုလေ၏။ ဦးပေါဦးသည် ကေရီကို လက်ကာ မြ၍

" နေပါဦးဗျာ၊ ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပါဦး။ ဆားပုလင်းမင်းအောင် ပြောလိုက်တဲ့လျှို့ဝှက်ချက်ဟာ အလွန် လျှို့ဝှက်ပြီး အရေးပါလွန်းတော့ ကျုပ်လို ပမွှားစုံထောက်တစ်ယောက်ဟာ သိနိုင်ဖို့အခွင့်အရေးမရှိပါဘူး "

ဟုပြောလေ၏။

ကေရီသည် ဦးပေါဦး၏စကားကြောင့် မျက်နှာတင်းမာသွားပြီး

" ရှင် ဘာဖြစ်လို့ စကားကို တစ်မျိုးပြီးတစ်မျိုး ပြောနေတာလဲ၊ ကျွန်မ စိတ်မရှည်တော့ဘူး "

ဟုအော်ဟစ်လိုက်လေ၏၊ ဦးပေါဦးက လက်ကာ၍ !

" ခွင့်လွှတ်ပါဗျာ၊ နည်းနည်းသည်းခံပေးပါ။ တကယ်တော့ ကိုမင်းအောင်က လျှို့ဝှက်ချက်ကို ကျုပ်တို့ကို မပြောလိုက်ပါဘူး။ ကေရီရှိတဲ့ရိုးမတောထဲသွားပြီး လျှို့ဝှက်ချက်ကိုသိချင်ရင် အဘွားစိန်ကြောင်နဲ့တွေ့ဖို့မှာလိုက်ပါတယ်၊ အဘွားစိန်ကြောင်နဲ့တွေ့ရင် လျှို့ဝှက်ချက်ကို သိပါလိမ့်မယ် "

ဟုပြောလေ၏။ ကေရီသည် ဦးပေါဦး၏စကားကြောင့် မျက်နှာပျော့ပျောင်းသွားပြီး





" ဪ... အဘွားစိန်ကြောင်နဲ့တွေ့ရဦးမှာပါလား၊ အဘွားနဲ့မတွေ့ရတာ နှစ်ပေါင်းများစွာကြာပြီ၊ အဘွားနေမှကောင်းရဲ့လား "

ဟုတီးတိုးရေရွတ်နေလေ၏။ ထိုအခါ စုံထောက်ဦးပေါဦးက

" ကျုပ် သိချင်တာလေးတစ်ခု မေးခွင့်ပြုပါ၊ အင်မတန် အရေးကြီးပြီး လျှို့ဝှက်ရမဲ့ကိစ္စတစ်ခုကို ဘာဖြစ်လို့ အဘွားကြီး တစ်ယောက်ကို ပြောပြရတာလဲ၊ အဲဒီအဘွားကြီးက ဘယ်သူလဲ "

ဟုမေးမြန်းလေ၏။ စုံထောက်ဦးပေါဦး၏အမေးကြောင့် ကေရီက မကျေမနပ်ကြည့်၍

" ရှင် သိပ်စပ်စုတဲ့လူပဲ၊ ဒါကြောင့်လဲ စုံထောက်ဖြစ်နေတာထင်ပါတယ်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ မစပ်စုတာအကောင်းဆုံးပဲ၊ ဒီတော့ ရှင်မိတ်ဆွေမုဆိုးကြီးကိုထမ်းပြီး တောထဲက အမြန်ဆုံး ထွက်သွားပေတော့၊ ဒီတောထဲမှာ ရှင်တို့လို စုံထောက်အရာရှိကြီးတွေအတွက် ရာဇဝင်လူဆိုးတွေအများကြီးရှိအောင်းတယ်၊ အသက်အန္တရာယ် အများကြီးရှိတယ် "

ဟုပြောလိုက်ရာ စုံထောက်များသည် မျက်စိမျက်နှာပျက်သွားပြီး ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လေ၏။

ပြီးနောက် တောနက်ကြီးထဲသို့ မျက်စိသူငယ်ဖြင့် လှမ်းမျှော်ကြည့်ကြ၏။ ထိုအခါ ကေရီက အနီးရှိ သစ်ပင်မှ နွယ်ကြိုးတစ်ချောင်းကို ခိုတွဲ၍

" ကဲ... စုံထောက်အရာရှိကြီးတွေ၊ ကျွန်မ သွားတော့မယ်၊



www.burmeseclassic.com

ရှင်တို့အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ ရိုးမတောကြီးထဲက အန္တရာယ်ကင်းကင်းနဲ့ ပြန်ထွက်နိုင်ပါစေ ''

ဟုပြောကာ စကားဆုံးသည်နှင့် လေထဲတွင်ဝဲပျံသွားပြီး နွယ်ကြိုး၏အရှိန်သေသည်နှင့်အညီ အခြားသောသစ်ပင်မှ နွယ် ကြိုးတစ်ချောင်းကိုထပ်မံဓိုဆွဲ၍ လေထဲသို့ ဝဲပျံသွားပြန်၏။

ကေရီသည် တာဇောချင်းမှာပင် စုံထောက်များ၏မျက်စိရှေ့မှ ပျောက်ကွယ်သွားလေ၏။ ထိုမြင်ကွင်းကိုကြည့်၍ စုံထောက် တစ်ဦးက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်ကြည့်၍

'' အံ့သြစရာပဲဗျာ၊ ခေတ်ရှင်ထဲက တာဇံမင်းသားလို သစ်ပင်တစ်ပင်ပြီးတစ်ပင် ဝဲပျံပြီးထွက်သွားလိုက်ရာ မျက်စိနဲ့မြင်ရလို့သာ ယုံရတယ်၊ မယုံနိုင်ဘူး ''

ဟုပြောလေ၏။ ထိုအခါ ဦးပေါ်ဦးက သက်ပြင်းချ၍

'' အာဖရိကတောထဲက မျောက်တွေလည်း ဒီလိုပဲ လွှပ်ရှားသွားတတ်တယ်လို့ ဆားပုလင်းမင်းအောင်က ပြောဖူးတယ် ''

ဟုပြောလေ၏။

ထိုအခါ စုံထောက်တစ်ဦးက သက်ပြင်းချ၍

'' ဒါကြောင့်လဲ ဆားပုလင်းမင်းအောင်ကတောင် သူ့ကို အကူအညီတောင်းရတာကိုး၊ ရှာမှရှားတဲ့မိန်းမပဲဗျာ ''

ဟုရေရွတ်လေ၏။

ထိုနောက်တွင်မူ စုံထောက်ကျော်များသည် မုဆိုးကြီးကို သတိရ





အောင်ပြုလုပ်၍ တောကြီးထဲမှ အလျှင်အမြန် ထွက်ခွာသွားလေတော့၏။

၆၀ ဖန်စီ၊ ဘုက်(ပ်)ပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အဆောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။

www.burmeseclassic.com



ကေရီသည် ရိုးမတောကြီးထဲရှိ သူမ ခိုအောင်းနေထိုင်သော ဂူကြီးသို့ရောက်ခဲ့လေ၏။ ဂူကြီးသည် တောနက်ကြီးထဲတွင်ရှိပြီး ဂူထဲတွင် မူလကနေထိုင်သူမှာ စပါးကြီးမြွေကြီးတစ်ကောင်ဖြစ်၏။

ကေရီသည် ရိုးမတောထဲသို့ ရောက်ကာစက ဂူကြီး၌ နား ခိုရန်ဆုံးဖြတ်ပြီး ဂူထဲတွင် ခိုအောင်းနေထိုင်သူ ရှိမရှိ လေ့လာ၏။

ဂူထဲတွင် နေထိုင်သူမရှိမှန်း သေချာသောအခါ ကေရီသည် ရှဉ့်လင်း၍ နေထိုင်ခဲ့၏။ သို့သော် ကေရီ ဂူကြီးအတွင်းသို့ရောက် ပြီး နှစ်ရက်အကြာတွင် ဂူကြီး၏ပိုင်ရှင် စပါးကြီးမြွေကြီးရောက်လာပြီး သူမကို ရန်ပြုလေ၏။





ကေရီသည် ရန်လိုသော စပါးကြီးမြွေကြီးကို အပျောက်ရှင်း၍ စပါးကြီးသည်းခြေကို ထုတ်ယူထား၏။ ထိုအချိန်မှစ၍ ကေရီသည် ဂူကြီးကို အပိုင်စားရယူထားခဲ့၏။

ယခုတော့ ဗ–လနီးပါးခိုအောင်းခဲ့သော ရိုးမတောကြီးထဲမှ သူမ ပြန်လည်ထွက်ခွာရတော့ပေမည်။

သူမသည် နှစ်ရှည်လများ ပင်ပန်းဆင်းရဲလှသဖြင့် ရိုးမတော ထဲတွင် တစ်ကိုယ်တည်း လာရောက်အပန်းဖြေနေခြင်းဖြစ်၏။

ကေရီသည် တောကိုအလွန်ချစ်၏။ တော၏ သာယာလှပပုံကို မည်သည့်အရပ်တွင်မှ ရှာဖွေမတွေ့နိုင်ဟု ယုံကြည်မိ၏။

ကေရီသည် သူမ၏အဝတ်အစားများကို ကျောပိုးအိတ်ကြီး ထဲသို့ စုပြုံထည့်ရင်း ရိုးမတောသို့ရောက်ကာစက တောလည် ထွက်လှာ သော မုဆိုးများနှင့်တွေ့ဆုံပုံကို အမှတ်ရ၏။

မုဆိုးများသည် တောနက်ကြီးထဲတွင် တစ်ကိုယ်တည်းနေ ထိုင် သော ကေရီကိုမြင်သောအခါ အလွန်အံ့ဩထိတ်လန့်ကြ၏။ ထို့နောက် ကေရီ၏ဘဝကို လာရောက်စူးစမ်းကြ၏။

တောနက်ကြီးတွင် မိန်းမပျိုတစ်ဦးတည်း နေထိုင်ကြောင်း သေချာသွားသောအခါ စိတ်မိုက်စိတ်ရိုင်းများ ဝင်ရောက်လာပြီး စော်ကားရန် ကြံစည်ကြ၏။

ကေရီသည် ရိုင်းစိုင်းကြမ်းကြုတ်သော မုဆိုးများကို မှတ် လောက်သားလောက်အောင် ပညာပေးခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီသည် သူမကို တဖျာချစ်ဖြင့် အနိုင်ကျင့်လိုသော မုဆိုးတစ်ယောက်အား နားရွက်နှစ်ဖက်ကို ဖြတ်၍ ပညာပေးခဲ့၏။

ကေရီသည် အတိတ်က ဇာတ်ကြောင်းများကို ပြန်လည် တွေးတောနေပြီး ရယ်စရာအဖြစ်များကြောင့် တစ်ကိုယ်တည်း ရယ်မောလိုက်မိ၏။

တောတွင်းသို့ရောက်ရှိလာသော မုဆိုးများသည် သူမ၏ စွမ်းရည်သတ္တိများကို မြင်သောအခါ အံ့ဩထိတ်လန့်ကြ၏။

ထို့ကြောင့် လူ့လောကသို့ ပြန်လည်ရောက်ရှိသောအခါ ကေရီကို အံ့ဖွယ်တန်ခိုးရှင်တစ်ဦးသဖွယ် ကောလာဟလ ဖြန့်ကြ၏။

ထိုအချိန်မှစ၍ ကေရီရှိသောအရပ်သို့ တောလည်ထွက်ဝံ့သော မုဆိုးများ မရှိသလောက်ဖြစ်သွား၏။ ကေရီလည်း တောထဲတွင် အေးအေးချမ်းချမ်း အနားယူရလေ၏။

ကေရီသည် နောက်တစ်နေ့တွင် ခရီးထွက်ရန်အတွက် ထိုနေ့ည အိပ်ရေးဝဝ အိပ်စက်ရန်ကြံစည်၏။

သို့သော် မြေကြီးပေါ်တွင် ကျောခင်းလိုက်သည်အထိ အိပ်မပျော်သေးဘဲ ဆားပုလင်းမင်းအောင်နှင့် ခင်မင်ရင်းနှီးခဲ့ပုံများကို ပြန်လည်တွေးတောနေမိလေ၏။

ထိုစဥ်က အိန္ဒိယရှိ မဟာရာဇာကြီးတစ်ယောက်က သူမကို အကြီးအကဲကျယ်ရန်ငြီးဖွဲ့၍ လိုက်လံတိုက်ခိုက်ခဲ့၏။ သူမသည် တောကြီးထဲတွင် အလွန်ရက်စက်ကြမ်းကြုတ်သော ကျားသစ်များနှင့်အမဲလိုက်





ခြင်းကိုခံနေရ၏။

ကေရီသည် မိမိမကျွမ်းကျင်သော တောကြီးထဲတွင် ကျားသစ်များနှင့် အမဲလိုက်ခံနေရသဖြင့် အခက်အခဲမျိုးစုံ ကြုံနေရ၏။

ထိုအခိုက်မှာပင် ကယ်တင်ရှင်တစ်ဦး မမျှော်လင့်ဘဲ ပေါ်ပေါက်လာ၏။ ထိုသူသည် တောကို အလွန်ကျွမ်းကျင်ပြီး ကေရီကို လမ်းပြပြီး ကယ်တင်သွား၏။

ထိုသူသည် ကေရီအား လိုဏ်ဂူကြီးတစ်လုံးထဲသို့ ဦးဆောင်ခေါ်သွား၏။ ကေရီသည် လိုဏ်ဂူထဲသို့ရောက်သောအခါ ရဲသေ့ကြီးတစ်ပါးကို ဖူးတွေ့ရ၏။

ကေရီ၏ ကယ်တင်ရှင်သည် ရသေ့ကြီးအား လိုဏ်ဂူကြီးထဲတွင် တော်ကြီးဝတ်ငယ် ပြုစုနေသူဖြစ်၏။ ကေရီသည် လိုဏ်ဂူထဲသို့ ရောက်သော်လည်း သူမ၏ရန်သူတော်များ လိုက်လာမည်ကို စိုးရိမ်နေ၏။ ထိုအခါ သူမ၏ကယ်တင်ရှင်က

" စိတ်မပူပါနဲ့မိန်းကလေး၊ ရန်သူတွေ လိုဏ်ဂူထဲကို လိုက်လာဝံ့ပါဘူး၊ ဒီတော ဒီတောင်ထဲမှာ ရသေ့ကြီးရှိနေသရွေ့ ဘယ်သူမှ လာဝံ့ပါဘူး "

ဟုပြောလေ၏။ ထိုအခါ ကေရီက ခေါင်းခါယမ်း၍

" ကျွန်မရဲ့ရန်သူတွေဟာ အသိဉာဏ်ရှိတဲ့လူတွေမဟုတ်ဘူးရှင့်၊ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ သားရဲတိရစ္ဆာန်တွေ၊ သူတို့ဟာ ရသေ့ကြီးကို အန္တရာယ်ပြုသွားလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကေရီ၏ကယ်တင်ရှင်က ကြေးလင်ပန်းထဲသို့ ရေတကောင်းနှင့်သစ်သီးသစ်ဥများကိုထည့်၍

" မပူပါနဲ့မိန်းကလေး၊ သားရဲတိရစ္ဆာန်တွေတောင် ရသေ့ကြီးကို ရန်မပြုပါဘူး၊ အေးအေးဆေးဆေး အနားယူပြီး ရေတစ်ခွက်ကို သောက်လိုက်ပါ၊ သစ်သီးတွေကိုစားပါ၊ သားရဲတိရစ္ဆာန်တွေဟာ ရသေ့ကြီးရဲ့မေတ္တာဓာတ်ကို ခံစားနားလည်နိုင်ပါတယ်၊ ဆာဒူးကြီး ငြိမ်သက်ပြီး သတ္တဝါတွေကို မေတ္တာဓာတ်ဖြန့်ကျက်နေပါတယ် "

ဟုပြောလေ၏။ ကေရီသည် ထိုသူ၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နားထောင်နေခဲ့၏။

ခဏအကြာတွင် ကေရီကို လိုက်လံရှာဖွေနေသော အမဲလိုက်မုဆိုးများနှင့် ကျားသစ်များ၏ အသံကိုကြားရ၏။

ကျားသစ်များ၏ ဟိန်းဟောက်သံများသည် ရသေ့ကြီးရှိရာ လိုဏ်ဂူကြီးအနီးသို့ရောက်လျှင် ငြိမ်သက်သွားကြပြီး အသံ တိတ်ဆိတ်သွားလေ၏။

ကေရီသည် အံ့ဩလွန်းသဖြင့် လိုဏ်ဂူအပြင်ဘက်သို့ ပြေးထွက်သွားပြီး ချောင်းကြည့်လိုက်သောအခါ မုဆိုးများနှင့် ကျားသစ်များသည် ဂူအနီးမှ ပြန်လည်ထွက်ခွာသွားကြောင်းတွေ့ရ လေ၏။

ကေရီသည် ထိုအခါမှပင် ရသေ့ကြီးကို အလွန်ကြည်ညို လေးစားပြီး ကန်တော့လိုက်လေ၏။ ထို့နောက် သစ်သီးသစ်ဥများကို စားသောက်၍ သူမကို ကယ်တင်သူနှင့်စကားပြောဆိုကြ၏။





ရသေ့ကြီးကမူ မျက်လုံးအစုံကိုသာမှိတ်ထားပြီး မည်သည့် စကားကိုမျှ မဆိုချေ။ ကယ်တင်ရှင်သည် သူမကို ဂူအပြင်သို့ခေါ်သွားပြီး

" ရသေ့ကြီးဟာ ဝစီပိတ်တရားကျင့်ကြံနေတယ် မိန်းကလေး၊ ရသေ့ကြီးကို မေးခွန်းတွေ မမေးပါနဲ့ "

ဟုကြိုတင်သတိပေးလေ၏။ ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" ရှင်ဟာ မြန်မာလူမျိုးတစ်ယောက်ဖြစ်ပြီး ဘာဖြစ်လို့ မြန်မာပြည်မှာမနေရတာလဲ "

ဟုမေးမြန်းလေ၏။ ကေရီ၏အမေးကြောင့် ကယ်တင်ရှင်က

" ကျုပ် မြန်မာပြည်မှာပဲနေပါတယ်၊ အိန္ဒိယကိုရောက်နေတာ ကျေးဇူးရှင်ရသေ့ကြီးကို နောက်ဆုံးအနေနဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုဖို့ပါ၊ ရသေ့ကြီးဟာ နောက်သုံးရက်ပြည့်ရင် သူ့ရဲ့ခန္ဓာဝန်ကိုချတော့မယ် "

ဟုပြောလေ၏။ ကယ်တင်ရှင်၏စကားကြောင့် ကေရီက အလွန် အံ့ဩသွားပြီး

" ဟင်... ရသေ့ကြီးသေဆုံးတော့မယ်ပေါ့၊ ဒါကိုရှင်တို့က ကြိုသိနေတယ်၊ မယုံနိုင်စရာဘဲ "

ဟုရေရွတ်လေ၏။ ထိုအခါ သူမ၏ကယ်တင်ရှင်က စူးရှသော မျက်လုံးများဖြင့်ကြည့်၍

" တကယ်တော့ သူတော်စင်ကြီး ,,တွေအဖို့ ခန္ဓာဝန်ချမဲ့ ကိစ္စကို ကြိုသိနေတာ အထူးအဆန်းမဟုတ်ပါဘူး၊ ဟိမဝန္တာတောထဲက



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကြီးတွေလည်း ဒီလိုအသိဉာဏ်မျိုးရှိပါတယ်၊ ရသေ့ကြီးဟာ ဝစီပိတ်မနေဘူးဆိုရင် မင်းဘဝရဲ့အတိတ်နောက်ကြောင်းတွေကို အံ့ဩဖွယ်ကောင်းအောင် ပြောပြလိမ့်မယ် ''

ဟုပြောလေရာ ကေရီသည် ကယ်တင်ရှင်ကို တအံ့တဩကြည့်ရှု၍

'' မယုံနိုင်စရာပဲ၊ ရသေ့ကြီးက ကျွန်မဘဝကို ဘယ်လိုပြောမလဲ၊ သိချင်လိုက်တာ၊ မှန်အောင်ပြောနိုင်မယ်ဆိုင်ရင်တော့ အံ့ဩမိမှာပဲ ''

ဟု ပြောလေ၏။ ထိုအခါ ကယ်တင်ရှင်က သက်ပြင်းချ၍

'' မိန်းကလေးရဲ့ ဘဝနောက်ကြောင်းကို ရသေ့ကြီးလို သူတော်စင်တစ်ယောက်မပြောနဲ့၊ ကျုပ်လို သာမန်လူတစ်ယောက်တောင် ပြောနိုင်ပါတယ်၊ မိန်းကလေးရဲ့နာမည်ဟာ ကေရီတဲ့၊ ကေရီဟာ စွန့်စွန့်စားစားနဲ့ စိတ်လှုပ်ရှားစရာတွေကို နှစ်သက်လွန်းလို့ ရင်ခုန်စိတ်လှုပ်ရှားရတဲ့ အလုပ်တွေကို ရွေးပြီးလုပ်ကိုင်ခဲ့တယ်၊ ကေရီဟာ စာရေးကွတ်နဲ့ယှဉ်ပြီး မွေးရတယ်လို့ပြောရလောက်အောင် အောင်မြင်ခဲ့တယ်၊ ကေရီကို ချီးကျူးရမှာကတော့ စာရေးအလုပ်ကိုလုပ်ကိုင်ပြီး ရတဲ့ဥစ္စာပစ္စည်းတွေကို ကိုယ်ကျိုးအတွက်မသုံးဘဲ အများအကျိုးအတွက် အသုံးပြုနေလို့ပဲ၊ အများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်တတ်ပါတယ် ''

ဟု ပြောလေရာ ကေရီသည် ထိုသူကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်ရှုလိုက်ပြီး





'' ဟင်... ရှင်... ရှင်... ကျွန်မနာမည်နဲ့ ကျွန်မအလုပ်တွေကို ဘာကြောင့်သိနေရတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကယ်တင်ရှင်က ကေရီကို မျက်လုံးချင်းဆုံအောင် ကြည့်ရှု၍

'' ကျုပ်က သာမန်လူတစ်ယောက်မဟုတ်ပါဘူး၊ စီအိုင်ဒီက ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်တစ်ယောက်ပါ၊ ဒါကြောင့် ကေရီရဲ့အကြောင်းကို စုံစမ်းခဲ့ဖူးတယ်၊ ကေရီ အိန္ဒိယကိုလာပြီး မဟာရာဇာကြီးတစ်ယောက်ကို ဒုက္ခပေးတယ်ဆိုတာလည်း သိတယ်၊ ဒါကြောင့် မဟာရာဇာရဲ့မှဆိုးတွေ ကေရီနောက်ကို လိုက်နေတာမြင်တော့ အကူအညီပေးခဲ့တာပဲ၊ ရသေ့ကြီးရှိတုန်း ဒီတောထဲမှာ အန္တရာယ်မရှိပေမဲ့ တောကလွန်မြောက်တာနဲ့ ကေရီနောက်ကို အန္တရာယ်တွေ လိုက်ပါလာမှာပဲ ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက သက်ပြင်းချ၍

'' တောမကျွမ်းလို့ သူတို့ရန်ကို တိမ်းရှောင်နေရတာပါ၊ မြို့ပေါ်မှာဆိုရင်တော့ မဟာရာဇာရဲ့လူတွေကို ကျွန်မ မကြောက်ပါဘူး''

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

'' ရသေ့ကြီးခန္ဓာဝန်ချပြီးတာနဲ့ ကျုပ်လည်းမြန်မာပြည်ကို ပြန်တော့မယ်၊ ကေရီ ကျုပ်နဲ့လိုက်ခဲ့ပါ၊ မဟာရာဇာရဲ့လူတွေကို နှစ်ယောက်ပေါင်းပြီး ရင်ဆိုင်ကြတာပေါ့ ''

ဟု ပြောလေ၏။ ကေရီသည် ဆားပုလင်းမင်းအောင်၏



www.burmeseclassic.com

www.burmeseclassic.com



ကူညီလိုသောစိတ်ဓာတ်ကို လေးစားသော်လည်း ခေါင်းခါယမ်း၍

" ကျွန်မနဲ့အတူပြန်ရင် ရှင့်အတွက် အန္တရာယ်ရှိပါတယ် ဒါကြောင့် ရှင့်ဘာသာ အေးအေးဆေးဆေးပြန်ပါ "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင် ကြုတ်၍

" ကေရီမှာ အရည်အချင်းရှိတယ်ဆိုတာ ကျုပ်သိပါတယ် ဒါပေမဲ့ ဒါမြန်မာပြည်မဟုတ်ဘူး၊ နောက်ပြီးတော့ မဟာရာဇာဟာ သူ့ပြည်နယ်သားတွေကို အမျိုးမျိုးဖိနှိပ်ချုပ်ချယ်သလောက် ရက်စက်ကြမ်းကြုတ်တယ်၊ မဟာရာဇာရဲ့လက်ပါးစေတွေဟာ သာမန်ရန်သူတွေ မဟုတ်ဘူး၊ ထူးဆန်းတဲ့စွမ်းရည်သတ္တိတွေရှိတယ်ဆိုတာ ကေရီလည်း သိပါတယ် "

ဟု ပြောလေရာ ကေရီသည် ဆားပုလင်းမင်းအောင်၏ စကားကို မဆန့်ကျင်တော့ဘဲ ထိုသူနှင့်အတူပြန်ရန် ဆုံးဖြတ်လိုက်၏။

ထူးဆန်းသောရသေ့ကြီးသည် မျက်လုံးများမှိတ်၍ မေ့လျော့နေရာမှ သုံးရက်မြောက်သောနေ့တွင် ကွယ်လွန်သွားကြောင်း ဆားပုလင်းမင်းအောင်က ပြောလေ၏။

ကေရီသည် ဆားပုလင်းမင်းအောင်၏ မျက်နှာကို မယုံသင်္ကာဟန်ဖြင့် ကြည့်၍

" သေချာရဲ့လားရှင့်၊ ရသေ့ကြီးကို ကြည့်ရတာ တင်ပျဉ်ခွေထိုင်ပြီး တရားကျင့်နေသလိုပဲ၊ တော်ကြာ ရသေ့ကြီး မသေသေးဘဲ မြေမြှုပ်သလိုဖြစ်နေမယ် "





ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍

" ဒါတွေဟာ မိန်းကလေးမသိနိုင်တဲ့နယ်ပယ်တွေပါ၊ ရသေ့ကြီးဟာ ခန္ဓာဝန်ကို စွန့်ခွာသွားတာ သေချာပါတယ်၊ ရသေ့ကြီးဟာ ဒီနေ့ဒီရက်မှာ စွန့်ခွာမယ်လို့ လွန်ခဲ့တဲ့သုံးနှစ်လောက်ကတည်းက ကျုပ်ကိုမိန့်မှာခဲ့ပြီးသားပါ၊ ဒါကြောင့် ရသေ့ကြီး ခန္ဓာဝန်မစွန့်မီ ဝတ်ကြီးဝတ်ငယ်ပြုစုရအောင် ဝေးလံခေါင်သီတဲ့ မြန်မာပြည်ကတောင် ကျုပ်ရောက်အောင်လာရတာပါ "

ဟု ရှင်းလင်းပြလေရာ ကေရီသည် ပို၍ အံ့ဩရပြန်၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

" ရသေ့ကြီးဟာ ကျုပ်ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ ကျုပ်ရဲ့ ဆရာရသေ့ကြီးလည်းဖြစ်ပါတယ်၊ ဒါကြောင့် ရသေ့ကြီးကို ကျေးဇူးဆပ်ချင်လို့ စီအိုင်ဒီကခွင့်ယူပြီး အိန္ဒိယ ရောက်နေတာပါ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်သည် ရသေ့ကြီးကို ကျောက်ဖျာတွင် ထိုင်နေလျက်ပင် ထားရှိပြီး ဂူကြီး၏ အပေါက်ဝကို ပိတ်လိုက်လေ၏။

ဆားပုလင်းမင်းအောင်က ဂူပေါက်ဝတွင်ထိုင်၍ ရသေ့ကြီးကို မှန်းမျှော်၍ ရှိခိုးနေလေ၏။ ကေရီသည် ဆားပုလင်းမင်းအောင်ထံသို့ လိုက်လံရှိခိုးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆားပုလင်းမင်းအောင်က ဂူကြီးကိုကြည့်၍ လေသံ ဘီးတိုးဖြင့်

“ ဒီဂူကြီးကို ကျောက်တုံးကြီးနဲ့ပိတ်လိုက်ပြီး မကြာမီမှာ ချုံနွယ်တွေနဲ့ ပိတ်ဖုံးသွားလိမ့်မယ်၊ ဂူကြီးဟာ လူမသိ သူမသိနဲ့ နှစ်ပေါင်း တစ်ရာတိတိရှိနေပြီး နှစ်ပေါင်းတစ်ရာပြည့်တဲ့နေ့မှာ မြန်မာပြည်က သူတော်စင်တစ်ဦးဟာ ဒီဂူကြီးကို ပြန်မြင် တွေ့လိမ့်မယ်၊ သူတော်စင်ဟာ ဂူကြီးကို ပိတ်ဖုံးနေတဲ့ကျောက်ဖျာကြီးကို ဖယ်ရှားပြီး အထဲကိုရောက်ရင် ရသေ့ကြီးရဲ့ရုပ်ခန္ဓာကို တွေ့ရှိလိမ့်မယ်၊ ဒါပေမဲ့ ရသေ့ကြီးရဲ့ရုပ်ခန္ဓာဟာ ရိုးရိုးမဟုတ်တော့ဘဲ ရွှေသားအစုတ်ဖိုးလွှမ်းနေလိမ့်မယ် ”

ဟု ပြောလေရာ ကေရီသည် အံ့လွန်းအံ့ဩသွားပြီး မျက်မှောက်ကြုတ်၍

“ ဒါတွေအားလုံးဟာ ရသေ့ကြီးပြောသွားခဲ့တာပဲပေါ့၊ မယုံနိုင်စရာပဲ၊ ဖြစ်နိုင်ပါ့မလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

“ ကေရီအသက် အနှစ် (၁၀၀)ကျော်ရှည်ရင် လာပြီးစောင့်ကြည့်စေချင်တယ်၊ အဲဒီအခါကျရင် မယုံနိုင်လောက်အောင် အံ့ဩဖွယ်ကောင်းတဲ့ သဘာဝလွန် အဖြစ်အပျက်တွေကို မြင်တွေ့ရလိမ့်မယ်၊ ဒါတွေဟာ သိပ္ပံပညာနဲ့မလိုက်နိုင်တဲ့ အလွန်ထူးဆန်းတဲ့ အချက်တွေပဲ ကျုပ်တို့ ဒီနေ့ပဲ ခရီးဆက်ကြမယ်၊ ကျုပ်တို့ ဟောင်းရာဘူရာကို





ရောက်အောင်သွားမယ်၊ ဟောင်းရာကနေ ဗုဒ္ဓဂါယာဘက်ကို ခရီးဆက်မယ်၊ ဗုဒ္ဓဂါယာကိုရောက်ရင်တော့ မဟာရာဇာရဲ့လူတွေ ကျုပ်တို့နောက်ကို မလိုက်နိုင်တော့ပါဘူး။ ဒါနဲ့နေပါဦး မဟာရာဇာရဲ့ အဖိုးတန်ပတ္တမြားတစ်ခုကို ခင်ဗျားခိုးခဲ့တယ်နဲ့တူတယ်၊ မဟာရာဇာရဲ့လူတွေ သဲကြီးမဲကြီးဖြစ်နေပုံထောက်တော့ ဒီပတ္တမြားဟာ အတော်အဖိုးတန်ပုံရတယ် ”

ဟု မေးမြန်းလေ၏။ ထိုအခါ ကေရီက ရယ်မော၍ သူ့မ၏ ရင်ဘက်အတွင်း၌ ဖွက်ထားသော အနီရောင်ကျောက်တစ်လုံးကို ထုတ်ကာ

“ ဟောဒီကျောက်က ပတ္တမြားအစစ်ရှင့်၊ မဟာရာဇာရဲ့ သရဖူကြီးအလယ်က ပတ္တမြားပေါ့၊ တကယ်တော့ ဒီပတ္တမြားကြီးဟာ ကျွန်မတို့မြန်မာပြည် မိုးကုတ်ရတနာမြေကထွက်တဲ့ ပတ္တမြားပါ၊ ဗြိတိသျှလူမျိုး ကုန်သည်တစ်ယောက်ဟာ ရိုးသားတဲ့ပတ္တမြားပိုင်ရှင်ဆီကနေ ပတ္တမြားကိုဝယ်မယ်ဆိုပြီး အတင်းအဓမ္မသိမ်းယူခဲ့တာရှင့်၊ အခုတော့ ပတ္တမြားပိုင်ရှင်အစစ်ရဲ့ မိသားစုတွေဟာ မြန်မာပြည်က ပုဂံမြို့ကလေးမှာ ဆင်းဆင်းရဲရဲနဲ့ ‘ယွန်းထည်ပစ္စည်းတွေ’ ရောင်းနေရရှာတယ်၊ ဒီအကြောင်းတွေကို ကျွန်မသိတော့ မခံချင်ဖြစ်ပြီး မရရအောင်စုံစမ်းတယ်၊ နောက်ဆုံးတော့ လူယုတ်မာပတ္တမြားကုန်သည်ကို ရှာတွေ့ပြီး မေးမြန်းကြည့်တော့မှ အိန္ဒိယက မဟာရာဇာဆီကို ရောင်းသွားတယ်လို့ သိရတယ်၊ နောက်တော့ မဟာရာဇာဆီကို အယုံသွင်းပြီး ခိုးခဲ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာရဲ့သားသမီးတွေကို အင်္ဂလိပ်စာပြပေးတဲ့အလုပ်ကို ကျွန်မ လုပ်ကိုင်ခဲ့တယ်၊ ဒီလိုလုပ်ကိုင်ရင်းနဲ့ ယုတ်မာကောက်ကျစ်တဲ့ မဟာရာဇာရဲ့အကြောင်းကို သိခဲ့ရတယ်၊ မဟာရာဇာဟာ သူ့ရဲ့ကိုယ်ကျိုးကိုသာ အဓိကထားပြီး ပြည်နယ်သားတွေကို ရက်ရက်စက်စက် ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့တယ်၊ မဟာရာဇာဟာ မယားတွေအများကြီးယူရုံမက လင်ရှိမယားတွေကိုလည်း ပြစ်မှားလိုက်တာပဲ၊ ချစ်မောလုပ်တဲ့မယားရှိတဲ့ မယောကျ်ားတွေဟာ မဟာရာဇာရဲ့ ကျားသစ်စာကျွေးခြင်းကို ခံရတတ်တယ်၊ မဟာရာဇာရဲ့ ကျားသစ်တွေက သိပ်ကြောက်ဖို့ကောင်းတယ်၊ မိန်းမမူအလွန်ပွေတဲ့မဟာရာဇာဟာ သူ့သားသမီးတွေကို ပညာသင်ပေးတဲ့ ကျွန်မကိုတောင် ချမ်းသာမပေးဘဲ သိမ်းပိုက်ဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မဟာရာဇာကံဆိုးသွားတာက ကျွန်မက အဆိပ်ပြင်းတဲ့မြွေတစ်ကောင်ဆိုတာ သူမရိပ်မိခဲ့ဘူး''

ဟု ပြောရင်း စေကရီက သဘောကျဟန်ဖြင့် ရယ်မောလိုက်ကာ

'' တစ်နေ့ ဥယျာဉ်ထဲက ရေကန်မှာ ကျွန်မရေချိုးနေတုန်း တဏှာရူးမဟာရာဇာ ရောက်လာတယ်၊ ဒီတော့ ကျွန်မက မာယာသုံးပြီး ဒီနေ့ည နန်းတော်ထဲမှာ တွေ့ဖို့ချိန်းဆိုခဲ့တယ်၊ မဟာရာဇာက ကျွန်မကိုရတော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ပြန်သွားတယ်၊ ညဘက်နန်းတော်ကိုရောက်တော့ မဟာရာဇာဟာ အသင့်စောင့်ကြိုပြီး သူနဲ့အိပ်စက်ဖို့ ခေါ်သွားတယ်၊ ကျွန်မက နန်းတော်ထဲကိုရောက်တော့ အကြိုရှိတာနဲ့ အခြွေအရံမိန်းကလေးတွေကို မောင်းထုတ်စေခဲ့တယ်၊





နောက်တော့ မဟာရာဇာဟာ အိပ်စက်ကာနီး သောက်ရတဲ့အားဆေးကို သောက်တယ်၊ အဲဒီအားဆေးဟာ အလွန်ကောင်းမွန်ပြီး သိပ်ဈေးကြီးတယ်လို့သိရတယ်၊ ကျွန်မဟာ မဟာရာဇာရဲ့အားဆေးထဲကို အသင့်ဆောင်ယူလာတဲ့ အဆိပ်တွေကို ထည့်လိုက်တယ်၊ လူအများအပေါ် ယုတ်မာရက်စက်တဲ့လူကြီး လူ့လောကထဲက အပျောက်ရှင်းပစ်ဖို့ ကျွန်မဆုံးဖြတ်ခဲ့တယ်၊ ဒါပေမဲ့ ထူးဆန်းအံ့ဩစရာ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့တယ်၊ လူယုတ်မာမဟာရာဇာဟာ ကျွန်မတိုက်တဲ့ အဆိပ်ရည်ပါတဲ့အားဆေးကို အေးအေးဆေးဆေးသောက်တယ်၊ သူ့ပုံစံက အဆိပ်ရည်တွေသောက်လိုက်တဲ့အတွက် ဘာမှ မဖြစ်သလိုဘဲ၊ သာမန်လူတစ်ယောက်ဟာ အဆိပ်ရည်သောက်ပြီး တစ်မိနစ်အတွင်း လဲကျသွားဖို့ရှိတယ်၊ ဒါပေမဲ့ မဟာရာဇာကတော့ ဘာမှ မဖြစ်ဘူး၊ ကျွန်မဟာ မဟာရာဇာမသေတဲ့အတွက် အတော်အကျပ်ရိုက်သွားတယ်၊ မဟာရာဇာဟာ မသေတဲ့အပြင် တဏှာရူးထဖို့ကြိုးစားလာတော့တယ်၊ မဟာရာဇာဟာ အိန္ဒိယသိုင်းနဲ့နပန်းပညာကို ကောင်းကောင်းကျွမ်းကျင်တဲ့အတွက် သူ့ကိုသတိထားပြီး တိုက်ခိုက်ဖို့ ဆုံးဖြတ်ရတယ်၊ ဒါကြောင့် သူ့ကို ကြည်ဖြူချင်ဟန်ဆောင်ပြီး သလွန်ပေါ်ရောက်မှ လည်ပင်းကအကြောလေးတစ်ခုကိုနှိပ်ပြီး မေ့မြောအောင် လုပ်တယ်၊ မဟာရာဇာ မေ့မြောသွားတော့မှ သူ့ရဲ့အဆောင်ထဲမှာ သရဖူကိုရှာပြီး သရဖူရဲ့အလယ်က ပတ္တမြားကိုဖြုတ်ယူခဲ့တယ်၊ ဒီအချိန်မှာပဲ မဟာရာဇာ ပြန်သတိရလာပြီး ကျွန်မကို တိုက်ခိုက်ဖို့ကြိုးစား



www.burmeseclassic.com

တယ်၊ သူ့တပည့်တွေကိုလည်း ခေါ်ခေါ်တယ်၊ မဟာရာဇာကို လက်စတုံးမလုပ်လိုက်မိတာ ကျွန်မအမှားပေါ့၊ ဒါကြောင့်လည်း မဟာရာဇာရဲ့မုဆိုးတွေဟာ ကျွန်မကို ကျားသစ်တွေနဲ့အမဲလိုက်တာ ခံခဲ့ရတာပေါ့''

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က သူမ၏စကားအဆုံးတွင်

'' ကေရီရဲ့ရည်ရွယ်ချက်ကို ချီးကျူးပါတယ်၊ ဆင်းရဲဒုက္ခရောက်နေတဲ့မိသားစုအတွက် ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ မိန်းမသားတန်မဲ့ အိန္ဒိယကိုလာပြီး စွန့်စားဝံ့တာ ရှားမှရှားတဲ့သတ္တိပါ၊ ဒါကြောင့်လဲ ကေရီရဲ့ရန်သူတွေကို ကျုပ်လည်း ကိုယ်စွမ်းရှိသမျှ ကာကွယ်ပေးဖို့ ဆုံးဖြတ်ခဲ့တာပဲ ''

ဟုပြောလေ၏။

♣♣♣♣♣♣

တိုက်အမှတ် ၅ ၊ မျက်နှာစာလမ်း ကျောက်မြောင်းရပ် တာမွေ





ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်နှင့် ကေရီသည် တောတွင်းမှ တိတ်တဆိတ်ထွက်၍ နွားခြံတစ်ခြံတွင် ပုန်းနိုကြ၏။

ထို့နောက် နွားခြံမှတစ်ဆင့် ကောက်ရိုးလှည်းကြီးအတွင်း ပုန်းအောင်းကာ ဟောင်းရာမြို့သို့ ထွက်ခဲ့၏။ ဆားပုလင်းမင်းအောင်သည် ဟောင်းရာမြို့စွန်ရှိ ဆင်းရဲသားအိမ်ကလေးတစ်အိမ်သို့ဝင်၍ အိန္ဒိယ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်၏။

ထိုအိမ်ကလေးတွင် လူသူမရှိသဖြင့် အဝတ်အစားများ အတွက် အကြေးငွေကို ပေးအပ်ခဲ့၏။ အဝတ်အစားများ လဲလှယ်ပြီးသောအခါ ဆားပုလင်းမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



'' ဒီမြို့မှာ မဟာရာဇာရဲ့လူတွေ စုပြီးပြီးရောက်နေမှာ သေချာတယ်၊ သူတို့ဟာ ကျုပ်တို့ပြေးမဲ့လမ်းကို ရိပ်စားမိကြလိမ့်မယ်၊ သတိထားပါ ''

ဟုပြောလေ၏။

ကေရီသည် ဆားပုလင်းမင်းအောင်ကို စုံထောက်ကျော်တစ်ဦးဟု ကြားဖူးသော်လည်း ထိုစဉ်က များစွာအထင်ကြီးခြင်းမရှိချေ။

ဆားပုလင်းမင်းအောင်နှင့်သူမသည် ဟောင်းရာမြို့တွင် လှည့်လည်ပြီး ပစ္စည်းများဝယ်ယူနေစဉ်တွင် ဆားပုလင်းမင်းအောင်က

'' ကေရီ သတိသာထားပေတော့၊ မဟာရာဇာဟာ မျက်စိနား အလွန်ကြီးတယ်၊ သူ့လူတွေ ကျုပ်တို့ကိုစောင့်ကြည့်နေပြီ၊ မကြာမီ အန္တရာယ်တွေလာတော့မယ် ''

ဟု တီးတိုးပြောလိုက်ရာ ဖရဲသီးကြီးတစ်လုံးကို ဈေးဆစ်ရန် ကြည့်ရှုနေသော ကေရီသည် မျက်လုံးပြူးသွားပြီး

'' ဟုတ်ရဲ့လားရှင်၊ ကျွန်မတော့ ဆာရီဝတ်ထားတော့ ကိုယ့်ကိုယ်ကို လုံခြုံလှပြီအောက်မေ့ပြီး ကျွန်မတို့ မဟာရာဇာကို လှည့်စားနိုင်ပြီထင်နေတာ ''

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

'' မဟာရာဇာ ကေရီကို အငြိုးထားမယ်ဆိုရင်လည်း ထားချင်စရာပဲ၊ တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ရတဲ့ မဟာရာဇာကို ဒီ အသက်လည်း လုပ်ကြံတယ်၊ သူ့ရဲ့ခေါင်းက သရဖူရဲ့ရတနာပစ္စည်း





ကိုလည်း နိုးယူသွားသေးတယ်၊ မဟာရာဇာဟာ ကေရီကို မဖမ်းမိဘူးဆိုရင် အခြားမဟာရာဇာတွေရဲ့လှောင်ပြောင်ခြင်းကိုခံရမှာ သေချာတယ်၊ ဒါကြောင့်လည်း မဟာရာဇာဟာ သူ့ရဲ့ ဂုဏ်သိက္ခာကို အကျခံမှာမဟုတ်ဘူး၊ ကေရီကို မရရအောင်လက်စားချေပြီး ပတ္တမြားကြီးကို ပြန်ယူမှာသေချာတယ် ''

ဟုပြောလေရာ ကေရီသည် စွန့်လွှတ်စွန့်စားဝံ့သော စိတ်ဓာတ်ရှိသူပီပီ အံကိုကြိတ်၍

'' ကိုမင်းအောင်၊ ရှင် ကျွန်မကို ခြိမ်းခြောက်နေတာလား၊ ကျွန်မက ငရဲမင်းရဲ့မျက်ခုံးမွေးပေါ်ကိုတောင် စကြိန်လျှောက်ဝံ့တဲ့လူ၊ မဟာရာဇာလောက်တော့ လုံးဝဂရုမစိုက်ဘူး၊ ဖြစ်ချင်ရာဖြစ် တိုက်ခိုက်သွားမှာပဲ ''

ဟုကြုံးဝါးလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က သူမ၏ အနောက်ကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

'' ခင်ဗျား ဒီလောက်တောင် တိုက်ခိုက်ချင်နေရင် တိုက်ခိုက်ရပါတော့မယ်၊ ဟိုမှာ လာပါပြီဗျာ ''

ဟုပြောလေရာ ကေရီက ကမန်းကတန်း လှည့်ကြည့်လိုက်၏။

ထိုအခါ ဓားကောက်ကြီးများ ကိုင်ဆောင်ထားသော အနီရောင်ဘောင်းဘီဝတ် လူများသည် တိုက်ခိုက်ရန် ပြေးလွှားလာကြကြောင်း တွေ့ရလေ၏။

ထိုသူများ၏ ကြောက်မက်ဖွယ်အမူအရာကြောင့် ဈေးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူနေသူများသည် ထိတ်လန့်တကြားအော်ဟစ်၍ ပြေးလွှားလာကြ၏။ ကေရီက လက်သီးဆုပ်၍

" လာကြစမ်းပါစေ၊ မြန်မာ့သတ္တိကို ပြလိုက်မယ် "

ဟုအော်ဟစ်ကာ သူ့မကို ဓားဖြင့်ခုတ်ရန် ပြေးလာသော လူဆိုး၏လက်ကို ချုပ်ကိုင်၍ မိုက်ကိုဒူးဖြင့် တိုက်လိုက်ရာ လူဆိုးလဲလေ၏။

ကျန်လူဆိုးများမှာလည်း ဆားပုလင်းမင်းအောင်ကို ဝင်ရောက်တိုက်ခိုက်လေ၏။ ဆားပုလင်းမင်းအောင်သည် ဓားကိုင်လူဆိုးများကို အေးဆေးစွာ ခုခံတိုက်ခိုက်နေ၏။

အနီရောင်ဘောင်းဘီဝတ်လူဆိုးများသည် ဈေးအနှံ့မှ တစ်ဦးပြီးတစ်ဦးပေါ်လာသဖြင့် ဈေးသည်များအားလုံး ထွက်ပြေး ကြလေ၏။ ကေရီသည် ဈေးတစ်ခုလုံး လူဆိုးများ ပြည့်နှက်နေသဖြင့် မျက်လုံးပြူးသွားပြီး

" ဟင်... ရန်သူတွေကများလှချည်လား ကိုမင်းအောင်၊ ဘယ်လိုလုပ်ကြမလဲ "

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်သည် ရန်သူတစ်ဦး၏ခေါင်းကို အနီးရှိရေတာကောင်းဖြင့် ရိုက်ခွဲလိုက်ရင်း

" နောက် ဗိုလ်ထက်ပိုပြီးရောက်လာဦးမှာ ကေရီ၊ ကျုပ်ပြောတာမယုံရင်စောင့်ကြည့်၊ သူတို့ဟာ ကေရီရဲ့အသက်ကို မရရအောင် ယူလိမ့်မယ် "





ဟု ပြောလေ၏။ ကေရီသည် လက်သီးဆုပ်၍

" ဒါဆိုလည်း သူသေကိုယ်သေတိုက်ကြတာပေါ့ "

ဟု ကြုံးဝါးလေ၏။ ဆားပုလင်းမင်းအောင်က ရန်သူများကို မျက်လုံးဝေ့ကြည့်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး

" သူသေကိုယ်သေချစရာမလိုပါဘူး ကေရီ၊ လူဆိုးတွေရဲ့အသက်ထက် ကေရီရဲ့အသက်က တန်ဖိုးရှိပါတယ်၊ ကျုပ်ဒီဈေးထဲဝင်ကတည်းက လွတ်မြောက်မဲ့လမ်းကို ကြိုရှာထားပြီးသားပါ၊ ကျုပ်တို့ကံကောင်းရင် အလွယ်တကူလွတ်မြောက်နိုင်ပါတယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဈေးပတ်ဝန်းကျင်သို့ အနီရောင်ဘောင်းဘီဝတ်သူများ ထပ်မံရောက်ရှိလာ၏။ ကေရီသည် ရန်သူများ၏အင်အားကို ကြည့်၍ ဆားပုလင်းမင်းအောင်၏စကား မှန်ကန်ကြောင်းသိလိုက်၏။

ဆားပုလင်းမင်းအောင်သည် လူသန်ကြီးတစ်ဦးနှင့် ရင်ဆိုင်တိုက်ခိုက်နေရပြီး ကေရီကမူ ဓားသမားတစ်ဦးနှင့် ရင်ဆိုင်နေရ၏။ ကေရီသည် ဓားသမားကို ရင်ဆိုင်ရန် သူမ၏ခါးကြားမှ ကြာပွတ်ကို ထုတ်ယူလိုက်၏။

ဓားသမားသည် ဓားကောက်ကြီးကို မွှတ်နေအောင် လှည့်ပတ်ကာခြင်း တိုးကပ်လာ၏။ ကေရီသည် ဓားသမား၏ ခြေထောက်ကို ကြာပွတ်နှင့်ရစ်ပတ်ပြီး စောင့်ဆွဲလိုက်သောအခါ ဓားသမား မြေပေါ်သို့ လဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနီးရှိ လက်ကိုင်ပါသောပန်းအိုးဖြင့် ဓားသမား၏ ခေါင်းကို အားကုန်လွှဲရိုက်လိုက်ရာ ဓားသမား မေ့မြောသွားလေ၏။

ထိုအခိုက်မှာပင် ဓားသမားနှစ်ဦးအနီးသို့ ရောက်ရှိလာသဖြင့် ဆိတ်သားခရောင်းသော ဆိုင်ခုံပေါ်သို့ ခုန်တက်လိုက်၏။

ဓားသမားတစ်ဦးသည် ကေရီကို ဓားဖြင့်လွှဲခုတ်ရာ လွဲချော်ပြီး တွဲလောင်းချိတ်ထားသော ဆိတ်မှာ နှစ်ပိုင်းပြတ်သွားလေ၏။

ထိုစဉ် ဆားပုလင်းမင်းအောင်သည် ကေရီ၏အနီးသို့ ရောက်လာပြီး လက်ကိုဆွဲကာ

" ကျုပ်နောက်ကိုလိုက်ခဲ့ ကေရီ၊ အချိန်မရှိတော့ဘူး "

ဟု ပြောကာ ဈေးအနီး၌ တိုက်ကြီးတစ်လုံးထဲသို့ ဝင်ပြေးလေ၏။

ထိုတိုက်ကြီးသည် မင်္ဂလာဆောင်များ၊ ညစာစားပွဲများပြုလုပ်ရန် ခန်းမရှိသော တိုက်ကြီးဖြစ်၏။ ဆားပုလင်းမင်းအောင်သည် တိုက်၏ အပေါ်ထပ် လှေကားထစ်များပေါ်မှ ပြေးတက်သွား၏။

ရန်သူများလည်း ညာသံပေး၍ အနောက်မှ လိုက်လာကြ၏။ တိုက်အပေါ်ထပ်သို့ရောက်သောအခါ ဆားပုလင်းမင်းအောင်သည် မျက်နှာကျက်တစ်နေရာကို ကြည့်၍

" ဒီလိုတိုက်မျိုးဟာ ခေါင်မိုးပေါ်တက်ဖို့ လှေကားရှိတတ်တယ် "

ဟု ပြောလေ၏။





ထို့နောက် မျက်နှာကျက်တစ်နေရာကိုဖွင့်လိုက်သောအခါ အပေါ်သို့တက်နိုင်သောအပေါက်ကို တွေ့သဖြင့် လျင်မြန်စွာ ခိုတွယ်တက်၏။

ကေရီသည် ဆားပုလင်းမင်းအောင်အနောက်မှ လိုက်တက်ရင်း ဒီအိုင်ဒီမှ စုံထောက်၏ပေါ့ပါးဖျတ်လတ်ပုံကို အံ့သြနေလေ၏။

ဆားပုလင်းမင်းအောင်သည် ခေါင်မိုးပေါ်သို့ရောက်သော အခါ အစွန်းရှိရာသို့ပြေးသွားပြီး တစ်ဖက်အိမ်ခေါင်မိုးကို လက်ညှိုးညွှန်ပြကာ

" ကျုပ်တို့ ဟိုဘက်ကို ခုန်ကူးရမယ် "

ဟု ပြောလေ၏။ ကေရီသည် ခေါင်မိုးနှစ်ခုအကွာအဝေးကို ကြည့်၍ ခေါင်းခါယမ်း၍

" ခေါင်မိုးနှစ်ခုက အတော်ဝေးတယ်၊ ရှင်ဖြစ်ပါ့မလား "

ဟု မေးမြန်းလိုက်လေ၏။ သူမကတော့ ဤမျှအကွာအဝေး ကို သွယ်ကူစွာ ကူးသန်းနိုင်၏။

ဆားပုလင်းမင်းအောင်သည် သူမကို စကားမတုံ့ပြန်ဘဲ တစ်ဖက်ခေါင်မိုးသို့ ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်စွာကူးသန်း ပြလေရာ ကေရီ မျက်လုံးပြူးသွားပြန်၏။

အဘယ်ကြောင့် စုံထောက်တစ်ယောက် ကျွမ်းဘားပညာကို ဤမျှ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေသည်မသိ။

ဆားပုလင်းမင်းအောင်သည် ခေါင်မိုးများတစ်ခုပြီးတစ်ခု ဦး ဆောင်၍ ကူးသန်းသွားပြီး ရပ်တန့်၍ အောက်သို့ လက်ညှိုးညွှန်ပြကာ



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့ အောက်ကရထားလုံးပေါ် ခုန်ချမယ်၊ တစ်ဦးစီ ခုန်ချရင် မြင်းလန့်ပြီး ပြေးလိမ့်မယ်၊ နှစ်ဦးစလုံးတပြိုင်တည်း ခုန်ချမယ်"

ဟု ပြောကာ သူမ၏ခါးကိုဖက်၍ ရထားလုံးပေါ်သို့ ခုန်ချ လေ၏။

ဆားပုလင်းမင်းအောင်ထင်သည့်အတိုင်းပင် မြင်းသည် ကြောက်လန့်တကြား ထွက်ပြေးလေတော့၏။ ဆားပုလင်းမင်းအောင် သည် မြင်း၏ဇက်ကြိုးကို ထိန်းနိုင်အောင် ကြိုးစားနေ၏။

မဟာရာဇာ၏တပည့်များသည် ကေရီတို့ လွတ်သွားမှန်း သိသဖြင့် ညာသံပေးပြီး လိုက်ခဲ့ကြ၏။

ဆားပုလင်းမင်းအောင်သည် ကျဉ်းမြောင်းသော ဈေးလမ်းတွင် ရထားလုံးကို ခက်ခက်ခဲခဲ မောင်းနှင်နေလေ၏။

ရထားလုံး၏ဘီးများသည် သရက်သီးဗန်းများ၊ ဟင်းသီး ဟင်းရွက်တောင်းများကို တက်နင်းသွားလေ၏။

ထိုအခိုက်မှာပင် ရထားလုံးလာရာလမ်းတွင် လော်လီကား ကြီးတစ်စင်း ပိတ်ရပ်နေသဖြင့် ရထားလုံးကို လမ်းကြားတစ်ခုထဲသို့ မောင်းနှင်ရပြန်၏။

ထိုလမ်းကြားထဲတွင် ဆေးသုတ်နေသောကုလားများ၏ လှေကား များကို တွေ့ရလေ၏။

ဆားပုလင်းမင်းအောင်သည် ကုလားများ၏လှေကားများကို ရထားလုံးဖြင့် တိုက်ချသွားလေ၏။





ကေရီသည် ဆားပုလင်းမင်းအောင် ရထားလုံးမောင်းနှင် နေစဉ် အနောက်သို့ လှည့်ကြည့်လိုက်လေရာ မဟာရာဇာ၏ တပည့်များသည် မြင်းကိုယ်စီဖြင့် အနောက်မှ လိုက်လာကြောင်း တွေ့ရ၏။

ဆားပုလင်းမင်းအောင်သည် ရထားလုံးကို အရှိန်ပြင်းစွာ မောင်းနှင်ပြီး လမ်းဆုံရှိလော်ရီကားကြီးအနီးသို့ ရောက်လျှင် ရထားလုံး ပေါ်မှ လျင်မြန်စွာ ခုန်ဆင်းကာ လော်ရီကားကြီးပေါ်သို့ ခိုဆွဲ တက်လေ၏။

ထို့နောက် ကြောင်အမ်းအမ်းကြည့်နေသော ဒရိုင်ဘာကို ကားပေါ်မှ ဆွဲချ၍ ကားစက်ကိုနှိုးလေ၏။

ကေရီသည် ဆားပုလင်းမင်းအောင်၏ အကြံအစည်ကို ရိပ်စားမိသဖြင့် ရထားလုံးပေါ်မှ လော်ရီကားပေါ်သို့ ခုန်ချလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်သည် ကားကို အရှိန်ပြင်းစွာ မောင်းထွက်လိုက်လေ၏။

မဟာရာဇာ၏လူများသည် အရှိန်ပြင်းစွာ မောင်းနှင်နေသော လော်ရီကားနောက်သို့ လိုက်လာသော်လည်း တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ကားကို အရှိန်ပြင်းစွာ မောင်းနှင် နေရာမှ လမ်းဆုံတစ်ခုသို့ရောက်သောအခါ ကားကို ကမန်းကတန်း ထိုးရပ်လိုက်ရလေ၏။

လမ်းဆုံ၌ ဆွမ်းဆန်စိမ်းအလှူခံထွက်လာသော ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



သာမဏေများကို တွေ့ရလေ၏။

ရဟန်းသာမဏေများသည် စီတန်း၍ ဆွမ်းဆန်စိမ်းအလှူခံထွက်နေသဖြင့် သာမဏေများကို ကျော်ဖြတ်ရန် မဖြစ်နိုင်ချေ။

ကေရီသည် သာမဏေများကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး အနောက်သို့ လှည့်ကြည့်လိုက်ကာ

" ဟင်... မဟာရာဇာရဲ့လူတွေနီးလာပြီ၊ ဒုက္ခပဲ၊ ဘုန်းကြီးတွေကလည်း ရှေ့မှာတန်းစီနေတယ်၊ ကိုမင်းအောင် ဟွန်းတီးပြီး မောင်းထွက်လေ "

ဟု ပြောကာ ကားဟွန်းကို တီးရန်ပြင်လိုက်၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ကေရီ၏လက်ကို ဖမ်းကိုင်လိုက်ပြီး ခေါင်းခါယမ်းကာ

" ကေရီ ကျုပ်တို့က ဗုဒ္ဓဘာသာတွေလေ ရဟန်းသံဃာတွေဆွမ်းခံထွက်ချိန်မှာ ဟွန်းတီးပြီး ရှင်းရှင်းစိုင်းစိုင်းမောင်းနှင်သွားလို့ ဘယ်သင့်တော်ပါ့မလဲ "

ဟု ပြောလေ၏။ ကေရီက ဆားပုလင်းမင်းအောင်၏ စကားကြောင့် အံကိုကြိတ်၍

" အနောက်မှာ ကျွန်မတို့သေမင်းတွေလိုက်လာပြီ၊ ရှင် ဘာကြောင်နေတာလဲ၊ ဒီလိုမှမလုပ်ရင် ကျွန်မတို့ အန္တရာယ်နဲ့တွေ့မှာပေါ့"

ဟု အော်ဟစ်လေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍

" ဘယ်လိုအန္တရာယ်နဲ့ပဲကြုံကြုံ ကျုပ်တော့ဆွမ်းခံထွက်လာတဲ့





သာမဏေတွေကို ကျော်ဖြတ်ပြီးမမောင်းနိုင်ဘူး၊ အန္တရာယ်တွေ ဘယ်လောက်ကြီးကြီး ကျုပ်ရင်ဆိုင်မယ် "

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်၏စကားကြောင့် ကေရီက လက်သီးဆုပ်၍

" ခက်လိုက်တာရှင်... "

ဟု အော်ဟစ်ပြီး အနောက်သို့ ကမန်းကတန်း လှည့်ကြည့်လေ၏။

ထိုအခါ ရန်သူများသည် တဖြည်းဖြည်း နီးကပ်လာလေ၏။ ကေရီက ရန်သူများကိုကြည့်၍

" ဒုက္ခပါပဲ၊ ရန်သူတွေ ကျွန်မတို့ကို မီလာတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ "

ဟု အော်ဟစ်လေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

" မီးစင်ကြည့်ကရမှာပဲ "

ဟု တီးတိုးရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ပုလိပ်တပ်ဖွဲ့အမှတ်တံဆိပ်ပါသော ကားနှစ်စင်းသည် ရဟန်းသံဃာများ စီတန်းလှည့်လည်နေသော လမ်းဆုံသို့ ရောက်ရှိလာပြီး ရပ်တန့်လိုက်လေ၏။

ဆားပုလင်းမင်းအောင်က ပုလိပ်များကိုကြည့်၍

" ကေရီမပူပါနဲ့တော့၊ ကျုပ်တို့အန္တရာယ်ကလွတ်မြောက်ပါပြီ "

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းများကို ဒုန်းစိုင်း၍ရောက်ရှိလာသော မဟာရာဇာ၏လူများသည် ပုလိပ်ကားများကိုကြည့်၍ အခက်ကြုံသွားပြီး နောက်ကြောင်းသို့ ပြန်ပြေးလေတော့၏။

မဟာရာဇာ၏လူများ နောက်ကြောင်းသို့ ပြန်လှည့်ပြေးသောအခါ ရဟာန်းသံဃာများလည်း ဆက်လက်၍ ကြွချီသွားကြလေ၏။

ဆားပုလင်းမင်းအောင်သည် ထိုအခါမှပင် လော်ရီကားကို မောင်းထွက်လိုက်ရာ ခဏအကြာတွင် ဟောင်းရာဘူတာသို့ ရောက်ခဲ့လေ၏။

ကေရီက ဘူတာရုံကိုကြည့်၍

" ဟောင်းရာဘူတာကိုရောက်ရင်တော့ ကျွန်မတို့ရဲ့ရန်သူတွေ မျက်ခြေပြတ်နေပြီနဲ့တူတယ် "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

" ကျုပ်ကတော့စိတ်မချနိုင်သေးဘူး။ မဟာရာဇာဟာ ခြေတန်လက်တန်သိပ်ရှည်တယ် "

ဟု တီးတိုးရေရွတ်လေ၏။





ထို့နောက်တွင်မှ ကေရီတို့သည် ရထားလက်မှတ်များယူပြီးနောက် ရထားပေါ်သို့ တက်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ရထားပေါ်သို့ရောက်သောအခါ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း စူးရှသောမျက်ဝန်းများနှင့် ပတ်ဝန်းကျင်အနှံ့ ကြည့်ရှုနေလေ၏။

ရထားသည် ဟောင်းရာဘူတာမှ ထွက်ချိန်တန်သည်အထိ ၁၅မိနစ်နောက်ကျနေပြီး မထွက်သေးဘဲရှိနေသဖြင့် ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်နေလေ၏။

ကေရီသည် ရထားပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



" အရေးပေါ်တဲ့အချိန်ရောက်တော့မှ ရထားထွက်ဖို့ နောက်ကျနေတယ်၊ မဟာရာဇာရဲ့လူတွေရောက်လာရင် ခက်မယ် "

ဟု ညည်းညူလေ၏။

ရထားသည် မိနစ်(၃၀)နီးပါးနောက်ကျပြီးမှ ယောင်းရာဘူတာမှ ထွက်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ရထားထွက်သောအခါ ဘူတာအပေါက်ဝသို့ မျက်မှောင်ကြုတ်ကြည့်၍

" ကျုပ်တို့ရန်သူတွေလိုက်လာပြီ "

ဟု ပြောလေ၏။ ကေရီသည် ထိုင်ရာမှထကြည့်ပြီး

" ကျွန်မတို့ သူတို့ကို ရထားပေါ်တက်ခွင့်မပေးနိုင်ဘူး "

ဟု ရေရွတ်ကာ တံခါးပေါက်သို့ ထပြေးသွားလေ၏။ ထို့နောက် ရထားပေါ်သို့ ခိုဆွဲတက်ရန် ကြိုးစားသူအား လက်သီးဖြင့် ထိုးချလိုက်ရာ ထိုသူသည် မြေပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျကျန်ခဲ့၏။

ရန်သူတစ်ဦးသည် ရထား၏တစ်ဖက်မှ ခိုဆွဲတက်ရာ ရထားပေါ်သို့ ရောက်ရှိပြီး ဆားပုလင်းမင်းအောင်နှင့် ထိပ်တိုက်တွေ့၏။

ရန်သူသည် ဆားပုလင်းမင်းအောင်ကို ဓားမြှောင်ဖြင့် ထိုးလေရာ ဆားပုလင်းမင်းအောင်က ရှောင်တိမ်း၍ ရန်သူ၏ပေါင်ကြားကို ဒူးဖြင့် တိုက်လေ၏။

ရန်သူကွေးညွတ်ကျသောအခါ ရထားပေါ်မှ ဆောင့်တွန်းချခဲ့၏။ ကျန်သောရန်သူများသည် ရထားအရှိန်ရနေပြီဖြစ်၍ မလိုက်





နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်နှင့်ကေရီ၏ အစွမ်းကို ရထားပေါ်ရှိ လူများသည် အထိတ်တလန့်ဖြင့် ကြည့်လေ၏။

ကေရီက တွန့်ကြေသွားသော သူမ၏အဝတ်အစားများကို ဆန့်ဆန့်ရန့်ရန့်ဖြစ်အောင် ပြန်လည်ပြုပြင်ရင်း

" ဒီကောင်တွေ ကျွန်မတို့ကို မျက်ခြေပြတ်ပါပြီ၊ ယောင်းရာကနေ ဗုဒ္ဓဂါယာကိုရောက်ရင် ကျွန်မတို့ လွတ်ပြီကျွတ်ပြီပေါ့ "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

" မင်းထင်တဲ့အတိုင်းဖြစ်ရင်တော့ ငါတို့ကံကောင်းပြီပေါ့ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် လူငယ်လေးတစ်ဦးသည် လင်ပန်းထဲတွင် ပလာတာများထည့်၍ လိုက်လံရောင်းချနေ၏။

ကေရီက လူငယ်ကို အနီးသို့ခေါ်၍ ပလာတာဝယ်လိုက်၏။ ထိုအခိုက်မှာပင် စီးကရက်မီးညှိနေသော ဆားပုလင်းမင်းအောင် သည် လူငယ်ကိုကြည့်၍

" သတိထား "

ဟု အော်ဟစ်လိုက်လေ၏။ ကေရီသည် ဆားပုလင်း မင်းအောင်၏ အသံကြောင့် လူငယ်ကိုကြည့်လိုက်ရာ သူ၏လက်ထဲရှိ ဓားဖြင့် သက်ခနဲနေအောင် ထိုးထည့်လိုက်ကြောင်း တွေ့ရ၏။

ကေရီသည် လူငယ်၏ဓားကိုင်လက်ကို လက်ဝါးစောင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလျင်အမြန်ရိုက်ချလိုက်ပြီး လှူငယ်အားဂုတ်မှဆွဲကာ ရထားပေါ်မှ တွန်းချလိုက်၏။

ခရီးသည်များသည် အလန့်တကြားအော်ဟစ်ကြလေ၏။

ဆားပုလင်းမင်းအောင်က ခရီးသည်များကို လက်ကာပြ၍ ဟိန္ဒူဘာသာစကားဖြင့် လူဆိုးများကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း မကြောက်ရှံ့အောင် ပြောဆိုလေ၏။

ထိုအခိုက်မှာပင် လက်မှတ်စစ်များရောက်လာပြီး ခရီးသည်များထံမှ လက်မှတ်များတောင်းယူ၍ စစ်ဆေးနေလေ၏။

ဆားပုလင်းမင်းအောင်သည် လက်မှတ်စစ်နှစ်ဦးအနီးသို့ ရောက်သောအခါ လက်မှတ်နှစ်စောင်ကို ပေး၍ ထိုသူများ လက်မှတ်များကို ကြည့်ရှုနေစဉ် လက်မှတ်စစ်တစ်ဦး၏မေးရိုးကို လက်သီးဖြင့် ထိုးလိုက်၏။

ထို့နောက် ကြောင်အမ်းအမ်းကြည့်နေသော ကျန်လက်မှတ်စစ်၏ အရှိုက်ကို လက်သီးဖြင့် ထိုးလိုက်လေ၏။

လက်မှတ်စစ်နှစ်ဦး မေ့မြောသွားသောအခါ ပြတင်းပေါက်မှ တွန်းချလိုက်လေ၏။

ခရီးသည်များသည် ဆားပုလင်းမင်းအောင်၏ အပြုအမူကို အလန့်တကြားအော်ဟစ်သောအခါ ကေရီက ဆားပုလင်းမင်းအောင်ကို အံ့သြဟန်ဖြင့် ကြည့်ရှုနေစဉ် ဆားပုလင်းမင်းအောင်က

“ ဒီကောင်တွေက လက်မှတ်စစ်အတုတွေဗျ၊ သူတို့ရဲ့ ဝတ်စားဆင်ယင်ပုံကို ကြည့်ကတည်းက ကျုပ်မသင်္ကာဘူး၊ ဘူတာမှာ ရထားထွက်ခါနီး ... 





ထွက်ခါနီးမှာ ...

ထွက်နောက်ကျကတည်းက ဘူတာကရုံပိုင်နဲ့တကွ မီးရထားအမှုထမ်းတွေကို မသင်္ကာဘူး၊ မီးရထားဝန်ထမ်းတွေနဲ့ မဟာရာဇာဟာ အဆက်အသွယ်ရှိပုံရတယ်၊ နောက်ပြီးတော့ ဘူတာမှာ ရထားရပ်နေတုန်းက လက်မှတ်စစ်တွေကို ကျုပ် သတိထားကြည့်တယ်၊ အိန္ဒိယက လက်မှတ်စစ်တွေဟာ ဦးထုပ်တွေဆောင်းလေ့မရှိဘူး၊ အင်္ကျီမှာ ရင်ထိုးတံဆိပ်တွေ ဘာတွေမရှိဘူး၊ သူတို့ကိုကြည့်လိုက်ရင် အင်္ကျီဟာမြဲနဲ့ ကပိုကရိုအမူအရာ ရှိတယ်၊ ကျုပ်တို့ဆီကိုရောက်လာတဲ့ လက်မှတ်စစ်အတု နှစ်ယောက်ကတော့ အင်္ကျီကြယ်သီးတွေကို အပြည့်အစုံတပ်ထားရုံမကဘူး၊ လည်စည်းတွေ၊ ရင်ထိုးတံဆိပ်တွေနဲ့၊ ဒါကြောင့် သူတို့ကို မြင်မြင်ချင်း မသင်္ကာဖြစ်ခဲ့တာပဲ ”

ဟု ရှင်းလင်းပြလေ၏။

ထိုအခိုက်မှာပင် အဝတ်အစား ကပိုကရိုဝတ်ဆင်ထားပြီး ဆံပင်ဖုတ်ဖွားရှိသော လက်မှတ်စစ် ၂ ဦးရောက်လာလေ၏။ ဆားပုလင်းမင်းအောင်က ထိုသူများကို လက်ညှိုးညွှန်၍

“ လက်မှတ်စစ်အစစ်တွေက ဒီလူတွေပဲဗျ ”

ဟုပြောလေ၏။

ကေရီသည် ဆားပုလင်းမင်းအောင်ကို ရင်ထဲမှကြိတ်၍ ချီးကျူးမိလေ၏။

ဆားပုလင်းမင်းအောင်သည် ရန်သူ၏အရိပ်အကဲကို ခန့်မှန်းရာတွင် အလွန်ကျွမ်းကျင်ပြီး ရန်သူများကို တိုက်ခိုက်ရာတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်နိမ်နင်းလှ၏။

ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်နှင့် ကေရီသည် လမ်းခရီးတွင် အနှောင့်အယှက်မရှိဘဲ ဗုဒ္ဓဂါယာသို့ ဆိုက်ရောက်ခဲ့လေတော့၏။

ဆားပုလင်းမင်းအောင်က ဗုဒ္ဓဂါယာသို့ရောက်သောအခါ မှပင်

" ကျုပ်တို့ရဲ့ ရန်သူတော်တွေ မရှိတော့ပါဘူး၊ ဒီအချိန်က စပြီး အေးအေးချမ်းချမ်းနေနိုင်ပါပြီ "

ဟုပြောလေ၏။ ကေရီက သူမ၏ခရီးလမ်းတစ်လျှောက်လုံး အကူအညီပေးခဲ့သော ဆားပုလင်းမင်းအောင်ကို ကျေးဇူး[illegible]ခွာ ကြည့်ရှု၍

" ရှင်လည်း ကျွန်မအတွက် အန္တရာယ်အမျိုးမျိုးနဲ့တွေ့ကြုံခဲ့တယ်နော် "

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ကေရီ၏စကားကြောင့် ခေါင်းခါယမ်း၍

" ကျုပ်ကို ကျေးဇူးရှင်ကြီးတစ်ယောက်လို သဘောမထားပါနဲ့၊ ကေရီရဲ့ရည်ရွယ်ချက်ကို သဘောကျလို့ မြန်မာလူမျိုးအချင်းချင်း ကူညီရိုင်းပင်းရတာပါ၊ တကယ်တော့ ကေရီမှာ အရည်အချင်း ရှိပါတယ်၊ ကျုပ်မရှိလည်း မဟာရာဇာရဲ့လူတွေကို လွတ်အောင်ရှောင်နိုင်မှာပါ "

ဟုပြောလေ၏။ ကေရီက ဆားပုလင်းမင်းအောင်ကို ကြည့်





" ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့ကျေးဇူး ကျွန်မအပေါ်မှာရှိခဲ့ပြီ၊ ရန်ကုန်ကိုရောက်ရင် ရှင်နဲ့ကျွန်မ တွေ့ဆုံခြင်းအတွက် အမှတ်တရအနေနဲ့ ရှင့်ကို လက်ဆောင်တစ်ခုပေးပါမယ်၊ အဲဒီလက်ဆောင်ဟာ ရှင်နဲ့ကျွန်မ အတွက် အမှတ်တရရှိနေမှာပေါ့ "

ဟုပြောလိုက်လေ၏။

ကေရီသည် ရန်ကုန်သို့ရောက်သောအခါ ဆားပုလင်းမင်းအောင်နှင့် လမ်းခွဲထွက်ခဲ့လေ၏။

သူမသည် ဆားပုလင်းမင်းအောင်နှင့် လမ်းခွဲပြီးနောက် ရန်ကုန်မြို့ထဲရှိ စိန်ရွှေရတနာဆိုင်ကြီးသို့သွားကာ ရွှေဖြင့်ပြုလုပ်ထားသော ချိန်ခွင်တစ်ခုအပ်နှံလေ၏။

ဆားပုလင်းမင်းအောင်သည် တရားမျှတမှုဘက်က ရပ်တည်သော လူတစ်ယောက်ဖြစ်၏။

ကမ္ဘာလောကကြီးတွင် တရားမျှတမှုများ ရှိစေရန် ချိန်ခွင်လို လူတစ်ယောက် လိုအပ်၏။ ဆားပုလင်းမင်းအောင်သည် ချိန်ခွင်လို လူမျိုးဖြစ်၏။

ထို့ကြောင့် ဆားပုလင်း[illegible]င်းအောင်ကို ရွှေဖြင့်ပြုလု[illegible]ထားသော ချိန်ခွင်ငယ်လေးတစ်လက် လက်ဆောင်ပေးလေ၏။

ဆား[illegible]လင်းမင်းအောင်သည် ကေရီပေးလိုက်သော လက်ဆောင်ကို သဘောကျဟန်ဖြင့်ကြည့်ရှု၍

" ဟုတ်တယ်၊ ကျုပ်ဟာ ချိန်ခွင်လိုလူတစ်ယောက်ပဲ၊ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ တရားမျှတမှုတွေရှိနေဖို့အတွက် ချိန်ခွင်လို လူသား တစ်ယောက် လိုအပ်တယ်၊ ကေရီ ကျုပ်ကို ရွှေချိန်ခွင်လေးပေးတာ ကျုပ်ရဲ့စရိုက်လက္ခဏာနဲ့ သိပ်လိုက်ဖက်တယ်၊ ကေရီလက်ဆောင်ကို ကျုပ်အမှတ်တရ သိမ်းထားပါ့မယ် ''

ဟုလေးနက်စွာ ပြောဆိုလေ၏။

▲▲▲▲▲▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊





ကေရီသည် ဆားပုလင်းမင်းအောင်နှင့် တွေ့ဆုံရင်းနှီးခဲ့ပုံ များကို ပြန်လည်စဉ်းစားတောရင်း ထိုနေ့ညက အိပ်မပျော်နိုင်ဘဲ အရုဏ်တက် ချိန်သို့ရောက်ရှိသွားလေ၏။

ကေရီသည် အိပ်စက်ရန် မကြိုးစားတော့ဘဲ လှဲနေရာမှထ၍ စမ်းချောင်းထဲသို့ဆင်း၍ ရေချိုးလေ၏။ သူသည် ရေချိုးရင်း ဆားပုလင်း မင်းအောင်က သူမကို အကူအညီတောင်းခံခြင်း အကြောင်းကို စဉ်းစားနေမိလေ၏။

ဆားပုလင်းမင်းအောင်ကဲ့သို့ အရည်အချင်းရှိသော သူ တစ်ယောက်က တောင်းခံသောအကူအညီသည် လွန်စွာအရေးပါ သော အကြောင်းကိစ္စဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် လျှို့ဝှက်သောအရေးကိစ္စကို အဘွားစိန်ကြောင်ထံတွင် အသိပေးထားသည်ဆို၏။

အဘွားစိန်ကြောင်သည် လွန်စွာထူးဆန်းသော အမျိုးသမီးကြီးတစ်ဦးဖြစ်၏။

အဘွားသည် နန်းတွင်းလုပ်ကြံမှုကြီးမှ လွတ်မြောက်အောင် ပြေးထွက်လာခဲ့သော ခွေတော်မျိုးတော်တစ်ဦးဖြစ်၏။

သူမသည် နန်းတွင်း၌နေထိုင်၍ လျှို့ဝှက်စုဆောင်းခဲ့သော လက်ဝတ်ရတနာများစွာပါရှိသဖြင့် အောက်ပြည်အောက်ရွာတွင် လူချမ်းသာတစ်ဦးကဲ့သို့ နေထိုင်နိုင်၏။

အဘွားစိန်ကြောင်သည် ရန်ကုန်မြို့သို့ရောက်သောအခါ ရတနာကုန်သည်ကြီးများကို ရှာဖွေ၍ သူမ၏လက်ဝတ်ရတနာ များကို ထုခွဲရောင်းချ၏။

ထို့နောက် ရရှိသော ငွေကြေးဥစ္စာများကို ရွှေတိဂုံဘုရားအနီးရှိ သွေးဆေးကန်နံဘေးတွင် မဏ္ဍပ်ကြီးများထိုးကာ ဆင်းရဲသားများကို တစ်လတိတိ အလှူကြီးပေးလေ၏။

အဘွားစိန်ကြောင်သည် ဆင်းရဲသားများကို ဝဝလင်လင် ကျွေးမွေးရုံမက ကျော်ကြားလှသော ဆေးသမားတော်ကြီးများကို ပင့်ဖိတ်၍ တစ်လလုံးလုံး ပြုစုကုသပေးလေ၏။

အဘွားစိန်ကြောင်သည် တစ်လတိတိ အလှူကြီးပေးပြီးသောအခါ သူမလက်ထဲ၌ ငွေ ၃ ကျပ်မျှသာကျန်တော့၏။





ထိုအခါမှပင် ရန်ကုန်မြို့ အလုံဝန်းကျင်ရှိ ဆင်းရဲသားများ နေထိုင်သောရပ်ကွက်တွင် တဲကလေးတစ်လုံးထိုး၍ အကြော် ရောင်း သေတော့၏။

မိမိ၌ အားကိုးအားထားပြုစရာ သားသမီးမရှိဘဲ ဧည်းစိမ် စွာများကို လှူဒါန်း၍ အကြော်ရောင်းသောအဘွားအိုကို လူတိုင်း ချီးကျူးကြ၏။

အဘွားကြောင်သည် အသက် ခုနစ်ဆယ်ရှိသော အဘွား ကြီးတစ်ယောက်ဖြစ်၏။

သို့သော် အဘွားကြောင်သည် သူမ၏ဆိုင်တွင် လာရောက် သယ်စားသော ရာဇဝင်လူဆိုးကြီး ၃–ယောက်ကို ဖမ်းဆီး ပေးခဲ့ဖူး၏။

ထိုအချိန်က ရာဇဝင်လူဆိုး ၃–ယောက်သည် သူမ၏ ဆိုင်တွင် အရက်သောက်ရင်း သတ်လက်လွတ်ပြောဆိုခဲ့၏။

အဘွားကြောင်သည် ထိုသူ ၃–ယောက်ကို ရာဇဝင် လူဆိုး မှန်းသိသောအခါ ရေနွေးကြမ်းထဲတွင် ဆေးခပ်၍ လူဆိုးများကို မူးမျောသွားစေ၏။

လူဆိုးများ မေ့မြောသောအခါမှပင် အဘွားစိန်ကြောင်က ပုလိပ်ဌာနသို့လာရောက်အကြောင်းကြား၏။

အဘွားစိန်ကြောင်သည် ငယ်စဉ်ကပင် နန်းတွင်း၌နေထိုင် စဉ် နန်းမော်ဆေးပညာကို ကောင်းစွာကျွမ်းကျင်ခဲ့၏။

အဘွားစိန်ကြောင်၏ ပယောဂကြောင့် ရာဇဝင်လူဆိုး ၃



www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် ထောင်နန်းစံသွားရှာ၏။

ထို့ကြောင့် ရာဇဝင်လူဆိုး၏တပည့်များက အဘွားစိန်ကြောင်ကို ရန်ငြိုးဖွဲ့ခဲ့၏။

ထိုလူဆိုးများသည် အဘွားစိန်ကြောင်၏ အကြော်ဆိုင်ကလေးသို့ လာရောက်၍ အဘွားကို လုပ်ကြံရန် ကြိုးစားကြ၏။

သို့သော် ထိုလူဆိုးများအားလုံး ဖသက် ခုနစ်ဆယ်ကျော် အဘွားကြီးကို မလုပ်ကြံနိုင်ဘဲ ထောင်နန်းစံသွားကြ၏။

အဘွားစိန်ကြောင်၏ ဉာဏ်ရည်ဉာဏ်သွေးကို မယှဉ်နိုင်ဘဲ အရှုံးပေးခဲ့ရခြင်းဖြစ်၏။

တစ်ညသ၌ လူဆိုးနှစ်ဦးသည် အဘွားစိန်ကြောင်၏ အကြော်ဆိုင်ကလေးသို့ ရောက်ရှိလာ၏။

အဘွားစိန်ကြောင်သည် လူဆိုးနှစ်ဦး၏အမူအရာကိုကြည့်၍ သူမဆိုင်သို့ ဝင်မလာမီကပင် ရန်သူများကို ရိပ်စားမိခဲ့၏။

ထို့ကြောင့် သူမ၏ဆိုင်တွင် လက်တိုလက်တောင်းခိုင်းစေသော ကရုလေးငယ်အား လမ်းထိပ်အရက်ဆိုင်သို့လွှတ်လိုက်၏။

ထိုအရက်ဆိုင်တွင် ပတ္တရောင်လှည့်သော ပုလိပ်များ ထိုင်လေ့ရှိ၏။

ထို့ကြောင့်ပင် အချိန်မီပုလိပ်များရောက်လာပြီး လူဆိုးနှစ်ဦးကို ဖမ်းဆီးခဲ့၏။ ထို့နောက် သူမဆိုင်သို့ နောက်တစ်ကြိမ် လူဆိုးနှစ်ဦး ရောက်လာပြန်၏။





အဘွားစိန်ကြောင်သည် သူမကို လုပ်ကြံမည့်လူဆိုးများ ဖြစ်မှန်း ကြိုတင်ရိပ်စားမိခဲ့၏။ ဤတစ်ကြိမ်တွင် ဆိုင့်တွင်ခိုင်းစေသည့် ကလေးငယ် မရှိချေ။

လူဆိုးများအား ခုခံရန်အတွက် ယောက်မနှစ်ချောင်းနှင့် မီးစွဲနေသော ထင်းချောင်းများသာရှိ၏။ လူဆိုးများသည် အဘွားအိုကို လုပ်ကြံရန် ကြံစည်ကြ၏။

သို့သော် အဘွားစိန်ကြောင်သည် ဉာဏ်ကိုသုံး၍ လူဆိုးနှစ်ဦးလက်မှ လွတ်မြောက်ခဲ့၏။

ထိုနည်းမှာ အနီးရှိ ခါတ်ဆီအပြည့်ရှိသော ပုလင်းကို မီး ဖိုထဲသို့ ပစ်သွင်းလိုက်ခြင်းဖြစ်၏။

လူဆိုးနှစ်ဦးသည် မီးလောင်ပေါက်ကွဲမှုကြောင့် ထိတ်လန့်အံ့ဩနေစဉ် အဘွားစိန်ကြောင်မှာ အနီးရှိ ရေတွင်းထဲသို့ ခုန်ချ၍ လွတ်မြောက်သွားလေ၏။

မီးလောင်မှုကြောင့် အနီးပတ်ဝန်းကျင်မှ လူများရောက်လာသောအခါမှပင် ရေတွင်းထဲသို့ ကျရောက်နေသော အဘွားစိန်ကြောင်ကို ကယ်တင်ခဲ့ရ၏။

ထိုအချိန်မှစ၍ စီအိုင်ဒီမှ ဆားပုလင်းမင်းအောင်က အဘွားစိန်ကြောင်၏ ရဲရင့်သောသတ္တိကို ဂုဏ်ပြုမိပြီး ကူညီစောင့် ရှောက်ခဲ့၏။

ကေရီသည် အဘွားစိန်ကြောင်ကို ဆားပုလင်းမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



မှတစ်ဆင့် ခင်မင်ခဲ့မှု၏။

အဘွားစိန်ကြောင်၏ အကြော်ဆိုင်တွင်ထိုင်၍ စားသောက်ခဲ့မှု၏။

♣♣♣♣♣♣

[illegible]

အမှတ် ၇ ၊ [illegible]





ကေရီသည် အဘွားစိန်ကြောင်နှင့် တွေ့ဆုံရန် တောကြီးထဲမှ တရွေ့ရွေ့ထွက်ခဲ့လေ၏။

သူမသည် အတန်ကြာသောအခါ ရွာများဆီသို့ ရောက်လေ၏။ ရွာသူရွာသားများသည် တောတွင်းမှထွက်လာသော မိန်းမတစ်ယောက်ကို အထူးအဆန်းအနေဖြင့် ကြည့်ရှုလေ၏။

ကေရီသည် ပဲခူးရိုးမနှင့် နီးကပ်သော ရွာကြီးတစ်ရွာသို့ ရောက်ခဲ့လေတော့၏။ ထိုရွာရှိ သူကြီးသားသည် အလွန်ဆိုးသွမ်းပြီး တစ်ရွာလုံးကို အနိုင်ယူနေသူဖြစ်၏။

သူကြီးသားနှင့်အပေါင်းအပါများသည် ရွာပြင်ဇရပ်တွင် အရက်သောက်နေရာမှ ကေရီ၏အမူအရာကိုကြည့်၍ မကောင်းသော အကြံဖြင့် လာရောက်မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီက သူမကို ဝိုင်းရံထားသော သူကြီးသားနှင့်အပေါင်းအပါများကို ရှုံ့ရှာစွာကြည့်၍

" ငါ့ရှေ့ကလမ်းဖယ်ပေးစမ်း၊ နင်တို့လို ဆန်ကုန်မြေလေးတွေကို ငါစိတ်မရှည်ဘူး "

ဟုပြောလိုက်ရာ သူကြီးသားက ကေရီ၏ချောမောလှပသော မျက်နှာကို ရမ္မက်လွှမ်းသောအကြည့်ဖြင့်ကြည့်၍

" မိန်းကလေးက ရုပ်ကလေးချောသလောက် မာရေကြောရေလှချည်လား၊ ဒီရွာမှာ သူကြီးသားချစ်ဦးဆိုရင် ဘယ်သူမှ မော်မကြည့်ရဲဘူး၊ ကျုပ်အဖေက အာဏာအားလုံးကို ကျုပ်ကို လွှဲအပ်ထားတယ်၊ မိန်းကလေးကို ကျုပ်တို့မသကၤာဘူး၊ ဒါကြောင့် သူကြီးအိမ်မှာ စစ်ဆေးရမယ် "

ဟုပြောလေ၏။ ထိုအခါ ကေရီသည် ဒေါသထွက်လာပြီး တက်ခေါက်၍

" ဩော် ... မလောက်လေး မလောက်စား သူကြီးသား၊ ငါ့ကို တားရဲရင်တားကြည့်စမ်း၊ တစ်ရွာလုံး မီးလောင်တိုက်သွင်းပစ်လိုက်မယ် "

ဟုကြိမ်းဝါးကာ သူကြီးသား၏သျှောင်ကိုဆွဲ၍နဖူးကို ဒူးဖြင့်တိုက်လိုက်ရာ သူကြီးသား နဖူးကွဲ၍ မေ့မြောသွားလေ၏။

ထိုအခါ သူကြီးသား၏တပည့်တပန်းများသည် မကျေမချမ်းဖြစ်ပြီး ကေရီကို ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးပမ်းလေ၏။





ကေရီသည် သူမကို ဖမ်းဆီးရန် ကြိုးပမ်းနေသော ရွာသားများကိုကြည့်၍

" ငမိုက်သားတွေ၊ သတ္တိရှိရင် ရှေ့တိုးကြည့်စမ်း၊ နင်တို့ အားလုံး သူကြီးသားနောက် လိုက်သွားရမယ် "

ဟုကြိမ်းဝါးသော်လည်း ရွာသားများသည် တစ်ကိုယ်တည်းရှိသော မိန်းမသားကို အထင်မကြီးဘဲ ရှေ့တိုးရန်ကြိုးစားလေရာ ကေရီ၏ပြင်းထန်သော တိုက်ခိုက်မှုများကို မမျှော်လင့်ဘဲ ခံလိုက်ရပြီး အလဲလဲအကွဲကွဲဖြစ်သွားကြ၏။

ရွာသားများသည် ထိုအခါမှပင် ထိတ်လန့်အံ့ဩစွာဖြင့် နောက်သို့ ဆုတ်ခွာသွားကြလေ၏။

ကေရီသည် သူမ၏ချောမောလှပသောရုပ်ရည်ကြောင့် ပုရိသတို့၏စော်ကားခြင်းကို မကြာခဏခံရ၍ ချောမောလှပခြင်းကို မနှစ်မြို့သလို ဖြစ်သွားလေ၏။

သို့သော် ချောမောလှပသောရုပ်ရည်ကြောင့် ပုရိသတို့ကို အမျိုးမျိုးလှည့်စား၍ အနိုင်ယူခဲ့ပုံကို သတိရသဖြင့် လှပခြင်းကို နှစ်သက်သွားပြန်၏။

မိန်းမသားတို့သဘာဝ လှပခြင်းကို နှစ်သက်မြဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကေရီသည် ရန်ကုန်မြို့သို့ရောက်သောအခါ အလုံကမ်းနားဘက်ရှိ အဘွားစိန်ကြောင်ရှိရာ အကြော်ဆိုင်ကလေးသို့ ထွက်ခဲ့လေ၏။

ညမှောင်ရီသန်းနေသဖြင့် အဘွားစိန်ကြောင် အကြော်ဆိုင်မှ မီးရောင်မှိန်မှိန်လေးကို မြင်နေရ၏။

ကေရီသည် အကြော်ဆိုင်နှင့်တဖြည်းဖြည်းနီးသောအခါ အကြော်ဆိုင်ထဲတွင် လူရှင်းနေပြီး ကျောခိုင်း၍ထိုင်နေသော အဘွားစိန်ကြောင်ကိုတွေ့ရ၏။

အဘွားစိန်ကြောင်သည် ကေရီရောက်ရှိနေမှန်း သိပုံမရဘဲ အေးစက်နေသော ငှက်ပျောကြော်များကို ဆီပူထဲသို့နှစ်၍ ကြော်နေပြန်၏။





ခဏကြာလျှင် ငှက်ပျောကြော်များကို ဆီပူထဲမှဆယ်၍ ပန်းကန်ပြားထဲသို့ထည့်၏။ ပြီးနောက် နောက်သို့လှည့်မကြည့်ဘဲ

" ကေရီကြိုက်တတ်တဲ့ ငှက်ပျောကြော်လေးတွေ ပြန် နွေးထားတယ်၊ စားလိုက်ပါဦး "

ဟုပြောဆိုလေရာ ကေရီသည် အလွန်အံ့ဩသွားပြီး အဘွားအိုကိုကြည့်လိုက်လေ၏။

အဘွားအို၏နောက်ကျော၌ မျက်လုံးများရှိလေသလား မသိ။ မိမိရောက်ရှိနေခြင်းကို လှည့်မကြည့်ဘဲ သိရှိနေလေ၏။ အဘွားအိုသည် အံ့ဩနေသော ကေရီကို ပြုံးကြည့်၍

" ငှက်ပျောကြော်စားလေ၊ ကေရီ တာကြောင်ကြည့်နေတာလဲ "

ဟု မေးမြန်းလေ၏။ ကေရီက အဘွားစိန်ကြောင်ကို နားမလည်ဟန်ဖြင့်ကြည့်၍

" ကျွန်မရောက်နေတာကို အဘွားဘယ်လိုလုပ်သိလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ အဘွားစိန်ကြောင်က ရယ်မော၍

" ဒါမခက်ပါဘူး ကေရီရယ်... ကျုပ်နှာခေါင်းက လူတစ်ယောက်ရဲ့ကိုယ်သင်းနံ့ကို မှတ်မိနေတယ်၊ ကေရီဟာ စံပယ်နံ့ပါတဲ့ ရေမွှေးတစ်မျိုးကို စွဲစွဲမြဲမြဲသုံးတတ်တာကို မှတ်မိနေတယ် "

ဟု ပြောလေရာ ကေရီသည် အဘွားစိန်ကြောင်ကို အံ့ကျူးမိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

အဘွားစိန်ကြောင်က ဆက်လက်၍

" ဆားပုလင်းမင်းအောင်ရဲ့ လျှို့ဝှက်ချက်အတွက် ရောက်လာတာထင်တယ်၊ ဆားပုလင်းမင်းအောင်လိုလူကတောင် ကေရီ ကို ခေါ်ပြီးအကူအညီတောင်းရတယ်ဆိုရင် ဒီကိစ္စဟာ အတော် အရေးကြီးပုံရတယ်၊ ဒါကြောင့် လျှို့ဝှက်ချက်ကို ကျုပ်သေသေချာချာ သိမ်းထားရတယ် "

ဟု ပြောလေရာ ကေရီက ငှက်ပျောကြော်တစ်ခုကို ကိုက် စား၍

" ဟုတ်ပါတယ်အဘွား၊ အဘွားဆီက လျှို့ဝှက်ချက်ကို လိုချင်လို့ရောက်လာတာပါ "

ဟု ပြောလေ၏။ ထိုအခါ အဘွားစိန်ကြောင်က

" ဒါဆိုရင် စားပွဲပေါ်က ဆေးလိပ်ခွက်ထဲမှာ လျှို့ဝှက်ချက်စာရွက်ထည့်ထားတယ်၊ ယူသွားပေတော့ "

ဟု ပြောလေ၏။

အဘွားစိန်ကြောင်၏စကားကြောင့် ကေရီသည် မျက်လုံးပြူးသွားပြီး

" ဟင်... အင်မတန်အရေးကြီးတဲ့ လျှို့ဝှက်ချက်စာရွက်ကို ဆေးလိပ်ခွက်ထဲထည့်ထားတယ်၊ ဟုတ်လား၊ ပျောက်သွားရင် ခက်တော့မှာပဲ အဘွားရယ် "

ဟု ပြောရင်း ဆေးလိပ်ခွက်ကို ကြည့်လိုက်ရာ သစ်သားဖြင့်





ပြုလုပ်ထားသော ဟသ်ာရုပ်ဆေးလိပ်ခွက်ဖြစ်ကြောင်း တွေ့ရ၏။

ဆေးလိပ်ခွက်ကလေးမှာ ပြာများနှင့် ပြည့်နှက်နေပြီး အလွန် ဟောင်းနွမ်းနေလေ၏။

ထိုအခါ အဘွားစိန်ကြောင်က ကေရီကိုကြည့်ပြီး

" မလုံခြုံဆုံးက အလုံခြုံဆုံးဖြစ်နေတတ်တယ် မိန်းကလေးရဲ့၊ အလွန်အဖိုးထိုက်တန်တဲ့ပစ္စည်းကို မီးခံသေတ္တာထဲမှာ လုံလုံခြုံခြုံသိမ်းထားရင် မလုံခြုံဘူးဖြစ်တတ်တယ်၊ ဒါကြောင့် ဘယ်သူမှ မထင်တဲ့ ဆေးလိပ်ပြာခွက်အဟောင်းလေးထဲမှာထည့်ထားတာ "

ဟု ပြောလေ၏။ ကေရီသည် အဘွားအို၏စကားကြောင့်

" မလုံခြုံဆုံးက အလုံခြုံဆုံးဖြစ်နေတယ်တဲ့လား၊ အဘွားရဲ့ စကားက သိပ်မှန်တယ်၊ ကျွန်မရဲ့စောရအတွေ့အကြုံအရ အလုံခြုံဆုံးဆိုတဲ့နေရာမှာ သိမ်းထားတဲ့ပစ္စည်းကို လွယ်လွယ်ကူကူရှာဖွေတွေ့တာပဲ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ကေရီသည် ဆေးလိပ်ပြာခွက်အောက်ရှိ သေတ္တာလေးကိုဖွင့်၍ ဆားပုလင်းမင်းအောင်၏ လျှို့ဝှက်ချက်ကို ယူလိုက်၏။

ပြီးနောက် အဘွားစိန်ကြောင်ကို နှုတ်ဆက်၍ ထွက်ခဲ့လေ၏။ အဘွားစိန်ကြောင်သည် ကေရီထွက်ခါနီးတွင်

" ကေရီကို စကားလက်ဆောင်တစ်ခုပါးလိုက်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ ကေရီဘဝတစ်သက်တာအတွက် ကြင်ဖော်ရှာမယ်ဆိုရင် ဆားပုလင်းမင်းအောင်လို အရည်အချင်းရှိတဲ့ယောကျ်ားဟာ အသင့်တော်ဆုံးပါပဲ ''

ဟု ပြောလိုက်ရာ ကေရီသည် အဘွားစိန်ကြောင်၏စကား ကို ရယ်မောလိုက်ပြီး

'' ကေရီအတွက် ဘဝကြင်ဖော်ဟုတ်လား၊ မဖြစ်နိုင်ပါဘူး အဘွားရယ်... ကေရီက အထီးကျန်မိန်းမတစ်ယောက်ပါ၊ ကေရီ ဘဝမှာ ကြင်ဖော်မလိုပါဘူး။ ဆားပုလင်းမင်းအောင်ဟာ ကေရီအတွက် မိတ်ဆွေကောင်းတစ်ယောက်ပါ၊ သူဟာ တရားမျှတမှုရှိ အောင် အပြုကြိုးစားနေတဲ့ ယောကျ်ားကောင်းတစ်ယောက်ပဲ၊ သူ့လိုလူ တစ်ယောက်အတွက် ကျွန်မကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကူညီ ပေးဖို့ အသင့်ပါပဲ၊ ဒီထက်တော့မပိုပါဘူး ''

ဟု ပြောလိုက်လေ၏။





ထိုနေ့ညက ကေရီသည် ကြည့်မြင်တိုင်ကမ်းနားရှိ တံငါ သည်များ နေထိုင်သော တဲကလေး၌ အိပ်စက်ခဲ့လေ၏။

တဲကလေး၏ပိုင်ရှင်မှာ သူမကျေးဇူးပြုခဲ့ဖူးသူဖြစ်၏။ ထို့ကြောင့် သူမအတွက် ခြင်ထောင်ကအစ လိုလေသေးမရှိအောင် ပြုလုပ်ပေး လေ၏။

ကေရီသည် ထိုနေ့ညမှာပင် မီးအိမ်ကလေး၏အလင်းရောင်ဖြင့် ဆားပုလင်းမင်းအောင်၏လျှို့ဝှက်စာကို ဖတ်လေ၏။

ကေရီသည် ဆားပုလင်းမင်းအောင်၏လျှို့ဝှက်ချက်စာကို အဓိပ္ပာယ်ပြန်ကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရလေ၏။

'' မြန်မာ့နန်းတွင်းက ပျောက်ဆုံးသွားတဲ့ဝမောက်ပတ္တမြားလို တန်ဖိုးရှိတဲ့ ပြည်လုံးကျော်ဆိုတဲ့ ပတ္တမြားအကြောင်းကို ကေရီ ကြားဖူးမှာပါ၊ ပြည်လုံးကျော်ပတ္တမြားကြီးဟာ အနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူပြီး ပျောက်ဆုံးနေရာက အခုမောင်မောင်စိုးဆိုတဲ့လူရဲ့ လက်ထဲကိုရောက်နေတယ်၊ မောင်မောင်စိုးဟာ မင်းဆွေပါတဲ့ လူ တစ်ယောက်ပဲ၊ မောင်မောင်စိုးရဲ့အဘွားဟာ မင်းတုန်းမင်းကြီးရဲ့ ကိုယ်လုပ်တော်တစ်ယောက်ပဲ၊ မောင်မောင်စိုးရဲ့အဘွားဟာ သီပေါမင်း ပါတော်မူတဲ့အချိန်မှာ နန်းတော်ထဲမှာပဲရှိနေသေးတယ်၊ အရှင်နှစ်ပါး ပါတော်မူတဲ့အချိန် နန်းတော်ထဲမှာ ကျန်ရစ်ခဲ့တဲ့ နန်းတွင်းသူနန်းတွင်း သားတွေဟာ အဖိုးတန်ရတနာပစ္စည်းတွေကို ခိုးယူခဲ့တယ်လို့ ကြားရ တယ်၊ မောင်မောင်စိုးရဲ့ အဘွားနဲ့အမေဟာ နန်းတွင်းက ပြည်လုံးကျော် ပတ္တမြားကို ခိုးယူခဲ့တာဖြစ်နိုင်တယ်၊ မောင်မောင်စိုးရဲ့အဖေဟာ ဦးမင်းဒင်ဆိုတဲ့မုဆိုးကြီးတစ်ယောက်ပဲ၊ ဦးမင်းဒင်ဟာ မုဆိုးတစ်ယောက် ဖြစ်ပေမဲ့ အလွန်လောဘကြီးတယ်၊ သူဟာ ပြည်လုံးကျော်ပတ္တမြားကြီး ကို ဖွက်ထားတဲ့ မောင်မောင်စိုးရဲ့အဖွားကို သတ်ဖြတ်ပြီး ပြည်လုံးကျော် ပတ္တမြားကိုရယူခဲ့တယ်၊ နောက်တော့ ဦးမင်းဒင်ဟာ အမည်မသိ လူတစ်ဦးရဲ့ လုပ်ကြံခံရပြီး မောင်မောင်စိုးလက်ထဲကို ပြည်လုံးကျော် ပတ္တမြားကြီးရောက်သွားတယ်၊ မောင်မောင်စိုးရဲ့မိခင်ကတော့ စိတ် ထိခိုက်စရာတွေမြင်ရပြီး ရူးသွပ်သွားခဲ့တယ်၊ မောင်မောင်စိုးဟာ ဖခင် က သေနတ်ပစ်အတတ်၊ ဓားခုတ်အတတ်နဲ့ သိုင်းပညာတွေ သင်ကြားခဲ့လို့ ကြောက်စရာအလွန်ကောင်းတယ်၊ နောက်ပြီးတော့ မောင်မောင်စိုးဟာ ဖခင်မုဆိုးကြီး ဦးမင်းဒင်ထက်ပိုပြီး လောဘကြီး တယ်၊ သူဟာ ကလကတ္တားတက္ကသိုလ်က ဘွဲ့ရပညာတတ် တစ်





ယောက်ဖြစ်တဲ့အတွက် ပိုပြီးတော့ ကြောက်စရာကောင်းတယ်၊ မောင်မောင်စိုးက ဦးမင်းဒင်လက်ထက်က ပွဲပေါက်တိုးထားတဲ့ ငွေကြေး ဥစ္စာတွေနဲ့ သူဌေးတစ်ယောက်လို ခမ်းခမ်းနားနားနေထိုင်တယ်၊ သူရဲ့လက်ထက်မှာ အရည်အချင်းရှိတဲ့ လက်အောက်ငယ်သားတွေ ရှိတယ်၊ တကယ်တော့ သူတို့ဟာ လူကောင်းတွေမဟုတ်ဘူး၊ မြို့ပေါ်မှာ လူကြီးလူကောင်းဟန်ဆောင်ပြီး တောရွာတွေက လယ်ပိုင်ရှင်တွေကို ဓားပြတိုက်နေတဲ့လူတွေပဲ၊ မောင်မောင်စိုးဟာ အကွက်ကောင်းတွေ့ပြီ ဆိုရင် မြို့ပေါ်က သူဌေးတွေကိုတောင် ဓားပြတိုက်လေ့ရှိတယ်၊ သူဟာ အလွန်ပိရိတဲ့အတွက် ဖမ်းဆီးဖို့မလွယ်ဘူး၊ မောင်မောင်စိုးဟာ သူ့အဖွားလက်ထက်ကရရှိထားတဲ့ ပြည်လုံးကျော် ပတ္တမြားကြီးကို ရောင်းချပြီး နိုင်ငံခြားမှာသွားနေဖို့ကြံရွယ်နေပေမဲ့ ပတ္တမြားကြီးကို ကြိုက်ဈေးမရတဲ့အတွက် မရောင်းချသေးဘူး၊ အခုတော့ ပြည်လုံးကျော် ပတ္တမြားကြီးကို ဈေးကောင်းပေးပြီး ဝယ်ယူမဲ့လူ ပေါ်ပေါက်လာတယ်၊ သူကတော့ အခြားသူမဟုတ်ဘူး၊ မြန်မာပြည်ဘုရင်ခံကတော်ကြီးပဲ၊ ဘုရင်ခံကတော်ကြီးဟာ ပြင်သစ်ပြည်မှာ ရတနာပညာသင်ပြီး အရောင်း အဝယ်လုပ်နေတာကြာပြီ၊ တကယ်တော့ ဘုရင်ခံကတော်ကြီးဟာ မောင်မောင်စိုးလက်ထဲက ပတ္တမြားကြီးကိုဝယ်ယူပြီး သူရဲ့ အဆက် အသွယ်နဲ့ ပြင်သစ်ဈေးကွက်မှာ ပြန်ရောင်းဖို့ကြံစည်ခဲ့တာပဲ၊ မြန်မာပြည် က ပတ္တမြားဟာ ကမ္ဘာပေါ်မှာ မျက်နှာပန်းအပွင့်ဆုံးဆိုတာ တွေ့သိ ပါတယ်၊ ဒီလောက်ဆိုရင် ကျုပ်ဘာလုပ်ချင်တယ်ဆိုတာ ဂေါ်ရီ



www.burmeseclassic.com

www.burmeseclassic.com



ရိုးစားမိမှာပါ၊ ကျုပ်ရဲ့ရည်ရွယ်ချက်က ကျုပ်တို့မြန်မာပြည်က အဖိုးတန်ရတနာကို တိုင်းတစ်ပါးလက်မရောက်စေချင်ဘူး။ မြန်မာပြည်က ပတ္တမြား မြန်မာပြည်မှာပဲရှိသင့်တယ်၊ ကျုပ်တို့လူမျိုးတွေ ဒီလို အသိမျိုးမရှိလို့ မြန်မာ့ရတနာတွေ တိုင်းတစ်ပါးကို ရောက်ခဲ့တာ များပါပြီ၊ မောက်ပတ္တမြားဆိုရင် မြန်မာ့ရတနာအစစ်ဖြစ်ရက်နဲ့ လူမသိသူမသိ ပျောက်ဆုံးနေတာ အတော်မခံချင်စရာကောင်းတယ်၊ ကျုပ်အထင်တော့ မောက်ပတ္တမြားကြီးလည်း ဒီနည်းအတိုင်း မြန်မာပြည်ကထွက်ပြီး တိုင်းတစ်ပါးသားတွေရဲ့ လက်ထဲရောက်နေမှာသေချာတယ်၊ ကျုပ်တို့အတွက် အခက်အခဲရှိနေတာက ပြည်လုံးကျော်ပတ္တမြားကြီးကို လိုချင်သူဟာ မြန်မာပြည်ဘုရင်ခံကတော်ဖြစ်နေတယ်၊ ဘုရင်ခံကတော်ရဲ့လက်ထဲက ပတ္တမြားကို ကျုပ်တို့လို ဥပဒေဘက်တော်သားတွေအနေနဲ့ လုယက်ယူငင်ဖို့ခက်တယ်၊ ဘုရင်ခံကတော်ရဲ့လက်ထဲကို ပတ္တမြားရောက်သွားရင်လည်း ပြန်ပြီးလုယက်ယူဝင်ဖို့ အတော်ခက်မယ်၊ ဒါကြောင့် မောင်မောင်ဦးလက်ထဲမှာ ပြည်လုံးကျော်ပတ္တမြားရှိနေတုန်း လုယက်ယူငင်ရင် အကောင်းဆုံးပဲ၊ မောင်မောင်စိုးဟာ သာမန်လူတစ်ယောက်တော့ မဟုတ်ဘူး။ သူကိုယ်တိုင် အရည်အချင်းရှိတယ်၊ တပည့်လက်သားတွေလည်းရှိတယ်၊ ဒါကြောင့် သူ့လက်ထဲကပစ္စည်းကို နည်းအမျိုးမျိုးနဲ့ ရယူဖို့ကြိုးစားရမယ်၊ မောင်မောင်စိုးလက်ထဲက လုယက်ပြီးယူရမယ် လုယက်လို့မှမရရင် စေ့ရပညာနဲ့ ခိုးယူရမယ်၊ ဉာဏ်ပညာရဲ့အစွမ်းကို အသုံးချပြီး လိမ်ညာလှည့်ဖြားဖို့လည်း လိုအပ်တယ်၊ ဒီလိုအရည်အချင်း





မျိုးနဲ့ ပြည့်စုံတဲ့လူဟာ မြန်မာပြည်မှာ ကေရီတစ်ယောက်ပဲရှိတယ် ''

ထိုနေရာသို့အရောက်တွင် ကေရီသည် စာကိုဖတ်နေရာမှ ရပ်၍ နှာခေါင်းရှုံ့လိုက်ပြီး

'' ကိုချိန်ခွင်... ရှင့်စာကိုဖတ်တော့မှ ကျွန်မဟာ ရစရာမရှိအောင်ဆိုးသွမ်းနေမှန်း ရိပ်စားမိတော့တယ်၊ မြန်မာပြည်မှာ ကျွန်မလောက် ခိုးဝှက်တတ်သူ၊ လိမ်ညာကောက်ကျစ်တတ်သူ၊ လုယက်တတ်တဲ့လူမရှိတော့ဘူးပေါ့၊ ကျွန်မဟာ ပြိုင်စံရှားဖြစ်နေပြီလို့ ရှင်ထင်နေပါလား ကိုမင်းအောင် ''

ဟု ရေရွတ်ရင်း စာကိုဆက်၍ ဖတ်နေလိုက်၏။

''တကယ်တော့ ပြည်လုံးကျော်ပတ္တမြားကြီးကို ရယူဖို့အတွက် ကေရီလိုလူမျိုးထက် သင့်တော်တဲ့သူမရှိပါဘူး။ ဒါကြောင့် ကျုပ်က ကေရီကို အကူအညီတောင်းရတာပါ၊ ပြည်လုံးကျော်ပတ္တမြားကို ပြန်ရရင် ကေရီရဲ့အစီအမံနဲ့ တိုင်းတစ်ပါးလက် မရောက်အောင်ထိန်းသိမ်းပါ။ မြန်မာပြည်က အဖိုးတန်ရတနာပစ္စည်းတွေ တိုင်းတစ်ပါးကိုမရောက်ဖို့ ကျုပ်တို့အားလုံးမှာ တာဝန်ရှိတယ်၊ ဒါကြောင့် ပြည်လုံးကျော်ပတ္တမြားအတွက် ကေရီအစွမ်း ကုန် ကြိုးစားမယ်လို့ ကျုပ်ယုံကြည်တယ် ''

သာသာဝလောကကြီးမှာ တရားမျှတစေချင်တဲ့
ဆားပုလင်းမင်းအောင်

ကေရီသည် ဆားပုလင်းမင်းအောင်၏စာကို ဖတ်ရှုပြီးနောက် သက်ပြင်းရှည်ကြီးချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် ဖြဟ္မာကြီးဦးခေါင်းအား သူမလက်ထဲသို့ ပြောင်းရွှေ့ထည့်လိုက်ပေပြီ။

ကေရီသည် ဆားပုလင်းမင်းအောင်ပြောသော မောင်မောင်စိုးဆိုသူကို ကောင်းစွာသိ၏။

မောင်မောင်စိုးသည် ဂုဏ်သရေရှိ လူကြီးလူကောင်း မျက်နှာဖုံးကိုတပ်၍ မဟုတ်တာမှန်သမျှ အကုန်လုပ်သူဖြစ်၏။

ထိုစဉ်က ကေရီသည် မောင်မောင်စိုး၏တပည့်များကို အနုနည်းဖြင့် တားဆီးခဲ့၏။ မောင်မောင်စိုး၏တပည့်များ ခေါင်းမာသောအခါမှပင် အကြမ်းနည်းသုံးခဲ့၏။

မောင်မောင်စိုးသည် သူ၏အကြံအစည်များ ပျက်ဆီးခဲ့ရသည့်အတွက် ကေရီကို ရန်ငြိုးဖွဲ့ခဲ့၏။ မောင်မောင်စိုးတို့အဖွဲ့သည် ကေရီအား တွေ့ဆုံသည့်နေရာတိုင်း လက်စားချေတိုက်ခိုက်ခဲ့၏။

ယခုတော့ လူယုတ်မာမောင်မောင်စိုးနှင့် ပြန်လည်တွေ့ဆုံရဦးမည်။ လူယုတ်မာမောင်မောင်စိုးထံတွင် နန်းစဉ်ပတ္တမြားတစ်လုံးဖြစ်သော ပြည်လုံးကျော်ပတ္တမြားရောက်ရှိနေသည်ဆို၏။

ပြည်လုံးကျော်ပတ္တမြားကြီး တိုင်းတစ်ပါးသားလက်ထဲသို့ရောက်လျှင် မြန်မာပြည်အတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးဖြစ်၏။

ထို့ကြောင့် သူမ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း၍ ပြည်လုံးကျော်ပတ္တမြားကြီးအား တိုင်းတစ်ပါးလက်သို့ မရောက်အောင်ကြိုးပမ်းမည်ဟု ဆုံးဖြတ်လိုက်၏။





လူယုတ်မာမောင်မောင်စိုးလက်မှ ပြည်လုံးကျော်ပတ္တမြားကို ရရအောင် ခိုးယူရပေမည်။ ကေရီသည် ပြည်လုံးကျော် ပတ္တမြား၏အကြောင်းကို တွေးတောရင်း စိတ်အားတက်ကြွလာပြီး

"လူယုတ်မာ မောင်မောင်စိုးတို့အဖွဲ့ကိုလုပ်ကြံဖို့ ငါ အစွမ်းကုန်ကြိုးစားမယ်၊ ငါတို့တိုင်းပြည်ကပစ္စည်းကို တိုင်းတစ်ပါး လက်ထဲရောက်စေရဘူး "

ဟု တစ်ကိုယ်တည်း ကြွေးကြော်လိုက်လေ၏။

ကေရီသည် နောက်တစ်နေ့တွင် ကြောင်တစ်ကောင်ကို ရှာဖွေရန် ကြည့်မြင်တိုင်ကမ်းနားမှ ထွက်ခဲ့လေ၏။ ကြောင်သည် ရန်ကုန်မြို့တစ်နေရာတွင် ရှိမည်ထင်၏။

ကေရီသည် ကြောင်ရှိနိုင်မည်ထင်သော တရုတ်ဘိန်းတန်းဘက်တွင် သွားရောက်ရှာဖွေ၏။ တရုတ်ဘိန်းတန်းရှိကြောင်ကို သိကျွမ်းသူများက ကြောင်ရှိနိုင်မည့်နေရာကို လမ်းညွှန်လိုက်လေ၏။

ကေရီသည် ကြောင်နှင့်တွေ့ဆုံရန်အတွက် ကန်တော်ကြီးဆီသို့ လိုက်ခဲ့ရပြန်၏။

ကေရီသည် ကန်တော်ကြီးကိုပတ်၍ ကြောင်ကိုရှာဖွေနေစဉ် မျက်နှာဖြူတစ်ယောက်သည် မြန်မာလူမျိုး မြင်းထိန်းတစ်ယောက်နှင့်အတူ ကန်တော်ကြီးကိုပတ်၍ မြင်းစီးနေလေ၏။

ထိုမျက်နှာဖြူသည် မြင်းစီးဝတ်စုံကို အမြင်ကတ်ဖွယ် ကောင်းအောင် ဝတ်ဆင်ထားပြီး တစ်လောကလုံးကို ထီမထင်သည့် မျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြင်းကို ကြမ်းတမ်းစွာ စီးနှင်နေလေ၏။

ထိုအခိုက်မှာပင် မျက်နှာဖြူသည် ကလေးငယ်တစ်ဦးကိုတွဲ၍ လမ်းလျှောက်လာသော အဘွားအိုတစ်ဦးနှင့်တွေ့ဆုံလေ၏။

မျက်နှာဖြူသည် မြင်းကို ဒုန်းစိုင်း၍စီးနေရာမှ ကလေးငယ်နှင့် တုန်ချည့်ချည့်သွားလာနေသော အဘွားအိုကို မြင်သောအခါ အရှိန် မလျှော့ဘဲ ဆဲဆိုပြီး မြင်းကို တရှိန်ထိုးစီးနှင်လေ၏။

မျက်နှာဖြူ၏ကြမ်းတမ်းစွာ စီးနှင်းမှုကြောင့် ကလေးငယ်ကို တွဲထားသောအဘွားအိုသည် ကန်နံဘေးသို့ လဲကျသွားလေ၏။

ကောရီသည် ထိုမြင်ကွင်းကိုကြည့်၍ ဒေါသထောင်းခနဲဖြစ် သွားပြီး လက်သီးဆုပ်၍

" တောက်... မိုက်ရိုင်းလိုက်တဲ့မျက်နှာဖြူကောင်၊ ငါနဲ့ တွေ့ကြသေးတာပေါ့ "

ဟု ကြိုးဝါးကာ သစ်ပင်အောက်တွင် ရပ်နေသော မြန်မာ လူမျိုးမြင်းထိန်းထံမှ မြင်းကိုလုယက်၍ စီးနှင်ပြီး မျက်နှာဖြူ၏ မြင်းနောက်သို့ အမီလိုက်သွားလေ၏။

အတန်ကြာသောအခါ ကောရီသည် မျက်နှာဖြူ၏မြင်းကို မီလေ၏။ ကောရီသည် သူ၏မြင်းတွင် ရစ်ခွေထားသော ကြာပွတ် တစ်ချောင်းကိုတွေ့၍ ကြာပွတ်ကို ယူလိုက်ပြီး မျက်နှာဖြူ၏ ကျောကုန်း ကို ရွမ်းခနဲရိုက်လေ၏။

မျက်နှာဖြူသည် ကောရီ၏တိုက်ခိုက်မှုကြောင့် အားခနဲ





အော်ဟစ်လိုက်ပြီး အံ့ဩထိတ်လန့်ဟန်ဖြင့်

" အား..., မင်းငါ့ကိုဘာကြောင့် အကြောင်းမဲ့ရိုက်သလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ကောရီက

" ခွေးကောင်၊ နင်အဘွားကြီးကို ဘယ်လိုလုပ်ခဲ့သလဲ၊ ဒါကြောင့် နင့်လိုကောင်မျိုးကို အပြစ်ဒဏ်ခတ်ဖို့လိုက်လာခဲ့တာပဲ "

ဟု အော်ဟစ်ကာ မြင်းစီးနေသော မျက်နှာဖြူ၏မျက်နှာကို ကြာပွတ်ဖြင့် တစ်ချက်ရိုက်လေ၏။

မျက်နှာဖြူသည် ကောရီ၏ကြာပွတ်ကြောင့် ကျောကော့ပြီး အော်ဟစ်ဆဲဆိုကာ မြင်းကို ဒုန်းစိုင်း၍ ပြေးလေ၏။

သို့သော် ကောရီက အနောက်မှ မြင်းကိုအမီလိုက်စီး၍ ကြာပွတ် ဖြင့် ရိုက်နှက်ပြန်ရာ မျက်နှာဖြူ၏အကျႌစုတ်ပြဲပြီး ကျောမှသွေးများစီး ကျလာလေ၏။

ကောရီသည် မျက်နှာဖြူကို ကြာပွတ်ဖြင့်ရိုက်နှက်ရင်း

" ခွေးကောင် မှတ်ပြီလား၊ နောက်မိုက်ရိုင်းဦးမလား "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

မျက်နှာဖြူသည် သူ၏ကျောကုန်းမှ သွေးများစီးကျလာပြီး နာကျင်လွန်းသဖြင့် ဒေါသကိုမထိန်းနိုင်တော့ဘဲ မြင်းပေါ်မှ ခုန်ဆင်းကာ ကောရီကို တိုက်ခိုက်ရန်ပြင်လေ၏။

ကောရီသည် မျက်နှာဖြူနည်းတူ မြင်းပေါ်မှ ခုန်ဆင်းလိုက်



www.burmeseclassic.com

ပြီးနောက်

" ငရဲကောင်၊ ရှေ့တိုးခဲ့စမ်း၊ မြန်မာ့လက်သီး ဘယ်လောက် ပြင်းတယ်ဆိုတာ သိသွားစေရမယ် "

ဟု ကြုံးဝါးလိုက်လေ၏။ မျက်နှာဖြူသည် အင်္ဂလိပ်လက်ဝှေ့ သမားများကဲ့သို့ ခုန်ဆွ၊ ခုန်ဆွပြုလုပ်ပြီး ကေရီကို တိုက်ခိုက်ရန် ပြင်လေ၏။

ကေရီသည် မျက်နှာဖြူခုန်ဆွ၊ခုန်ဆွ ပြုလုပ်နေပုံကို မျက်စိ နောက်ဟန်ဖြင့်ကြည့်ရှုပြီး ခေါင်းခါယမ်း၍ မျက်နှာဖြူ၏မေးရိုးကို ခြေဖြင့်ဆောင့်ကန်လိုက်ရာ မျက်နှာဖြူသည် မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွားပြီး မေ့မြောသွားလေ၏။

မျက်နှာဖြူမေ့မြောသွားသောအခါ ကေရီ၏အနီးသို့ အော်စတင် ကားလေးတစ်စီးထိုးရပ်လာ၍ လှည့်ကြည့်လိုက်ရာ ကားရှေ့ခန်းတွင် ဒရိုင်ဘာနှင့်အတူ နှုတ်ခမ်းမွေးကားကားကြီး ရှိသော မျက်နှာဖြူ လူကြီးတစ်ယောက်ကို တွေ့ရ၏။

ကေရီသည် ကားပေါ်ရှိ မျက်နှာဖြူလူကြီးကို သမင်လည်ပြန် လှည့်ကြည့်၍

" ဘာလဲ... ရှင်က ရှင်တို့မျက်နှာဖြူတစ်ယောက်ကို ဒဏ်ခတ်လို့ မကျေနပ်ဘူးလား။ မကျေနပ်ရင် ကားပေါ်ကဆင်းခဲ့ လေ "

ဟု စိန်ခေါ်လိုက်လေ၏။ ထိုအခါ မျက်နှာဖြူလူကြီးက ကမန်း ကတန်းလက်ကာ၍

" ကျေနပ်ပါတယ်၊ ကျေနပ်ပါတယ်၊ ကျုပ်က စီအိုင်ဒီက စုံထောက်မင်းကြီးပါ "

ဟု ပြောလေ၏။

ထိုအခါ ကေရီက မျက်နှာရှုံ့မဲ့၍

" ဪ... ရှင်က စုံထောက်မင်းကြီးဆိုတဲ့ ပါဝါကိုသုံးပြီး ကျွန်မကို ဖမ်းမလို့ပေါ့လေ၊ သတ္တိရှိရင်ကားပေါ်ကဆင်းကြည့်စမ်း၊ ကန်တော်ကြီးထဲမှာ ခေါင်းစိုက်သွားအောင် လုပ်ပေးလိုက်မယ် "

ဟု ကြုံးဝါးလိုက်လေ၏။ ကေရီ၏ခြိမ်းခြောက်မှုကြောင့် စုံထောက်မင်းကြီးသည် မျက်လုံးပြူးသွားပြီး

" မလုပ်ပါနဲ့ မိန်းကလေး၊ ကျုပ်ကဖမ်းဖို့လိုက်လာတာ မဟုတ်ပါဘူး၊ မြင်းပေါ်က ဂျော်ကီကောင်ဟာ အသွားကြီးကို မညှာ တာ မြင်းနဲ့တိုက်လိုက်တာတွေ့တယ်၊ ကျုပ်ဟာ နေ့စဉ် ကန်တော်ကြီး စောင်းမှာ ကားမောင်းတဲ့အခါတိုင်း ဆောင့်ကြွားကြွားနိုင်တဲ့ ဂျော်ကီ ကောင်ကို တွေ့ရတယ်၊ သူဟာ လမ်းပေါ်က လူတိုင်းကို မြင်းနဲ့ တိုက်ဖို့ကြိုးစားတယ်၊ ဒီကောင်မျိုးဟာ ကျုပ်တို့လူမျိုးရဲ့ဂုဏ်သိက္ခာကို ချနေတဲ့အတွက် မိန်းကလေးက အပြစ်ဒဏ်ခတ်ပေးတာကို ထောက်ခံ ပါတယ် "

ဟု ပြောလေ၏။ ကေရီသည် စုံထောက်မင်းကြီး၏ စကား ကြောင့် ဆုပ်ထားသောလက်သီးကို ဖြေလိုက်ပြီး







www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကတော့ မျက်စိရှေ့မှာ တရားမမျှတတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်ဘူး "

ဟု ပြောလိုက်ရာ မျက်နှာဖြူမင်းကြီးသည် မျက်မှောင်ကြုတ်၍ ကေရီကို ကြည့်လိုက်ပြီး

" မင်းလိုသတ္တိခဲမိန်းကလေးမျိုး မြန်မာလူမျိုးထဲမှာ သုံးပုံတစ်ပုံရှိရင် ကျုပ်တို့အင်္ဂလိပ်တွေ ဘိလပ်ကို ပြန်ပြေးရလိမ့်မယ် "

ဟု မှတ်ချက်ချလေ၏။ ထိုအခါ ကေရီက စုံထောက်မင်းကြီး၏ မျက်နှာကိုကြည့်၍

" ရှင်တို့အင်္ဂလိပ်တွေ မကြာမီ ဘိလပ်ကို ပြန်ပြေးရမှာ သေချာပါတယ်၊ အဲဒီအချိန်ကျရင် လူ့ပြည်မှာ ရှင်အသက်ရှင် ကျန်ရစ်ဖို့ကြိုးစားပါ "

ဟု ပြောလိုက်လေ၏။ စုံထောက်မင်းကြီးသည် ကေရီ၏ စကားကြောင့် မျက်နှာရှုံ့မဲ့သွားပြီး ကားကို မောင်းနှင်ရန် ဒရိုင်ဘာကို ပြောလိုက်လေ၏။

စုံထောက်မင်းကြီး၏ကား ထွက်ခွာသွားသောအခါ ကေရီ၏ အနောက်ရှိ သစ်ပင်အောက်မှ လူတစ်ယောက်ထွက်လာပြီး

" မျက်နှာဖြူမြင်းသမားကို ကြာပွတ်နဲ့ရိုက်ပြီး စုံထောက်မင်းကြီးကို မထီလေးစား ပြန်ပြောလိုက်ပုံကို သဘောကျတယ် "

ဟု ပြောလိုက်ရာ ကေရီက မျက်မှောင်ကြုတ်၍ သမင်လည်ပြန် လှည့်ကြည့်လေ၏။





ထိုအခါ ကလေးကစားစရာ စက္ကူပန်ကာလေးများ ရောင်းနေသော ပိန်လှီလှီတရုတ်တစ်ယောက်ကို တွေ့လိုက်ရလေ၏။

ထိုတရုတ်၏မျက်နှာကို မြင်သောအခါ ကေရီ၏မျက်နှာဝင်းပသွားပြီး

" ရှာလိုက်ရတာကြောင်ကြီးရယ်၊ ရှင့်ကိုရှာရတာ ရန်ကုန်တစ်မြို့လုံးနဲ့နေပြီ လတ်စသတ်တော့ ရှင်ကကန်တော်ကြီးထဲမှာ ကလေးကစားစရာတွေ လုပ်ရောင်းနေတာကိုး။ ရှင့်မှာ အကြံတစ်ခုရှိတယ်နဲ့ တူတယ် "

ဟု မေးမြန်းလေရာ ပိန်လှီလှီတရုတ်က ခေါင်းညိတ်ပြ၍

" ရှိတာပေါ့စောရမကြီးရယ်၊ ကျုပ်တစ်ကိုယ်လုံး အကြံတွေနဲ့ဆိုတာ သိတယ်မဟုတ်လား၊ အရေးကြီးတဲ့အကြောင်းကိစ္စလေးတစ်ရပ်ကြောင့် ကလေးကစားစရာတွေလုပ်ရောင်းနေတာ၊ နေပါဦး။ ကျုပ်ကိုရှာနေတာ အကြောင်းရှိမယ်ထင်တယ် "

ဟု မေးမြန်းလေ၏။

ထိုအခါ ကေရီက ခေါင်းညိတ်၍

" အကြောင်းသိပ်ရှိတာပေါ့ကြောင်ကြီးရယ်၊ ကျွန်မ မောင်မောင်စိုးဆိုတဲ့ ဂုဏ်သရေရှိလူကြီးမင်းအကြောင်းကို သိချင်လို့ပါ "

ဟု ပြောလိုက်ရာ ကြောင်ဟုခေါ်သော တရုတ်ဘိန်းစားသည် မျက်မှောင်ကြုတ်၍

" ဗိုကောင်ကြီးနဲ့ မပတ်သက်ရင်ကောင်းမယ်ထင်တယ်၊ သူက



www.burmeseclassic.com

www.burmeseclassic.com



မြေတန်လက်တန်ရှည်တယ်၊ နိုင်ငံခြားတိုင်းပြည်တွေအထိ သူ့အပေါင်းအသင်းတွေရှိတယ် ''

ဟု တီးတိုးပြောလိုက်လေ၏။ ထိုအခါ ကေရီက မျက်လုံးများမှေးစင်း၍

'' ကျွန်မအကြောင်းလည်း ရှင်သိတယ်မဟုတ်လား၊ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်ဘူးလေ ''

ဟု ပြောလိုက်ရာ ကြောင်ဟုခေါ်သောတရုတ်က သက်ပြင်းချ၍

'' ကေရီကို တားမဲ့သာတားတယ်၊ တားလို့မရဘူးဆိုတာ သိပါတယ်၊ မောင်မောင်စိုးဆိုတဲ့ လူကြီးလူကောင်းကြီး ကေရီနဲ့တွေ့တာ ကံဆိုးတာပဲ၊ မောင်မောင်စိုးဟာ လောလောဆယ် သာယာဝတီမြို့က သူ့အိမ်ကြီးမှာ ရှိမနေဘူး။ အထက်မြန်မာပြည်က မိဘမဲ့ကလေးတွေကို ရှင်ပြုပေးပြီး အလှူမင်္ဂလာပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပနေတယ်၊ မောင်မောင်စိုးဟာ အကြောင်းမသိရင်တော့ ဘုရားဒကာ၊ ဇရပ်ဒကာ၊ ကျောင်းဒကာသူတော်ကောင်းကြီးပဲ၊ သူ့ကို ဘုရားမှတ်လို့ ယုံကြည်ကိုးကွယ်နေတဲ့သူတွေအများကြီးပဲ၊ တကယ်တော့ မောင်မောင်စိုးဟာ အဲဒီနယ်မှာ အလှူအကြီး အကျယ်ပြုလုပ်ပြီးရင် သူ့တပည့်တွေလွှတ်ပြီး ခိုးပြတိုက်နိုင်းထားများတယ် ''

ဟု ပြောလေရာ ကေရီက မျက်မှောင်ကြုတ်၍

'' အကြီကတော့ အတော်ပက်စက်တာပဲ၊ သေချာရဲ့လား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကြောင်ဆိုသောပိန်လှီလှီတရုတ်





က

'' သေချာတာပေါ့၊ မောင်မောင်စိုး အလှူအတန်းလုပ်တဲ့အခါတိုင်း ကျုပ်က အမှတ်တရနဲ့ စာရင်းပြုစုထားတာပဲ၊ သူဟာ အလှူအကြီးအကျယ်ပြုလုပ်ပြီးရင် အဲဒီအရပ်က လယ်ပိုင်ရှင်သူဌေးစာရင်းကို စုံစမ်းတယ်၊ တတ်နိုင်ရင် အဲဒီသူဌေးတွေနဲ့ရင်းနှီး အောင်ပေါင်းသင်းပြီး အတွင်းပစ္စည်းတွေထားတဲ့နေရာကို နှိုက်ယူတယ် ''

ဟု ပြောလေ၏။ ကေရီသည် ပိန်လှီလှီတရုတ်၏စကားကို နားထောင်၍

'' ဒီကောင်ကြီးကို ပုလိပ်အဖွဲ့က လက်ပိုက်ကြည့်မနေသင့်ဘူး ''

ဟု ပြောလေရာ ကြောင်ဆိုသော တရုတ်က

'' ပုလိပ်တွေက ခပ်ညံ့ညံ့တွေများပါတယ်၊ မောင်မောင်စိုးကို ဘုရားဒကာ၊ ကျောင်းဒကာကြီးလို့တောင် ယူဆတဲ့ပုလိပ်တွေရှိတယ် ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက လက်သီးဆုပ်၍

'' ဘာပဲဖြစ်ဖြစ် ဒီတစ်ချီတော့ မောင်မောင်စိုးနဲ့ကျွန်မ အကြီးအကျယ်တွေ့ပါပြီ၊ ဘုရားဒကာ၊ ကျောင်းဒကာကြီး မျက်နှာဖုံးစွပ်ကို မရရအောင်ချွတ်ပစ်မယ်၊ ရှင်ကျွန်မရဲ့သတင်းကို အခြားလူတွေကို ရောင်းဖို့ကြံရွယ်ထားသလား ''

ဟု မေးမြန်းလေရာ ကြောင်ဆိုသောတရုတ်က ရယ်မော၍

'' ဟဲ ဟဲ… ပိုက်ဆံဆိုတာ လူတွေအားလုံးရဲ့ မည်းမြေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်၊ ပိုက်ဆံရမယ်ဆိုရင် ရောင်းဖြစ်မယ်ထင်တယ်၊ မရောင်းစေချင်ရင်တော့ ကျုပ်ကို တစ်ခါတည်းများများပေးခဲ့ပါ၊ ဒီအကြောင်းကို ကမ္ဘာပေါ်မှာ ကျုပ်ကလွဲရင် ဘယ်သူမှမသိစေရဘူး ''

ဟု ရဲရဲဝံ့ဝံ့ ကတိပေးနေလေရာ ကေရီက ကြောင်ဆိုသော တရုတ်ကို မျက်နှာရှုံ့မဲ့၍ကြည့်လိုက်ပြီး

'' ရှင်ကတော့ ပိုက်ဆံသာရမယ်ဆိုရင် ကိုယ့်အမေကိုတောင် ရောင်းစားမဲ့လူစားပဲ၊ ရှင့်ကို ကျွန်မတစ်ခါတည်း နုတ်ပိတ်သွားလို့ရတယ်နော် ''

ဟု ပြောလိုက်ရာ ပိန်လှီလှီတရုတ်က တဟားဟား ရယ်မော၍

'' ကေရီက ဒီလိုလူမျိုးမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ကေရီရဲ့ တစ်သက်မှာ မတရားတဲ့အလုပ် ဘာအလုပ်မှမလုပ်ခဲ့လို့ ကျုပ်ရဲ့စိတ်ထဲမှာ ကျိတ်ပြီးလေးစားနေပြီးသားပါ ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက

'' ဒါဆိုရင် ရှင်ဘာဖြစ်လို့ ကျွန်မဆီက ပိုက်ဆံများများ လိုချင်တာလဲ ''

ဟု မေးမြန်းလေ၏။ ပိန်လှီလှီတရုတ်က

'' ဒါကတော့ ကျုပ်ရဲ့အသက်မွေးဝမ်းကျောင်း အလုပ်ဖြစ်နေလို့ပါ၊ လူဟာ အသက်မွေးဝမ်းကျောင်းအလုပ်အပေါ်မှာ သစ္စာရှိရမယ်လို့ ကျုပ်ဆရာက သင်ကြားခဲ့ဖူးတယ်၊ ဟဲ ဟဲ... ကေရီကို သိပ်များများမတောင်းပါဘူး၊ ရွှေတစ်ကျပ်သားလောက်ပဲ စေတီအဖြစ်





တောင်းမှာပါ ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက သူမ၏လက်တွင် ဝတ်ဆင်ထားသော လက်စွပ်နှစ်ကွင်းကို ချွတ်ပေးလိုက်ပြီး

'' နှစ်ကွင်းပေါင်းတစ်ကျပ်သားရှိတယ်၊ ဒီနေ့ကစပြီး ရှင်ရေလုံနုတ်ပိတ်နေဖို့သာပြင်တော့၊ တကယ်တော့ မောင်မောင်စိုးရဲ့ ကိစ္စဟာ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာမဟုတ်ဘူး၊ အများကောင်းကျိုးအတွက် စွန့်လွှတ်စွန့်စားရမှာ ''

ဟု ပြောလေ၏။

ကြောင်ဆိုသောတရုတ်သည် ကေရီ၏ စကားများကို စိတ်မဝင်စားတော့ဘဲ လက်စွပ်နှစ်ကွင်းကိုသာ သူ၏ လက်တွင် ဝတ်ဆင်လိုက်ပြီး ရယ်မောကာ

'' ကမ္ဘာပေါ်မှာ ကျုပ်အကြိုက်ဆုံးကရွှေပဲ၊ ရွှေရဲ့အရောင်ကို ကျုပ်သိပ်ကြိုက်တယ်၊ ဘာလိုလို့နဲ့ ကျုပ်စုဆောင်းထားတဲ့ရွှေတွေဟာ ကိုးပိဿာနဲ့ ငါးဆယ်သားရှိပြီ၊ ၁၀ ပိဿာပြည့်ဖို့ ငါးဆယ်သားပဲလိုတော့တယ် ''

ဟု တီးတိုးရေရွတ်နေလေရာ ကေရီသည် ဘိန်းစားဟန်ပေါက်နေသော ပိန်လှီလှီတရုတ်ကို အံ့ဩဟန်ဖြင့်ကြည့်လိုက်လေ၏။

တောင်းရမ်းစားသောက်သူတစ်ဦးမှာ ထင်ရလောက်အောင် အဝတ်များကို ဝတ်ဆင်ထားသော ကြောင်သည် ချမ်းသာမှုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီသည် ဆားပုလင်းမင်းအောင်၏ အကူအညီတောင်းခံမှုကြောင့် မောင်မောင်စိုးထံသို့ ရောက်ရှိနေသော ပြည်လုံးကျော်ပစ္စည်းများကြီးကို ရယူရန် နည်းလမ်းများကို ကြံဆနေလေ၏။

သာယာဝတီမြို့ရှိ မောင်မောင်စိုးနေထိုင်ရာ အိမ်ကြီးသို့ သွားရောက်ပြီ ပြည်လုံးကျော်ပစ္စည်းများကို ရှာဖွေရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဘတ်စ်ကားကြီးတစ်စီးဖြင့် သာယာဝတီမြို့သို့ လိုက်ခဲ့လေ၏။ သာယာဝတီမြို့သို့ ရောက်သောအခါ ကားပေါ်မှ ဆင်း၍ မြို့ဖျစ်နေရာတွင်ရှိသော မောင်မောင်စိုး၏နေထိုင်းနားသော နှစ်ထပ်အိမ်ကြီးကို အကဲခတ်လေ၏။

မောင်မောင်စိုး၏အိမ်ကြီးသည် ခြံကျယ်ကြီးအတွင်းတွင်ရှိ





သော နှစ်ထပ်တိုက်ကြီးဖြစ်၏။

ကေရီသည် လူ့အရိပ်အခြည်ကိုကြည့်၍ အနီးရှိ သရက်ကိုင်းတစ်ခုကိုမှီတွဲ၍ အပင်ပေါ်သို့ တက်လေ၏။

ထို့နောက် အပင်ပေါ်မှ ချောင်းကြည့်လိုက်သောအခါ မောင်မောင်စိုး၏ခြံကြီးထဲတွင် အစောင့်အကြပ်များစွာရှိကြောင်း တွေ့ရလေ၏။

ကေရီသည် ခြံတွင်းရှိ အစောင့်များကိုကြည့်ရှုပြီးနောက် သရက်ပင်ပေါ်မှ ပြန်ဆင်းလိုက်၏။ မောင်မောင်စိုး၏ခြံကြီးထဲတွင် အစောင့်အကြပ်များစွာရှိသဖြင့် ခြံထဲသို့နိုးဝင်ရန် မလွယ်ကူ ကြောင်း တွေ့ရ၏။

ကေရီသည် သူ့မျက်ခြေလှမ်းကို မောင်မောင်စိုးမရိပ်မိစေချင်သောကြောင့် အိမ်ထဲသို့ဝင်ရောက်ရန် ပိုမိုစက်ခဲလှ၏။

ကေရီသည် ညသို့ရောက်ရန် အချိန်များစွာစောနေသဖြင့် သာယာဝတီနှင့်သုံးဆယ်အကြားရှိ ဆုတောင်းပြည့်စေတီလေးသို့ ဖူးမျှော်ရန် ထွက်ခဲ့သည်။

ထို့နောက် စေတီလေး၌ ဘုရားဝတ်ပြုရင်း မောင်မောင်စိုး၏ ခြံကြီးထဲသို့ တိတ်တဆိတ်ဝင်နိုင်ရန် နည်းလမ်းများကို စဉ်းစားနေလေ၏။

ခြံကြီး၌ မောင်မောင်စိုးမရှိသော်လည်း အစောင့်အကြပ်များထူထပ်ခြင်းသည် ထူးခြားလှ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်စိုး၏ အိမ်ကြီး၌ ပြည်လုံးကျော်ပတ္တမြားကြီး ရှိနေ၍ အစောင့်အကြပ်ထူထပ်ခြင်း ဖြစ်နိုင်၏။

အိမ်ထဲတွင် ပြည်လုံးကျော်ပတ္တမြားကြီးကို မတွေ့လျှင် အကြိမ်ကြိမ် ဝင်ရောက်ရမည်ဖြစ်သဖြင့် အစောင့်အကြပ်များ ရိပ်မိသွားရန် မဖြစ်နိုင်ချေ။ ကေရီသည် ဘုရားဝတ်ပြုရင်း

" အစောင့်တွေကို တိုက်ခိုက်ပြီး အိမ်ထဲကိုဝင်လို့ရတယ်၊ ဒါပေမဲ့ ပြည်လုံးကျော်ပတ္တမြားကြီးကို မတွေ့ရင် နောက်ထပ်ဝင်ဖို့ ခက်နေမယ်၊ အစောင့်အကြပ်တွေများလွန်းတော့ သူတို့မသိအောင်ဝင်ဖို့လည်း မလွယ်ဘူး၊ ပြည်လုံးကျော်ပတ္တမြားကြီးရှိနေလို့လား "

ဟု တွေးမိလေ၏။ ကေရီသည် တွေးတောရင်း ခေါင်းခြောက်လာသဖြင့် စနေထောင့်သို့သွားကာ တရားထိုင်နေမိ၏။

သူမသည်စိတ်ရှုပ်ထွေးသည့်အခါတိုင်း တရားထိုင်လေ့ရှိ၏။ ကေရီတရားထိုင်ပြီး ခဏအကြာတွင် စေတီပေါ်သို့ ကလေးတစ်စု ရောက်ရှိလာပြီး သရက်သီးမှည့်များကို စားသောက်နေ၏။

ကေရီသည် ကလေးများ၏ဆူညံပွက်သောအသံကြောင့် တရားထိုင်မရဘဲရှိနေ၏။ ထို့ကြောင့် ကလေးများ၏စကားသံကို နားထောင်နေလိုက်၏။

ကလေးများသည် သရက်သီးများကို ကပ်စေးနဲအဘွားကြီး တစ်ယောက်ခြံမှ ခိုးယူလာခဲ့သည်ဟုဆို၏။ ကလေးတစ်ဦးက ၎င်းတို့ ခိုးယူလာသော သရက်သီးချိုသည်ဟုဆို၏။





ကျန်တစ်ဦးက ခိုးယူလာသောသရက်သီးထက် ပိုချိုသော သရက်သီးများကို စားဖူးသည်ဟုဆို၏။

ထို့နောက် ကလေးများ၏စကားဝိုင်းပြောင်းသွားပြီး မာလကာသီးအူနီသီးအကြောင်းကို ပြောဆိုကြ၏။ မြို့ထဲရှိ ခြံကြီးများမှ မာလကာပင်များအကြောင်းကို ပြောကြ၏။

ထိုအခိုက်မှာပင် ကလေးများအနက် ခေါင်းဆောင်ဖြစ်ဟန်တူသောကလေးက

" ဘယ်ခြံက မာလကာသီးချိုချို၊ သာယာဝတီက အိမ်နီကြီးခြံထဲက မာလကာသီးကိုတော့ မမီပါဘူးကွာ၊ အိမ်နီကြီးခြံထဲမှာ မာလကာပင်တွေအများကြီးရှိတယ်၊ အူနီသီးကြီးတွေလည်း အများကြီး သီးတယ်၊ ဒါတော့ အိမ်နီကြီးခြံထဲက မာလကာသီးလောက် ဘယ်မာလကာသီးကိုမှ စားလို့မရဘူး "

ဟု ပြောလေရာ ၎င်း၏စကားကို နားထောင်နေသော ဆံရစ်ဝိုင်းနှင့် ကလေးတစ်ဦးက

" အိမ်နီကြီးထဲကို ဝင်ဖို့မလွယ်ဘူး၊ သူ့ခြံထဲက မာလကာသီးကို ဘယ်လိုလုပ်စားလို့ရမှာလဲ "

ဟု ပြောလေရာ ကျန်ကလေးများကလည်း ဝိုင်းဝန်း ထောက်ခံကြလေ၏။ ထိုအခါ ကလေးများ၏ခေါင်းဆောင်က

" အိမ်နီကြီးထဲမှာ အစောင့်တွေအများကြီးရှိတယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ အိမ်နီကြီးထဲကို ဝင်တဲ့လျှို့ဝှက်နည်းရှိဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် ''

ဟု ပြောလေ၏။

ကေရီသည် ကလေးများထံမှ အိမ်နီကြီးဆိုသောအသံကြောင့် စိတ်ဝင်စားစွာ နားစွင့်လိုက်မိ၏။

အိမ်နီကြီးသည် မောင်မောင်စိုး၏အိမ်ကြီး မဟုတ်ပါလား။ ကလေးများ ဆက်လက်ပြောဆိုကြပြန်၏။ ကလေးတစ်ဦးက မိယုံကြည်ဟန်ဖြင့်

'' ဟုတ်တယ်၊ အိမ်နီကြီးမှာ လူကြီးတွေ အများကြီးစောင့်တယ်၊ ဓားတွေ၊ လှံတွေတောင်ရှိတယ် ပြောတယ်၊ မင်းဘယ်လိုလုပ်ပြီး အိမ်နီကြီးထဲကိုဝင်မလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကလေးများ၏ ခေါင်းဆောင်ဖြစ်ဟန်တူသောကလေးက ဝံ့ကြွားဟန်ဖြင့်

'' ဟဲဟဲ... အိမ်နီကြီးမှာ အစောင့်အကြပ်တွေ ဘယ်လောက်များများ ငါရအောင်ဝင်နိုင်တယ်ကွ၊ ငါ့မှာ လျှို့ဝှက်နည်းရှိတယ်လို့ ဘယ်နှစ်ခါပြောရမလဲ ''

ဟု ပြောလေ၏။ ကလေးများက သူ၏စကားကို စိတ်ဝင်စားစွာ ဝိုင်းဝန်းမေးမြန်းကြ၏။

ထိုအခါ ခေါင်းဆောင်ကလေးက သူ၏လျှို့ဝှက်ချက်ကို ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ဟန်ဖြင့်

'' မင်းတို့ ဒီလောက်သိချင်ရင်တော့ ပြောပြရတာပေါ့ကွာ





ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူ့မှပြန်မပြောဖို့ ဘုရားမှာသစ္စာပြုရမယ်''

ဟု ပြောလေ၏။

ကေရီသည် ကလေးများ၏စကားကြောင့် အလွန်စိတ်ဝင်စားပြီး နားစိုက်ထောင်နေမိ၏။ ကလေးများ သစ္စာဆိုပြီးသောအခါ ကလေးများ၏ခေါင်းဆောင်က

'' တကယ်တော့ အိမ်နီကြီးမှာ အစောင့်အကြပ်တွေ အများကြီးရှိတယ်ဆိုတာ ဟုတ်တယ်ကွ၊ ဒါပေမဲ့ ငါ့အတွက်တော့ အိမ်နီကြီးကို ဘယ်သူ့မှမသိဘဲဝင်နိုင်တယ်၊ တစ်ခါတုန်းက အိမ်နီကြီးရှေ့က ရေမြောင်းထဲမှာ ငါးရှဉ့်လိုက်ထိုးဖူးတယ်ကွ၊ ငါးရှဉ့်လိုက် ထိုးရင်း ငါးရှဉ့်မမိဘဲ လွတ်သွားတယ်၊ ဒါပေမဲ့ မမျှော်လင့်ဘဲ ချုံပုတ်အနောက်မှာ သံတိုင်တွေနဲ့ ကာထားတဲ့ တံခါးကိုသွားတွေ့တယ်၊ အဲဒီတံခါးကို ငါ့လက်ထဲက ဓားမနဲ့ကော်လိုက်တော့ တံခါးပွင့်သွားတယ် ''

ဟု ပြောလေရာ ကလေးများသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ ကလေးတစ်ဦးက မစောင့်နိုင်ဘဲ

'' တံခါးပွင့်တော့ ဘာတွေ့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ခေါင်းဆောင်ကလေးက

'' ပြောမှာပေါ့ကွ၊ မင်းက ဘာဖြစ်လို့ဒီလောက်လောနေရတာလဲ၊ သံတံခါးကိုဖွင့်တော့ အထဲမှာ မြောင်းလိုလိုနဲ့တွေ့တယ်၊ ဒါပေမဲ့ ရေမရှိဘူး၊ ဒါကြောင့်ငါလည်း စိတ်ဝင်စားပြီး မြောင်းထဲကို ဆင်းလိုက်တယ်၊ အထဲကိုရောက်တော့ မြောင်းကြီးဟာ အရှည်ကြီးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရအောင်၊ ဒါကြောင့် ငါလည်း မြောင်းအဆုံးထိဝင်သွားတယ် ''

ဟု ပြောလေရာ ကလေးတစ်ဦးက ပခုံးတွန့်၍

'' ကြောက်စရာကြီး ''

ဟု အော်ဟစ်လေ၏။ ကလေးခေါင်းဆောင်က ဆက်လက်၍

'' ကြောက်စရာကောင်းပေမဲ့ ငါလည်း စိတ်ဝင်စားလွန်းတော့ မြောင်းကြီးကို အဆုံးရောက်အောင်ဆက်သွားတယ်၊ မြောင်းဆုံးကိုရောက်ပါတော့ မှောင်မဲနေတာပဲ၊ အလင်းရောင်မရှိဘူး။ မြောင်းအဖုံးမှာလည်း သံတံခါးကြီး တစ်ချပ်ရှိတယ်၊ တံခါးကို ငါ့ရဲ့သံတူရွင်းနဲ့ ကော်လိုက်တော့ ပွင့်သွားတယ်၊ တံခါးပွင့်သွားတော့ ငါသိပ်အံ့သြသွားတယ်၊ ငါဟာအိမ်နီကြီးရဲ့နံဘေးကို ရောက်နေရာယ် ''

ဟု ပြောလေရာ ကလေးများသည် အံ့သြဟန်ဖြင့် ဝိုင်းဝန်းမေးမြန်းကြလေ၏။ ကလေးခေါင်းဆောင်က

'' ငါရောက်တဲ့နေရာက အိမ်နီကြီးရဲ့အနောက်ဘက်ကွင်းထဲမှာ အစောင့်တွေမရှိဘူး၊ ငါလည်းကြောက်ကြောက်နဲ့ မြောင်းထဲကထွက်ကြည့်တော့ အိမ်နီကြီးအနောက်က မာလကာ ပင်ကြီးကို တွေ့ရတာပဲကွ၊ မာလကာပင်ကြီးတစ်ခုလုံး ခူးတဲ့လူမရှိလို့ မာလကာသီးတွေ ပြွတ်သိပ်နေတာပဲကွ ''

ဟု ပြောလေရာ ကလေးများသည် စားချင်ဟန်ဖြင့် သွားရည်များကျလာလေ၏။ ကလေးခေါင်းဆောင်ကဆက်၍

'' ငါလည်း သွားရည်ကျလာပြီး မာလကာပင်ပေါ်ကို တက်





တော့တာပဲ၊ ပြီးတော့ မာလကာသီးတွေအများကြီး ခူးစားခဲ့တယ်၊ မာလကာသီးတွေက ချိုလိုက်တာကွာ၊ နောက်တော့ ငါလည်း လမ်းရိပ်သိသလို အိမ်နီကြီးထဲကိုဝင်ပြီး မာလကာသီးတွေ ခိုးစားတော့တာပဲ ''

ဟု ပြောဆိုလေ၏။ ထိုအခါ ကလေးများက မာလကာသီးခိုးစားသောကလေးကို ဝိုင်းဝန်းချီးကျူးကြပြီး ၎င်းတို့အနေဖြင့် ဤကဲ့သို့သတ္တိမရှိကြောင်း ပြောလေ၏။

ကေရီသည် ကလေးများ၏စကားကို နားထောင်ပြီးနောက် အိမ်နီကြီးထဲသို့ဝင်ရန် နည်းလမ်းကို ရရှိခဲ့လေ၏။

သူမသည် အိမ်နီကြီးရှိရာအရပ်သို့ ပြန်သွားပြီး မယောင်မလည်ဖြင့် ကလေးများပြောသော နေရာကို ရှာဖွေလေ၏။

ညသို့ရောက်သောအခါ ထိုနေရာမှ စွန့်စားပြီး ဝင်ရောက်ရန် ဆုံးဖြတ်လိုက်၏။

ကေရီသည် ညသို့ရောက်သောအခါ အိမ်နီကြီး၏ အနောက်သို့ ချဉ်းကပ်ခဲ့၏။ ထို့နောက် လက်နှိပ်ဓာတ်မီးလေးကို အားကိုး၍ သံတံခါးပေါက်ကို ရှာဖွေလေ၏။

သံတံခါးပေါက်ကိုတွေ့သောအခါ ဓားမြှောင်ဖြင့် ကော်ဖွင့်ပြီး မြောင်းထဲသို့ ခုန်ဆင်းလိုက်လေ၏။

ထို့နောက် လက်နှိပ်ဓာတ်မီးကို ထွန်း၍ မြောင်းအတိုင်း ဆက်သွားလေ၏။ ထိုမြောင်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပိတ်ထားခဲ့ဟန်ရှိသဖြင့် မှောင်မှောင်စိုး၏အကြီးအစည် ဖြစ်ပုံမရချေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းအဖုံးပွင့်သောအခါ သူမသည် အိမ်နီကြီးအနောက်ရှိ အုတ်တံတိုင်းအနီးတွင် ရောက်ရှိနေကြောင်း တွေ့ရ၏။

ထို့နောက် လူအရိပ်အခြည်ကိုကြည့်၍ အိမ်နီကြီးထဲသို့ ဝင်နိုင်ရန် နည်းလမ်းကိုရှာဖွေလေရာ အိမ်နီကြီး၏အနောက်ဘက်တွင် ဝရန်တာလေးတစ်ခုရှိကြောင်းတွေ့ရ၏။

သူမ၏အတွေ့အကြုံအရ အပေါ်ထပ်နှင့်အောက်ထပ်ရှိ တံခါးများအနက် အပေါ်ထပ်တံခါးများသည် ဖွင့်ရန် ပိုမိုလွယ်ကူကြောင်း တွေ့ရ၏။

ထို့ကြောင့် ခေါင်မိုးကလေးတစ်ခုကို ခိုဆွဲ၍ အပေါ်ထပ် ဝရန်တာသို့ ခုန်လွှားတက်ခြင်းကို အခက်အခဲမရှိဘဲ ပြုလုပ်နိုင်၏။

အပေါ်ထပ်ဝရန်တာတံခါးကို သူမထင်သည့်အတိုင်း လွယ်ကူစွာ ဖွင့်နိုင်၏။

အပေါ်ထပ်တစ်ခုလုံး မှောင်မည်းနေသဖြင့် မျက်စိကျင့်သားရအောင် ခဏမျှ ငြိမ်သက်နေရ၏။ ညအမှောင်ထဲတွင် သူမ၏ မျက်လုံးများသည် လူသာမန်များထက် ထူးခြားစွာ ပိုမိုမြင်နိုင်စွမ်းရှိ၏။

ကေရီသည် အမှောင်ထဲတွင် မျက်လုံးများကျင့်သားရသော အခါ အခန်းများကို တစ်ခန်းပြီးတစ်ခန်း လိုက်လံကြည့်ရှု၏။ သူမ သည် စောရအတွေ့အကြုံများသူဖြစ်သဖြင့် အခမ်းနားဆုံးသော အခန်းသည် မောင်မောင်စိုး၏အိပ်ခန်းဖြစ်ကြောင်း ရိပ်စားမိ၏။

အပေါ်ထပ်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိသောကြောင့်





အိပ်ခန်းတံခါးကို သံချောင်းကလေးများဖြင့် ကော်ဖွင့်ကာ ဝင်ရောက် ခဲ့၏။

မောင်မောင်စိုး၏အိပ်ခန်းထဲတွင် လှပသောခုတင်ကြီး နှင့် မှန်တင်ခုံ၊ ဗီရို၊ မီးခံသေတ္တာကိုမြင်၏။

ကေရီသည် မီးခံသေတ္တာအမျိုးအစားကိုမှတ်သားပြီး သူမ အိတ်ထဲရှိ သံချောင်းများစွာအနက် တစ်ချောင်းကိုယူ၍ ဖွင့်လိုက်၏။

ခဏကြာလျှင် မီးခံသေတ္တာပွင့်သွားသဖြင့် ကျိတ်၍ပြုံးလိုက် မိ၏။ သူမကို တားဆီးနိုင်သည့် လုံခြုံစိတ်ချရသောအရာသည် ကမ္ဘာ ပေါ်မှာမရှိ။

သူမအတွက် မည်သည့်သော့ကိုမဆို လွယ်ကူစွာဖွင့်နိုင်၏။ မောင်မောင်စိုး၏ မီးခံသေတ္တာကိုဖွင့်၍ ပစ္စည်းများ၊ အထားအသိုမပျက် သွားအောင် ဂရုစိုက်ကာ ရှာဖွေလေ၏။

မီးခံသေတ္တာထဲတွင် ရွှေချောင်းများနှင့် ငွေစက္ကူများ၊ ရွှေ ဖြင့်ပြုလုပ်ထားသော ပုရပိုက်များကိုသာ တွေ့ရ၏။ ပြည်လုံးကျော် ပတ္တမြားကို အရိပ်အယောင်မျှပင် မတွေ့ရချေ။

ကေရီသည် မီးခံသေတ္တာထဲတွင် ပြည်လုံးကျော်ပတ္တမြားကြီးကို မတွေ့ရသဖြင့် ဗီရိုနှင့်အံဆွဲများတွင် ရှာဖွေလေ၏။

သို့သော် ပြည်လုံးကျော်ပတ္တမြားကြီး၏ အရိပ်အယောင်မျှပင် မမြင်သဖြင့် အခက်ကြုံနေလေ၏။ မောင်မောင်စိုးသည် ပြည်လုံးကျော် ပတ္တမြားကို သူ၏အိမ်တွင် ထားမှထားပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



ကေရီသည် ခေါင်းအေးအေးထား၍ အိပ်ခန်းတစ်ခုလုံးကို ထပ်မံရှာဖွေလေ၏။ သို့သော် ပြည်လုံးကျော်ပတ္တမြားကို မတွေ့ရသဖြင့် မောင်မောင်စိုးခေါင်ယူသွားသည်ဟု ယူဆရလေ၏။

ထိုအခိုက်မှာပင် တံခါးဝမှ ခြေသံများကိုကြားရပြီး

" ဟင်... ဆရာ့အခန်းတံခါးပွင့်နေပါလား၊ ညနေက မိတုတ် အခန်းဝင်ရှင်းပြီး တံခါးပိတ်ဖို့မေ့နေပြီနဲ့တူတယ်၊ ဆရာသိရင်တော့ မိတုတ်မသက်သာဘူး "

ဟု ပြောကာ အခန်းထဲသို့ ဝင်ရောက်လာကြ၏။ အခန်းမီးကို ဖွင့်ကြည့်ပြီး တစ်စုံတစ်ခုကို မြင်တွေ့သွားဟန်ဖြင့် ကေရီပုန်းကွယ်နေသော ခန်းဆီးကြီးအနီးသို့ တိုးကပ်လာ၏။

ကေရီသည် အသက်ကိုအောင့်လိုက်ပြီး ထိုသူနှစ်ဦးကို စောင့်ကြည့်နေစဉ် လူတစ်ဦးသည် ကေရီနှင့်အလွန်နီးကပ်သော နေရာသို့ ရောက်ရှိလာလေ၏။

ထိုသူသည် ကြမ်းပြင်တွင် ကျရောက်နေသော ငွေရောင်သံချောင်းလေးကို ကောက်ကိုင်လိုက်၏။ ငွေရောင်သံချောင်းက လေးကို နားမလည်ဟန်ဖြင့်ကြည့်၍ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေ၏။

ကေရီသည် ထိုသူများထွက်သွားသောအခါမှပင် အသက်ကိုဝဝရှူ၍ နံရံကို မှီလိုက်၏။

ထိုအခိုက်မှာပင် ကေရီ၏လက်သည် နံရံကပ်ပန်းအိုးကို





ကိုင်လိုက်မိ၏။ ထိုအခါ ကေရီ၏ကျောမှီနေသော နံရံသည် အံ့ဩဖွယ် တစ်ပတ်လည်ပြီး လျှို့ဝှက်ခန်းကို မြင်ရ၏။

လျှို့ဝှက်ခန်းလေး၏အကျယ်မှာ ၁၀ပေခန့်သာရှိသော်လည်း မြင်ရသောအရာများကြောင့် မျက်လုံးပြူးသွားလေ၏။

လျှို့ဝှက်ခန်းလေး၏နံရံတွင် နံရံကပ်စင်များရှိပြီး စင်များပေါ်တွင် ရှေးဟောင်းပစ္စည်းမျိုးစုံကို တွေ့ရှိရလေ၏။ ကေရီသည် ရှေးဟောင်းပစ္စည်းမျိုးစုံကိုကြည့်၍ အလွန်အံ့ဩ သွားလေ၏။

နံရံကပ်စင်ပေါ်တွင် ရှေးဟောင်းပုတီးစေ့များ စဥ့်အိုးများ၊ ပေ ရှိုက်များ၊ ဆောင်းဒေးများ၊ ကြေးမုံမှန်ချပ်များ စသည်ဖြင့် စုံစုံလင်လင် တွေ့ရှိရလေ၏။

ကေရီသည် ရှေးဟောင်းပစ္စည်းများကို သေချာစွာကြည့်ရှုပြီး အလွန်အံ့ဩသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ရှေးဟောင်း ပစ္စည်းများ၏တန်ဖိုးသည် အလွန်ကြီးမြင့်ပြီး လျှို့ဝှက်အခန်းငယ်လေးသည် ရတနာများကို သိမ်းဆည်းထားသကဲ့သို့ ရှိနေလေ၏။

မောင်မောင်စိုး၏အိမ်ကြီးကို အစောင့်အကြပ်များထားခြင်းကို သဘောပေါက်သလိုရှိလာ၏။ မောင်မောင်စိုးသည် ဤမျှများပြားသော ရှေးဟောင်းပစ္စည်းများကို အနှစ်နှစ်အလလ စုဆောင်းခဲ့ပုံရ၏။

ကေရီသည် လျှို့ဝှက်ခန်းကလေးတွင် ပြည်လုံးကျော် ပတ္တမြားကြီးကို ရှာဖွေသော်လည်း မတွေ့သဖြင့် အခန်းထဲမှ ပြန်ထွက်ခဲ့လေ၏။

ကေရီသည် လျှို့ဝှက်အခန်းထဲမှ ထွက်လာပြီးနောက် ခြံဝင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် အသံဗလံများကို ကြားရသဖြင့် နားစွင့်လိုက်ပြီး အိမ်ကြီး၏ အရှေ့ဘက်သို့ ထွက်ခဲ့၏။

ထို့နောက် ဝရန်တာမှ ချောင်းကြည့်သောအခါ အိမ်ရှေ့ မျက်ခင်းပေါ်တွင် မီးတုတ်သုံးချောင်းထွန်း၍ ရှမ်းဘောင်းဘီဝတ်လူ တစ်ဦးကို ကျန်လူများက ဝိုင်းဝန်းကြည့်ရှုနေလေ၏။

ထိုသူသည် သိုင်းပညာကို မတောက်တခေါက် တတ်မြောက်ပုံ ရပြီး လူအများကြားတွင် ပညာစွမ်းပြနေလေ၏။ ထိုသူက လေထဲသို့ လက်သီးဖြင့် ဟန်ပါပါထိုးလိုက်ပြီး

" ဟောဒီမှာ ငါရဲ့ရှမ်းကြီးလက်သိုင်းကိုကြည့်၊ ဟောဒီလက်သီး မျိုးကို ဘယ်လိုရန်သူမှ မရှောင်နိုင်ဘူး "

ဟုပြောရင်း ခြေထောက်ဖြင့် လေထဲသို့ ကိုရိုကားရား ကန်ပြန် ၏။ ထို့နောက် မသိနားမလည်သော လူများကိုကြည့်၍

" ဟော့ဒါ သိုင်းပြောင်းပြန်နည်း၊ သိုင်းပြောင်းပြန်ကို မြန်မာပြည်မှာ ငါ့ဆရာကလွဲရင် ဘယ်သူမှကောင်းကောင်းမတတ် ဘူး ပြောင်းပြန်နဲ့တွေ့ရင် ဘယ်သိုင်းသမားမှ မခံနိုင်ဘူး "

ဟု ဝှံဝှံကြွားကြွားပြောဆိုနေပြန်၏။

ကေရီသည် ငယ်စဉ်ကပင် သိုင်းပညာကို အခြေခံကျကျ လိုက်စားဖူးသဖြင့် ရှမ်းဘောင်းဘီဝတ်လူ၏ မတောက်တခေါက် အစွမ်းဖြင့် ပညာစွမ်းပြပုံကို လွန်စွာ အမြင်ကတ်သွား၏။

ရှမ်းဘောင်းဘီဝတ်လူသည် နားမလည်သောလူများရှေ့တွင်





ကြွားဟန်ဖြင့် ပညာစွမ်းအမျိုးမျိုးကို ပြသနေ၏။ အမှန်စင်စစ် ထိုသူ၏သိုင်းပညာသည် ဟိုမရောက်သည်မရောက်အဆင့် သာရှိ၏။

သို့သော်မြန်မာပြည်တွင် သူ၏ပညာအား တုနိုင်သူမရှိဟု ကြွားဝါနေ၏။ ကေရီသည် ထိုသူကိုကြည့်၍ ပိုမို၍အမြင်ကတ်လာပြီး အနီးရှိ သရက်ပင်မှ သရက်သီးတစ်လုံးကို ခိုဆွဲ၍ခူးလိုက်ပြီး ဟန်ရေးပြ နေသော ရှမ်းဘောင်းဘီဝတ်လူအား ပစ်ပေါက်လိုက်၏။

ထိုသူသည် လေထဲသို့ လက်သီးဖြင့် ထိုးနေရာမှ သူ၏ခေါင်း အား သရက်သီးဖြင့် ပစ်ပေါက်ခံရ၍

" အမလေး... သေပါပြီဗျ ရန်သူ... ရန်သူ "

ဟု အော်ဟစ်ကာ မြေပေါ်သို့ ဖင်ထိုင်လျက်လဲလေ၏။

ထိုအခါ ကြည့်ရှုနေသူများက မျက်လုံးပြူးသွားပြီး သရက်သီးကို မြင်သောအခါမျှပင် ဝိုအားထက်ရယ်အားသန်ကာ လူတစ်ဦးက

" အမလေး သိုင်းသမားကြီးရယ်၊ ဒီလောက်လဲကြောက်မ နေပါနဲ့၊ ရန်သူမဟုတ်ပါဘူး၊ ခေါင်းပေါ်ကို သရက်သီးကြွေကျတာပါ ဟောဒီမှာ... "

ဟု သရက်သီးကို ပြသောအခါမှပင် ရှက်ကိုးရှက်ကန်းဖြစ် ပြီး ဟန်ကျစ်ဟန်ဖြင့် ခေါင်းကိုပွတ်နေလေ၏။

ကေရီသည် ဟိုမရောက်သည်မရောက်သိုင်းသမားကို ကြည့်၍ ခိုးတိုးရယ်မောလိုက်ပြီး အိမ်နီကြီး၏အနောက်သို့သွားကာ ခေါင်းမှ ခိုဆွဲပြီး အောက်သို့ဆင်းခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြေအောက်မြောင်းမှတစ်ဆင့် မြို့ပြင်ဘက်သို့ အောင်မြင်စွာ ထွက်နိုင်ခဲ့လေ၏။ ကေရီသည် မြို့စည်းရိုးအပြင်သို့ ရောက်သောအခါ ဟန်မပျက်ထွက်ခဲ့လေ၏။

သူမသည် အိမ်နီးကြီးနှင့် မလှမ်းမကမ်းသို့ရောက်သောအခါ မတ္တာရောင်လှည့်လာသော ပုလိပ်သုံးယောက်နှင့် ဆုံလေ၏။

ပုလိပ်များသည် သူမ၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ချောမောလှပသောရုပ်ရည်ကို မြင်သောအခါ ပုလိပ်တစ်ဦး က

" ဟေ... ညအချိန်မတော်ကြီး မင်းဘယ်ကိုသွားမလို့လဲ ပြောစမ်း "

ဟု မေးမြန်းလေရာ ကေရီသည် ရုတ်တရက် ပြောဆိုရခက်သွားပြီး ခဏကြာမှ အကြံရကာ

" ကျွန်မနယ်ပိုင်မင်းအိမ်က ပြန်ခဲ့တာပါ။ နယ်ပိုင်ကြီးက စကားကောင်းနေလို့ ညဉ့်နက်သွားတယ် "

ဟု ပြောဆိုလေ၏။ ထိုအခါ ပုလိပ်များသည် ကေရီကို မသင်္ကာဟန်ဖြင့် ကြည့်ရှု၍

" ဒီမှာ မိန်းကလေး။ မင်းဘာတွေပြောနေတာလဲ၊ နယ်ပိုင်ကြီးက ရန်ကုန်မြို့ကို မနေ့ကတည်းက ပြန်သွားတာ၊ ဒီမြို့မှာ ဘယ်လိုလုပ်နယ်ပိုင်ကြီးရှိရမှာလဲ၊ မင်းမယိမ်ပါနဲ့၊ ငါတို့မင်းကို မသင်္ကာဘူး။ ပုလိပ်ဌာနကို ခေါ်သွားရမယ် "

ဟု ပြောကာ ကေရီ၏လက်ကို ဖမ်းဆွဲလေ၏။





ကေရီသည် ငြင်းဆန်ရန် မကြိုးစားတော့ဘဲ ပုလိပ်တစ်ဦး၏ ခေါင်ကြားကို ဒူးဖြင့် တိုက်လိုက်ရာ အားခနဲအော်၍ ပုလိပ် လဲကျသွား၏။

ထို့နောက် ကြောင်အန်းအန်းဖြစ်နေသော ပုလိပ်နှစ်ဦးအား ဘယ်ခြေညာခြေတို့ဖြင့် ဆက်၍ ကန်လိုက်ရာ ပုလိပ်နှစ်ဦး မှက်လက်လန်လဲလေ၏။

ကေရီသည် ပုလိပ်များလဲကျသွားသောအခါ ထိုနေရာမှ သုတ်ခြေတင်၍ ပြေးခဲ့လေတော့၏၊ သူမသည် ထိုညက သာယာဝတီနှင့် သုံးဆယ်မြို့အကြားရှိ စေတီလေးမှာပင် တစ်ကိုယ်တည်း ညအိပ်ခဲ့၏။

ထိုစေတီလေး၌ သူမနှင့်အတူ ညအိပ်သူမှာ အရူးမတစ်ယောက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်သို့ရောက်သောအခါ အရွှေမက အိပ်ရာမှ နိုးနှင့်နေပြီး သူမစားသောက်ရန် ကောက်ညှင်းပေါင်းများ ယူလာလေ၏။

ကေရီသည် အရွှေမကိုချော့မော့ပြီး မေးမြန်းကြည့်သောအခါ အရွှေမနာမည်မှာ မသန်းညွန့်ဟုသိရပြီး ယခင်က စေတီကလေးနံဘေး၌ပင် နေထိုင်ကြောင်းသိရ၏။

အရွှေမသည် ယခုအခါ တစ်ကိုယ်တည်းအထီးကျန်နေထိုင်ရ ကြောင်း သိရ၏။ ကေရီသည် အရွှေမကျွေးမွေးသော ကောက်ညှင်း ပေါင်းကိုစား၍ အရွှေမကို ပိုက်ဆံ အကြွေများပေးလေ၏။

အရွှေမသည် ပိုက်ဆံအကြွေများကို တစ်ကြိမ်တစ်ခါမျှ မရဘူး သဖြင့် ကေရီကို လွန်စွာကျေးဇူးတင်လေ၏။ ကေရီသည် ထိုနေ့





တစ်နေ့လုံး စေတီလေး၌ပင် နေထိုင်၍ ပြည်လုံးကျော် ပတ္တမြား အကြောင်း စဉ်းစားနေလေ၏။

မောင်မောင်စိုးသည် ပြည်လုံးကျော်ပတ္တမြားကြီးကို မည်သည့် နေရာတွင် သိမ်းဆည်းထားသည်မသိ။ မောင်မောင်စိုးသည် အဖိုးတန် ပတ္တမြားကြီးအား ဘုရင်ခံကတော်သို့ ရောင်းချရန် ကြိုးစည်ထားသဖြင့် အထူးဂရုပြု၍ လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းမှာ သေချာ၏။

ကေရီသည် စေတီကလေး၌ နားခိုနေစဉ် အရွှေမမိသန်းညွန့် သည် စေတီကလေး၏ သန့်ရှင်းရေးကိစ္စများကို လုပ်ကိုင်ပြီး ကောက်ညှင်းပေါင်းများကို ထမ်းယူလာကြောင်း တွေ့ရလေ၏။

ထိုနေ့ညသို့ရောက်သောအခါ သုံးဆယ်မြို့နှင့် မလှမ်းမကမ်းရှိ ဘုန်းကြီးကျောင်းတွင် တရားပွဲကျင်းပမည်ဖြစ်သဖြင့် လူများစည်ကား နေသည်။

တရားပွဲ၌ အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီးများ ဟော ပြောမည်ဖြစ်သဖြင့် တရားနာမည့်ပရိသတ်များ စည်စည်ကားကား ဖြစ်နေလေ၏။

ည ၈ နာရီကျော်သောအခါ ကတ္တီပါသက်နန်းကြီးကိုခြုံ၍ ရွှေမျက်မှန်တပ်ထားသော ဆရာတော်တစ်ပါးသည် ပလ္လင်ပေါ်သို့ တက် လေ၏။ ထို့နောက် ဘုရားဟော ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တစ် ဇာတ်ကို ဇာတ်မင်းသားလေသံမျိုးနှင့် ဟန်ပါပါဟောလေတော့၏။

ဆရာတော်၏ ဇာတ်မင်းသားဆန်ဆန် ဟောပြောနေမှုကို



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များသည် အလွန်သဘောကျပြီး လက်ခုပ်လက်ဝါးတီး လုမတတ်ဖြစ်နေလေ၏။

ကေရီသည် ဇာတ်မင်းသားများကို အတုခိုးသော ဆရာတော်ကြီး၏ ဖန်တရာစေနေသောတရားတော်များကို မနာယူလိုတော့ဘဲ ထိုင်ရာမှထလိုက်လေ၏။

ထိုအခါ တရားပွဲအတွင်းရှိ လူများကိုစောင့်ရှောက်ရသော ပုလိပ်သုံးယောက်သည် မှတ်မိသွားဟန်ဖြင့်

" ဟိုက်... ဟိုကောင်မ မဟုတ်လား၊ ညတုန်းက ငါတို့ သုံးယောက်ကို လဲကျအောင်ဆော်သွားတာ "

ဟု အော်ဟစ်ပြောဆိုပြီး လူအုပ်အတွင်းသို့ တိုးဝှေ၍ ကေရီကို ဖမ်းဆီးရန် ရောက်လာလေ၏။

ကေရီသည် လူအုပ်ကို တိုးဝင်ပြီး ပုလိပ်များနှင့်ဝေးရာသို့ ရှောင်တိမ်းရာမှ တရားဟောပလ္လင်အနီးသို့ ရောက်ရှိသွားလေ၏။

တရားဟောပလ္လင်၏နံဘေးတွင် ဘုန်းကြီးများ၏ ထိုင်ခုံများ ရှိနေကြ၏။ ကေရီသည် ဘုန်းကြီးများကြားမှ ဖြတ်သန်းပြေးရန် ခယဉ့်ခဲသဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ပြေးရန် ပြင်ရ၏။

ထိုအခါ သူမအနောက်သို့ လိုက်လာသောပုလိပ်များနှင့် တဖြည်းဖြည်းနီးလာလေ၏။

ထိုအခိုက်မှာပင် တရားဟောသောစင်အောက်ရှိ ကတ္တီပါကားလိပ်ကြီးအောက်မှ အရှုးမမီသန်းညွန့်ထွက်လာပြီး





" မမလေး... လာ... လာ... စင်အောက်ကို မြန်မြန်လာ၊ စင်အောက်မှာ တရားနာရတာပိုကောင်းတယ် "

ဟု ခေါ်လေ၏။ ကေရီသည် အရူးမခေါ်ဆောင်ရာ တရားဟောစင်အောက်သို့ ဝင်လိုက်၏။

ထို့နောက် စင်အောက်သို့ လွယ်ကူစွာရောက်သွားပြီး ထွက်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် စင်အနောက်တွင် စောင့်ကြပ်နေသော ပုလိပ်များက ကေရီကိုဖမ်းဆီးရန် ကြိုးစားကြ၏။ ကေရီသည် ပုလိပ်များကို ကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ ဒေါသူပုန်ထသွားပြီး

" တောက်... ရဟန်းသံဃာတွေရှေ့မှာမို့ ငါက ရန်မဖြစ်ချင်လို့ ငြိမ်နေတာ၊ နင်တို့က ရောင့်တက်လာတယ်၊ သေပေတော့ "

ဟု ကြိုးဝါးကာ ရှေ့ဆုံးမှတိုးလာသော ပုလိပ်၏မျက်နှာကို ခုန်၍ကန်လိုက်၏။

ပုလိပ်လဲကျသွားသောအခါ အနီးရှိ ပုလိပ်အား ဖယ်ဆက်သလို ဆက်လက်တိုက်ခိုက်ပြီး ထိုနေရာမှ ထွက်ပြေးရန် ကြံလိုက် ၏။

ထိုအခိုက်မှာပင် ခရာသံများကို ကြားရပြီး ပုလိပ်များ ရောက်ရှိလာပြန်သဖြင့် ပွဲဈေးတန်းအတွင်း ပြေးလွှားခဲ့လေ၏။

သူမသည် ပြေးလွှားရင်း လမ်းကြားကလေးတွင် ပိုက်ဆံဘူးသီးကြော်စားနေသော လူများ၏ စားပွဲဝိုင်းများကို မြင်နေရလေ၏။

ကေရီသည် ထိုသူများကို ဖယ်ရှားရန် အချိန်မရတော့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေသူများ၏ ခေါင်းပေါ်မှ ခုန်လွှားပြေးခဲ့ရာ ဘူးသီးကြော် စားနေသူများသည် ကေရီကို တအံ့တဩကြည့်ရှုကျန်ရစ်လေ၏။

ပုလိပ်များကမူ ထိုသူများကို တွန်းထိုး၍ အနောက်မှ လိုက်လေရာ စားသောက်သူများ ရှုတ်ရှက်သဲသဲဖြစ်ကြလေ၏။

ကေရီသည် ပြေးလွှားရင်း ပွဲဈေးတန်းတစ်နေရာသို့ရောက်သောအခါ ကလေးများအား အခကြေးငွေယူ၍ မြင်းဌားရမ်းသော လူနှစ်ဦးကိုတွေ့ရ၏။

ထိုအခိုက်မှာပင် လူငယ်လေးတစ်ယောက်သည် မြင်းပေါ်သို့ တက်၍ ကေရီရှိရာသို့ စီးလာလေ၏။

ကေရီသည် မြင်းစီးလာသော ကလေးကိုကြည့်၍ အကြံရသွားပြီး မြင်းပေါ်သို့ လွှားခနဲခုန်တက်ကာ လူငယ်လေးလက်ထဲမှ ဇက်ကြိုးကို လှမ်းယူလိုက်၏။

ထိုအခါ လူငယ်လေးက အံ့ဩဟန်ဖြင့်ကြည့်၍

" ဟင်၊ အစ်မ... မြင်းကို ဘယ်ကိုစီးမလို့လဲ "

ဟု မေးမြန်းလေ၏။

ကေရီက ပုလိပ်များရှိရာသို့ လက်ညှိုးညွှန်ပြ၍

" သူတို့နဲ့ဝေးရာကို ပြေးမလို့လေကလေးရဲ့၊ အစ်မနောက်ကို ငြိမ်ငြိမ်လေးလိုက်ခဲ့နော် "

ဟု ပြောဆိုလိုက်ရာ လူငယ်လေးသည် အပြေးအလွှား လိုက်လာသောပုလိပ်များကို ကြည့်၍ သဘောကျဟန်ဖြင့်





" ဟော... ပုလိပ်တွေနဲ့ဝေးရာကိုပြေးမလို့ ဟုတ်လား၊ ပျော်စရာကြီး "

ဟု အော်ဟစ်လေ၏။ ကေရီသည် လူငယ်ကိုဖက်၍ မြင်းကို ပွဲခင်းထဲမှ ဒုန်းစိုင်းပြေးလေရာ ပွဲခင်းတစ်ခုလုံး ရှုတ်ရှက်သဲသဲဖြစ်သွားလေ၏။

မြင်းပိုင်ရှင်နှစ်ဦးသည် အထိတ်တလန့်ဖြင့် ပုလိပ်များဘက်သို့လှည့်ကာ

" အမလေး... ကျုပ်တို့မြင်းခိုးသွားပြီဗျို့၊ လုပ်ပါဦး "

ဟု အော်ဟစ်လေ၏။

ပုလိပ်များသည် ပွဲခင်းရှိ လူများကို တိုးဝှေ့၍ ကေရီ အနောက်သို့ သဲကြီးမဲကြီးလိုက်ကြလေ၏။

ကေရီသည် ပွဲခင်းရှိလူများခံနေ၍ မြင်းကြီးကို စိတ်ရှိတိုင်း မစီးနိုင်ဘဲ ရှိလေ၏။

ပွဲခင်းထဲရှိ တချို့ကလေးများသည် မြင်းကြီးကို မြင်သောအခါ သဘောကျဟန်ဖြင့် ဝိုင်းပတ်ကြည့်ရှုနေသဖြင့် လမ်းပိတ်နေသကဲ့သို့ ရှိနေလေ၏။

ကေရီသည် ကလေးများဖယ်ရှားရန် အော်ဟစ်ပြောဆို၍ ဒုန်းစိုင်းစီး၍ ထွက်ခဲ့လေ၏။

ကေရီသည် ပွဲခင်းထဲမှ လွတ်မြောက်ခဲ့ပြီးနောက် မြို့နှင့်ဝေးရာသို့ မြင်းကြီးဖြင့်ပြေးခဲ့ပြီး အတန်ငယ်ဝေးကွာသောအရပ်သို့ရောက်



www.burmeseclassic.com

မသာအခါ မြင်းကြီးကို သစ်ပင်တစ်ပင်အနီး၌ ချည်နှောင်ထားလိုက်၏။

ကေရီနှင့်လိုက်ပါလာသော လူငယ်လေးသည် ကြောက်ရွံ့ဟန် မရှိဘဲ ပုလိပ်များလက်မှ ပြေးလွှားခဲ့ခြင်းကို သဘောကျဟန်ရှိ၏။ ကေရီသည် ထိုအခါမှပင် လူငယ်အတွက် စိုးရိမ်သွားပြီး

" ငါ့နောက်ကိုလိုက်ခဲ့တာ မင်းရဲ့မိဘတွေ စိုးရိမ်နေလောက်ပြီ ငါလည်း မတတ်သာလို့ မြင်းကိုလုယူခဲ့တာ "

ဟုပြောလေရာ လူငယ်က စိုးရိမ်ဟန်မရှိဘဲ ခေါင်းခါယမ်း၍

" ကျုပ်ကို ဘယ်မိဘမှ စိုးရိမ်မှာမဟုတ်ပါဘူး အစ်မ၊ ဘာမှ မပူနဲ့ "

ဟုပြောလေ၏။ ထိုအခါ ကေရီက လူငယ်လေးကို မျက်မှောင်ကြုတ်၍

" မင်းပွဲခင်းထဲကို မင်းဘယ်သူနဲ့ လာသလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက ရယ်မော၍

" ဘယ်သူနဲ့လာရမှာလဲ၊ ကျုပ်တစ်ယောက်တည်းလာတာပေါ့၊ ပွဲခင်းထဲကို ဘုန်းကြီးတရားနာချင်လို့ ရောက်လာတာမဟုတ်ဘူး၊ မြင်းစီးချင်လို့ အရဲစွန့်ပြီး လာခဲ့တာ "

ဟု ပြောလေ၏။ ကေရီသည် လူငယ်လေး၏ စကားကြောင့် ၎င်း၏မျက်နှာကိုကြည့်၍

" ပွဲခင်းထဲကိုလာတာ မင်းမိဘတွေ မသိဘူးလား "

ဟု မေးမြန်းလေ၏။ လူငယ်လေးက ခေါင်းခါယမ်း၍





" ကျုပ်မှာ အမေမရှိတော့ဘူး၊ အဖေပဲရှိတယ်၊ အဖေကလည်း ကျုပ်ကို ဂရုမစိုက်ဘူး၊ နောက်မိန်းမတွေနဲ့ ပျော်ပါးနေတာများတယ်၊ ဒါကြောင့် ကျုပ်စိတ်ညစ်ပြီး တစ်ယောက်တည်းနေတာများတယ် "

ဟု ပြောလေရာ ကေရီသည် ကလေးငယ်၏ဘဝအတွက် စိတ်မကောင်းသလိုဖြစ်သွားလေ၏။ ထို့ကြောင့် ကလေးငယ်၏ ခေါင်းကို ပွတ်၍

" ဒါဆိုရင် အိမ်မှာ မင်းရဲ့အဖေမရှိဘူးလား "

ဟု မေးမြန်းလေ၏။ ကလေးက ခေါင်းခါ၍

" အိမ်မှာ အဖေမရှိဘူး၊ ခရီးထွက်နေတယ်၊ ဒါကြောင့် ကျုပ် လွတ်လပ်နေတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" မင်းအိမ်မှာ ဒီပြင်လူမရှိတော့ဘူးလား "

ဟု မေးမြန်းလေ၏။ လူငယ်လေးက ခေါင်းညိတ်၍

" အဖေ့တပည့်တော့ရှိတယ်၊ ဒါပေမဲ့ သူတို့က ကျုပ်ကို ဂရုမစိုက်ပါဘူး၊ ဒါကြောင့်လည်း ကျုပ် အိမ်မှာမရှိတာကို သူတို့ မသိတာပေါ့ "

ဟု ပြောလေ၏။ ကေရီက သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ် ကျုပ်ဆုံးဖြတ်ပြီးပြီ၊ ကျုပ်အိမ်မပြန်တော့ဘူး၊ အရင်တုန်းကတော့ ဒီလိုစိတ်ကူးမရှိပါဘူး၊ ပုလိပ်တွေလက်က လွတ်အောင် အစ်မနဲ့ထွက်ပြေးရင်း ဒီစိတ်ကူးပေါ်လာတာ၊ အိမ်ကြီးထဲမှာ

www.burmeseclassic.com



အထီးကျန်နေနေတာထက်စာရင် လူတွေကြားထဲ ရောက်သွားတော့ ပျော်စရာကောင်းလိမ့်မယ် ''

ဟု ပြောလေ၏။ ကေရီသည် လူငယ်လေး၏စကားကြောင့် မျက်လုံးပြူးသွားပြီး

'' ဘာ... လူတွေကြားထဲရောက်သွားရင် ပျော်စရာကောင်းလိမ့်မယ် ဟုတ်လား...။ မင်းမိုက်ဆာလာရင် ဘယ်သူ့ထမင်းကျွေးမှာလဲ၊ လူ့ဘဝကြီးက ပန်းခင်းလမ်းမဟုတ်ဘူးကွ၊ စိတ်ကူးမယဉ်ချင်ပါနဲ့ ကောင်လေးရယ်၊ ကိုယ့်အိမ်ကိုသာ ပြန်စမ်းပါ၊ ဒါနဲ့ နေပါဦး မင်းနာမည်ဘယ်လိုခေါ်လဲ ''

ဟု မေးလေ၏။ ထိုအခါ လူငယ်က သူ၏ခေါင်းကို လက်ဖြင့်ကုတ်၍

'' ကျုပ်နာမည်ချစ်စရာလို့ခေါ်တယ်၊ ကျုပ် စိတ်ကူးယဉ်နေတာမဟုတ်ဘူး၊ အထီးကျန်နေရတာ သိပ်ပျင်းတယ်ဗျ၊ အိမ် ကြီးမှာ ကျုပ်တစ်ယောက်တည်းလောက် နေထိုင်ရက်တာမရှိဘူး၊ လူတွေကြားထဲမှာလျှောက်သွားပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းတာမှ ပျော်စရာကောင်းဦးမယ် ''

ဟု ပြောလေ၏။ ကေရီက ချစ်စရာဆိုသောလူငယ်ကို ကြည့်၍

'' ဒါနဲ့ နေပါဦး မင်းကျောင်းမနေဘူးလား ''

ဟု မေးမြန်းလေ၏။ လူငယ်က ခေါင်းညိတ်၍

'' လွန်ခဲ့တဲ့နှစ်က ကျောင်းနေပါတယ်၊ ဆရာကြီးဦးဖိုးမိန့်





ကျောင်းမှာပါ။ ဒါပေမဲ့ ဆရာကြီးသားနဲ့ ရန်ဖြစ်လို့ ဆရာကြီးက ကျောင်းထုတ်ပစ်လိုက်တယ်၊ နောက်တော့ အဖေက အိမ်ကို ဆရာမလေးတစ်ယောက်ငှားပြီး စာသင်ပေးတယ်၊ ဆရာမလေး စာသင်ပြီး တစ်နှစ်မပြည့်ပါဘူး အဖေက စော်ကားဖို့ကြံတာနဲ့ ဆရာမလေး ထွက်ပြေးသွားတယ် ''

ဟု ပြောလေရာ ကေရီက သက်ပြင်းချ၍

'' မင်းအဖေက အတော်ဆိုးတာပဲ၊ ကိုယ့်သားကို စာသင်ပေးတဲ့ ဆရာမကိုတောင် စော်ကားဖို့ကြံတာကိုး။ အဖေမကောင်းတော့ ကိုယ့်ရင်သွေး ဒုက္ခရောက်တာပေါ့၊ ဘာပဲဖြစ်ဖြစ် အိမ်ကို ပြန်ဖို့ မင်းကို တိုက်တွန်းချင်တယ်၊ မင်းစီးလာတဲ့မြင်းကို လုယက်ပြီး စီးမိတဲ့အတွက် ဒီကိစ္စမှာ ငါ့ပယောဂမကင်းသလိုဖြစ်နေပြီ ''

ဟု ညည်းညူလေ၏။

ချစ်စရာက ရယ်မော၍

'' ဟဲ ဟဲ... ဟုတ်တယ်၊ အစ့်မပယောဂမကင်းဘူး၊ ဘာကြောင့်လဲဆိုတော့ အစ်မနောက်ကလိုက်ပြီး ပုလိပ်တွေနဲ့ ပြေးတမ်းလိုက်တမ်းကစားတော့မှ ဒီစိတ်ကူးပေါ်လာတာ၊ ဟော့... အခုတော့ မထူးတော့ဘူးလေ၊ မြို့နဲ့ ဝေးတဲ့ တောဘက်ကိုရောက်နေပြီ ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက သက်ပြင်းချ၍

'' ငါတို့ မိုးလင်းရင် အဝေးပြေးလမ်းမဘက်ကိုရောက်အောင် ပြန်သွားမှာပါ၊ အဲဒီတော့မှ မင်းပြန်လို့ရတာယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုက်တွန်းလေ၏။ ချစ်စရာက ခေါင်းခါယမ်း၍

" အစ်မ ကျုပ်ကို ဘယ်လိုမှတိုက်တွန်းလို့မရတော့ဘူး။ ကျုပ်ဆုံးဖြတ်ပြီးပြီ၊ အိမ်ကိုတော့မပြန်တော့ဘူး။ အိမ်မှာ တစ်ယောက်တည်း အထီးကျန်နေရတာထက်စာရင် ခြေဦးတည်ရာကို လျှောက်သွားတာမှ ကောင်းဦးမယ်၊ လူတွေနဲ့နေပြီး ကိုယ့်လုပ်စာကို ကိုယ်စားရတာကမှ ပျော်ဖို့ကောင်းဦးမယ် "

ဟု ပြောဆိုလေ၏။ ကေရီက မျက်မှောင်ကြုတ်၍

" မင်းကိုပြောရတာ လေကုန်လိုက်တာ၊ မင်းအတော်မိုက်တဲ့ကလေးပဲ၊ မိဘရင်ခွင်လောက်အေးမြကာ ဘယ်မှာမှမရှိဘူးကွ၊ ကဲ... ဒီနေ့ည စဉ်းစားလိုက်ဦး မနက်ဖြန်ရောက်ရင်တော့ မင်း စိတ်ကူးတစ်မျိုးပြောင်းသွားမှာပါ "

ဟု ဆိုကာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ကျောခင်း၍ ခဏမျှ အနားယူကြလေ၏။

ကေရီသည် နောက်တစ်နေ့ ခရီးဆက်နိုင်ရန် ခဏမျှ အနားယူလေ၏။ ချစ်စရာသည် ကျောခင်းပြီး မျှားမကြာမီ မေ့ဘနန်းဟန်ဖြင့် အိပ်မောကျသွားလေ၏။





မနက်မိုးသောက်အလင်းရောက်သောအချိန်တွင် ကေရီ အိပ်ရာမှ လန့်နိုးလာ၏။ ချစ်စရာသည် အိပ်ရာမှ ကုန်းရုန်းထပြီး အော်မြည်နေသော ငှက်ကလေးများကို ကြည့်လေ၏။ ပြီးနောက် မျက်နှာရှုံ့မဲ့၍

" ငှက်တွေက နားငြီးလိုက်တာဗျာ၊ အေးအေးချမ်းချမ်း မအိပ်ရဘူး "

ဟု ညည်းညူလိုက်လေ၏။ ကေရီက ချစ်စရာ၏ အမူအရာကို ကြည့်၍ ပြုံးကာ

" မင်းမိဘအိမ်ကထွက်ပြီး သွားချင်ရာသွားရင် ဒီလို အေးအေးချမ်းချမ်းနေရမှာ မဟုတ်ဘူး၊ မိဘအိမ်မှာကတော့ နေဖင် ထိုးအောင်အိပ်လဲ ပြောမဲ့သူမရှိဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ချစ်စရာက ခေါင်းညိတ်၍

" ဟုတ်တယ်၊ မြေဦးတည်ရာသွားပြီး သူများခိုင်းတာ လုပ်ရင်တော့ သူတို့မျက်နှာကြည့်ပြီးနေရမှာပဲ၊ ဘာပဲဖြစ်ဖြစ် အထီးကျန်နေရတာထက်စာရင် အများကြီးတော်ပါသေးတယ် "

ဟု ပြောကာ အနီးရှိ စမ်းချောင်းရှိရာသို့ မျက်နှာသစ်ရန် ထွက်သွားလေ၏။ ထိုအခိုက်မှာပင် ရောင်စုံလိပ်ပြာကြီးတစ်ကောင်ကို တွေ့ရ၏။

ကေရီသည် အလွန်ထူးဆန်းပြီး တောက်ပသောအရောင်များ စုံလင်နေသည့် လိပ်ပြာကို တအံ့တသြကြည့်ရှုနေမိ၏။ လိပ်ပြာကြီးသည် ကေရီ၏အနီးမှဖြတ်သန်း၍ ချုံကြီးတစ်ခု ၏အထက်တွင် ရပ်နားလေ၏။

ကေရီသည် လှပသော လိပ်ပြာကြီးကို သဘောကျလွန်းသဖြင့် မျက်တောင်မခတ်တမ်းကြည့်ရှုနေ၏။

လိပ်ပြာကြီးသည် ချုံကြီး၏ဝန်းကျင်တွင် ပတ်ပတ်လည်လှည့်၍ ပျံသန်းနေလေ၏။

သူမ အိန္ဒိယတွင် နေထိုင်စဉ်က လိပ်ပြာများနှင့် ပတ်သက်၍ များစွာကျွမ်းကျင်သော ဆရာဝန်ကြီးတစ်ဦးနှင့် ခင်မင်ခဲ့ဖူးပုံများကို သတိရလေ၏။

ထိုအခိုက်မှာပင် လိပ်ပြာကြီးသည် ချုံကြီး၏အောက်ဘက်သို့ ပျံသန်းသွားလေ၏။

ကေရီသည် လိပ်ပြာကြီး သူမမျက်စိအောက်မှ ပျောက်သွား





ဖြင့် လိုက်လံကြည့်ရှုရန် ထိုင်ရာမှထလိုက်၏။ ချုံ၏ အနောက်မှ ရှုပ်ရှားသံများကြားရသဖြင့် အပြေးအလွှားသွား ကြည့်ပြီး ကေရီသည် မျက်လုံးပြူးသွား၏။

ချစ်စရာသည် လိပ်ပြာကြီးကို သူ၏လက်မှ သစ်ရွက်များဖြင့် ရိုက်နှက်လိုက်လေ၏။

ကေရီသည် နှမြောတသသောစိတ်ဖြင့် ချစ်စရာကို အော်ဟစ်လိုက်၏။

" ဟေး... မင်းဘယ်လိုလုပ်တာလဲ၊ အင်မတန်ရှားပါးတဲ့ လိပ်ပြာကြီးကို အကြောင်းမဲ့သက်သက် ဘာဖြစ်လို့ ရိုက်ပုတ်ရသလဲ "

ချစ်စရာသည် ကေရီ၏ဆူပူမှုကြောင့် လက်ကာပြ၍

" ကျုပ်လိပ်ပြာကြီးကို မမြင်ပါဘူး၊ မျက်နှာရှေ့ကို ရုတ်တရက် ကျလာလို့ လက်ထဲက သစ်ရွက်တွေနဲ့ ရိုက်လိုက်မိတာပါ၊ လိပ်ပြာကြီး သနားစရာဗျာ "

ဟု ပြောပြီး မြေပေါ်သို့ ပြုတ်ကျသွားသော လိပ်ပြာကြီးကို ရှုကာသက်ဟန်ဖြင့် ကောက်ကိုင်လိုက်၏။

လိပ်ပြာကြီးသည် လှပသောတောင်ပံများကို တဖျတ်ဖျတ် ခတ်ခါရင်း ငြိမ်သက်သွားလေ၏။

ချစ်စရာသည် သေဆုံးသွားသော လိပ်ပြာကြီးကို ကိုင်၍ ကြည့်ရင်း

" လှလိုက်တဲ့ လိပ်ပြာကြီးဗျာ၊ သေသွားတာ နှမြောစရာဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာကြီးကို ကောင်းကောင်းမွန်မွန် မြုပ်နှံပေးရမယ် ''

ဟု ပြောလေ၏။

ထိုအခါ ကေရီက ခေါင်းခါယမ်း၍

'' လိပ်ပြာကြီးကို မြေမမြုပ်ရဘူး၊ သူ့ရဲ့အသွေးအရောင်က သိပ်ရှားပါးတယ်၊ ငါ့ကိုပေး ''

ဟု ပြောရင်း သူမ၏လွယ်အိတ်ထဲတွင်ရှိသော ယွန်းဘူး ကလေး ထဲတွင် ထည့်ထားလေ၏။ ဘိုယွန်းဘူးကလေးတွင် သူမ၏ဆံထိုး ကလေးများနှင့် ငွေရောင်သံချောင်းကလေးများ ပါရှိ၏။

ထို့နောက် ကေရီက ချစ်စရာ၏ပခုံးကိုပုတ်၍

'' ဘယ်လိုလဲ မင်းအိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပြီလား ''

ဟု မေးမြန်းလိုက်လေ၏။ ချစ်စရာက ခေါင်းညိတ်၍

'' ကျုပ် မနေ့ကတည်းက ဆုံးဖြတ်ပြီးသားပါ အစ်မရယ်... ကျုပ်အိမ်ကို လုံးဝမပြန်တော့ဘူး၊ အိမ်မှာပြန်ပြီး အထီး ကျန်နေတာ ထက်စာရင် သူတစ်ပါးခိုင်းတာကိုလုပ်ပြီး ပျော်ပျော်ရွှင်ရွှင်နေချင်တယ်''

ဟု ပြောလေ၏။ ကေရီသည် ချစ်စရာကိုကြည့်ပြီး ခေါင်းခါ ယမ်းလိုက်ပြီး

'' မင်းကတော့ ရှာမှရှားတဲ့ကောင်လေးပဲ၊ အေးချမ်းတဲ့နေရာ က မှုလောင်တဲ့နေရာကို ဆင်းချင်တယ်၊ ပျော်ဖို့ဖြစ်လို့မရလဲ မင်းသဘော ပေါ့ကွာ၊ လူ့လောကကြီးထဲကိုဝင်ပြီး လူတွေရဲ့ သဘောမနောကို သင်ယူကြည့်လိုက်ဦး၊ ဒီအခါမှာ မိဘအိမ်လေးက အေးချမ်းမှုမရှိတာ





မင်းတွေ့ရလိမ့်မယ် ''

ဟု ပြောလေ၏။ ချစ်စရာသည် ခေါင်းမာဟန်ဖြင့် အံကိုကြိတ် လိုက်ပြီး

'' ကျုပ် မိန့်ဝ်ရည်ရှိပါတယ်၊ အမေမရှိတဲ့နောက်ပိုင်းမှာ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ကိုခေါ်လာတဲ့အဖေ့ကို မုန်းတယ်၊ ကျုပ်ကို ဂရုမစိုက်ဘဲ မိန်းမတွေနဲ့ပျော်ပါးနေတဲ့အဖေ့ကို အမေသာမြင်ရင် သေရာကထလာပြီး ကောင်းကောင်းဆူပူကြိမ်း မောင်းမှာသေချာတယ်၊ အဖေနဲ့ အဖေ့တပည့်တွေကို ကျုပ်မုန်းတယ်၊ သူတို့ဟာ အိမ်ကြီး တစ်ခုလုံးမှာ ကျုပ်ရှိနေတယ်ဆိုတာ အစဉ်အမြဲမေ့နေတတ်တယ် ''

ဟု ပြောလေ၏။ ကေရီသည် ချစ်စရာ၏စကားကြောင့် ရှက်မှော်ကြုတ်၍

'' မင်းရဲ့အဖေက ဘယ်လိုအလုပ်အကိုင်မျိုးကို လုပ်ကိုင်သလဲ''

ဟု မေးမြန်းလေ၏။ ထိုအခါ ချစ်စရာက အဝေးဆီသို့ ငေး ကြည့်၍

'' အဖေ ဘယ်လိုအလုပ်မျိုးကို လုပ်ကိုင်သလဲဆိုတာ ကျုပ် မသိဘူး၊ ဒါပေမဲ့ အဖေအတော်ချမ်းသာတယ်ဆိုတာတော့ သိတယ်၊ အဖေ့အတွက် ပိုက်ဆံဆိုတာ သူများတွေထက် အများကြီးပိုပေါတယ်၊ အဖေဟာ ပိုက်ဆံမရှိလို့ စိတ်ညစ်တယ်ဆိုတာ တစ်ကြိမ်တစ်ခါမှ မတွေ့ ဘူး၊ နောက်ပြီးတော့ အဖေ့မှာတပည့်တွေ အများကြီးရှိတယ်၊ အဖေ ဟာ သူတို့ကို အမြဲထမင်းကျွေးထားတယ်၊ လခတွေပေးတယ်၊ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေ လက်ဆောင်ပေးတယ် ''

ဟု ပြောလေရာ ကေရီသည် ချစ်စရာ၏မျက်နှာကို မျက်မှောင်ကြုတ်ကြည့်၍

'' မင်းအဖေနာမည်ဘယ်သူလဲ ပြောစမ်း ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ လူငယ်လေးက

'' အဖေ့နာမည် ဦးမောင်မောင်စိုးလို့ခေါ်တယ် ''

ဟု ပြောလေ၏။ ကေရီသည် ချစ်စရာ၏စကားကြောင့် သက်ပြင်းချ၍

'' သြော်... မင်းက သူရဲ့သားဖြစ်နေတာကိုး ''

ဟု ရေရွတ်လေ၏။ ချစ်စရာက ကေရီ၏မျက်နှာကိုကြည့်၍

'' အစ်မက အဖေ့ကို သိနေလို့လား ''

ဟု မေးမြန်းလေ၏။ ကေရီက ခေါင်းညိတ်၍

'' သိတာပေါ့ကွာ၊ မင်းအဖေကနာမည်ကြီးပဲ၊ မင်းအဖေလောက် အလှူအတန်းကိစ္စမှာ ရက်ရောတဲ့လူ ရှိမှမရှိတာ ''

ဟု ပြောလေ၏။ ချစ်စရာသည် ကေရီ၏စကားကြောင့် မျက်မှောင်ကြုတ်၍

'' အဖေ့ကို လူတိုင်းက အလှူအတန်းမှာ ရက်ရောတဲ့လူ ဘုရားဒကာ၊ ကျောင်းဒကာကြီးလို့ သိကြတယ်၊ ဒါပေမဲ့ အဖေ အင်မတန်လောဘကြီးတယ်ဆိုတာ ဘယ်သူမှမသိဘူး။ အဖေဟာ အချိန်အားရင် သူ့အခန်းထဲဝင်ပြီး မီးခံသေတ္တာထဲက ပိုက်ဆံတွေကိုပဲ





ရေတွက်နေတတ်တယ်၊ နောက်ပြီးတော့ ရွှေချောင်းတွေကိုလည်း အကြိမ်ကြိမ်ရေတွက်နေတတ်တယ်၊ အဖေ့လုပ်ရပ်တွေကို ကျုပ် ချောင်းကြည့်နေလို့ သိနေတာ ''

ဟု ပြောလေရာ ကေရီက ချစ်စရာကိုကြည့်၍ လေသံတိုးနှင့်

'' မင်းအဖေဆီမှာ ရွှေနဲ့ငွေစက္ကူတွေအပြင် အခြား အဖိုးတန်ပစ္စည်းတွေ ရှိမှာပေါ့နော် ''

ဟု မေးမြန်းလေ၏။ ချစ်စရာက ခေါင်းညိတ်၍

'' အဖေ့ဆီမှာ ရွှေနဲ့ငွေအပြင် ရှေးဟောင်းပစ္စည်းတွေ အများကြီးရှိတယ်၊ အဲဒီပစ္စည်းတွေကို အဖေသိပ်တန်ဖိုးထားတယ်၊ အဖေဟာ ရှေးဟောင်းပစ္စည်းတွေကို ဘယ်သူမှမထိမကိုင်နိုင်ဘူး၊ အဖေဘာလုပ်ဖို့ စုဆောင်းထားသလဲလို့ မေးမြန်းတဲ့အခါ နိုင်ငံခြားက သူဌေးကြီးတွေကို တန်ဖိုးကြီးကြီးနဲ့ ပြန်ရောင်းဖို့ဆိုပြီးပြောတယ်''

ဟု ပြောလေ၏။

ကေရီသည် မျက်လုံးများ အရောင်တဖျတ်ဖျတ် တောက်ပလာပြီး

'' မင်းအဖေရဲ့ လှုပ်ရှားမှုတွေကို မင်းမကြာခဏ ချောင်းကြည့်နေတယ်ပေါ့ ''

ဟု မေးမြန်းလေ၏။ ချစ်စရာက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ကျုပ်အခန်းထဲမှာ အဖေ့အခန်းကို ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့ အပေါက်ဖောက်ထားတယ်၊ ဒါပေမဲ့ အဖေ မိန်းမတွေ ခေါ်လာ
ရင်တော့ ကျုပ်ချောင်းမကြည့်ပါဘူး၊ သိပ်ရှုံ့ဖို့ကောင်း တယ် ''

ဟုပြောလေ၏။ ကေရီသည် ချစ်စရာ၏ပခုံးကို ဖက်၍

'' မင်းရဲ့အဖေဟာ အနီရောင်ကျောက်ကြီးတစ်လုံးကို ထု
ကြည့်တတ်သလား ''

ဟုမေးမြန်းလေ၏။ ထိုအခါ ချစ်စရာက ခေါင်းညိတ်၍

'' ကြည့်တာပေါ့ဗျာ၊ အနီရောင်ကျောက်ကြီးမဟုတ်ဘူး
ပတ္တမြားကြီး၊ ပတ္တမြားကြီးကို ရိုးရိုးမျက်စိနဲ့ကြည့်ရတာတောင် အား
လို့ မှန်ဘီလူးနဲ့ ကြည့်တယ်၊ တစ်ခါတလေ အဖေဟာ ပတ္တမြားကြီး
မအိပ်ဘဲ တစ်ညလုံးထိုင်ကြည့်နေတတ်တယ်၊ ပြီးတော့ ဟက်ဟ
ပက်ပက်လည်း ရယ်နေတတ်သေးတယ် ''

ဟုပြောလေရာ ကေရီသည် ချစ်စရာကို စိတ်အားထ
သန်စွာဖြင့် ကြည့်ရှု၍

'' အဲဒီပတ္တမြားကြီးကို မင်းအဖေ ဘယ်မှာထားသလဲ''

ဟုမေးမြန်းလေ၏။ လူငယ်လေးက မျက်မှောင်ကြုတ်၍

'' အဖေဘယ်မှာသိမ်းထားသလဲဆိုတာ ကျုပ်မသိဘူး၊ အ
ပတ္တမြားကြီးကို ထုတ်မကြည့်တာကြာပြီဗျ ''

ဟုပြောလေ၏။ ကေရီက ချစ်စရာ၏ပခုံးကိုလှုပ်ခါ၍

'' ပတ္တမြားကြီးကို ထုတ်မကြည့်တာကြာပြီဟုတ်လား၊ ဒါဆို
ပတ္တမြားကြီးက မင်းအဖေဆီမှာ မရှိတော့ဘူးလား ''





ဟုမေးမြန်းလေ၏။ ထိုအခါ ချစ်စရာက ကေရီကို ပြန်ကြည့် ၍

'' ဒါတော့ ဘယ်သိမလဲဗျ၊ အဖေ ပတ္တမြားကြီးကို ထုတ်
မကြည့်တာ အံ့ဩဖို့ကောင်းတယ်၊ ဒါနဲ့နေပါဦး၊ အစ်မက ဘာဖြစ်လို့
ပတ္တမြားကြီးကို ဒီလောက် စိတ်ဝင်စားနေတာလဲ''

ဟုမေးမြန်းလေ၏။ ကေရီသည် ချစ်စရာ၏စကားကြောင့်
ခေါင်းခါယမ်း၍

'' စိတ်မဝင်စားပါဘူးဟယ်၊ နင့်အဖေ မကြာခဏ ထုတ်
ကြည့်တယ်ဆိုတော့ တန်ဖိုးရှိတယ်ထင်လို့ပါ ''

ဟုပြောလိုက်လေတော့၏။ ထို့နောက်တွင်မူ ကေရီသည်
ချစ်စရာကိုကြည့်၍ အကြံတစ်မျိုးပေါက်သွားလေ၏။ ထိုအကြံအရ

'' ကောင်လေးဟာ မောင်မောင်စိုးရဲ့သားဆိုတော့ ဒီကောင်
လေးကို ငါနဲ့အတူခေါ်ထားရင် အကျိုးရှိနိုင်တယ်၊ တစ်နေ့နေ့မှာ
မောင်မောင်စိုးကို ပတ္တမြားကြီးနဲ့ပတ်သက်ပြီး ဒီကောင်လေးနဲ့
အကျပ်ကိုင်လို့ရနိုင်တယ်၊ ဟုတ်ပြီ၊ ဒီကောင်လေးကို လွှတ်မထားတဲ့
ဦးအနားမှာခေါ်ထားရမယ် ''

ဟုဆုံးဖြတ်လိုက်လေ၏။ ထို့ကြောင့် ချစ်စရာ၏ပခုံးကိုပုတ်၍

'' မင်းတစ်ယောက်တည်း လူ့လောကထဲကို လျှောက်သွားမဲ့
အတူတူ ငါ့နောက်ကိုလိုက်ခဲ့ပါလား ''

ဟုပြောဆိုလေ၏။ ထိုအခါ ချစ်ရာက ကေရီနောက်ကို လိုက်
ညီဖြစ်ကြောင်း အားတက်သရောပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီက ချစ်စရာကိုကြည့်၍ သက်ပြင်းချကာ

" မင်း ငါ့နောက်ကိုလိုက်ရင်တော့ အန္တရာယ်များမှာ သေ
တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပုလိပ်တွေနဲ့ငါဟာ လိုက်တမ်းပြေးတ
ကစားနေတာမဟုတ်လား "

ဟုပြောဆိုလေရာ ချစ်စရာက အားတက်သရော အမူအရာ

" အဲဒီလို လိုက်တမ်းပြေးတမ်းကစားတာ ပျော်ဖို့သိပ်ကော
တယ်ဗျ။ ဒီလို ပျော်စရာတွေ ကြုံတွေ့ချင်လို့ပဲ အစ်မနောက်ကို လိုက်
တာပဲ "

ဟုပြောလေ၏။ ကေရီသည် ချစ်စရာ၏ပခုံးကိုပုတ်၍

" ဘာပဲဖြစ်ဖြစ် မင်းရဲ့သတ္တိကိုတော့ ကြိုက်သွားပြီ၊ လာ
ငါတို့သွားကြရအောင် "

ဟုပြောကာ လူသူမနီးသောအရပ်မှ ထွက်ခဲ့လေ၏။ သူမတို့သည်
ရွာများကို ဖြတ်သန်း၍ ခရီးဆက်ခဲ့လေ၏။ မကြာမီ ကားလမ်းမ
ရောက်ရှိသွားလေ၏။

ထို့နောက် လူသူအရိပ်အခြေကိုကြည့်ရှု၍ ကားဂိတ်ရှိရာ
ထွက်ခဲ့လေတော့၏။ ကေရီသည် ကားဂိတ်နှင့်မလှမ်းမကမ်းသို့ ရော
သောအခါ မျက်စိရှင့်ရှင့်ထား၍ ကြည့်ရှု၍ သက်ပြင်းချလိုက်ပြီး ချစ်
၏ပခုံးကိုပုတ်ကာ

" ငါတို့ ရန်ကုန်ဘက်ကို ထွက်လို့မဖြစ်နိုင်တော့ဘူး၊ ပြ
ဘက်ကို ပြန်ထွက်မှဖြစ်မယ်၊ ကားဂိတ်မှာ ပုလိပ်စုတ်တွေရော





နေတယ် "

ဟုပြောလေ၏။

ထို့နောက်တွင်မူ ကေရီသည် လူငယ်လေးကိုခေါ်၍ ကားဂိတ်မှ
သိသူမသိ ပြန်လည်ထွက်ခွာခဲ့၏။ သူမနှင့်ရန်ငြိုးဖွဲ့ခဲ့သော ပုလိပ်
ည် ထိုနေ့ညက အတော်အထိနာသွားပုံရ၏။

ကေရီသည် လယ်စောင့်တဲလေးတစ်လုံးသို့ ရောက်သောအခါ
ယ်သူမတစ်ဦးဝတ်ဆင်ထားသော ထဘီ၊ အင်္ကျီ အဟောင်းအနွမ်း
ကို တွေ့သဖြင့် သူမ၏အဝတ်အစားများကို ချွတ်ကာ လယ်သူမ
တ်အစားများနှင့်လဲလှယ်ဝတ်ဆင်လေ၏။

ချစ်စရာသည် ကေရီ၏ဝတ်စားဆင်ယင်ပုံကိုကြည့်၍ သဘော
ကျ ဖြင့်

" ဟဲဟဲ... ဒီလိုတော့လဲ အစ်မရဲ့ပုံက လယ်သူမလေး တစ်
ာက်နဲ့တူသွားပြီ "

ဟုပြောလေရာ ကေရီက အခန်းထောင့်ရှိ ကျောက်ပျဉ်ကို
ာ်လုံးဝေ့ကြည့်၍

" လယ်သူမနဲ့ပိုတူအောင် ငါလုပ်ပြမယ် "

ဟုပြောကာ မျက်နှာနှင့် ခြေလက်များကို သနပ်ခါးထူထူ
ိန်းကြီးလိမ်းလေ၏။

ပြီးနောက် ချစ်စရာကိုခေါ်၍ အဝေးပြေးလမ်းမပေါ်သို့တက်ကာ
ာ်ရီကားကြီးတစ်စီးကိုတား၍ ပြည်ဘက်သို့ခရီးဆက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးသည် ကေရီ၏အနီးတွင်ထိုင်၍ သူ၏ဘဝ အတွေ့အကြုံသစ်အတွက် သဘောကျနေဟန်ရှိ၏။

ကေရီသည် ချစ်စရာ၏ပခုံးကိုဖက်၍ ခရီးဆက်ရင်း ပြည်လုံးကျော် ပတ္တမြားကြီးအကြောင်းကို စဉ်းစားနေလေ၏။ မောင်မောင်စိုးသည် ပြည်လုံးကျော်ပတ္တမြားကြီးကို မည်သည့်နေရာတွင် သိမ်းဆည်းထားလေသည်မသိ။

ထိုအခိုက်မှာပင် ချစ်စရာသည် လယ်ကွင်းတစ်နေရာတွင် လူများစုဝေးနေသောနေရာသို့ လက်ညှိုးညွှန်ပြ၍

" အစ်မရေ ဟိုမှာ လူတွေ အုပ်စုဖွဲ့ပြီး ဘာလုပ်နေတာလဲမသိဘူး။ သွားကြည့်ကြရအောင် "

ဟုပူဆာလေ၏။

ကေရီသည် လူ့လောကအတွင်းသို့ဝင်ရောက်၍ အတွေ့အကြုံရှာလိုသော လူငယ်တစ်ယောက်၏ဆန္ဒကို မငြင်းပယ်လို၍ ကားဆရာကို ကားရပ်ပေးရန် ပြောလေ၏။

ထို့နောက် လူများ စုအုံနေသော လယ်ကွင်းရှိရာသို့ ဦးတည်လျှောက်လှမ်းသွား၏။

ထိုနေရာသို့ရောက်သောအခါ လွှန်ဆွဲပွဲပြုလုပ်ရန် ပြင်ဆင်နေကြောင်းတွေ့ရ၏။ လွှန်ပွဲပြုလုပ်မည့်နေရာနှင့်မနီးမဝေးတွင် စင်မြင့်တစ်ခုရှိပြီး စင်မြင့်ပေါ်တွင် ကန်တော့ပွဲတစ်ပွဲကို မြင်ရ၏။ ချစ်စရာသည် လွှန်ဆွဲမည့်လူများကိုကြည့်၍





" သူတို့ဘာလုပ်နေတာလဲအစ်မ "

ဟုမေးမြန်းလေ၏။ ကေရီက လူများကိုကြည့်၍

" မိုးခေါင်ကျော်စွာနတ်ကို ပူဇော်ပသနေတာဟဲ့၊ မိုးမရွာလို့ မိုးခေါင်ရေရှားဖြစ်တဲ့အခါ ရောဂါဘယထူပြောတဲ့အခါ မိုးခေါင်ကျော်စွာနတ်ကို ပူဇော်ရတယ်၊ ဒီလိုပူဇော်တဲ့နေရာမှာ ကန်တော့ပွဲ၊ ဒုန်းပွဲလောက်နဲ့မရဘူး။ လွှန်ဆွဲပွဲတွေပါ ကျင်းပရတယ် "

ဟုရှင်းလင်းပြလေရာ ချစ်စရာက သဘောကျဟန်ဖြင့် ခေါင်းအဆက်ဆက်ညိတ်၍

" ဒါဆိုရင်တော့ ပျော်စရာကြီးပေါ့။ မိုးခေါင်ကျော်စွာနတ်ကျေးဇူးကြောင့် လွှန်ဆွဲပွဲကို ကြည့်ရတော့မယ် "

ဟုပြောလေ၏။ လွှန်ဆွဲပွဲပြုလုပ်မည့်ကွင်းပြင်တွင် လူအများစုံညီကားနေလေ၏။

လွှန်ဆွဲမည့်လူများလည်း လွှန်ကြိုးကိုကိုင်၍ အသင့်ပြင်ဆင်နေကြ၏။

ထိုအခိုက်မှာပင် မိုးခေါင်ကျော်စွာနတ်ကို ပင့်ခေါ်မည့် လူဝကြီးက

" မိုးတိမ်ကိုချုပ်နိုင်စွမ်းရှိပေတဲ့ (၃၇) မင်းထိပ်တင်သခင်ကြီး မိုးခေါင်ကျော်စွာ ခင်ဗျား "

ဟုအစချီ၍ အော်ဟစ်ကာ မိုးခေါင်ကျော်စွာနတ်ကို စတင်၍ ပင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အတန်ကြာအောင် ပြောဆိုပင့်လျှောက်ပြီး နောက် ကန်တော့ပွဲကို လူကြီးက သုံးကြိမ်တိုင်တိုင်မြှောက်၍ လူအားလုံးက သံပြိုင်အော်ဟစ်ကြလေ၏။

" လွန်ခေါင်းကိုစီး၍ပြတော်မူပါ မိုးခေါင်ကျော်စွာနတ်မင်းခင်ဗျား "

ထိုသို့အော်ဟစ်ကြပြီးနောက် ဂွန်ပွဲစတင်လေတော့၏။

လူငယ်လေးသည် လွန်ဆွဲနေသူများကို ကြည့်၍ အားပေးနေလေ၏။ ကေရီသည် လက်သီးလက်မောင်းတန်း၍ အားပေးနေသော ချစ်စရာအားကြည့်၍ သဘောကျနေမိ၏။

ချစ်စရာသည် လွတ်လပ်ပျော်ရွှင်လိုသော စိတ်သဘောရှိလေ၏။ ထိုအခိုက်မှာပင် လက်သီးလက်မောင်းတန်း၍ အားပါးတရ အော်ဟစ်နေသော ချစ်စရာကို လူတစ်ဦးက ဝင်ရောက်ဖမ်းဆီးလိုက်၏။

ချစ်စရာသည် မိမိအားဖမ်းဆီးသူကိုကြည့်၍

" ဟေ့လူ ကျုပ်ကိုမဖမ်းနဲ့... မဖမ်းနဲ့၊ လွှတ်နော် "

ဟု အော်ဟစ်နေလေ၏။

ကေရီသည် ချစ်စရာ၏အဖြစ်ကို မျက်မှောင်ကြုတ်၍ ကြည့်ရှုနေစဉ် လူတစ်ဦးထပ်မံရောက်ရှိလာပြီး ချစ်စရာကို ဝင်ရောက်ချုပ်နှောင်လေ၏။

ချစ်စရာသည် ချုပ်နှောင်သူ၏လက်မှလွတ်အောင် ရုန်းကန်နေလေ၏။ ထိုသို့ ရုန်းကန်ရင် ကေရီဘက်သို့လှည့်ကာ





" အစ်မရေ... ကယ်ပါဦးချို၊ ကျုပ်ကိုဖမ်းနေပြီ "

ဟု အော်ဟစ်လေ၏။

ချစ်စရာသည် အော်တစ်ရင်း သူ့ကို ချုပ်နှောင်ထားသူ၏ လက်ကို ကိုက်ဆွဲလိုက်သဖြင့် ထိုသူသည် အားခနဲအော်ဟစ်ပြီး ချစ်စရာကို လွှတ်လိုက်ရ၏။

ထိုအခါ ချစ်စရာသည် ချုပ်နှောင်ထားသူနှစ်ဦး၏လက်မှ လွတ်မြောက်သွားလေ၏။ ချစ်စရာသည် လွတ်မြောက်သည်နှင့် ကေရီဘက်သို့လှည့်၍

" အစ်မရေ ပြေးကြမယ် "

ဟု အော်ဟစ်လေ၏။

ချစ်စရာ၏စကားမဆုံးမီ လူတစ်ဦးရောက်လာပြီး ချုပ်ကိုင်ပြန်၏။ ချစ်စရာသည် ရှေ့သို့ တအားကုန်ဆောင့်ရုန်းလိုက်ရာ ထိုသူ၏ လက်မှလွတ်မြောက်ပြီး လွန်ဆွဲနေသူများ၏အကြားသို့ ကျရောက်သွားလေ၏။

လွန်ဆွဲနေသူများသည် သူတို့၏ရှေ့သို့ မှောက်လျက်လဲကျလာသော ချစ်စရာကိုကြည့်၍ တအံ့တသြ အော်ဟစ်ကြလေ၏။

သို့သော် လွန်ဆွဲပွဲက အရေးကြီးနေသဖြင့် လူငယ်လေးကို ဂရုမစိုက်ဘဲ အားကြိုးမာန်တက် ဆွဲကြလေ၏။ ထိုသို့ဆွဲရင်း တစ်ဖက်မှ လူများသည် အင်အားသာလွန်ပြီး ကျန်တစ်ဖက်မှ လူများသည် စောင့်ထားနိုင်ဘဲ တရွတ်တိုက်ဆွဲပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာသည် ထိုလူများအကြားတွင် ရောက်ရှိနေ၍ မကြာမီ လူများ၏ နှင်းမိခြင်းကို ခံရတော့မည့်အန္တရာယ်ရှိ၏။

ကေရီသည် ချစ်စရာ၏အခြေအနေမကောင်းမှန်းသိသဖြင့် လူအုပ်ထဲသို့ တိုးဝင်ပြီး ဝမ်းလျားမှောက်လဲကျနေသော လူငယ်၏ ခြေထောက်ကို ဆွဲလိုက်၏။

ကေရီသည် လူငယ်ကို ကယ်တင်ပြီးသည်နှင့် လူစိမ်းနှစ်ဦး အနီးသို့ရောက်လာပြီး လူငယ်ကို လုယက်ရန် ကြိုးပမ်းကြ၏။

ကေရီက ချစ်စရာ၏ပခုံးကို ပုတ်၍

"အဲဒီလူတွေ ဘယ်သူတွေလဲ"

ဟု မေးလေရာ ချစ်စရာက

"အဖေ့တပည့်လူဆိုးလူမိုက်တွေဗျ။ ကျုပ်ကိုပြန်ခေါ်သွားလိမ့်မယ်၊ ကျုပ်တို့အမြန်ဆုံးပြေးကြရအောင်"

ဟု ပြောဆိုပြီး ကေရီလက်ကိုဆွဲကာ ထွက်ပြေးရန် ကြိုးပမ်းလေ၏။ ထိုအခိုက်မှာပင် လူစိမ်းများထပ်မံရောက်ရှိလာပြီး ကေရီ တို့ကို ဝိုင်းရံထားလိုက်၏။ လူစိမ်းတစ်ဦးက

"မပြေးနဲ့တော့ကောင်လေး...၊ မင်းအဖေပြန်ရောက်နေပြီ ငါတို့နဲ့လိုက်ခဲ့ပါ"

ဟု ပြောလေ၏။ ထိုအခါ ချစ်စရာက ခေါင်းခါယမ်း၍

"မလိုက်ဘူးဗျာ၊ ခင်ဗျားတို့နဲ့ လုံးဝပြန်မလိုက်ဘူး။ အိမ်မှာနေရင် ကျုပ်ကိုဘယ်သူမှ ဂရုမစိုက်ကြဘူး။ အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်း မနေနိုင်ဘူးဗျ"

ဟု အော်ဟစ်ကာ ကေရီ၏လက်ကို ဖက်တွယ်ထားလေ၏။ ကေရီက လူစိမ်းများကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

"ရှင်တို့နောက်ဆုတ်လိုက်ပါ၊ ကောင်လေးရဲ့စကားကို ကြားပြီးပြီ မဟုတ်လား။ သူအိမ်မပြန်ချင်သေးဘူး"

ဟု ပြောဆိုလေ၏။ ထိုအခါ လူစိမ်းများ၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက မျက်မှောင်ကြုတ်၍

"မိန်းကလေး ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်ပါနဲ့၊ ကလေးကို သူ့အဖေခေါ်ခိုင်းလို့ ကျုပ်တို့မှာ ပြန်ခေါ်ရမဲ့ဝတ္တရားရှိတယ်"

ဟု ပြောလေ၏။ ကေရီက ခေါင်းခါယမ်း၍

"ဘာပဲဖြစ်ဖြစ်လေ ကလေးက ပြန်မလိုက်ချင်တဲ့အတွက် ရှင်တို့နောက်ကို ပြန်မထည့်နိုင်ဘူး။ ကလေးရဲ့ဆန္ဒကို ဦးစားပေးရမယ်"

ဟု ပြောဆိုလိုက်ရာ လူစိမ်းများ၏ခေါင်းဆောင်သည် ဒေါသူပုန်ထသွားပြီး

"ဒီကောင်မ လူပါးဝလှချည်လား၊ မိန်းကလေးတစ်ယောက်ဖြစ်လို့ ကောင်းကောင်းမွန်မွန်ပြောနေတာ နားမလည်ဘူး"

ဟု ပြောဆိုကာ သူ၏လူများအား ချစ်စရာကို လုယက်ဖမ်းဆီးရန် အမိန့်ပေးလိုက်လေ၏။

ကေရီသည် ချစ်စရာရှိနေသရွေ့ သူ၏ဖခင်ကို ပတ္တမြားကြီး နှင့်ပတ်သက်၍ အကျပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ရိပ်စားမိ၏။ ထို့ကြောင့်







www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးကို ပြန်မလွှတ်ရန် ဆုံးဖြတ်လိုက်၏။

ကေရီသည် အနီးသို့ရောက်လာသော လူစိမ်းတစ်ဦးကို ခြေဖြင့် တအားဆောင့်ကန်လိုက်၏။ ထိုသူမှာ အားခနဲအော်၍ မြေပေါ်သို့ လဲကျသွားလေ၏။

လူစိမ်းများ၏ခေါင်းဆောင်သည် ကေရီ၏တိုက်ခိုက်ပုံကို ကြည့်၍ မျက်လုံးပြူးသွားပြီး

" ဒီကောင်မ မခေပါလား "

ဟု ရေရွတ်ကာ ကျန်သူများအား ဝင်ရောက်တိုက်ခိုက်ရန် အမိန့်ပေးလေ၏။

ထိုအခါ လူစိမ်းများလည်း ကေရီကို ဝင်ရောက်တိုက်ခိုက်ကြ၏။ အချို့လည်း လူငယ်လေးကို ဖမ်းဆီးရန် ကြိုးပမ်းကြ၏။

ကေရီသည် အနီးသို့တိုးကပ်လာသော လူစိမ်းတစ်ဦး၏ ပေါင်ကြားကို ခြေဖြင့် တအားဆောင့်ကန်ပြီး ချစ်စရာ၏လက်ကိုဆွဲ၍ အဝေးသို့ပြေးလေ၏။

ထို့နောက် ထိုအခိုက်မှာပင် နွားလှည်းတစ်စီးသည် လူအုပ်အတွင်းမှ မောင်းနှင်ထွက်သွားလေ၏။

ကေရီသည် ဖုံတထောင်း ထောင်းထနေသော နွားလှည်းကိုကြည့်၍ အကြံရသွားပြီး နွားလှည်းရှိရာသို့ ပြေး၍လိုက်လေ၏။

နွားလှည်းကိုမီသောအခါ ချစ်စရာကို လှည်းပေါ်သို့ တွန်းတင်ပြီး သူမကိုယ်တိုင် ခိုဆွဲ၍ တက်လိုက်၏။





ထို့နောက် နွားလှည်းမောင်းသူကို

" မြန်မြန်မောင်းပါရှင်၊ ကျွန်မတို့နောက်ကို လူဆိုးတွေ လိုက်လာလို့ပါ "

ဟု တောင်းပန်လိုက်ရာ နွားလှည်းမောင်းသူက အနောက်သို့ အလန့်တကြား လှည့်ကြည့်လေ၏။

ထိုအခါ နွားလှည်းနောက်သို့ လိုက်လာသော လူစိမ်းများကို မြင်လေ၏။ လှည်းသမားသည် အကင်းပါးသူဖြစ်သဖြင့် စကားမရှည်တော့ဘဲ လှည်းကို လျှင်မြန်စွာမောင်းလေ၏။

နွားလှည်းကိုဆွဲသော နွားနှစ်ကောင်မှာ အလွန်သန်မာထက်လတ်သော နွားပျိုများဖြစ်သဖြင့် ဖုံတထောင်းထောင်း ထအောင် ပြေးလေ၏။

သို့သော် လူစိမ်းတစ်ဦးသည် လှည်းကို အမီလိုက်လာနိုင်ပြီး ခိုဆွဲ၍တက်လိုက်၏။

ကေရီသည် လှည်းပေါ်တက်ရန် ကြိုးစားသူကို ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ ထိုသူသည် ဖုံတောထဲတွင် လဲ၍ ကျန်ရစ်ခဲ့လေ၏။

ချစ်စရာသည် ထိုမြင်ကွင်းကိုကြည့်၍ သဘောကျဟန်ဖြင့် လက်ခုပ်တီးလိုက်ပြီး

" ဟား ဟား ဟား... အစ်မခြေထောက်သိပ်ပြင်းတယ်၊ ဒီလူကြီးတော့ ဖုံတောထဲမှာ မထနိုင်တော့ဘူး "

ဟု ချီးကျူးလေ၏။ ထိုအခိုက်မှာပင် နွားလှည်းသည် လူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဝေးရာသို့ ရောက်ရှိသွားလေ၏။

လှည်းသမားသည် ထိုအခါမှပင် စပ်စုရန် ကြိုးပမ်းလေရာ ကေရီက လက်ကာပြ၍

“ ဒီလူတွေအကြောင်းကို မစပ်စုဘဲ ကားလမ်းပေါ်ကို ပြန်ပို့ပေးရင် ရှင့်ကို ငွေတစ်ကျပ်တိတိပေးမယ်၊ စကားတစ်ခွန်း လောက် စပ်စုမိရင်တော့ တစ်ပြားမှ မပေးနိုင်ဘူး ”

ဟု ပြောလေရာ ပိုက်ဆံမက်သော လှည်းသမားက

“ တစ်ကျပ်ရရင်တော့ တစ်လုံးမှမစပ်စုဘူးဗျာ၊ ခင်ဗျား ကတိတည်ပါစေ ”

ဟု ပြောလေ၏။ ကေရီက ပိုက်ဆံတစ်ကျပ်ကို ထုတ်၍ လှည်းသမားရှေ့၌ ထောင်ပြကာ

“ ဟောဒီမှာ ပိုက်ဆံတစ်ကျပ် မစပ်စုလို့ကတော့ ရှင့်ကို ရက်ရက်ရောရောကြီးပေးလိုက်မယ် ”

ဟု ပြောလိုက်ရာ လှည်းသမားသည် ပါးစပ်ပိတ်၍ လှည်းကို မောင်းလေတော့၏။

ကေရီသည် ကားလမ်းပေါ်သို့ရောက်သောအခါ သူမ၏ ကတိအတိုင်း လှည်းသမားကို ငွေတစ်ကျပ်ပေးလိုက်၏။

လှည်းသမားသည် ငွေတစ်ကျပ်ကိုကိုင်၍ ပျော်ရွှင်ဟန်ဖြင့် တရှုံ့ရှုံ့နမ်းလိုက်လေ၏။

ထို့နောက်တွင်မူ ကေရီနှင့် ချစ်စရာသည် လော်ရီကားကြီး





တစ်စီးကို လမ်းကြိုလိုက်၍ ခရီးဆက်ခဲ့ပြန်၏။ ကေရီသည် လမ်းခရီး၌ ပြည်လုံးကျော်ပတ္တမြားကြီးကို ရယူရန် နည်းလမ်းများကို စဉ်းစားနေလေ၏။

မောင်မောင်စိုး၏တပည့်များသည် ချစ်စရာကို လိုက်လံဖမ်းဆီး၍ပင်နေလေ၏။ ထို့ကြောင့် ချစ်စရာ၏ပခုံးကိုပုတ်၍

“ ဒီမှာကောင်လေး၊ မင်းပြောတော့ မင်းအဖေက ဂရုမစိုက်ဘူးဆို၊ အခုတော့ မင်းကိုစိုးရိမ်လို့ တပည့်တွေလွှတ်ပြီးတောင် ဖမ်းဆီးခိုင်းနေပြီ ”

ဟု ပြောလေရာ လူငယ်လေးက သူ၏ခေါင်းကိုညိတ်၍

“ ဟုတ်တယ်၊ အဖေဟာ ကျုပ်ကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘူး၊ ဒါအမှန်ပါပဲ၊ အခုတော့ ကျုပ်ကို သူ့တပည့်တွေလွှတ်ပြီး ဖမ်းခိုင်းနေတာ အံ့ဩလို့မဆုံးဘူး ”

ဟု ပြောလေ၏။ ကေရီက ချစ်စရာကို ကြည့်၍

“ အိမ်ကထွက်ပြီး လောကကြီးထဲမှာ မျက်စိသူငယ်ဖြစ်နေမှာကို စိတ်မချလို့နဲ့တူတယ်၊ တကယ်ဆိုတော့ မင်းအဖေက မင်းကို ချစ်ပါတယ်ကွာ၊ အထင်မလွဲပါနဲ့ ”

ဟု ဖျောင်းဖျလေ၏။ ကေရီသည် ချစ်စရာကို ပြည်လုံးကျော်ပတ္တမြားကြီးအတွက် ဓားစာခံအဖြစ် ခေါ်ယူထားသော်လည်း မိဘနှင့်သားသမီးကြား ရန်တိုက်မပေးလိုသဖြင့် ဖျောင်းဖျနေခြင်းဖြစ်၏။

သို့သော် ချစ်စရာက ဖျောင်းဖျခြင်းကို မခံယူလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



" အဖေ ကျုပ်ကို မချစ်တာတော့ သေချာပါတယ်ဗျာ၊ ကျုပ်ကို အသေအလဲလိုက်ရှာနေတာဟာ အကြောင်းကိစ္စတစ်ခု ရှိပုံရတယ်၊ ဒါမှမဟုတ် အိမ်ကဆင်းသွားတဲ့ကျုပ်ကို ကောင်းကောင်းရိုက်နှက်ချင်လို့ တပည့်တွေလွှတ်ပြီး ဖမ်းခိုင်းတာဖြစ်နိုင်တယ်၊ ဒါကြောင့် အိမ်ကို လုံးဝမပြန်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ အိမ်ကို ပြန်ရောက်ရင် အဖေက ကျုပ်ကို ကြိမ်လုံးစာကျွေးလိမ့်မယ် ''

ဟု ပြောဆိုလေ၏။ ကေရီက ချစ်စရာကိုကြည့်၍ နှာခေါင်းရှုံ့လိုက်ပြီး

" မင်းက အတော်ခေါင်းမာတဲ့ကောင်လေးပဲ၊ တားဆီးလို့မရလဲ လုပ်ချင်ရာလုပ်ပေတော့၊ မင်းသဘောပဲ ''

ဟု ပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ဗိုင်းခနဲမြည်သော အသံနှင့်အတူ ကားမှာ လမ်းနံဘေးသို့ ထိုးရပ်သွား၏။

ကေရီက လူငယ်၏ပခုံးကိုပုတ်၍

" ငါတို့ခရီးဆုံးပြီဟေ့၊ ကားဘီးပေါက်သွားပြီ ''

ဟု ဆိုကာ ဆန်အိတ်များပေါ်မှ ခုန်ချလေ၏။

ထိုအခါ ချစ်စရာက

" ကားဘီးပေါက်သွားလဲဘာဖြစ်လဲဗျ၊ သူတို့ကားကို ဘီးပြင်လဲမှာပေါ့ ''

ဟု ပြောလေ၏။ ကေရီက ရယ်မော၍





" ဒီကားကို လမ်းကြုံလိုက်ကတည်းက ငါကြည့်ပြီးသား ဟဲ့၊ သူတို့ရဲ့စပယ်ယာဘီးက ပေါက်နေတယ်၊ လေလုံးဝမရှိတော့ဘူး၊ ဒါကြောင့် ဒီနေ့ညဒီမှာနားပြီး မနက်ဖြန်ကျမှ ခရီးဆက်လိမ့်မယ်၊ ရောက်ပြီးတော့ အရေးကြီးတာထပ်ပြောလိုက်ဦးမယ်၊ စပယ်ယာနဲ့ ဒရိုင်ဘာက တဏှာရူးတွေဟဲ့၊ ငါ့ကိုယ်လုံးကို ကြည့်တာ မျက်လုံးကျွတ်ထွက်မတတ်ဘဲ၊ ဒါကြောင့် ဒီနေ့ည သူတို့နှစ်ယောက် ငါ့ကို မတရားကြံလိမ့်မယ် ''

ဟု ပြောလေရာ ချစ်စရာသည် မျက်လုံးပြူးသွားပြီး

" ဟင်... ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ကေရီက

" ဘယ်လိုလုပ်ရမလဲ၊ ဒီနေရာက ငါတို့ထွက်သွားရမှာပေါ့ ''

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် အနီးသို့ စပယ်ယာရောက်ရှိလာပြီး

" ဘီးပေါက်သွားပြီ၊ ကျုပ်တို့ကား ဒီမှာညအိပ်မှဖြစ်မယ်၊ မနက်ဖြန်မှ ကားဘီးကိုသွားဖာရမယ် ''

ဟု ပြောလေ၏။ ထိုအခါ ကေရီက ပခုံးတွန့်၍

" ဘီးပေါက်သွားလဲ အရေးမကြီးပါဘူး၊ ငါတို့ခရီးက ဒီမှာ ဆုံးသွားပြီ၊ ကားကြုံလိုက်ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်''

ဟု ပြောလိုက်လေရာ ယနေ့ည သူမကို စော်ကားရန် ကြံရွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော စပယ်ရာနှင့်ဒရိုင်ဘာသည် မျက်လုံးပြူးသွားပြီး စပယ်ရာ

" ဟင်... မင်းဘယ်ကိုသွားမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကေရီက

" ငါတို့ခရီးက ဦးတည်ရာမရှိဘူး၊ ခြေဦးတည်ရာပဲ၊ သွားချင်တဲ့ နေရာရှိရင် သွားလိုက်တယ်၊ မသွားချင်ရင် နားနေလိုက်တာပဲ၊ ဒါကြောင့် ဒီနေရာက ထွက်သွားတော့မယ် "

ဟု ပြောလိုက်ရာ ဒရိုင်ဘာသည် ကေရီ၏ လှပသော ကိုယ်လုံးကို ကြည့်၍ မချင့်မရဲဖြစ်သွားပြီး

" ဟော့... မင်းတို့ကို ငါတို့ကားနဲ့လမ်းကြုံတင်လာခဲ့ပြီးပြီ ဒီလိုသွားချင်ရာသွားလို့ ဘယ်ရမလဲ "

ဟု နိုင်ထက်စီးနင်းပြုချင်ဟန်ဖြင့် ပြောဆိုလေ၏။ ကေရီက မဲ့ပြုံးပြုံး၍

" အေဩ်... ဒီလိုလား၊ ရှင်တို့သတ္တိရှိရင် တားကြည့်လေ၊ ထိပ်ပေါက်ခေါင်းကွဲဖြစ်ရင် အဆိုးမဆိုနဲ့နော် "

ဟု ပြောလေ၏။ စပယ်ရာသည် ကေရီကိုကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ

" ကောင်မ... သေပေတော့၊ နင့်ကို အစိမ်းလိုက်ဝါးစားမယ် "

ဟု ကြုံးဝါးကာ အနီးသို့ တိုးကပ်၍ဖက်ရန် ကြိုးစည်လိုက်၏။

ကေရီသည် စပယ်ရာ၏လက်ချောင်းများကို ဖမ်းချုပ်လိုက်ပြီး ဆတ်ခနဲ လှန်ချိုးလိုက်ရာ စပယ်ရာသည် အားခနဲအော်၍ မြေပေါ်သို့





ထောက်ကျသွားလေ၏။

ကေရီက ဒူးထောက်ကျသွားသောစပယ်ရာ၏ မျက်နှာကို ဒူးဖြင့် တိုက်လိုက်ရာ စပယ်ရာသည် မေ့မြောသွားလေ၏။ ဒရိုင်ဘာသည် စပယ်ရာ၏အဖြစ်ကိုကြည့်၍ မျက်လုံးပြူးသွားပြီး ကြောင်အမ်းအမ်း ဖြစ်နေလေ၏။

ကေရီက ဒရိုင်ဘာကိုလက်ယက်ခေါ်၍

" တဏှာရူးကြီး၊ ရှေ့ကိုတိုးလေ ဘာကြောင်ကြည့်နေတာ "

ဟု ပြောလေ၏။ ထို့နောက် ကေရီက ရှေ့သို့တိုးရာ ဒရိုင်ဘာက နောက်သို့ ဆုတ်လေ၏။

ထိုအခါ ကေရီက တစ်လှမ်းပြီးတစ်လှမ်း တိုးလေရာ ဒရိုင်ဘာသည် နောက်သို့ ထွက်ပြေးလေတော့၏။ ထိုမြင်ကွင်းကိုကြည့်၍ ချစ်စရာက သဘောကျဟန်ဖြင့် လက်ခုပ်တီး၍

" သတ္တိမရှိတဲ့လူကြီး၊ ရှေ့ကိုတိုးလေဗျာ၊ မိန်းမတစ်ယောက်ကိုတောင် မယှဉ်ဝံ့ဘူးလား "

ဟု အော်ဟစ်လေ၏။ ထိုအခိုက်မှာပင် ကေရီက ချစ်စရာ၏ လက်ကိုဆွဲ၍

" ဟဲ့ကောင်လေး... အော်ဟစ်မနေနဲ့၊ နေဝင်တော့မယ်၊ သွားချင်တဲ့နေရာကိုရောက်အောင် မြန်မြန်သွားကြမယ် "

ဟု ပြောကာ လယ်ကွင်းများကို ဖြတ်သန်း၍ ခရီးနှင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီတို့သည် လယ်ကွင်းများကို အတန်ကြာအောင် ဖြတ်သန်းပြီးနောက် ရွာတစ်ရွာသို့ရောက်လေ၏။

ရွာထိပ်သို့ရောက်သောအခါ လော်စပီကာသံကို ကြားရသဖြင့် ကေရီက

" ဘုရားကိုးဆူရှိတယ်ထင်တယ်၊ ဒီနေ့ညတော့ ငါတို့နှစ်ယောက်အတွက် စားရေးသောက်ရေး မခက်ခဲတော့ဘူး "

ဟု ပြောလေ၏။ ရွာထဲသို့ရောက်သောအခါ လယ်ပိုင်ရှင်တစ်ဦး၏ အိမ်ဖြစ်ဟန်တူသော သွပ်မိုး၊ ပျဉ်ထောင်အိမ်ကြီးကို တွေ့ရလေ၏။

အိမ်ပေါက်ဝတွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသောလူများကိုလည်း တွေ့ရ၏။

အိမ်ကြီး၏ ပြတင်းပေါက်မှ ကြေးစည်သံကို နှောင်စ်စနဲ့မြည်အောင် ကြားရပြီး ဘုရားကိုးဆူဆရာ၏ သာယာနာပျော်ဖွယ် ရွတ်ဖတ်သောအသံကိုလည်း ကြားရလေ၏။

အလှူရှင်၏ ဆွေနီးမျိုးစပ်ဖြစ်ဟန်တူသူများနောင်းလာပြီး ကေရီလက်ကိုဆွဲကာ အမျိုးသမီးတစ်ဦးက

" ဧည့်သွားတွေထင်တယ်၊ ဘုရားကိုးဆူမှာ ထမင်းဝင်စားပါဦး နေဝင်ကာနီးပြီ၊ ဒီရွာမှာ ခရီးတစ်ထောက်နားပြီး ညအိပ်ပါဦး "

ဟု ဖိတ်ခေါ်လေ၏။

အိမ်ထဲသို့ ရောက်သောအခါ ကေရီသည် လယ်သူမတစ်ဦး





ကဲ့သို့ စုတ်ချာသောအဝတ်အစားများနှင့် ခမောက်ဆောင်းထားသဖြင့် လူအများစိတ်မဝင်စားသော်လည်း ဘောင်းဘီရှည်၊ ရှူး ဖိနပ်နှင့် ရှာကင်အကျီဝတ်ထားသော ချစ်စရာကို စိတ်ဝင်စားတန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

ထို့နောက် အလှူရှင်အဒေါ်ကြီးက ကေရီတို့ကို အခန်းထောင့်စားပွဲသို့ ခေါ်သွားပြီး ထမင်းဟင်းများကို ကျွေးမွေးလေ၏။

ကေရီတို့သည် ဗိုက်ထဲတွင် ဆာလောင်၍ အူတကြုတ်ကြုတ်မြည်နေသဖြင့် ထမင်းဟင်းများကို မြိန်ရှက်စွာ စားသောက်လေ၏။

ထမင်းစားပြီးသောအခါ အလှူရှင်အဒေါ်ကြီးနှင့် ရွာသူများက အချိုပွဲနှင့်ဧည့်ခံရင်း သူမတို့အကြောင်းကို စပ်စုရန်ကြိုးပမ်းလေ၏။

ထိုအခိုက်မှာ မြင်းခွာသံများကို ကြားရသဖြင့် အလှူရှင်အဒေါ်ကြီး မျက်စိမျက်နှာပျက်သွားပြီး

" မြင်းခွာသံကြားရတယ်၊ ဓားပြ၊ ဓားပြတွေလာပြီနဲ့ တူတယ် "

ဟု ရေရွတ်လေရာ ရွာသူများသည် အထိတ်တလန့်ဖြစ်သွားလေ၏။

ဘုရားကိုးဆူအလှူပွဲသို့ လာရောက်စားသောက်သူများသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။

အချို့သော သတ္တိကြောင်သူများသည် စားလက်စပန်းကန်များကိုချ၍ အလှူအိမ်မှ ထပြေးလေ၏။

ငွေကိုးချေးစားသော အဘွားကြီးတစ်ဦးသည် ကြောက်လွန်း၍



www.burmeseclassic.com

www.burmeseclassic.com



သေးများ အဖျန်းဖျန်းကျလေ၏။

ထိုအခိုက်မှာပင် မြင်းခွာသံများ တဖြည်းဖြည်းနီးလာ

အလှူရှင်အိမ်ရှေ့တွင် ရပ်တန့်သွားလေ၏။

ကောရီသည် ပြတင်းပေါက်မှ ချောင်းကြည့်လိုက်ရာ မျက်

ဖုံးစွပ် မြင်းစီးဓားပြ ၆ ယောက်ကို တွေ့လိုက်ရလေ၏။

ဓားပြများ၏လက်ထဲတွင်လည်း သေနတ်ကိုယ်စီ တွေ့ရလေ

ထိုအခါ ချစ်စရာက အထိတ်တလန့်ဖြင့်

" အစ်မရေ ဘယ်လိုလုပ်ကြမလဲ၊ အိမ်ကို ဓားပြတွေ

ထားပြီးပြီ၊ အလှူ့အိမ်မှာ ထမင်းတက်စားတာ မှားပြီနဲ့တူတယ် "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောရီက လက်ကာပြ၍

" ဘယ်လိုလုပ်ကြမလဲဆိုတော့၊ ဒီလိုပဲလုပ်ရမှာပေါ့ "

ဟု ပြောဆိုကာ အနီးရှိအခန်းတစ်ခန်းထဲသို့ ခပ်တည်တည်

ဝင်သွားလေ၏။

ထို့နောက် အခန်းထဲရှိ မှန်တင်ခုံရှေ့တွင် အကျအနဆ

အလှပြင်နေလေတော့၏။

ချစ်စရာသည် မျက်နှာကို ပေါင်ဒါများရိုက်၍ နှုတ်ခမ်း

နေသော ကောရီကိုကြည့်၍

" အစ်မကလည်း အရေးထဲအလှပြင်နေသေးတယ်၊ ဓား

ဝင်လာတော့မယ်ဗျ။ မြန်မြန်လုပ်ပါ "

ဟု အော်ဟစ်လေ၏။ ထိုအခါ ကောရီက နှုတ်ခမ်းနီဆိုး





မှ လှည့်ကြည့်၍

" ဟဲ့... ချစ်စရာ နှင့်ပါးစပ်ကို ပိတ်ထားစမ်း။ နောက်ပြီးတော့

အခန်းအပြင်ကို ထွက်သွားစမ်း၊ မိန်းကလေးတစ်ယောက် အလှ

ပြင်နေတာ ထိုင်ကြည့်နေရလား "

ဟု ချစ်စရာကို မောင်းထုတ်လေ၏။ ချစ်စရာသည် မျက်နှာ

ရှုံ့မဲ့၍

" အစ်မကလည်းဗျာ၊ ဒီအချိန်ကြီးမှာ အလှပြင်နေတယ် "

ဟု မကျေမနပ်ရေရွတ်ကာ အခန်းဝမှ ရှောင်ထွက်သွားလေ၏။

ကောရီသည် သူမ၏နှုတ်ခမ်းကို နီရဲအောင်ဆိုးလိုက်ပြီးနောက်

ဆံပင်ကို စည်းနှောင်လိုက်လေ၏။ ထို့နောက် ဟောင်းနွမ်းသော ထဘီ

နှင့်အင်္ကျီကို ချွတ်၍ ကြိုးတန်းပေါ်တွင် တွေ့ရသော ဝတ်ကောင်း စားလှ

များကို ရှာဖွေပြီး ဝတ်ဆင်လေ၏။

ထိုအခိုက်မှာပင် အိမ်ထဲသို့ ဓားပြများဝင်ရောက်လာပြီး ဓားပြ

ခေါင်းဆောင်က သေနတ်ကိုဗိုင်းခနဲ ထောင်ပစ်၍

" အားလုံးမလှုပ်ကြနဲ့နော်၊ မျက်စိနောက်ရင် မသာဖြစ်

သွားမယ်၊ အသက်မသေချင်ရင်တော့ ရှိတဲ့ပစ္စည်းတွေထုတ်ပြီး အသင့်

တိုင်ထားကြ၊ ဖွက်ထားမယ်ကြံရင်တော့ မိရင် သေဒဏ်ပဲ "

ဟု ခြိမ်းခြောက်လိုက်ရာ ဓားပြများကိုကြည့်၍ အလှူ့အိမ်ပေါ်ရှိ

လူများသည် အလွန်ထိတ်လန့်သွားလေ၏။

ချစ်စရာသည် ဓားပြများမမြင်နိုင်သော စီရိုကြီးတစ်လုံး နောက်

www.burmeseclassic.com



တွင် ဝင်ရောက်ပုန်းအောင်းနေ၏။

စံပိုကြီး၏နောက်တွင် သေးငယ်သော ကွက်လပ်တစ်ခုရှိသော

ချစ်ရောသည် ကလေးငယ်တစ်ဦးဖြစ်သဖြင့် ချောင်းချိုစွာဝင် နိုင်၏

ဘုရားကိုးဆူးသို့ ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် ရောက်ရှိနေသော

မိန်းမများသည် နမြောတွန့်တိုစွာဖြင့် လက်ကောက်၊ ဆွဲကြိုးများ

ချွတ်ပေးနေကြ၏။

ဓားပြခေါင်းဆောင် ဆွဲကြိုးကို မချွတ်ချင်ချွတ်ချင် ပြုလုပ်

သော မိန်းမကြီးတစ်ယောက်ကို စိတ်မရှည်နိုင်တော့ဘဲ ဆွဲကြိုး

လက်ဖြင့် ဆောင့်ဖြတ်လိုက်ပြီး

'' မိန်းမကြီး ကြာလိုက်တာ၊ လက်ကောက်ကို အမြန်

မချွတ်ရင် လက်ကိုဖြတ်ယူမယ် ''

ဟု ခြိမ်းခြောက်လိုက်ရာ မိန်းမကြီးသည် လက်ကောက် များ

ကြောက်ကြောက်ရွံ့ရွံ့ အလျှင်အမြန်ချွတ်လေ၏။

သို့သော် သူမ၏ ဝဖြိုးသောလက်များကြောင့် လက် ကော

များ ချွတ်မရသဖြင့် ထိတ်လန့်ပြီး ချွေးသီးချွေးပေါက်များ ကျလာ

ဓားပြခေါင်းဆောင်သည် ခါးကြားမှ ဓားမြောင်ကိုထုတ်၍

'' မိန်းမကြီး ခင်ဗျားက ပညာစမ်းနေတယ်ပေါ့။ လက်

ဖြတ်ပစ်လိုက်ရမလား ''

ဟု ခြိမ်းခြောက်လိုက်ရာ မိန်းမကြီးက ကြောက်ရွံ့စွာဖြင့်

'' မလုပ်ပါနဲ့ရှင်၊ ပညာစမ်းတာမဟုတ်ပါဘူး။ တကယ်





ခရလို့ပါ ''

ဟု တောင်းပန်လေ၏။

ထိုအခိုက်မှာပင် ကေရီသည် လှပစွာပြင်ဆင်၍ အိပ်ခန်းထဲမှ

ဆူမြေရရ ထွက်လာခလေ၏။

ဓားပြတိုက်ခံရသဖြင့် အလှူအိမ်တစ်အိမ်လုံး အထိတ်တလန့်

ဖြစ်နေစဉ် လှပစွာပြင်၍ ပြုံးတုံ့တုံ့ အမူအရာဖြင့်ထွက်လာသော

ကေရီကို တအံ့တသြကြည့်ရှုကြလေ၏။

ကေရီသည် ဓားပြခေါင်းဆောင်ရှိရာသို့ လျှောက်သွားပြီး

'' အစ်ကိုကြီး ဘာဖြစ်လို့ စိတ်တွေလောနေတာလဲရှင်၊ အလှူ

ရှင် ဒါနမြောက်သွားအောင် အေးအေးဆေးဆေး ထမင်းစားပါဦး၊

ဝက်သားဆီပြန်ဟင်း၊ ကြက်သားဟင်းနဲ့ အစ်ကိုကြီးတို့ ထမင်းစား

မြိန်စေရပါမယ် ''

ဟု ဖိတ်ခေါ်လိုက်လေရာ ဓားပြခေါင်းဆောင်သည် မိန်းမလှ

လေး၏ ဖိတ်ခေါ်ခြင်းကို မငြင်းဆန်တော့ဘဲ ပြုံးဖြီးဖြီးဖြင့်

'' ဟီး ဟီး... ညီမလေးက စားစေချင်ရင်တော့ အစ်ကိုကြီးတို့

စားရမှာပေါ့၊ ထမင်းစားပြီးမှ ဓားပြဆက်တိုက်ရမယ်၊ ထမင်းသာ

မြင်ပေတော့ ''

ဟု ပြောဆိုလေ၏။ ထိုအခါ ကေရီက ကြောင်အန်းအန်း

ကြည့်နေသော ရွာသူမိန်းမပျိုလေးများကို ထမင်းပြင်ခိုင်းလိုက်လေ၏။

မိန်းမပျိုများသည် ကေရီ၏အပြုအမူကို နားမလည်ဟန် ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေစဉ် ကေရီက

" ဘာကြောင့်ကြည့်နေတာလဲ၊ ထမင်းပြင်ကြလေ၊ ဟောဒီ

အစ်ကိုကြီးတွေ ထမင်းဆာနေပြီ "

ဟု ပြောလေရာ မိန်းမပျိုများသည် ကြောက်ကြောက်

ထမင်းပြင်ဆင်ကြ၏။

မိန်းမပျိုလေးများ ထမင်းပြင်ပြီးသောအခါ ကေရီကိုယ်တိုင်

ဦးဆောင်၍ ဓားပြများကို ညွှန်ခံလေ၏။ ဓားပြများသည် ဟင်း

စုံလင်လှသော ထမင်းဝိုင်းကိုကြည့်၍ သွားရည်များကျလာ

သေနတ်များကို နံဘေးတွင်ချ၍ မြိန်ရှက်စွာ စားသောက်ကြလေ၏

ဓားပြများ ထမင်းစားသောက်နေစဉ် အလှူရှင်နှင့် ရွာ

ရွာသားများသည် အထိတ်တလန့်ကြည့်ရှုနေကြ၏။

ဓားပြများက အိမ်တံခါးများကို ချက်ချထားသဖြင့် ထွက်

ပြေးရန်လည်း အခက်တွေ့နေလေ၏။

ကေရီသည် ဓားပြခေါင်းဆောင်ကို ဖွယ်ဖွယ်ရာရာ ညွှန်ခံ

နှံသာဖြူယပ်တောင်ကလေးဖြင့် တဖျတ်ဖျတ်ခပ်ပေးနေလေရာ ဓား

ခေါင်းဆောင်သည် အလွန်သဘောကျနေလေ၏။

ထို့ကြောင့် ထမင်းများကို တစ်ပန်းကန်ပြီးတစ်ပန်းကန် ထည့်

လေ၏။ ဓားပြခေါင်းဆောင်သည် ဗိုက်တင်းပြီး စားပို့နင့်သောအခါ

ထမင်းစားခြင်းကို ရပ်၍

" မင်းရဲ့စေတနာကောင်းပါတယ်၊ ဒါပေမဲ့ ဆက်စားရင် ကျ





စားပို့နင့်ပြီးသေတော့မယ်၊ တော်လောက်ပြီမိန်းကလေး "

ထိုအခါ ကေရီက ဓားပြခေါင်းဆောင်၏ပေါင်ပေါ်တွင် တင်ထား

သော ခြောက်လုံးပြူးသေနတ်ကို ဆတ်ခနဲကောက်ကိုင်ကာ ၎င်း၏

နားထင်ကိုတေ့၍

" စားလို့ဝပြီဆိုရင်တော့ ထောင်ထဲကို ရှောင်းဖို့သာပြင်

ပေတော့၊ စေတနာကောင်းလို့ ကျွေးနေတာမဟုတ်ဘူး။ အင်မတန်

ညံ့ဖျင်းတဲ့ ထောင်ထမင်း၊ ထောင်ဟင်းကို စားရကာနီးလို့ ထောင်

ထဲမရောက်မီ စားကောင်းသောက်ကောင်းတွေကို တဝကြီးကျွေး

နေတာ၊ အလှူရှင်လည်း ဒါနမြောက်သွားအောင်လို့ပါ "

ဟု ပြောလေရာ ဓားပြများသာမက အလှူအိမ်ရှိလူများ

အားလုံး မျက်လုံးပြူးသွားလေ၏။ ဓားပြခေါင်းဆောင်က ဒေါသ

တကြီးဖြင့်

" ဒါ ဘာလုပ်တာလဲ မိန်းကလေး၊ ကျုပ်ကို နောက်ပြောင်

နေတာလား "

ဟု အော်ဟစ်လေ၏။ ထိုအခါ ကေရီက တခစ်ခစ်ရယ်မော၍

" ဓားပြခေါင်းဆောင်ကြီးကို ကျွန်မ မနောက်ပံ့ပါဘူး၊ ရှင်တို့

တွေဟာ ဘုရားမကြိုက်တဲ့အလုပ်တွေကိုလုပ်နေလို့ ဗုဒ္ဓဘာသာ

ဝင်တွေပီပီ ကျွန်မတို့က အပယ်မလားအောင် ကူညီစောင့်မ ပေးမလို့ပါ၊

ရှင်တို့ရဲ့ မိုက်ပစ်တွေကို ထောင်ထဲမှာ သွားဆေးပစ်လိုက်ပါ ပြီးရင်

သာသနာ့ဘောင်ထဲဝင်ပြီး တရားဘာဝနာ အားထုတ်လိုက်ပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ခေးပြခေါင်းဆောင်သည် စိတ်မထိန်းနိုင်တော့ဘဲ ဒေါသတကြီးဖြင့်

" ဘာ... ကျုပ်က ဘုန်းကြီးဝတ်ရမယ်ဟုတ်လား၊ ဘယ်တော့မှမဝတ်ဘူး၊ ကောင်မ ကျုပ်သေနတ်ကို ပြန်ပေးစမ်း၊ ကျုပ် စိတ်ဆိုးလာရင် မလွယ်ဘူးနော် "

ဟု အော်ဟစ်လေ၏။ ထိုအခါ ကေရီက ခြောက်လုံးပြူးကို ချောက်ခနဲမောင်းတင်လိုက်ရင်း

" ရှင်စိတ်ဆိုးမှာကနောက်၊ လောလောဆယ် ကျွန်မရဲ့ လက်ညှိုးကလေးကို ကွေးလိုက်ရင် ရှင် ရေပြည်ကိုရောက်သွားမယ် သေကာနီး အပယ်မလားအောင် ကျွန်မက စေတနာနဲ့ လမ်းပြနေတာ နာခံစမ်းပါ "

ဟု ဣန္ဒြေရရ ပြောလေရာ ခေးပြများသည် သေနတ်များကို စွဲကိုင်၍ လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

အလှူအိမ်ရှိ လူများလည်း အထိတ်တလန့် ဖြစ်သွားလေ၏။

ခေးပြခေါင်းဆောင်သည် ကေရီ၏အမူအရာကြောင့် ထိတ်လန့်သွားပြီး ချွေးသီးချွေးပေါက်များကျလာကာ

" ဟင်... မင်း...မင်း လက်ထဲက သေနတ်ကို ချလိုက်ပေါ့ပါ၊ ကျည်ဆန်ထွက်သွားမယ် "

ဟု ပြောလေ၏။ ကေရီက ခေါင်းခါယမ်း၍

" ဟင်း ဟင်း... လူစွမ်းကောင်းကြီး အပြစ်မဲ့ရွာသားတွေကို လက်နက်နဲ့ ခြောက်လှန့်ပြီး ကိုယ့်အလှည့်ကျမှ သေရမှာ ကြောက်နေပြီလား၊ ရှင် လူတွေအားလုံးကို လက်နက်ချခိုင်းလိုက်စမ်း၊ အမြန်လုပ်နော်၊ နောက်ကျရင် ကျွန်မကို အဆိုးမဆိုနဲ့ "

ဟုပြောလိုက်ရာ ခေးပြခေါင်းဆောင်သည် ကေရီ၏ သွေးအေးအေးနှင့် လုပ်မည့်ပုံကိုမြင်၍ သူ၏တပည့်များအား လက်နက်ချခိုင်းလေ၏။

ခေးပြခေါင်းဆောင်၏ စေခိုင်းချက်ကြောင့် ခေးပြများသည် လက်နက်မချသေးဘဲ တုံ့ဆိုင်းဆိုင်း ပြုနေကြ၏။

ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" ဒီလူတွေ ဘာလို့ နောက်တွန့်နေတာလဲ၊ ကျွန်မ စိတ်ရှည်တော့ဘူးနော် "

ဟု အော်ဟစ်ကာ ခြောက်လုံးပြူးကို ပစ်ရန်ကြံလိုက်ရာ ခေးပြခေါင်းဆောင်က ဖောချွေးများပြန်လာပြီး ခေးပြများကို အလျှင်အမြန် လက်နက်ချခိုင်းလေ၏။ ခေးပြများသည် မတတ်သာ သောအခါမှပင် လက်နက်များချလေ၏။

ကေရီသည် ထိုအခါမှပင် ခေးပြခေါင်းဆောင်ကို ပြုံးတုံ့တုံ့ ဖြင့် ကြည့်ရှု၍

" လောဘ၊ ဒေါသ၊ မောဟစိတ်တွေကြောင့် ရှင့်စိတ်တွေ သိပ်ပြီး မှုလောင်နေတယ်၊ လောကကြီးကို မေ့ပြီး အေးအေးချမ်းချမ်း အိပ်လိုက်ဦး "

www.burmeseclassic.com



ဟု ပြောဆိုရာ ထိုသူ၏ခေါင်းကို သေနတ်ဒင်ဖြင့်ထုလိုက်ရာ မေ့မြောသွားလေ၏။

ထို့နောက် ကေရီသည် ဓားပြများကို သေနတ်ဖြင့်ချိန်၍ ၎င်းတို့၏လက်နက်များကို သိမ်းဆည်းခြင်း ကြိုးတုတ်ခြင်းတို့ကို ရွာသားများ၏ အကူအညီဖြင့် ပြုလုပ်လေ၏။

ဘုရားကိုးဆူ အလှူရှင်များသည် ကေရီကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောဆိုလေ၏။

ရွာသူရွာသားများကလည်း မိန်းမသားတန်မဲ့ သူရသတ္တိ ရှိသော ကေရီကို တဖွဖွ ချီးကျူးကြလေ၏။

ခြောက်လုံးပြူးသေနတ်ကို မောင်းတင်၍ ဓားပြခေါင်းဆောင်၏ နားသင်ကိုတေ့ပြီး ခြိမ်းခြောက်ဟန်ကို တဖွဲ့တနွဲ့ ပြောဆိုကြလေ၏။

ထိုနေ့ညက ကေရီနှင့် ချစ်စရာ အိပ်စက်ရန် အလှူအိမ်၏ အိမ်နောက်ဘက်ရှိ အခန်းတစ်ခန်းတွင် စီစဉ်ပေးလေ၏။

ကေရီက ချစ်စရာကိုကြည့်၍

" ဓားပြတွေအိမ်ထဲကို ရောက်လာတုန်း။ မင်းဘယ်ကို ရောက်နေတာလဲ "

ဟု မေးမြန်းလေ၏။ ချစ်စရာက သက်ပြင်းချ၍

" ကျုပ် တံခါးကြားမှာ ဝင်ပုန်းနေတာပါ။ အစ်မ ဓားပြတွေကို သေနတ်နဲ့ ချိန်တုန်းက ကျုပ်မြင်နေတယ်၊ ဒါပေမဲ့ ညှိခန်းထဲကို ထွက်မလာရဲလို့ ငြိမ်ပြီးပုန်းနေတာဗျ "





ဟု ပြောလေ၏။ ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" မင်းက ဘာဖြစ်လို့ ထွက်မလာတာလဲ၊ ယောက်ျားဖြစ်ပြီး သတ္တိနည်းလို့လား "

ဟု မေးမြန်းလေ၏။ ချစ်စရာက သက်ပြင်းချ၍

" သတ္တိနည်းလို့ မဟုတ်ဘူးဗျ၊ အကြောင်းရှိလို့၊ ဘုရားကိုးဆူ ...ကို ဓားပြတိုက်ဖို့ တက်လာတဲ့လူတွေက ကျုပ်အဖေရဲ့ တပည့်တွေ ...ဒီပုံအတိုင်းဆိုရင် အဖေ့တပည့်တွေဟာ ဒုစရိုက်သမားတွေဖြစ်နေပြီ၊ ...င်... ဒါဆိုရင် အဖေလည်း ဒုစရိုက်သမားဖြစ်နေပြီပေါ့ "

ဟု ရေရွတ်လေ၏။ ထိုအခါ ကေရီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ မင်းအဖေဟာ ဒုစရိုက်အလုပ်မျိုးကို လုပ်တယ်လို့ ...ည်သတင်းထွက်နေတာကြာပြီ၊ ဘာပဲဖြစ်ဖြစ် ငါတို့ မနက်ဖြန် ...တ်စောစောထပြီး၊ ပုလိပ်တွေ မလာမီ ဒီရွာက ထွက်မှဖြစ်မယ်၊ ...ိပ်တွေလာရင် မေးလားမြန်းလားလုပ်ပြီး ဖြေရခက်နေဦးမယ်၊ ကဲ... ...စရာ၊ အိပ်ပေတော့ "

ဟု ပြောလေ၏။ ချစ်စရာက ဖျာပေါ်တွင် လှဲလိမ့်ရင်း

" ကျုပ် မအိပ်နိုင်သေးဘူး၊ အဖေဟာ အရင်တုန်းက သူ့ ...အလုပ်တွေ၊ မိန်းမတွေနဲ့ ပျော်ပါးနေတာများတယ်၊ ကျုပ်ကို ဘယ် ...တော့မှ ဂရုမစိုက်ဘူး၊ အခုတော့ ကျုပ်နောက်ကို ဘာဖြစ်လို့ အသည်း ...အသန် လိုက်နေရတာလဲ၊ ကျုပ်အိမ်က ထွက်သွားလို့လား၊ ဒါလည်း ...ဖြစ်နိုင်ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လေ၏။ ကေရီက ချစ်ရာ၏နဖူးကို လက်ဖြင့် သပ်၍

" ဘာပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာ အဖြေပေါ်မှာပေါ့ ခဲကောင်လေးရယ်၊ လောလောဆယ်တော့ အိပ်ပျော်အောင် အိပ်လိုက်ပါ။ မနက်ဖြန် ခရီးဆက်ရဦးမယ် "

ဟု ပြောကာ အိပ်စက်နိုင်းလိုက်လေတော့၏။

▲▲▲▲▲▲

၆၀ ဖန်တီး၊ ဘုကြံ့ပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်၊





နောက်တစ်နေ့နံနက်တွင် ကေရီတို့နှစ်ဦးသည် ခရီးဆက်ရန် ပြင်ဆင်ကြလေ၏။

ကေရီသည် အလှူညက ဓားပြများကို လှည့်စားရန် ဝတ်ဆင်ထားသော ဝတ်ကောင်းစားလှများကို ပြန်ချွတ်၍ စုတ်ချာသော အဝတ်များဖြင့် လဲလှယ်ရန် ပြင်လေ၏။

ထိုအခါ အလှူရှင်အဘေါကြီးက

" အဝတ်တွေ ပြန်မလဲပါနဲ့တော့ သမီးရယ်၊ အမေတို့ အလှူကို အထမြောက်အောင် ဓားပြတွေလက်ထဲက ကာကွယ်ပေးခဲ့တာ ကျေးဇူးတင်လွန်းလို့ပါ၊ အမှတ်တရအနေနဲ့ ဒီအဝတ်တွေကိုပဲ ဝတ်သွား " 



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုရင်း ကေရီအား ရွာတွင် နှစ်ညသုံးညအိပ်ခဲ ဖိတ်ခေါ်လေ၏။

ကေရီက တည်းခိုရန် မဖြစ်နိုင်ကြောင်း ငြင်းဆန်၍ ချမ်းေ ကို လက်ဆွဲပြီး ထွက်ခဲ့လေ၏။

ရွာသူရွာသားများသည် လမ်းခရီးတွင် ကေရီကို စား သောက်ရ ရန် ကောက်ညှင်းထုပ်၊ ငှက်ပျောသီးစသော အစားအစာများ ထုပ်ပိုးပေးလိုက်ကြ၏။

ကေရီတို့သည် မနက်ခင်းအလင်းရောင်အောက်တွင် ခ ဆက်ခဲ့လေ၏။ သူမတို့သည် အတန်ကြာအောင် ခရီးဆက်ခဲ့ပြီးနော လှည်းလမ်းကြောင်းပေါ်သို့ တက်လိုက်၏။

ကေရီသည် လှည်းလမ်းကြောင်းမှ အဝေးဆီသို့ ကြည့် လိုက်ပြီး မျက်မှောင်ကြုတ်ကာ ချမ်းစရာကို လက်ဆွဲ၍ ချုံပုတ်ထဲ ခုန်ချလိုက်၏။ ထိုအခိုက်မှာပင် တောင်အကွယ်တစ်ခုဆီမှ ထွ လာသော လှည်းတစ်စီးကို တွေ့ရလေ၏။

လှည်းပေါ်တွင် ပုလိပ်များနှင့် ဓားပြတိုက်ခံရသောရွာမှ ရွာသ များကို တွေ့ရလေ၏။

လှည်းပေါ်တွင် လိုက်ပါလာသော ဌာနအုပ်က

“ မင်းတို့ပြောတဲ့ ပုံစံအတိုင်းဆိုရင် သာယာဝတီဂါတ် ပုလိပ်တွေကို တိုက်ခိုက်သွားတဲ့ မိန်းမလူစွမ်းကောင်းဖြစ်လိမ့်မယ် ဒီကောင်မဟာ ပုလိပ်တွေကိုတောင် ချရဲတယ်ဆိုတော့ လွှတ်ထား





ခြင်ဘူး၊ ဖမ်းမှဖြစ်မယ် ”

ဟု အသံပြကြီးဖြင့် ပြောဆိုသွားကြောင်း ကြားရလေ၏။ ကေရီသည် ရာဇဝတ်အုပ်၏အသံကြောင့် လက်သီးဆုပ်၍

“ သာယာဝတီဂါတ်က ပုလိပ်တွေကို ငါချမိတာမှားပြီ၊ ရတော့ ငါတို့မှာ ရန်သူတွေ ပတ်လည်ဝိုင်းနေပြီ၊ ပုလိပ်တွေက တ်တဲ့အားလုံးကို သတင်းပို့ထားတော့ ငါ့ကို မရမကလိုက်ရှာနေပြီ၊ င်းအဖေရဲ့ တပည့်တွေကလည်း မင်းကို မရမက လက်ရဖမ်းဖို့ ကြိုးစားနေတယ် ”

ဟု ပြောလေ၏။ ကေရီက သက်ပြင်းချ၍

“ အဖေက ကျုပ်ကိုတော့ ရန်မပြုပါဘူး၊ ဒါပေမဲ့ အဖေ့ ဘက်ကို ပြန်မလိုက်ချင်တာခက်တယ် ”

ဟု ပြောလေ၏။ ကေရီက သက်ပြင်းချ၍

“ ဘာပဲဖြစ်ဖြစ် ငါတို့ ဒီလမ်းအတိုင်း ခရီးဆက်လို့မဖြစ် တော့ဘူး၊ လမ်းကြောင်းပြောင်းမှဖြစ်မယ်၊ လောလောဆယ် မြို့ တက်ဖို့လဲ မဖြစ်နိုင်သေးဘူး ”

ဟု ပြောကာ သူမတို့၏ လမ်းကြောင်းကို ပြောင်းလဲ၍ ရွာများ ရာသို့ ဦးတည်ခရီးဆက်ခဲ့လေ၏။

သူမတို့သည် နေ့လယ်သို့ရောက်သောအခါ ရွာသူရွာသားများ လိုက်သော ကောက်ညှင်းထုပ်နှင့် ငှက်ပျောသီးများကို စားလေ၏ ပြည့်သောအခါ ခရီးဆက်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာသည် သူ၏ဘဝတွင် ပထမဦးဆုံးတွေ့ကြုံရသော အတွေ့အကြုံဆန်းများကြောင့် စိတ်လှုပ်ရှားနေလေ၏။

ကေရီတို့သည် ညမှောင်ရီသန်းစပြုသောအခါ ရွာပြင်ဇ ပျက်ကြီးတစ်ဆောင်သို့ ရောက်လေ၏။

ကေရီက ထိုနေ့ည ဇရပ်တွင် အိပ်စက်မည်ဖြစ်ကြောင်း ချစ် ကို ပြောလေ၏။

ချစ်စရာသည် ကလေးပီပီ စိတ်လှုပ်ရှားစွာဖြင့် ဇရပ်နှင့် မ မဝေးရှိ ရေကန်ကြီးတွင် ရေချိုးလေ၏။

ကေရီသည် ဇရပ်ပျက်ကြီးတွင် နားနေရင်း ဆားပုလင်းမ အောင် အကူအညီတောင်းခံသော ပြည်လုံးကျော်ပတ္တမြားကြီး ပတ်သက်၍ တွေးတောနေလေ၏။

သူမသည် ရိုးမတောကြီးထဲတွင် အနားယူနေရင်း ဆား လင်းမင်းအောင်၏ စုံထောက်များရောက်ရှိလာသဖြင့် ပြည်လုံး ပတ္တမြားကြီးအကြောင်းကို သိခဲ့ရ၏။

ဆားပုလင်းမင်းအောင်၏အဆိုအရ ချစ်စရာ၏ ဖခင် မော မောင်စိုးသည် မြန်မာပိုင် ပြည်လုံးကျော်ပတ္တမြားကြီးကို ဘုရ ကတော်အား ရောင်းချရန် ကြံရွယ်နေကြောင်း သိရ၏။

မြန်မာ့ရတနာဖြစ်သော ပြည်လုံးကျော်ပတ္တမြားကြီးအ ပြည်ပသို့မရောက်အောင် အစွမ်းကုန်ကာကွယ်ရန် ဆားပုလ မင်းအောင်၌ ဆန္ဒရှိ၏။





သို့သော် ဆားပုလင်းမင်းအောင် အိန္ဒိယသို့ ရောက်ရှိနေ၍ ည်လုံးကျော်ပတ္တမြားကြီးကို မကာကွယ်နိုင်တော့ချေ။

ယခုတော့ ထိုတာဝန်ကို သူမလက်ဆင့်ကမ်း၍ ရယူလိုက်ပေပြီ။

ယခင်ကလည်း မြန်မာ့ရတနာများ ပြည်ပသို့မရောက်အောင် အစွမ်းကုန် ကြိုးစားခဲ့ဖူး၏။

ပြည်လုံးကျော်ပတ္တမြားကြီးအား မောင်မောင်စိုး၏ နေအိမ် တွင် ဝှက်စွာ သိမ်းဆည်းထားလိမ့်မည်ဟု မျော်လင့်ထားခဲ့၏။

သို့သော် မောင်မောင်စိုးထံတွင် ပြည်လုံးကျော်ပတ္တမြား ကြီး၏ ယောင်ကိုမျှ မတွေ့ရချေ။

ကေရီသည် စေ့ရပညာကို ငယ်စဉ်ကပင် ကျွမ်းကျင်သူ သဖြင့် မောင်မောင်စိုး၏နေအိမ်တွင် ပတ္တမြားကြီးမရှိဟု ယုံ ည်နေမိ၏။

ဤသို့ဆိုလျှင် ပတ္တမြားကြီးကို မောင်မောင်စိုးသည် ကိုယ်နှင့် ွာ ဆောင်ယူထားလေသလော။ သို့တည်းမဟုတ် ဘုရင်ခံကတော် သို့ ပို့ဆောင်လိုက်လေသလားမသိ။

မည်သို့ပင်ဖြစ်စေ သူမ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပတ္တမြား ို ပြည်ပသို့ မရောက်ရှိအောင် တားဆီးရပေလိမ့်မည်။

ထိုအခိုက်မှာပင် ချစ်စရာသည် စမ်းချောင်း၌ ရေချိုးပြီး ဇရပ်သို့ သည်ရောက်ရှိလာ၏။

ချစ်စရာသည် မောင်မောင်စိုးသားဖြစ်လျက် သူမထံသို့

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ၏။

သူမသည် ချစ်စရာကို မူလက ပတ္တမြားကြီးနှင့် ပတ်သက်၍ အသုံးချရန် ရည်ရွယ်ထားခဲ့၏။

ယခုတော့ ချစ်စရာ၏ ချစ်စဖွယ်ကောင်းသောစရိုက်ကို သဘော နားလည်ပြီး အသုံးမချရက်တော့ချေ။

မိဘမေတ္တာငတ်မွတ်သော ကလေးငယ်ကို ကိုယ်စွမ်းရှိသလောက် စောင့်ရှောက်ရပေတော့မည်။

မောင်မောင်စိုးသည် ချစ်စရာကို ဥပေက္ခာပြု၍ အစဉ်အမြဲ နေသည်ဟု သိရ၏။

ယခု မောင်မောင်စိုး၏ တပည့်များ ချစ်စရာ၏နောက်သို့ သဲကြီးမဲကြီး လိုက်နေခြင်းသည် ထူးဆန်းလှ၏။

မောင်မောင်စိုး၏ တပည့်များ ချစ်စရာအနောက်သို့ လိုက် နေခြင်းသည် သူမနှင့် ပတ်သက်နေမလားမသိ။

ကေရီသည် ရောက်တတ်ရာရာတွေးတောနေစဉ် အနီးသို့ ချစ်စရာရောက်ရှိလာပြီး ကောက်ညှင်းထုပ်များကို တောင်းယူစား သောက်လေ၏။

ထို့နောက် ချစ်စရာက ကေရီ၏ မျက်နှာကိုကြည့်၍

"အခုလို လောကကြီးထဲမှာ လွတ်လွတ်လပ်လပ် နေရတာ ကျုပ်သိပ်ကြိုက်တယ်၊ စားချင်တဲ့နေရာမှာစားပြီး အိပ်ချင်တဲ့ နေရာမှာ အိပ်လိုက်တာပဲ၊ ကျုပ်တို့ကို ချုပ်ချယ်မဲ့သူလည်း မရှိဘူး၊ ကမ္ဘာမြေကြီးဟာ





ကျုပ်တို့ရဲ့အိမ်ပဲ"

ဟု အားတက်သရောပြောလေ၏။ ကေရီက မျက်မှောင် ကြုတ်၍

"မင်းက အန္တရာယ်နဲ့ အခက်အခဲတွေကို ကြုံမှမကြုံဘူး သေးတာ၊ ဒီလိုပဲပြောမှာပေါ့၊ တကယ်တော့ လောကကြီးထဲမှာ လှည့်လည်တဲ့သူဟာ မင်းပြောသလောက်လည်း မလွယ်ကူသေးဘူး တတ်သင့်တတ်အပ်တဲ့ ပညာမျိုးစုံကို တတ်ကျွမ်းထားရသေးတယ်၊ ကဲ... စောစောအိပ်တော့ ကောင်လေး၊ ခရီးဆက်ရဦးမယ်"

ဟု ပြောကာ ချစ်စရာကို အိပ်စက်နိုင်းလိုက်လေတော့၏

ကေရီသည် ကြမ်းပြင်ပေါ်တွင်လှဲ၍ ကိုယ်ခန္ဓာပေါ်ရှိ တောင့်တင်းသော အကြောများကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချနေလေ၏။

ခဏကြာလျှင် သူမ၏ကိုယ်ခန္ဓာရှိ တောင့်တင်းသော အကြော များအားလုံး လျော့ကျသွားလေ၏။ ထိုအခါ သူမ၏ ခန္ဓာကိုယ်ကြီး သည်း အနားရသွားလေတော့၏။

ကေရီသည် ညအတန်ငယ်နက်သောအခါ မှေးခနဲအိပ်ပျော် သွားပြီး အသံဗလံများကြောင့် အိပ်ရာမှ လန့်နိုးလာ၏။

သူမသည် ဇရပ်နှင့် ခပ်လှမ်းလှမ်းဆီမှ အသံဗလံများကြား ရသဖြင့် အိပ်ပျော်နေသော ချစ်စရာကိုနှိုး၍ ဇရပ်အနောက်ဘက်ရှိ တိုင်လုံးများနောက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်လေ၏။

ထိုအခါ ဇရပ်ပေါ်သို့ လူများရောက်ရှိလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာက အိပ်ချင်မူးတူးဖြင့် အသံပြုမည်ပြုရာ ကေရီက သူ၏ပါးစပ်ကို လက်ဖြင့်ပိတ်၍

“ ရှူး တိုးတိုး၊ အသံမပြုနဲ့၊ ညအချိန်မတော်ကြီး ရောက်လာတဲ့လူတွေဟာ လူဆိုးဒေးပြတွေဖြစ်နိုင်တယ် ”

ဟု ပြောလိုက်သောအခါမှပင် ချစ်စရာသည် ပါးစပ်ပိတ်သွားလေ၏။

ထို့နောက် ဇရပ်အနောက်ရှိ တိုင်လုံးကြီးများနောက်တွင် ပုန်းကွယ်၍ အမည်မသိလူများ၏စကားကို နားထောင်လေ၏။

၎င်းတို့အုပ်စုတွင် ခေါင်းဆောင်ဖြစ်ဟန်တူသူက ဇရပ်ကြမ်းပြင်တွင် ဖယောင်းတိုင်ထွန်း၍

“ မင်းတို့အားလုံး ငါပြောတဲ့အတိုင်း သဝေမတိမ်း လိုက်နာကြပါ၊ ငါတို့ရဲ့ အကြံအစည် တစ်ချက်လေးလွဲချော်တာနဲ့ ကမောက်ကမတွေဖြစ်ကုန်မယ် ”

ဟု သတိပေးလိုက်ရာ တပည့်တစ်ဦးက ခေါင်းညိတ်၍

“ ဘာမှမပူပါနဲ့ဆရာ၊ တပည့်တွေအားလုံး ဆရာနိုင်းတဲ့အတိုင်း လိုက်နာမှာပါ၊ ဆရာ့ရဲ့အကြံဟာ အင်မတန်ကြီးလွန်းတော့ ဒီလိုအကြံမျိုး လုပ်ဝံ့တဲ့သူ လောကမှာ ဘယ်သူမှမရှိဘူးလို့ ထင်ပါတယ် ”

ဟု ပြောလိုက်ရာ ဆရာဖြစ်သူက သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး





“ သူကြီးသားသန့်ဇင်တဲ့ကွ၊ ငါ့လိုအကြံအစည်မျိုး လောကမှာ ဘယ်သူမှ ကြံဝံ့မှာမဟုတ်ဘူး။ ငါ့ရဲ့အကြံအစည်အောင်မြင် သွားရင် နယ်တကြောမှာ ဟိုးဟိုးကျော်သွားမှာ မြင်ယောင် သေးတယ်ကွား ဟားဟားဟား... ငါလိုလူ လောကမှာတစ်ယောက်မှ ရှိမှာမဟုတ်ဘူး ”

ဟု ကြွေးဝါးလေရာ သူကြီးသား သန့်ဇင်၏ တပည့်တစ်ဦးက အားတက်သရောဖြင့်

“ အဟုတ်ပါပဲဆရာရယ်၊ တပည့်ကြီး သိသလောက်ဆိုရင် ဆရာ့ရဲ့အကြံအစည်မျိုး ဘုရားလောင်းတွေတောင် မကြံစည်ခဲ့သေးဘူး ”

ဟု မြှောက်ပင့်လိုက်ရာ သူကြီးသားသန့်ဇင်ဆိုသူက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“ မင်းပြောတာ ဖြစ်နိုင်တယ်၊ ငါဟာ ယေစဉ်ကတည်းက သူများမလုပ်တဲ့ အလုပ်တွေပဲ လုပ်ခဲ့တယ်၊ ငါ့အမေဟာ ငါ့ကို ကိုယ်ဝန်ဆောင်ထားစဉ်မှာ မျောက်သားစားချင်တယ်ဆိုလို့ ငါ့အဖေသူကြီးက မုဆိုးတွေကိုရှာပြီး မျောက်သားကိုရှာပေးတယ်၊ ဒါပေမဲ့ ငါ့အမေက မုဆိုးတွေပစ်ပေးတဲ့ မျောက်သားကို မစားချင်ဘူး၊ ငါ့အဖေကိုယ်တိုင် အမဲလိုက်ပြီး ပစ်ပေးတဲ့ မျောက်သားကိုမှ စားချင်တယ်လို့ဆိုတယ်၊ အဲဒီမှာ ငါ့အဖေက အခက်တွေ့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အဖေဟာ တစ်သက်မှာတစ်ခါမှ အမဲမလိုက်ဖူးဘူးလေ၊ ဒါပေမဲ့ ငါ့အမေက မျောက်သားကိုမှ ချင်ခြင်းတပ်နေတယ်ဆိုတော့ အဖေဟာ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကူအညီနဲ့ အမဲလိုက်ရရှာတယ်၊ ငါ ငယ်စဉ်က သူကြီး သားဆိုတော့ ထောပတ်တွေအမျိုးမျိုး စားသောက်ရပေမဲ့ ရွာဦးကျောင်း က ဆရာတော်ဘုရားကြီးရဲ့ ဆွမ်းတော်ပွဲကိုမှ စားချင်တယ်ဆိုလို့ ဆရာတော်ဘုရားကြီးက ငါ့ကို ဖွန့်ကြွခဲ့သေးတယ်၊ တစ်ခါတုန်းကလည်း ရွာသူအပျိုကြီးတစ်ယောက်ရဲ့ ထဘီကိုမှ ဘောင်းဘီချုပ်ဝတ်ချင်တယ်ဆို လို့ ငါ့အမေ သူကြီးကတော်ကြီးက မြို့ပေါ်တက်ပြီး အပျိုကြီးထဘီ နဲ့ ခပ်ဆင်ဆင်တူတဲ့ ပိတ်စမျိုးကို ဝယ်ပေးရသေးတယ်ကွ ''

ဟု ပြောလေရာ သူကြီးသားသန့်ဇင်၏ တပည့်များက တဟီးဟီး တဟားဟား ရယ်မောကြလေ၏။

ကေရီသည် ဇရပ်အနောက်ရှိ တိုင်လုံးကြီးအောက်တွင် ပုန်းကွယ်ရင်း

'' ဒီလူ အတော်ယုတ်မာတဲ့လူပဲ ''

ဟု တီးတိုးရေရွတ်လေ၏။ ထိုအခိုက်မှာပင် သူကြီးသား သန့်ဇင်၏ တပည့်တစ်ဦးက

'' ဆရာ့ရဲ့ အကြံအစည် အောင်မြင်သွားရင်တော့၊ ဒီနယ် တစ်ကြောမှာ ဆရာ့လိုလူ ဇမ္ဗူမှာရှိသေးလားလို့ ကြွေးကြော်ရမယ် ဆရာ ''

ဟု မြှောက်ပင့်ပြောဆိုလေရာ သူကြီးသားသန့်ဇင်က သဘော ကျဟန်ဖြင့်

'' ဟီး ဟီး ဒါဟာ၊ ငါ့ဘဝရဲ့ အကြီးမားဆုံး အကြံအစည်





ပဲဗျ၊ မင်းပြောသလို ဘုရားလောင်းတွေတောင် မကြံစည်ဖူးခဲ့တဲ့ အကြံ အစည်မျိုးဆိုတော့၊ ငါ့ရဲ့ဂုဏ်သတင်း ကျော်ကြားဦးမှာ အသေချာ ပေါ့ကွာ၊ ကဲ… ညဉ့်လဲနက်ပြီ၊ ငါတို့ရဲ့ အရေးတော်ပုံကြီး စကြစို့၊ ငါနဲ့အတူ မျိုးမြင့်တို့ အောင်ဦးတို့ လိုက်ခဲ့၊ စိုးမင်းနဲ့ ချစ်ကိုကတော့ လှေဆိပ်မှာပဲ စောင့်နေကြ၊ အခု ပထမဆုံး မန်ကျည်းတန်းရွာကိုသွားပြီး မမြရင့်ကို အရင်ဆုံးခိုးမယ်၊ မမြရင်ကို ခိုးပြီးရင် လှလှကို ခိုးမယ်၊ နောက်ဆုံးကျရင် မသီတာကို ဆက်ခိုးမယ်၊ မိန်းမသုံးယောက်စလုံး ခိုးပြီးရင်တော့ ငါတို့ရဲ့အစီအစဉ်အတိုင်း ရေကြောင်းခရီးနဲ့ အထက် အညာဘက်ကို ဆန်တက်ကြမယ်၊ ငါတို့ရဲ့ အကြံအစည်အားလုံး ပိပိရိရိဖြစ်ဖို့ မင်းတို့အားလုံးရဲ့တာဝန်ပဲ ''

ဟု ပြောလေရာ တပည့်များက အားကြိုးမာန်တက်ဖြင့် ၎င်းတို့ကို စိတ်ချရန် ပြောဆိုလေ၏။

ကေရီသည် သူကြီးသားလူယုတ်မာ၏ စကားများကို ကြား သောအခါ လွန်စွာဒေါသူပုန်ထသွားပြီး

'' တောက်… နှမချင်းမစာနာဘဲ အတော်ယုတ်မာတဲ့ တဏှာ ရူးပဲ၊ ဒီကောင့်ရဲ့ အကြံအစည်မအောင်မြင်အောင် ငါတို့ မရရ အောင် ဖျက်ရမယ် ''

ဟု ပြောလေရာ ချစ်စရာက

'' ကောင်းတယ် အစ်မ၊ တဏှာရူးကြီးရဲ့ အကြံအစည်ကို ဖျက်ပစ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရော ထောက်ခံလေ၏။ ကေရီသည် ဇရပ်အနောက်တွင် ပုန်းကွယ်ရင်း သူကြီးသား၏ အကြံအစည်ကို ဖျက်နိုင်ရန် နည်းလမ်းများကို စဉ်းစားနေလေ၏။

အတန်ကြာသောအခါမှ ချစ်စရာ၏ ခေါင်းကိုပုတ်၍

" မိန်းကလေးတွေအားလုံး ယုံအောင် လှေဆိပ်ကစောင့်ပြီး လူယုတ်မာကောင်ရဲ့ အကြံအစည်ကို ပြောပြရမယ်၊ မိန်းကလေးတွေ လူယုတ်မာကောင်ရဲ့ အကြံအစည်ကို ရိပ်စားမိသွားရင် ဒီကောင်ကြီးကို ရှုံ့မုန်းသွားလိမ့်မယ် "

ဟု ပြောကာ ချစ်စရာ၏ လက်ကိုဆွဲ၍ သူကြီးသား၏ တပည့်များ နောက်သို့ နောက်ယောင်ခံလိုက်လေ၏။

သူကြီးသား၏တပည့်များသည် မီးအိမ်တစ်လုံး၏အလင်းရောင်ဖြင့် အတန်ကြာအောင် သွားလာပြီးနောက် လှေဆိပ်သို့ ရောက်လေ၏။

လှေဆိပ်တွင် အသင့်စောင့်ကြိုနေသော သူကြီးသား၏ တပည့်များက ၎င်းတို့အဖွဲ့ကို ကြိုဆိုလေ၏။ ထို့နောက် ၎င်းတို့သည် သဲသောင်ပြင်တွင် အရက်ဝိုင်းဖွဲ့၍ နေလေ၏။

ကေရီသည် အခြေအနေကို စောင့်ကြည့်ပြီးနောက် ချစ်စရာအား

" မင်း ဒီချုံတောထဲမှာ ခဏပုန်းနေ၊ ငါ လှေကြီးပေါ်တက်ပြီး မိန်းကလေးတွေကို စောင့်မယ် "

ဟု ပြောလေ၏။ ထို့နောက် ကေရီသည် မှောင်ရိပ်ခို၍





လှေကြီးပေါ်သို့ တိတ်တခိုးတက်ခဲ့လေ၏။

လှေပေါ်တွင် လူသူတစ်ဦးတစ်ယောက်မှ မရှိသဖြင့် ကေရီသည် သူကြီးသားခေါ်ဆောင်လာမည့် မိန်းကလေးများကို အေးဆေးစွာ စောင့်မျှော်နေလေ၏။

အတန်ကြာအောင် စောင့်မျှော်နေသည်အထိ မိန်းကလေးများ ရောက်မလာသေးပေ။

ကေရီသည် သူမ၏ တစ်သက်တွင် ဤမျှ ထူးဆန်း၍ ယုတ်မာသော အကြံအစည်မျိုးကို မကြားဖူးသဖြင့် သူကြီးသားကို ဆုံးမရန် စိတ်စောနေလေ၏။

ခဏကြာလျှင် လှေဆိပ်မှ လက်နှိပ်ဓာတ်မီးရောင်ကိုမြင်ရပြီး သူကြီးသားနှင့်အတူ လိုက်ပါလာသော မိန်းမတစ်ယောက်၏ သဏ္ဌာန်ကိုမြင်ရ၏။

ထိုမိန်းမမှာ မမြရင်ဆိုသော အမျိုးသမီးပင် ဖြစ်ပေလိမ့်မည်။

သူကြီးသားသည် မမြရင်ကို လှေထဲသို့ခေါ်ဆောင်လာပြီး

" မြရင် ဒီမှာ ခဏနေဦးနော်၊ အစ်ကို ခဏလေးအပြင်သွားဦးမယ် "

ဟု ပြောလေရာ မမြရင်က သူကြီးသား၏လက်မောင်းကို ဆွဲကာ

" အစ်ကို ဘယ်ကိုသွားမှာလဲ၊ မြရင်ကြောက်တယ်၊ အမြန်ပြန်လာခဲ့နော် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ သူကြီးသားက မြရင်းကို ပွေ့ဖက်ရင်း

" ခဏလေးပါ မြရင်ရယ်၊ အစ်ကိုတပည့်တွေဆီ သွားမလို့ပါ"

ဟုပြောရင်း သူကြီးသားသည် လှေပေါ်မှ ပြန်လည်ထွက်ခွာသွားသည်။

မမြရင်သည် လှေဦးထိပ်တွင် ခြုံစောင်လေးကိုခြုံ၍ စောင့်နေရှာ၏။

သူကြီးသားသည် . တစ်နာရီကျော်ကြာမျှ ပျောက်သွားပြီးနောက် မိန်းမပျိုတစ်ဦးကို ခေါ်ဆောင်၍ ပြန်လည်ရောက်ရှိလာ၏။

ထိုမိန်းမပျိုသည် လှလှဆိုသော မိန်းမပျိုပင် ဖြစ်ပေလိမ့်မည်။

ထို့နောက် သူကြီးသားသည် လှလှဆိုသော မိန်းမပျိုလေးကို ကုန်းပေါ်တွင်ထားခဲ့ပြီး မမြရင်ဆီသို့ ပြန်လည်ရောက်ရှိလာ၏။

မမြရင်က သူကြီးသားကို ဆီးကြို၍

" ဘယ်ကို သွားနေတာလဲအစ်ကိုရယ်၊ မြရင် စိုးရိမ်လိုက်တာ အမေတို့လိုက်လာရင် ခက်မယ် "

ဟု ပြောလေရာ သူကြီးသားက မြရင်၏ ပခုံးကိုဖက်၍

" မစိုးရိမ်ပါနဲ့ မြရင်ရယ်၊ အစ်ကိုတို့လှေနဲ့ အထက်အညာကိုလိုက်မဲ့ ငါးပိကုန်သည် မိန်းကလေးတစ်ယောက်ကို စောင့်ခေါ်နေလို့ပါ၊ သူရောက်လာပြီဆိုရင် အစ်ကိုတို့လှေထွက်လို့ရပြီ၊ မြရင်ရဲ့ အစ်ကိုလည်း တစ်သက်လုံး ပျော်ပျော်ကြီးနေလို့ရပြီပေါ့ကွာ "

ဟု မြရင်ကို နှစ်သိမ့်ကာ လှေပေါ်မှ ကုန်းပေါ်သို့ ဆင်းသွား





ပြန်၏။ ကေရီသည် သူကြီးသား၏ ယုတ်မာပုံကို အမှောင်ထဲမှ နားထောင်နေရင်း မခံချိမခံသာ ဖြစ်နေလေ၏။

သူကြီးသား ကုန်းပေါ်သို့ ရောက်သောအခါ လှလှဆိုသော မိန်းမပျိုက

" လှေပေါ်မှာ ဘာဖြစ်နေတာလဲ အစ်ကို "

ဟု မေးမြန်းလေရာ သူကြီးသားက မပီမိုးတဝါး အလင်းရောင်ဖြင့် လှလှအား ပွေ့ဖက်လိုက်ရင်း

" အစ်ကိုတို့လှေကြုံလိုက်မဲ့ လှေသူကြီးသမီးကို အကျိုးအကြောင်း ပြောပြနေရလို့ပါ၊ လှေသူကြီးသမီးက အစ်ကိုတို့ဘဝကို ကိုယ်ချင်းစာလို့ လှေနဲ့ လိုက်ခွင့်ပြုပါတယ် "

ဟု ပြောလေ၏။ ထို့နောက် လှလှဆိုသော မိန်းမပျိုအား လှေပေါ်သို့ခေါ်၍ ပဲ့ပိုင်းတွင် ထိုင်နိုင်းလေ၏။

ခဏကြာလျှင် သူကြီးသားသည် လှလှအား လှည့်ပတ် ပြောဆိုပြီး လှေအောက်သို့ ဆင်းသွားပြန်၏။

သူကြီးသားသည် အတန်ကြာအောင် ပျောက်သွားပြီးနောက် မိန်းမပျိုတစ်ဦးကို ခေါ်ဆောင်၍ လှေဆိပ်သို့ ရောက်လာပြန်၏။

ထိုမိန်းမပျိုသည် သူကြီးသားနောက်ဆုံးခိုးယူမည့် မသီတာဆိုသည့် မိန်းမပျိုပင် ဖြစ်ပေလိမ့်မည်။

ထို့နောက် သူကြီးသားသည် မသီတာဆိုသော မိန်းမပျိုကို မည်သို့ လှည့်ပတ်ခေါ်ဆောင်လာလေသည် မသိ။ မိန်းမပျိုသည်



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်သို့ ရောက်ရှိလာလေ၏။

သူကြီးသားသည် သူ၏ မဟာစီမံကိန်းကြီး အောင်မြင်ပြီ ဖြစ်သဖြင့် အားရ ရွှင်လန်းစွာဖြင့် တပည့်များအား လှေကြီးကို လမ်း ခွာရန် စေခိုင်းလိုက်၏။

ထိုအခိုက်မှာပင် ကေရီသည် သူကြီးသား၏ ယုတ်မာသော အကြံအစည်ကို ထုတ်ဖော်ရန် အချိန်ရောက်ပြီဖြစ်သဖြင့် လှေဦး ထိပ်တွင် ရှိသော ကျည်ဆီမီးတိုင်ကြီးအား မီးရှို့လိုက်ရာ လှေ တစ်ခုလုံး နေ့ဘက်အလား လင်းထိန်သွားလေ၏။

သူကြီးသားနှင့် အပေါင်းအပါများသည် လှေပေါ်သို့ ရောက် လာသော ကေရီအားကြည့်၍ လွန်စွာအံ့ဩသွားကြလေ၏။

သူကြီးသားသည် မီးတိုင်၏အလင်းရောင်ဖြင့် မြင်ရသော မိန်းမလှကိုကြည့်၍

" ဟင်... မင်း... မင်း ဘယ်သူလဲ၊ ဒါတို့လှေပေါ် ဘာကြောင့် ရောက်လာရတာလဲ "

ဟု မေးမြန်းလေ၏။ ကေရီက သူကြီးသားကို မထီလေးစား ကြည့်၍

" လူယုတ်မာ၊ တဏှာရူးကောင်၊ နင့်ရဲ့ ယုတ်မာတဲ့ အကြံ အစည်တွေကို ဖော်ထုတ်ဖို့ ငါ လှေပေါ်ရောက်နေတာပဲ၊ နင့်လို အကြံပက်စက်ပြီး နမချင်းမစာနာတဲ့ အကောင်မျိုးကို ငါ့တစ်သက်မှာ ဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတယ် "





ဟု ပြောလေရာ သူကြီးသားသည် ကေရီကို အံ့ဩဟန် ဖြင့်ကြည့်၍

" ဟင်... မင်းဘာတွေ ပြောနေတာလဲ၊ ငါ့ကို ဘာလို့ လူယုတ် မာလို့ စွပ်စွဲနေတာလဲ "

ဟု ပြောလေရာ ကေရီက သူကြီးသားကို ရွံမုန်းစွာဖြင့် ကြည့်၍

" နင့်လိုကောင်မှ မယုတ်မာရင် လောကမှာ ဘယ်လိုကောင်မျိုး က ယုတ်မာရမှာလဲဟဲ့၊ နင်ဟာ စကောလောက်မှ ခေါက်မနက်တဲ့ အကြံနဲ့ မိန်းကလေးသုံးယောက်ကို တစ်ညတည်းခိုးတာ ဘယ်လောက် ယုတ်မာပက်စက်သလဲ၊ မိန်းကလေးတွေအစား နင့်ကို ငါ ဒဏ်ခတ်ရ မယ် "

ဟု ပြောလေရာ လှေပေါ်သို့ရောက်နေသော မိန်းကလေး သုံးယောက်သည် ကေရီ၏မျက်နှာကို တအံ့တဩကြည့်ရှုကြ၏။

မိန်းကလေးများသည် မီးတုတ်၏အလင်းရောင်ဖြင့် တစ်ဦးကို တစ်ဦး မြင်တွေ့သွားပြီး မမြရှင်ဆိုသော မိန်းကလေးက လှလှကို မှတ်မိသွားပြီး

" ဟင်... နင်... နင် လှလှ မဟုတ်လား "

ဟု တအံ့တဩ မေးမြန်းလေ၏။

မမြရှင်သည် သူကြီးသမီးဖြစ်ပြီး လှလှမှာ လယ်ပိုင်ရှင်သမီး ဖြစ်ကာ သူမတို့သည် တစ်ရွာတည်းတွင် နေထိုင်သူများ ဖြစ်၏။

လှလှက



www.burmeseclassic.com

www.burmeseclassic.com



" ဟင်... မြရင် ညကြီးအချိန်မတော် ဘာဖြစ်လို့ လှေ
ရောက်နေတာလဲ "

ဟု မေးမြန်းလေရာ မမြရင်က

" ငါ ကိုသန့်ဇင် ခေါ်ရာနောက်ကိုလိုက်လာတာ "

ဟု ပြောလေရာ လှလှသည် မျက်လုံးပြူးသွားပြီး

" ဟင်... ဝါလည်း ကိုသန့်ဇင်နောက်ကို လိုက်လာတာ
ကိုသန့်ဇင် ရှင်ဘယ်လိုလုပ်တာလဲ၊ ကျွန်မတို့ မိန်းကလေးတွေရဲ့ ဘာ
ရှင် ဖျက်ဆီးဖို့ ကြံတာလား၊ ပြောစမ်းပါ ကိုသန့်ဇင်ရဲ့ "

ဟု အလောတကြီး မေးမြန်းလေ၏။ မသိတာဆိုသေ
မိန်းကလေးက

" ဘယ်လိုဖြစ်ကုန်တာလဲ ကိုသန့်ဇင်၊ ကျွန်မ နားမလ
နိုင်တော့ဘူး ရှင်းပြပါဦး "

ဟု စိတ်လှုပ်ရှားစွာဖြင့် မေးမြန်းလေ၏။ ထိုအခါ မမြရင်က

" ဘာမှ ရှင်းပြနိုင်းမနေနဲ့၊ ဒီလူရဲ့ ယုတ်မာကောက်
တဲ့အကြံဟာ လယ်ပြင်မှာ ဆင်သွားသလို ထင်းထင်းကြီးပေါ်
ဒီမှာကိုသန့်ဇင်၊ မိန်းကလေးသုံးယောက်ကို လိမ်ညာလှည့် ဖျာ
တစ်ညတည်း နိုးယူတဲ့အကြံဟာ ယုတ်မာပက်စက်လှချည်
ကျွန်မတို့ အချစ်ကို စော်ကားရက်တယ်ရှင် "

ဟု စိတ်ထိခိုက်ဟန်ဖြင့် ပြောဆိုလေ၏။

သူကြီးသား သန့်ဇင်သည် သူ၏ ယုတ်မာကောက်ကျစ်





အကြံအစည်များ ဘူးပေါ်သလို ပေါ်သွားပြီဖြစ်သဖြင့် မိန်းကလေးများ
အား ဆက်လက်လိမ်ညာရန် မကြိုးစားတော့ဘဲ ကေရီကိုသာ ဒေါသ
တကြီးကြည့်၍

" ဟဲ့... ကောင်မ၊ ငါ့အလုပ်တွေ နင်ဘာလို့ ဖနှောင့်ယှက်ရ
တာလဲ၊ ငါ့အကြံအစည်တွေကို နင်ဘယ်လိုလုပ်သိနေတာလဲ၊ ပြောစမ်း
ကောင်မ "

ဟု မေးမြန်းလေ၏။

ထိုအခါ ကေရီက သူကြီးသားရဲ့ မျက်နှာကို မထီလေးစား
ကြည့်၍

" ရှင်တို့ရဲ့ ယုတ်မာတဲ့ အကြံအစည်တွေကို ဇရပ်ပျက်ကြီးမှာ
ခိုင်ပင်နေတုန်း ကျွန်မကြားခဲ့တာ၊ ဒါကြောင့် မိန်းကလေး သုံးယောက်
ရဲ့ဘဝ ရေတိမ်နစ်မှာစိုးလို့ နင့်ရဲ့ယုတ်မာပက်စက်တဲ့ အကြံအစည်
တွေကို ဖော်ထုတ်ရတာပဲ "

ဟု ပြောလေရာ သူကြီးသားသည် ကေရီ၏ လှပသော
မျက်နှာကိုယ်ကို မျက်လုံးစွေကြည့်၍ မျက်နှာဝင်းလက်သွားပြီး

" ဟား ဟား ဟား... မင်းကံမဟာ့ကရုဏာရှင်ကြီးပေါ့၊
ကောင်းချင်တော့ မိန်းမသုံးယောက်နိုးတာ လေးယောက်ရလာတယ်၊
ရေရက်ကြီးလို့ မှတ်ဆိတ်မျှားစွဲတာပဲ "

ဟု ပြောဆိုလေရာ သူကြီးသားက မြောက်ပင့်ပြောဆိုရန်
အသင့်စောင့်နေသော တပည့်များက



www.burmeseclassic.com

www.burmeseclassic.com



" ဟား ဟား ဟား… ဆရာတော့ ပွတာပဲ၊ ရွှေဒိုမင်းကြီး ပေါင်တံရှည် မိန်းမလှကြီး ဆရာ၊ ဆရာ့ရဲ့ကံကတော့ ထူးဆန်းအံ့ဩ ဖွယ်ပါပဲ "

ဟု ပြောဆိုလေ၏။ ထိုအခါ သူကြီးသားက

" ဟော့ကောင်တွေ၊ ပြောနေတာကြာတယ်၊ ထိုးဝါးကိုထိုးပြီး ကမ်းကခွာပေတော့ "

ဟု အမိန့်ပေးလိုက်ရာ မိန်းကလေးများသည် ရှုည်ပွက် သွားပြီး သီတာဆိုသော မိန်းမက

" လူယုတ်မာကြီး ကျွန်မ မလိုက်ဘူး ပြန်လွှတ်ပေး "

ဟု ပြောလေ၏။ ထိုအခါ ကေရီက ပဲ့စင်ပေါ်သို့ခုန်တက်၍ သူကြီးသား ကုတ်ကိုဆွဲ၍ နဖူးကို ဒူးဖြင့်တိုက်လိုက်ရာ သူကြီးသား နဖူးကွဲလေ၏။

ပြီးနောက်, ဓားမြှောင်ကို ဆတ်ခနဲထုတ်၍ သူကြီးသား၏ လည်တိုင်ကို ထောက်ကာ

" တဈာရူးကောင်၊ လှေထွက်ဖို့ရင် ထွက်ကြည့်စမ်း။ လည် ပင်းကို ဖြတ်ပစ်လိုက်မယ် "

ဟု ခြိမ်းခြောက်လိုက်လေ၏။

သူကြီးသားသည် သတ္တိနည်းသူဖြစ်သဖြင့် ကေရီ၏စကား မပယ်ရှားဝံ့ဘဲ ရှိလေ၏။ ထိုနောက် ကေရီသည် သူကြီးသားကို ချုပ် ထားပြီး မိန်းကလေးများကို လှေပေါ်မှအောက်သို့ ဆင်းနိုင်လေ၏။





သူကြီးသား၏ တပည့်များသည် ကေရီကို ရန်ရှာချင်သော် သည်း သူကြီးသား၏ အခြေအနေမလှသဖြင့် ငြိမ်သက်စွာနေရ၏။

ကေရီသည် သူကြီးသားတစ်ယောက်တည်းကို ဓားစာခံအဖြစ် ဘုန်းပေါ်သို့ ခေါ်ခဲ့လေ၏။ ထိုနောက် ကေရီ၏ အမိန့်ဖြင့် ထိုးဝါးထိုးကာ လှေကို ကမ်းမှခွာလေ၏။

လှေကြီးသည် တဖြည်းဖြည်းရွေ့လျားပြီး ကမ်းနှင့်ဝေးရာ သို့ ရောက်သွားလေ၏။ ကေရီသည် ထိုအခါမှပင် သူကြီးသား၏ ခေါင်းကို ဓားမြှောင်ရိုးဖြင့် ခွမ်ခနဲ ထုလိုက်ရာ သူကြီးသား မေ့မြောသွားလေ၏။

ပြီးနောက် မိန်းကလေးများကို နှစ်သိမ့်၍ သူမတို့နေထိုင်ရာ ရွာများသို့ ချစ်စရာနှင့်အတူ လိုက်လံပို့ဆောင်ပေးလေ၏။

မိန်းကလေးများသည် လူယုတ်မာသန်းဇင်၏ လက်မှ လက် တစ်ကလေး လွတ်မြောက်ခဲ့သဖြင့် ကေရီအား ကျေးဇူးတင်စကားကို အကြိမ်ကြိမ်ပြောဆိုကြ၏။

သူမတို့၏ တစ်သက်တာတွင် လူယုတ်မာ၏လက်မှ လွတ် မြောက်ခဲ့ခြင်းကို မေ့ရတော့မည်မထင်ပေ။ ကေရီသည် အရုဏ် တက်ချိန်တွင် မိန်းကလေးများနှင့် လမ်းခွဲ၍ သူမတို့၏ခရီးကို ဆက် လေတော့၏။

ကေရီသည် ထိုနေ့ညက ကောင်းစွာ မအိပ်စက်ခဲ့ရသော မိန်း မျိုးသုံးဦးကို ကယ်တင်ပြီး အချိန်ကုန်ခဲ့လေ၏။

သူမတို့သည် နောက်တစ်နေ့နံနက်တွင် အဝေးပြေးလမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့တက်၍ ဒုလော်ရီကားကြီးတစ်စီးကို လမ်းကြုံလိုက်ကာ ခရီးဆက်ခဲ့ပြန်၏။

သူမတို့သည် ကားအနောက်တွင် လိုက်ပါခွင့်ရသဖြင့် အိပ်စက်ရန် အခွင့်အရေးရရှိခဲ့လေ၏။

ထိုနေ့ နေ့လယ်ရောက်သောအခါ လော်ရီကားကြီးသည် မြေလတ်ပိုင်းမြို့ကြီးတစ်မြို့သို့ ရောက်ခဲ့လေ၏။

ထို့နောက်တွင်မူ ကေရီနှင့် ချစ်စရာသည် ထိုမြို့ထဲတွင် လှည့်လည်ပြီး ဈေးကြီးအတွင်းသို့ ဝင်ရောက်ကာကြည့်ရှုကြလေ၏။

ဈေးကြီးအပြင်ဘက်ရှိ မုန့်ဟင်းခါးဆိုင်တွင် စားသောက်ကြလေ၏။

ထို့နောက် ချစ်စရာက မြို့လယ်တွင်ရှိသော တန်ခိုးကြီးဘုရားများသို့ ဖူးမျှော်ချင်သည်ဆို၍ ကေရီက လိုက်ပို့ရပြန်၏။

ကေရီသည် ပြည်လုံးကျော်ပတ္တမြားကြီးကို မရှာဖွေနိုင်ဘဲ ကလေးတစ်ယောက်နှင့်အတူ ပုလိပ်များ၏လက်မှ ပြေးလွှားနေခြင်းကို တွေးရင်း သက်ပြင်းချလိုက်မိ၏။

ပြည်လုံးကျော်ပတ္တမြားကြီး ဘုရင်ခံကတော်၏လက်သို့ ရောက်ရှိသွားလျှင် ရယူရန် ပိုမိုခက်ခဲပေတော့မည်။

ထိုနေ့ညနေစောင်းသောအခါ မြို့ထဲတွင် လှည့်လည်ကြည့်ရှုရင်း ချစ်စရာက စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို လက်ညှိုးညွှန်ပြ၍

“ နဂါးညီနောင် ပျော်ပွဲစားရုံတဲ့ အစ်မ၊ ကျုပ်တို့ အစား





ကောင်း အဖွယ်ကောင်းတွေ မစားရတာကြာပြီ၊ တရုတ်ဆိုင်ကြီးထဲကိုဝင်ပြီး တစ်ဝတစ်ပြဲ စားလိုက်ရအောင် ”

ဟု ပူဆာလေ၏။ ကေရီသည် ခေါက်ဆွဲဆိုင်ထဲတွင် ချိတ်ဆွဲထားသော ဘဲကင်ကြီးကို ငေးမောကြည့်ရှုနေသည့် ချစ်စရာကို ကြည့်၍ ငြင်းပယ်ခြင်းငှာ မစွမ်းသာတော့ချေ။

စားသောက်ဆိုင်ကြီး၏ရှေ့တွင် လွန်စွာကြီးမားသော အနီရောင် နဂါးကြီးနှစ်ကောင်ကို ရုပ်လုံးကြွပြုလုပ်ထားသဖြင့် စားချင်စဖွယ် ဆွဲဆောင်နေလေ၏။

ထို့ကြောင့် ကေရီသည် ချစ်စရာကိုလက်ဆွဲ၍ စားသောက်ဆိုင်ကြီးထဲသို့ ဝင်ရောက်ခဲ့လေ၏။

စားသောက်ဆိုင်ထဲတွင် ညနေစောင်းအချိန်ဖြစ်သဖြင့် လူများ စည်ကားနေ၏။

ချစ်စရာသည် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်၍ စားသောက်ဖွယ်ရာများကို မိမိစိတ်ကြိုက် မှာကြားနေလေ၏။

ချစ်စရာက စားပွဲထိုးများကိုခေါ်၍

“ ကုန်းဘောင်ကြီးကြော်၊ တောက်တောက်ကြော်၊ ချိချဉ်ကြော်၊ အစိမ်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ဘဲခြေထောက်စွပ်ပြုတ်၊ အသားကင်၊ အခေါက်ကင် အားလုံးချပေး ”

ဟု များပြားလှသော အစားအစာများကို မှာကြားလိုက်ရာ စားပွဲထိုးများသည် မျက်လုံးပြူးသွားပြီး

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



" ညီ့သည်အယ်နှစ်ယောက်အတွက် ပြင်ပေးရမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ချစ်စရာက မျက်နှာတည်တည်ဖြင့်

" ညီ့သည်ကတော့ ကျုပ်တို့ နှစ်ယောက်ပဲရှိတယ် "

ဟု ပြောကာ စားပွဲထိုးများသည် ၎င်းတို့ကို တအံ့တသြ ကြည့်၍

" ဟင်... မင်းတို့နှစ်ယောက်တည်းစားတာ ဘာဖြစ်လို့ ဒီလောက် အများကြီးမှာရတာလဲ၊ အစားအသောက်တွေမှာပြီး မကုန်ရင် ဘယ်လိုလုပ်မလဲ "

ဟု နားမလည်ဟန်ဖြင့် မေးမြန်းလေ၏။ ကေရိက စားပွဲထိုးများကို လက်ကာပြ၍

" သူမှာတာတွေကို အမြန်ဆုံးလုပ်ပေးလိုက်ပါ၊ ဒီကောင်လေးက အင်တော်တိုင်းပြည်က ရောက်လာလို့ပါ၊ အစားအသောက်တွေ မကုန်ရင်လဲ ကိစ္စမရှိဘူး၊ ကုန်ကျစရိတ်ကို တို့ရှင်းပေးမှာပါ"

ဟု ပြောလေရာ စားပွဲထိုးများသည် ချစ်စရာကို အထူးအဆန်း သတ္တဝါတစ်ဦးကဲ့သို့ ကြည့်ကာ အစားအသောက်များ မှာကြားရန် ထွက်သွားလေ၏။

ခဏကြာလျှင် စားပွဲထိုးများထံမှ တစ်ဆင့်စကား တစ်ဆင့်နား ဖြင့်ကြားပြီး ဆိုင်ရှိအလုပ်သမားအားလုံး ချစ်စရာကို လာရောက် ကြည့်ရှုကြလေ၏။ ထိုမြင်ကွင်းကိုကြည့်၍ ကေရိက ရယ်မောကာ

" မင်းကို အင်တော်တိုင်းပြည်ကလာတယ်ဆင်ပြီး စားပွဲထိုး





တွေရော၊ ဆိုင်ရှင်ပါ ဝိုင်းကြည့်နေကြပြီ "

ဟု နောက်ပြောင်လေရာ ချစ်စရာက ရှက်ကိုးရှက်ကန်းဟန်ဖြင့်

" ကျုပ် အိမ်မှာနေကတည်းက အစားအသောက် ကောင်း ကောင်း မစားရတာကြာပြီဗျ၊ ဒါကြောင့် တရုတ်ဆိုင်ရောက်တုန်း အားပါးတရစားတာ "

ဟု ပြောဆိုလေ၏။ ခဏအကြာတွင် အငွေ့တထောင်းထောင်း ထနေသော စားသောက်ဖွယ်ရာများ တစ်ပွဲပြီးတစ်ပွဲ ရောက်ရှိလာ၏။

ချစ်စရာသည် စားသောက်ဖွယ်ရာများကို ကြည့်၍ သွားရည်များ ကျလာပြီး

" အစ်မရေ စားတော့မယ်ဗျာ၊ ကျုပ်တော့ ဗိုက်တွေသိပ် ဆာနေပြီ "

ဟု ပြောလေ၏။ ထိုအခါ ကေရိက ရယ်မော၍

" ဖြည်းဖြည်းစား ကောင်လေး၊ ငရဲကပုဏ္ဏားလို စားပိုး နင့်ပြီး သေသွားဦးမယ် "

ဟု သတိပေးလေ၏။ ထိုအခါ ချစ်စရာ အစားအသောက် များကို ပလုတ်ပလောင်းစား၍

" ကိုယ်ကြိုက်တာကို စားလို့ကတော့ စားပိုးနင့်ပြီး သေလဲ သေဗျာ၊ စားမယ်၊ မှာထားတဲ့ အစားအစာတွေ အားလုံးမကုန်ခင် တောင် နည်းနည်းစီ မျှစားရမယ် "

ဟု ပြောဆိုကာ တောက်တောက်ကြော်များကို ယူ၍ ပလုတ်



www.burmeseclassic.com

www.burmeseclassic.com



ပလောင်း စားသောက်နေလေ၏။

ထိုအခိုက်မှာပင် ဆိုင်အတွင်းသို့ လူများ တဖွဲဖွဲရောက်ရှိလာလေ၏။

ကေရီသည် စားသောက်ဖွယ်ရာများကို နည်းနည်းချင်း စားသောက်၍ လူများကို ကြည့်ရှုနေမိ၏။

စားသောက်ဆိုင်ရှိ စားပွဲထိုးများသည် တဖွဲဖွဲရောက်ရှိလာသော လူများကိုကြည့်၍ စားပွဲထိုးတစ်ဦးက

" ဧည့်သည်တွေ လာမဲ့လာတော့လည်း တစ်ပြိုင်တည်း အများကြီးပါလား၊ ဒါမျိုး မကြုံဖူးဘူးဟေ့၊ ငါတို့ အလုပ်များဦးမယ် "

ဟု ညည်းညူလေ၏။ စားသောက်ဖွယ်ရာများကို အငန်းမရ စားသောက်နေရာမှ ဆိုင်ထဲသို့ တဖွဲဖွဲဝင်ရောက်လာသော လူများ မျက်လုံးဝေ့ကြည့်၍

" ဟဲ ဟဲ... ကျုပ် စားပိုးနင့်အောင် စားလိုက်လို့ ဒီဆိုင် လာဘ်ကောင်းသွားပြီ၊ လူတစ်ယောက်မှမရှိရာက လူတွေ အများကြီး ရောက်လာတယ် "

ဟု ပြောရင်း အခေါက်ကင်များကို အငမ်းမရ စားသောက်နေပြန်၏။

ကေရီသည် ချစ်စရာ စားသောက်နေပုံကို တစ်လုံးတစ်ပါဒမှ မပြောဘဲ ငြိမ်သက်စွာ ကြည့်ရှုနေလိုက်၏။

ထိုအခိုက်မှာပင် ဆိုင်ထဲသို့ မျက်နှာဖြူ လူကြီးတစ်ဦးနှင့်





နောက်လိုက်နောက်ပါများ ရောက်ရှိလာ၏။

မျက်နှာဖြူလူကြီးသည် အရေးပိုင် ဝန်ထောက်စသော အရာရှိကြီးတစ်ဦး ဖြစ်ပုံရ၏။

မျက်နှာဖြူကြီးသည် ကေရီတို့အနီးရှိ စားပွဲတွင် နေရာယူ၍ စားသောက်ဖွယ်ရာများကို မှာယူလေ၏။

ချစ်စရာသည် ခေါက်ဆွဲကြော်တစ်ဖွန်းကို ခပ်စားရင်း မျက်နှာဖြူကြီးကိုကြည့်ကာ

" ဟဲ ဟဲ... ကျုပ်ဆိုင်ကိုရောက်တာ လာဘ်ကောင်းတယ်ဆိုတာ သေချာနေပြီ၊ ဆိုင်ထဲကို မြန်မာတွေသာမကဘူး၊ မျက်နှာဖြူကြီးတောင် ရောက်လာပြီ "

ဟု ပြောဆိုလေ၏။ ကေရီသည် ချစ်စရာ စားသောက်နေပုံကို ကြည့်ရှု၍ သက်ပြင်းချလိုက်ပြီး

" ဘယ်လိုလဲကောင်လေး၊ စားလို့ဝပြီလား "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ချစ်စရာက လက်ထဲရှိ ဇွန်းကို စားပွဲပေါ်သို့ချ၍

" ဟဲ ဟဲ... စားစရာတွေများလွန်းတော့ ဘယ်ဟာင်းကိုမှ ယ်မယ်ရရမစားပေမဲ့ ဗိုက်ထဲမှာတင်းနေပြီ၊ တော်ပြီဗျာ၊ ကျုပ် မစားနိုင်တော့ဘူး "

ဟု ပြောလေ၏။ ထိုအခါ ကေရီက ရေတစ်ခွက်ကို ကမ်းပေး၍

" ဒါဆိုရင် ဟောဒီရေတစ်ခွက်ကိုသောက်လိုက်၊ ရေသောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် မင်းကို ပြောစရာရှိတယ် ''

ဟု ပြောလေ၏။ ချစ်စရာသည် ကောရီကမ်းပေးသော ရေခွက်ကိုသောက်၍

'' ဘာပြောမှာလဲ အစ်မ ပြောစမ်းပါဦး ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကောရီက ဆိုင်ထဲရှိ လူများကို မသိမသာ မျက်လုံးဝေ့ကြည့်၍

'' ဆိုင်ထဲကို ရောက်နေတဲ့လူတွေကို မင်းသေသေချာချာ ကြည့်စမ်း၊ ဘာထူးခြားလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ချစ်စရာသည် သူ၏မျက်နှာချင်းဆိုင် စားပွဲတွင် စားသောက်နေသူများကို ကြည့်ရှု၍ မျက်လုံးပြူးသွားပြီး

'' ဟင်... သူတို့ဟာ ကျုပ်အဖေရဲ့ တပည့်တွေပဲ ''

ဟု ရေရွတ်ကာ ဆိုင်ထဲရှိ အခြားသော စားပွဲများကိုလည်း လှည့်လည်ကြည့်ရှု၍ မျက်လုံးပြူးသွားပြီး

'' ဟင်... သူတို့အားလုံး ကျုပ်အဖေရဲ့ တပည့်တွေချည်းပဲ၊ ကျုပ်အဖေရဲ့ တပည့်တွေအားလုံး ဒီဆိုင်ထဲကို ရောက်နေပြီ၊ သူတို့ဟာ ကျုပ်ကို ဖမ်းဖို့ပဲဖြစ်မယ်၊ ဒုက္ခပါပဲ၊ သူတို့လက်က လွတ်အောင် ဘယ်လိုပြေးရမလဲ ''

ဟု အလန့်တကြား အော်ဟစ်လေ၏။ ကောရီသည် စားပွဲပေါ်ရှိ အခေါက်ကင်တစ်ဖတ်ကို တူဖြင့်ယူ၍ ဝါးစားလိုက်ပြီး





'' သူတို့လူစု ဆိုင်ထဲကိုရောက်လာကတည်းက တစ်စုံတစ်ခု ထူးခြားနေတယ်လို့ ငါသံသယဖြစ်မိတယ်၊ ဒါပေမဲ့ မင်းကို မပြောသေးတာက မင်းရဲ့အစားအသောက်ပျက်သွားမှာစိုးလို့၊ အခုတော့ ငါထင်တဲ့အတိုင်းဖြစ်နေတယ်၊ သူတို့ဟာ မင်းအဖေရဲ့ တပည့်တွေ ဖြစ်နေတယ်၊ မင်းအဖေဟာ မင်းကို ဘာဖြစ်လို့ ဒီလောက်ဂရုစိုက်နေတယ်ဆိုတာ ငါတွေးလို့မရဘူး၊ ပထမတော့ မင်းဆီမှာ အဖိုးတန်ပစ္စည်းတစ်ခု ပါလာလို့လို့ ငါထင်တယ်၊ ဒါပေမဲ့ မင်းရဲ့ပစ္စည်းတွေကိုမွှေနှောက်ပြီး ရှာဖွေကြည့်တော့လဲ အဖိုးတန်ပစ္စည်းဆိုလို့ အပ်တိုတစ်ချောင်းတောင် မပါဘူး ''

ဟု ပြောလေရာ ချစ်စရာက ခေါင်းကုတ်၍

'' ဒါတော့ သေချာတယ်မျိုး၊ ကျုပ်မှာ ဘောင်းဘီအစုတ်တစ်ထည်နဲ့ အင်္ကျီတစ်ထည်ကလွဲလို့ အဖိုးတန်တာ ဘာတစ်ခုမှ မပါဘူး။ အဖေ့တပည့်တွေ ကျုပ်နောက်ကို တကောက်ကောက်လိုက်နေတာဟာ အဖေခိုင်းလို့ ဖြစ်လိမ့်မယ်၊ အဖေဟာ ဘာဖြစ်လို့ ကျုပ်ကို ဒီလောက်ဂရုစိုက်နေတာလဲ၊ အဖေဟာ အမေမသေပြီးတဲ့နောက်ပိုင်းမှာ မိန်းမတွေနဲ့ ပျော်ချင်သလို ပျော်နေခဲ့တယ်၊ ကျုပ်ကို ဘယ်တော့မှ ဂရုစိုက်တယ်ရယ်လို့မရှိခဲ့ဘူး။ အဖေဟာ ရှေးဟောင်းပစ္စည်းတွေနဲ့ မိန်းမတွေကိုပဲ ခင်တွယ်တယ်၊ ကျုပ်ကို သံယောဇဉ်ရှိတာ မဟုတ်ဘူး ''

ဟုပြောလေ၏။ ထိုအခါ ကောရီက သက်ပြင်းချ၍

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် မင်းအတွက် မင်းအဖေရဲ့ တပည့်တွေ အလုပ်ရှုပ်ကုန်ပြီ၊ သူတို့ကိုကြည့်ပြီး သူတို့လက်ထဲက မင်းကို မရ… အောင် ကယ်ထုတ်သွားချင်စိတ်တောင် ပေါက်လာပြီ "

ဟု ပြောလေရာ ချစ်စရာ စိတ်လှုပ်ရှားစွာဖြင့်

" ကယ်လို့ရရင် ကယ်ပါဦးအစ်မရယ်၊ အဖေ့ဆီကို မပြန်ချင်ဘူး အိမ်ကြီးထဲမှာ အကျဉ်းကျပြီး အထီးကျန်ဘဝနဲ့ မနေချင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ကေရီက ပတ်ဝန်းကျင်ကို မျက်လုံးဝေ… ကြည့်၍

" သူတို့အားလုံးရှေ့က မင်းကိုကယ်ထုတ်သွားဖို့ဆိုတာ ခက်… တော့ခက်တယ်၊ ဒါပေမဲ့ ငါ ကြိုးစားကြည့်ရင် ဖြစ်မှာပါ "

ဟုတီးတိုးပြောလေ၏။

ထို့နောက် ကေရီသည် ထိုင်ရာမှထ၍ မျက်နှာဖြူကြီးရှိရာ စားပွဲဝိုင်းသို့ သွားလေ၏။

မျက်နှာဖြူကြီးသည် စားသောက်ပြီးစီးပြီဖြစ်သဖြင့် အင်္ဂလိ… ဘာသာဖြင့်ရေးသားထားသော ဟောင်းနွမ်းသောကျမ်းကြီးတစ်စောင် ကို ဖတ်ရှုနေလေ၏။

ကေရီသည် မျက်နှာဖြူကြီးကို အင်္ဂလိပ်ဘာသာဖြင့် တစ်… တစ်ရာ ပြောလိုက်ရာ မျက်နှာဖြူကြီးသည် လှုပ်လှုပ်ရှရှဖြစ်သွားပြီ… ကေရီအား သူ၏စားပွဲတွင် ထိုင်ခိုင်းလေ၏။

ထို့နောက် မျက်နှာဖြူကြီးနှင့်ကေရီသည် စကားလက်ဆုံကျ…





နေလေတော့၏။

ချစ်စရာသည် အရေးကြီးသောအချိန်တွင် မျက်နှာဖြူကြီး နှင့်စကားပြောဆိုနေသော ကေရီကို အားမလိုအားမရဖြစ်နေလေ၏။

ကေရီသည် အတန်ကြာအောင် မျက်နှာဖြူကြီးနှင့်စကား ပြောပြီးသောအခါမှပင် စားပွဲသို့ ပြန်လည်ရောက်ရှိလာသဖြင့် ချစ်စရာက

" အစ်မရယ်၊ အန္တရာယ်တွေ ဒီလောက်ပတ်လည်ဝိုင်းနေ တဲ့အချိန်မှာ မျက်နှာဖြူကြီးနဲ့ဘာတွေသွားပြောနေတာလဲ အစ်မရယ်၊ ကျုပ်တို့ထွက်ပြေးဖို့ အမြန်ဆုံးကြိုးစည်စမ်းပါဗျာ "

ဟုတောင်းပန်လေ၏။ ထိုအခါ ကေရီက မျက်မှောင်ကြုတ်၍

" နင်ထွက်ပြေးဖို့ ငါကြံစည်နေတာပဲဟဲ့၊ နင်ဘာတွေပြောနေ တာလဲ "

ဟုပြောလေရာ ချစ်စရာက နားမလည်ဟန်ဖြင့်

" အစ်မ ဘာတွေကြံစည်နေပါလဲ၊ ကျုပ်မြင်တာတော့ မျက်နှာဖြူကြီးနဲ့ပဲ စကားတွေပြောနေတယ် "

ဟုပြောလိုက်လေ၏။ ကေရီက လေသံတိုးတိုးဖြင့်

" အဲဒါကြံစည်နေတာပေါ့ဟဲ့၊ ငါတို့ဘာတွေပြောနေလဲ နင် သိလို့လား၊ ကဲ… နင့်ကို နင့်အဖေတပည့်တွေ မဖမ်းစေရဘူး၊ ငါ့ နောက်ကသာ ရဲရဲဝံ့ဝံ့လိုက်ခဲ့ "

ဟုပြောလိုက်လေ၏။ ထို့နောက် ကေရီသည် ချစ်စရာကို မျက်နှာဖြူကြီးရှိရာသို့ခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မျက်နှာဖြူကြီးက ကေရီနှင့်ချစ်စရာကို လှိုက်လှဲသော အမူအရာဖြင့် စားသောက်ဆိုင်ထဲမှခေါ်ဆောင်သွားလေ၏။

ထို့နောက် ဆိုင်ပြင်ဘက်တွင် ရပ်တန့်ထားသော အော်တိုကား၏နောက်ခန်းတွင် ထိုင်စေပြီး မျက်နှာဖြူကြီးက ရှေ့ခန်းတွင် ထိုင်ကာ ကားထွက်ရန်အမိန့်ပေးလေ၏။

မောင်မောင်စိုး၏တပည့်များသည် မျက်နှာဖြူအရာရှိကြီး တစ်ယောက်ရှိနေ၍ ချစ်စရာအား မဖမ်းဆီးဝံ့ဘဲ စားသောက်ဆိုင် ထဲတွင် ကြိတ်မနိုင်ခဲမရဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

မျက်နှာဖြူကြီးသည် ချစ်စရာတို့အား သူ၏ကားဖြင့် မြို့ပြင် တစ်နေရာရှိ ခြံဝင်းကြီးသို့ခေါ်ဆောင်သွားလေ၏။ ထို့နောက် ကေရီ တို့အား မျက်နှာဖြူကြီးက အိမ်ထဲသို့ဖိတ်ခေါ်လေ၏။

ချစ်စရာက ကေရီ၏လက်ကိုဆွဲ၍လေသံတိုးတိုးဖြင့်

“ ဘယ်လိုဖြစ်နေတာလဲအစ်မရယ်၊ ကျုပ်တော့ နားမလည် နိုင်တော့ဘူး ”

ဟုပြောဆိုလေ၏။ ကေရီက လက်ကာ၍ နောက်မှရှင်းပြ မည်ဖြစ်ကြောင်း အမူအရာဖြင့် ပြောဆိုလေ၏။

မျက်နှာဖြူကြီးသည် ကေရီတို့အား အိမ်ကြီး၏အပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ခေါ်ဆောင်သွားပြီး တံခါးကိုဖွင့်လိုက်ရာ ချစ်စရာ သည် မျက်လုံးပြူးသွားလေ၏။

မျက်နှာဖြူကြီး၏ အခန်းထဲတွင် သေဆုံးသွားသောလိပ်ပြာ





အမျိုးမျိုးကို စုဆောင်းထားကြောင်းတွေ့ရလေ၏။ မျက်နှာဖြူကြီး စုဆောင်းထားသောလိပ်ပြာများကို နံရံကပ်ဗီရိုများအတွင်းတွင် တွေ့ရ လေ၏။

အချို့သောလိပ်ပြာများ၏ တောင်ပံများသည် အလွန်လှပပြီး အရောင်အသွေးစုံကြောင်းတွေ့ရလေ၏။

ကေရီသည် သူမ၏ ယွန်းဘူးလေးထဲတွင် သိမ်းဆည်းထား သော လိပ်ပြာကိုထုတ်၍ မျက်နှာဖြူကြီးအား ပေးလိုက်ရာ မျက် နှာဖြူကြီးသည် လိပ်ပြာကို မျက်လုံးကျွတ်မတတ်ကြည့်ရှု၍ ကျေးဇူး တင်စကား အကြိမ်ကြိမ်ပြောဆိုလေ၏။

ထိုလိပ်ပြာသည် တစ်ခါက စမ်းချောင်းအနီးတွင် ချစ်စရာ မှားယွင်းစွာရိုက်နှက်မိသောလိပ်ပြာဖြစ်၏။ မျက်နှာဖြူကြီးသည် ကေရီပေးလိုက်သော လိပ်ပြာ၏မျက်နှာကြောင့် ချစ်စရာတို့အား အထူးဧည့်သည်တော်များကဲ့သို့ သဘောထားဟန်ရှိလေ၏။

ကေရီတို့သည် ထိုနေ့ညက မျက်နှာဖြူကြီး၏နေအိမ်၌ပင် အိပ်စက်ခဲ့လေ၏။

ညအိပ်ရာဝင်ကာနီးသောအခါ မျက်နှာဖြူကြီးနှင့်သိကျွမ်းခဲ့ပုံကို ကေရီအား မေးမြန်းရာ ကေရီက

“ နင့်အဖေလက်က လွတ်မြောက်လာတာ ငါတို့ကံကောင်း လို့ပဲ၊ ဆိုင်ထဲမှာ ငါတို့ကို နင့်အဖေတပည့်တွေဝိုင်းထားတုန်းက ဘယ်လိုလွတ်မြောက်ရမလဲဆိုတာ ငါအကြံထုတ်နေတယ်၊ ဒီလိုနေရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူကြီးစိတ်ဝင်တစားဖတ်နေတဲ့ အလွန်ဟောင်းနွမ်းတဲ့ ကျမ်းစာအုပ်ကြီးကို ငါလှမ်းကြည့်မိတယ်၊ ဒီအခါမှာ မျက်နှာဖြူကြီးစာအုပ်ဟာ အလွန်ရှားပါးတဲ့လိပ်ပြာတွေအကြောင်းကို စာရင်းပြုစုထားတဲ့ ကျမ်းစာအုပ်ဆိုတာ ငါသိလိုက်တယ်၊ မျက်နှာဖြူကြီးကိုလည်း လိပ်ပြာဝါသနာအိုးကြီးဆိုတာ ရိပ်စားမိလိုက်တယ်၊ တစ်ခါတုန်းက စမ်းချောင်းအနီးမှာ နင်ရိုက်ပုတ်လိုက်တဲ့ လိပ်ပြာကြီးကို အသုံးချပြီး မျက်နှာဖြူကြီးနဲ့ခင်မင်အောင်လုပ်ဖို့ စိတ်ကူးပေါက်ခဲ့တယ်၊ ဒါကြောင့် မျက်နှာဖြူကြီးရဲ့စားပွဲကိုသွားပြီး ငါ့ကိုယ်ငါ လိပ်ပြာဝါသနာအိုးတစ်ယောက်လို့ မိတ်ဆက်ခဲ့တယ်၊ ငါ့မှာရှိတဲ့ ရှားပါးလိပ်ပြာကြီးတစ်ကောင်ကို သူ့ကို လက်ဆောင်ပေးဖို့လည်း ပြောလိုက်တယ်၊ ဒီတော့ လိပ်ပြာ ဝါသနာအိုး မျက်နှာဖြူကြီးဟာ ငါ့ကိုကျေးဇူးသိပ်တင်သွားပြီး သူ့ကားနဲ့အိမ်ထိခေါ်သွားတာပဲ၊ လောလောဆယ်တော့ နင့်အဖေရဲ့လက်က ငါတို့လွတ်လာပြီပေါ့ဟယ် ''

ဟုပြောလေ၏။ ချစ်စရာက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အစ်မအကြံကောင်းသွားလို့ အဖေ့တပည့်တွေက ဆိုင်ထဲမှာ ခုန်ဆွခုန်ဆွဖြစ်ပြီး ကျန်ရစ်ခဲ့တယ်၊ ဒီပုံစံအတိုင်းဆိုရင် မကြာမီ ကျုပ်တို့ဆီကို အဖေရောက်လာလိမ့်မယ်ထင်တယ်၊ အဲဒါဆိုရင် ဒုက္ခပါပဲဗျာ၊ အဖေနဲ့တွေ့ရမှာကြောက်တယ် ''

ဟုပြောလေ၏။ ကေရီက ချစ်စရာကို ဂရုဏာသက်ဟန်ဖြင့်ကြည့်ရှု၍

'' မင်းအဖေကို မင်းမချစ်ဘူးလား ''

ဟုမေးမြန်းလေ၏။ ချစ်စရာက သက်ပြင်းချ၍

'' အဖေ့ကိုချစ်ဖို့ထက် ကြောက်တာပဲရှိတယ်၊ အဖေဟာ ကျုပ်ကို ငယ်စဉ်ကတည်းက ချိုချိုသာသာ မဆက်ဆံခဲ့ဖူးဘူး၊ နီးနီးကပ်ကပ်လည်း တစ်ခါမှ မနေဘူး ''

ဟုပြောလေ၏။ ကေရီသည် လှပယ်လေး၏ ဂရုဏာသက်ဖွယ်ကောင်းသောဘဝကို ရိပ်စားမိသလိုရှိသွား၏။

ကေရီသည် ထိုနေ့ညက ညဉ့်နက်သည်အထိ အိပ်မပျော်ဘဲ မောင်မောင်စိုးထံမှ ပြည်လုံးကျော်ပတ္တမြားကြီး၏အကြောင်းကို တွေးနေမိ၏။

မောင်မောင်စိုး၏အဘွားသည် နန်းတွင်းမှ ပတ္တမြားကြီးကို ယူခဲ့၏။ ထို့နောက် မောင်မောင်စိုး၏ဖခင် မှဆိုးကြီးက အဘွားထံမှ ကိုလုပ်ကြံ၍ ပတ္တမြားကြီးကို ခိုးယူခဲ့ပြန်၏။

ထို့နောက် မောင်မောင်စိုးကို မွေးဖွားခဲ့ပြီးနောက် မုဆိုးကြီး ကွယ်လွန်သဆုံးကာ မောင်မောင်စိုးသည် ပတ္တမြားကြီးကို လက်ခံရရှိခဲ့၏။

မောင်မောင်စိုးသည် အိန္ဒိယ၌ ပညာသင်ကြားပြီးပြန်လာသော ခေတ်ပညာတတ်တစ်ဦးဖြစ်သဖြင့် ဒုစရိုက်မှုများကို ကျူးလွန်ရာတွင် ၎င်း၍အတွေးအကြံကောင်းမွန်၏။

မောင်မောင်စိုးသည် အကြံကြီးစွာဖြင့် ပြည်လုံးကျော် ပတ္တမြားကြီးကို ဘုရင်ခံကတော်ထံသို့ရောင်းချရန် ကြံစည်နေ၏။







www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်စိုးလက်ထဲ၌ ပတ္တမြားကြီးရှိလျှင် ရယူရန် လွယ်ကူသေး၏။ ဘုရင်ခံကတော်ကြီးလက်သို့ ရောက်ရှိလျှင် ပြန်လည်ရယူရန် မလွယ်ကူတော့ချေ။

ကေရီသည် ပတ္တမြားကြီးအကြောင်းကို စဉ်းစားရင်း မောင်မောင်စိုးနှင့်ချစ်စရာတို့၏ ဆက်စပ်ပုံကို တွေးတောမိပြန်၏။

မောင်မောင်စိုးသည် ချစ်စရာနှင့်ပတ်သက်ပြီး လျှို့ဝှက်ချက် တစ်ခုရှိပေလိမ့်မည်။ ထိုလျှို့ဝှက်ချက်၏အဖြေကို မကြာမီသိရတော့မည်ဟု ယုံကြည်နေမိ၏။

ကေရီသည် ညဉ့်အတော်နက်သောအခါမှပင် အိပ်ပျော်သွားလေ၏။

♣♣♣♣♣♣





ကေရီတို့သည် နောက်တစ်နေ့တွင် ခရီးဆက်မည့် အကြောင်း မျက်နှာဖြူလူကြီးကို ပြောလေ၏။ ကေရီတို့သည် မျက်နှာဖြူကြီး ပေးလိုက်သော ချော့ကလက်ပြားများကို ကိုက်ဝါး၍ ခရီးဆက်ခဲ့လေ၏။

ကေရီတို့သည် လော်ရီကားကြီးတစ်စီးကို တားဆီး၍ ခရီးဆက်ခဲ့ပြန်၏။

လော်ရီကားဒရိုင်ဘာသည် ချောမောလှပသော ကေရီ၏ ရုပ်ရည်ကို ကြည့်၍ တစ်လမ်းလုံးရိသဲ့သဲ့လုပ်ပြီး မောင်းနှင်နေလေ၏။ သူသည် ကိုယ်ပိုင်ကားကို မောင်းနှင်နေသော အံ့နာဒရိုင်ဘာဖြစ်ကြောင်း မိမိကို လက်ထပ်ယူချင်သော မိန်းမများပေါ်များလှသော်လည်း ယနေ့ ဆက်တိုင် စိတ်ကြိုက်မတွေ့သေးသဖြင့် လူပျိုကြီး လုပ်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလေ၏။

ကေရီသည် ဒရိုင်ဘာ၏စကားကို စိတ်မပါဘဲ ဝင့်ဒုက္ခကြီးစွာ နားဆင်နေရသဖြင့် ချစ်စရာ၏ခေါင်းကိုပုတ်၍

" ဒါက ပထမယောကျ်ားနဲ့ရတဲ့ သားအကြီးဆုံးလေ၊ ပထမ ယောကျ်ားသေပြီး ဒုတိယယောကျ်ားနဲ့တော့ သားတစ်ယောက် သမီး တစ်ယောက်ရှိတယ် "

ဟု ပြောလေရာ ဒရိုင်ဘာသည် မျက်နှာရှုံ့မဲ့သွားပြီး သူ၏ ကြွားလုံးများကို အလျင်အမြန် ရပ်တန့်လိုက်လေ၏။

ထိုအခိုက်မှာပင် လမ်းပေါ်တွင် ပိတ်ဆို့၍ ရပ်တန့်ထားသော ကားနှစ်စီးနှင့် လူအချို့ကို တွေ့လိုက်ရလေ၏။

ချစ်စရာသည် ကားများကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟင်... အဖေ့ရဲ့ကားတွေပါလား၊ အဖေရောက်နေပြီ ဟိုမှာ လမ်းမပေါ်မှာ ခါးထောက်ပြီးရပ်နေတာ အဖေပဲ၊ ဒုက္ခပါပဲ ဗျာ "

ဟု အထိတ်တလန့် ပြောဆိုလေ၏။ ဒရိုင်ဘာသည် ကားလမ်း ပေါ်တွင် ပိတ်၍ ရပ်တန့်ထားသော ကားနှစ်စီးနှင့် လူများကို ကြည့်၍ ထိတ်လန့်သွားပြီး

" ဟင်... လမ်းပေါ်မှာ ပိတ်နေတာ ဓားပြတွေများလား ဒုက္ခပါပဲဗျာ "

ဟု ရေရွတ်ပြီး ကားကို ရပ်တန့်လိုက်လေ၏။ ချစ်စရာ၏ ဖေ မောင်မောင်စိုးသည် လက်ထဲတွင် ခြောက်လုံးပြူးသေနတ်ကို ကိုင်၍





ကားဆီသို့ ချိန်ရွယ်ထားလေ၏။

ကေရီသည် အခြေအနေအရပ်ရပ်ကို မျက်မှောင်ကြုတ်၍ သုံးသပ်လိုက်ပြီး ဒရိုင်ဘာဘက်သို့လှည့်ကာ

" ရှင့်ကားကို အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်လိုက်စမ်း "

ဟု အမိန့်ပေးလိုက်ရာ ဒရိုင်ဘာသည် မျက်လုံးပြူးသွားပြီး

" ဟာ... ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲဗျ၊ လူတွေ၊ ကားတွေကို တိုက်မိကုန်မှာပေါ့ "

ဟု ပြန်လည်ပြောဆိုလေ၏။ ထိုအခါ ကေရီက ဒရိုင်ဘာကို မကျေမနပ်ကြည့်၍

" သေနတ်နဲ့ချိန်ထားတဲ့လူကို ရှင်က ကားနဲ့မတိုက်ဘဲ ထိုင်ရှိခိုး မလို့လား "

ဟု အော်ဟစ်လေ၏။

ထိုအခါ ကေရီသည် ဒရိုင်ဘာကို စိတ်မရှည်တော့ဘဲ သူမ၏ ဘယ်ခြေဖြင့် ကလပ်ကိုနင်းကာ ဂီယာနံပတ်ဝမ်းထိုးလိုက်၏။

ထို့နောက် ညာခြေဖြင့် ဒရိုင်ဘာလီဗာနင်းထားသော ခြေ ထောက်ကို ဖိနင်းလိုက်ရာ ကားသည် တဟုန်ထိုးထွက်သွားလေ၏။

ဒရိုင်ဘာသည် အထိတ်တလန့်ဖြင့် အော်ဟစ်နေစဉ် ကေရီ သည် ကားကို အရှိန်ပြင်းစွာဖြင့် မောင်မောင်စိုးတို့ရှိရာသို့ မောင်းနှင် သွားလေ၏။

မောင်မောင်စိုးတို့လူစုသည် မမျှော်လင့်ဘဲ ၎င်းတို့ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လော်ရီကားကြီးဝင်ရောက်လာသဖြင့် ကစင့်ကလျားဖြစ်သွားပြီး မောင်မောင်စိုးကိုယ်တိုင် လမ်းနံဘေးသို့ ဆင်းပြေးရ၏။

လော်ရီကားကြီးသည် လမ်းပေါ်တွင် ခေါင်းချင်းဆိုင်၍ ပိတ်ရပ်ထားသော ကားငယ်လေးနှစ်စီးကို အရှိန်ပြင်းစွာဖြင့် တိုက်ခတ်လိုက်ရာ ကားနှစ်စီး၏ခေါင်းများ ကြေမွသွားလေ၏။

လော်ရီကားကြီးသည် မောင်မောင်စိုးတို့လူစုကို တိုက်ခတ်ပြီး အရှိန်ဖြင့် ဆက်လက်မောင်းနှင်သွားလေရာ ဒရိုင်ဘာသည် အထိတ်တလန့်ဖြင့် အော်ဟစ်တားဆီးလေ၏။

ထိုအခါ ကေရီက ဒရိုင်ဘာကို ဆောင့်တွန်း၍ သူ၏နေရာတွင်ဝင်ထိုင်ကာ ကားကို လျင်မြန်စွာ မောင်းနှင်ခဲ့လေ၏။

ထိုသို့ မောင်းနှင်ရင်း အနောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်ရာ မောင်မောင်စိုးတို့ ကားနှစ်စီးအနက် သူမတို့အနောက်သို့ တစ်စီးသာ လိုက်လာနိုင်ကြောင်း တွေ့ရလေ၏။

ထိုကားပေါ်တွင် မောင်မောင်စိုးကိုယ်တိုင် လိုက်ပါလာပြီး ပြတင်းပေါက်မှ ခေါင်းပြူ၍ ခြောက်လုံးပြူးဖြင့် တဖိုင်းဖိုင်း ပစ်ခတ်လေ၏။

သို့သော် လော်ရီကားကြီး၏အနောက်တွင် ဆန်အိတ်များ တင်ဆောင်လာသဖြင့် ကျည်ဆန်များ တိုးမပေါက်ဘဲ ရှိနေလေ၏။

ဒရိုင်ဘာသည် ကားကိုခိုဆွဲ၍ လိုက်လာရမှ အထိတ်တလန့်ဖြင့် ဝင်ရောက်ပုန်းခိုလေ၏။

ကေရီသည် ကားကို လျင်မြန်စွာ မောင်းနေသော်လည်း





ကားကလေး၏အရှိန်သည် ပိုမိုပြင်းထန်သဖြင့် တဖြည်းဖြည်း လိုက်လို့မီလာ၏။

မောင်မောင်စိုး၏တပည့်တစ်ဦးသည် ခါးမြှောင်ကို ပါးစပ်ဖြင့် ကိုက်၍ အမိုးဖွင့်ကားပေါ်တွင် မတ်တတ်ရပ်လိုက်ပြီး လော်ရီကားကို ခိုဆွဲတက်ရန် ကြိုးပမ်းလေ၏။

ကေရီသည် ထိုမြင်ကွင်းကို နောက်ကြည့်မှန်မှကြည့်၍ ကားလက်ကိုင်ဘီးကို ဆွဲကွေ့ချလိုက်ရာ ကားကို ခိုဆွဲတက်ရန် ကြိုးပမ်းသူသည် ကားစက်ဖုံးပေါ်သို့ ဝမ်းလျားမှောက်လဲကျသွားလေ၏။

ထိုသူကားပေါ်မှ ပြုတ်မကျစေရန် မောင်မောင်စိုး၏တပည့်များက ဝိုင်းဝန်းဆွဲကိုင်ထားရ၏။

ကေရီသည် ထိုအခွင့်အရေးကို အရယူ၍ ကားကြီး နောက်ပိုင်းနှင့် မောင်မောင်စိုး၏ကားကို ရိုက်ချလိုက်ရာ ၎င်းတို့၏ ကားသည် သမ်းနံဘေးလယ်ကွင်းထဲသို့ ထိုးကျသွားလေ၏။

ကေရီသည် မောင်မောင်စိုးတို့၏ကား လယ်ကွင်းထဲသို့ ထိုးကျသွားပုံကို နောက်ကြည့်မှန်မှ ကြည့်ရှုပြီး တဟားဟား ရယ်မောလိုက်လေ၏။

လော်ရီကားကြီး၏ ဒရိုင်ဘာကမူ ကေရီ၏အပြုအမူကို အမျိုးမျိုး အော်ဟစ်ပြောဆိုနေလေ၏။

ကေရီသည် ဒရိုင်ဘာ၏စကားကို သည်းမခံနိုင်သည့်အဆုံးတွင် ဒရိုင်ဘာကို ကားပေါ်မှကန်ချလိုက်ရာ ဒရိုင်ဘာသည် လမ်းနံဘေး



www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်ထဲသို့ ကျသွားလေ၏။

ချစ်စရာသည် ကေရီ၏တိုက်ခိုက်ပုံကိုကြည့်၍ သဘောကျဟန်ဖြင့် လက်ခုပ်လက်ဝါးတီးပြီး

" အစ်မသိပ်တော်တာပဲ၊ အဖေ့ရဲ့ကားကိုလည်း လယ်ကွင်းထဲကျအောင် ချနိုင်တယ်၊ စကားသိပ်များတဲ့ ဒရိုင်ဘာကိုလည်း ကားပေါ်က ကန်ချလိုက်နိုင်တယ်၊ အစ်မက မိန်းမလူစွမ်းကောင်းပဲ "

ဟု အော်ဟစ်လိုက်လေ၏။ ကေရီက ကားကို ကျွမ်းကျင်စွာမောင်းနှင်နေပုံကိုကြည့်၍ လူငယ်လေးက အံ့ဩဟန်ဖြင့်

" အစ်မက ကားလည်း မောင်းတတ်တယ်နော်၊ သိပ်တော်တာပဲ "

ဟု ချီးမွမ်းပြန်၏။ ထိုအခါ ကေရီက ရယ်မော၍

" ကားမောင်းတာ ဘာမှမထူးဆန်းပါဘူးဟယ်... ၊ ငါ အိန္ဒိယမှာနေတုန်းက ကားမောင်းကျွမ်းကျင်အောင် သင်ကြားခဲ့ဖူးတယ် ဒါပေမဲ့ ငါတို့ရဲ့ကားကို မြို့နှစ်မြို့ သုံးမြို့လွန်တာနဲ့ စွန့်ပစ်ရတော့မယ် ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်လော်ရီကားကို မောင်းတာမြင်ရင် လူတွေအတွက် အထူးအဆန်းဖြစ်နေလိမ့်မယ် "

ဟု ပြောကာ ကားကို အတန်ကြာအောင် မောင်းနှင်ပြီး မြို့နှစ်မြို့ကြားတွင် စွန့်ပစ်လိုက်လေ၏။

ထို့နောက် အဝေးတွင် မှိန်ပြပြမြင်နေရသော စေတီလေးတစ်ဆူရှိရာသို့ ထွက်ခဲ့လေ၏။ စေတီငယ်လေးသည် လူသူမနီးသော





အရပ်တွင်ရှိသော်လည်း သန့်ရှင်းသပ်ရပ်နေလေ၏။

ကေရီတို့သည် စေတီလေးသို့ဝင်၍ ဘုရားဝတ်ပြုပြီးနောက် စေတီ၏ရင်ပြင်ပေါ်မှ အဝေးဆီသို့ လှမ်းမျှော်ကြည့်ရာ မီးခိုးတလူလူ လွင့်ပျံတက်နေသည်ကို တွေ့ရ၏။

ထိုအခါ ကေရီက ချစ်စရာဘက်သို့လှည့်ကြည့်

" ဟိုအဝေးက မီးခိုးတွေမြင်ရတယ်၊ အဲဒီမှာ လူရှိမယ်ထင်တယ်၊ ငါတို့သွားကြရအောင် "

ဟု ပြောလေရာ ချစ်စရာက အားတက်သရောဖြင့်

" အကောင်းဆုံးပဲ အစ်မ၊ ကျွန်တော် ဗိုက်တွေသိပ်ဆာနေပြီ၊ စားစရာတစ်ခုခု စားမှဖြစ်မယ် "

ဟု ပြောလေ၏။

ထို့နောက် ကေရီတို့သည် လှည်းလမ်းအတိုင်း မှိန်ပြပြ မြင်ရသော မီးခိုးငွေ့တန်းများရှိရာသို့ ထွက်ခဲ့လေ၏။ အတန်ကြာအောင် လျှောက်လှမ်းပြီးနောက် လှည်းလမ်းသည် ပိုမိုကျယ်ဝန်း လာသဖြင့် ကေရီက

" တောထဲမှာ အလုပ်လုပ်တဲ့လူတွေ ရှိမယ်ထင်တယ်၊ ငါ့အထင်တော့ ရွှေတူးတဲ့လူတွေဖြစ်မှာပဲ "

ဟု ပြောလေ၏။

သူမတို့သည် ခဏကြာလျှင် ကုန်းမြင့်မြင့်လေးပေါ်တွင် ဆောက်ထားသော သစ်လုံးအိမ်လေးတစ်လုံးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးအိမ်၏အနောက်မှ မီးခိုးများတစ်လူလူ လွင့်ပျံ့တက်နေ၏။ သစ်လုံးအိမ်အနီးသို့ရောက်သောအခါ လှန်စွာကြီးမားသော ကျွန်းပြားကြီးပေါ်တွင် ထွင်းထုထားသော မုဆိုးကြီး ထမင်းဆိုင်ဟူသော အမည်ကို တွေ့ရလေ၏။

ချစ်စရာသည် ထမင်းဆိုင်ကိုမြင်သောအခါ ဝမ်းသာအားရဖြင့်

" ဟား ဟား ဟား... ထမင်းဆိုင်တွေ့ပြီ၊ ဝမ်းသာလိုက်တာ "

ဟု အော်ဟစ်လေ၏။ ကေရီသည် သစ်လုံးအိမ်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" တောခေါင်ခေါင်ကြီးထဲမှာ ထမင်းဆိုင်တွေ့တာ အံ့ဩစရာပဲ"

ဟု ရေရွတ်လေ၏။ ထိုအခိုက်မှာပင် သစ်လုံးအိမ်တံခါး ကျွီခနဲ ပွင့်သွားပြီး တံခါးဝတွင် တုန်ချည့်ချည့် အဘွားအိုတစ်ယောက်ကို မြင်လိုက်ရ၏။ အဘွားအိုကြီးက ကေရီတို့ကိုကြည့်၍

" ထမင်းစားချင်လို့လား မိန်းကလေး၊ ဆိုင်ထဲကို ကြွပါ "

ဟု ဖိတ်ခေါ်လေ၏။ သစ်လုံးအိမ်ထဲသို့ ရောက်သောအခါ ဟောင်းနွမ်းသော စားပွဲခုံ သုံးလေးလုံးခန့်တွေ့ရပြီး တစ်ဆိုင်လုံးတွင် အဘွားအိုတစ်ဦးသာ ရှိပုံရ၏။

ကေရီက ထိုင်ခုံတွင် ဝင်ထိုင်၍

" ဘာအစားအစာတွေရမလဲ အဘွား "

ဟု မေးလေရာ အဘွားကြီးက





" ဒီနေ့တော့ မိန်းကလေးတို့ကံကောင်းတယ်၊ တောဝက်သားနဲ့ ဂျီသားရမယ်၊ ခါတိုင်းဆို အသားတစ်မျိုးတောင် ရဖို့မလွယ်ဘူး၊ ထမင်းစားတဲ့သူတွေဟာ ကြွက်သား၊ ဖားသားလောက်နဲ့ပဲ တင်းတိမ်လိုက်ရတယ် "

ဟု ပြောလေ၏။ ထိုအခါ ဗိုက်ဆာနေပြီဖြစ်သော ချစ်စရာက

" ဒါဆိုလဲ အမြန်သွားလုပ်တော့ အဘွားရယ်၊ ကျုပ် ဗိုက်ဆာနေပြီဗျ "

ဟု လောဆော်လေ၏။

အဘွားကြီးသည် ချစ်စရာ၏စကားကြောင့်

" ဟင်းတွေက ကျက်ခါနီးပါပြီ လူလေးရယ် "

ဟု ပြောကာ အနောက်ဘက်မီးဖိုချောင်အတွင်းသို့ ဝင်သွား၏။ မကြာမီ မွှေးကြိုင်သော ဟင်းရနံ့များကိုရသဖြင့် ချစ်စရာသည် ဗိုက်ထဲတွင် ပိုမိုဆာလောင်လာလေ၏။

ခဏကြာလျှင် အဘွားအိုကြီးသည် အငွေ့တထောင်းထောင်း ထနေသော ဟင်းလျာများကို ယူဆောင်လာလေ၏။

အဘွားအို၏လက်ရာ တောဝက်သားဆီပြန်ဟင်းနှင့် ဂျီသားကင်၊ ငါးပိရည် တို့စရာများ စုံလင်စွာရောက်ရှိလာလေ၏။

ထိုအခါ ကေရီတို့သည် ထမင်းဟင်းလျာများကို မြိန်ယှက်စွာ စားသောက်ကြလေ၏။

သူမတို့သည် ဆာလောင်နေသဖြင့် တစ်ပန်းကန်ပြီး တစ်ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ထည့်စားလေ၏။ ထမင်းစားပြီးနောက် အဘွားအိုက အနီးသို့ မြေပဲစားလှော်၊ ရေနွေးကြမ်းတို့ဖြင့် ရောက်ရှိလာပြီး

" မိန်းကလေးတို့ ထမင်းစားပြီး သင်ဖြူးဖျာလေးပေါ်မှာ တစ်ရေးတစ်မော အိပ်လိုက်ပါလား "

ဟု ပြောလေရာ ကေရီက ချစ်စရာကို ဖျာပေါ်တွင် အနားယူစေပြီး အဘွားအိုဘက်သို့လှည့်ကာ

" ဒီတောခေါင်ခေါင်ကြီးထဲမှာ အဘွားဘာဖြစ်လို့ ထမင်းဆိုင်ဖွင့်ထားတာလဲ "

ဟု မေးမြန်းလေရာ အဘွားအိုက

" ဒီနားမှာ ခင်ပွန်းတောင်ရှိတယ်၊ ခင်ပွန်းတောင်ရဲ့ တစ်ဖက်မှာ ရွှေထွက်တယ်ဆိုပြီး လူတွေ အရောက်အပေါက် နည်းနည်းပါးပါးရှိတယ်၊ ဒါကြောင့် အဘွားထမင်းဆိုင်မှာ ထမင်းစားတဲ့လူ နည်းနည်းပါးပါးရှိတယ်၊ တစ်ခါတလေတော့လဲ ထမင်းစားတဲ့သူမလာတော့ အဘွားတို့ ပဲစားလိုက်ကြရတာပေါ့။ အဘွားရဲ့ ယောကျ်ားက မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတယ်လေ၊ ဒါကြောင့် ဒီထမင်းဆိုင်ကို မုဆိုးကြီးထမင်းဆိုင်လို့ အမည်ပေးထားတာပေါ့ "

ဟု ပြောလေ၏။

ကေရီသည် အဘွားအိုနှင့်စကားပြောရင်း ဝါးခနဲသမ်းလိုက်ပြီး

" ဝါး... ခရီးပန်းလာလို့လားမသိဘူး၊ အိပ်ချင်လိုက်တာ အဘွားရယ် "





ဟု ပြောဆိုလေ၏။

ထိုအခါ အဘွားအိုက

" ခဏလောက် အနားယူလိုက် မိန်းကလေးရယ်၊ ခရီးပန်းလာတာကိုး "

ဟု ပြောဆိုလေ၏။

ကေရီသည် သင်ဖြူးဖျာပေါ်တွင် မှေးခနဲအိပ်ပျော်သွားလေ၏။ ကေရီအိပ်ပျော်သွားပြီး ခဏကြာလျှင် အဘွားအိုသည် အနီးသို့ အကြိမ်ကြိမ်လာရောက် ကြည့်ရှုလေ၏။

ထို့နောက် ကေရီတို့အိပ်စက်ကြောင်း သေချာသောအခါ သွန်မှာသေးငယ်သောလက်ထိတ်ကို ယူဆောင်လာပြီး ကေရီနှင့် ချစ်စရာကို ချုပ်နှောင်လေ၏။

အဘွားအိုသည် ကေရီတို့ကို လက်ထိတ်ခတ်ပြီးသောအခါ သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး

" ဟင်း... ရွှေတစ်ဆယ်သားရဖို့အတွက် မကောင်းမှုအလုပ်ကို မလုပ်ချင်ပဲနဲ့ ပြန်လုပ်နေရတယ်၊ ခုတော့လဲ ရွှေတစ်ဆယ်သားရဖို့ ငါ့အတွက် လွယ်လွယ်လေးပါပဲလား "

ဟု ရေရွတ်လေ၏။

ထိုအခါ တစ်ခေါခေါ ဟောက်သံပေး၍ အိပ်စက်နေသော ကေရီက ခေါက်ခနဲထထိုင်၍

" ဟင်း ဟင်း... ထင်သလောက်မလွယ်ဘူး အဖွားရဲ့၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးတဲ့ မှတ်ထား၊ မြန်မာပြည်မှာတောင်မကဘူး အိမ်နီးချင်းနိုင်ငံတွေမှာတောင်လှည့်ပြီး စွန့်စားခန်းဖွင့်လာတဲ့ မိန်းမ၊ အဘွားခတ်လိုက်တဲ့ အိပ်ဆေးက သိပ်ရှီးစင်းလွန်းတယ်၊ ဒီအိပ်ဆေးမျိုးတွေကို အိန္ဒိယကတိုင်းရင်းသားတွေ ကောင်းကောင်းဖော်စပ်တတ်တယ်၊ ဟင်းအနံ့ရကတည်းက ဆေးခတ်ထားတာ သိလိုက်ရ တယ်''

ဟု ပြောလေရာ အဘွားကြီး၏မျက်နှာတင်းမာသွားပြီး

'' မင်းက အတော်လည်တဲ့ မိန်းမပါလား၊ ဒါပေမဲ့ ငါ ဘယ်လို မိန်းမမျိုးလဲဆိုတာ မင်းမသိသေးဘူးနဲ့တူတယ် ''

ဟု ပြောလေရာ ကေရီက အဘွားအိုကြီးကို မထီလေးစားကြည့်၍

'' အဖွားရဲ့လက်ဖျံမှာ ထိုးထားတဲ့ ကင်းမြီးကောက်သုံးရုပ်ကို မြင်ကတည်းက အဖွားဟာ လွန်ခဲ့တဲ့အနှစ်သုံးဆယ်က အလွန် နာမည်ကြီးတဲ့ ဓားပြမောင်နှံထဲက အဘွားကြီးဒေါ်လှရီဆိုတာ သိတယ် ''

ဟု ပြောလေရာ အဘွားကြီးမျက်နှာ ကွက်ခနဲပျက်သွားပြီး

'' ဩော်... မင်းက မခေပါလား ''

ဟု ဆိုကာ စားပွဲခုံဟောင်းကြီး၏အောက်မှ ခြောက်လုံးပြူး သေနတ်ကြီးကို ဆတ်ကနဲထုတ်၍

'' မလှုပ်နဲ့မိန်းကလေး၊ လှရီကို ဘာကောင်မ အောက်မေ့လဲ''

ဟု ခြိမ်းခြောက်လိုက်ရာ ကေရီက သူမ၏လက်နက်ဖက်ကို လှုပ်ယမ်းလိုက်ရာ အဘွားကြီးခတ်ထားသော လက်ထိပ်သည် ချောက်





ခနဲ ပွင့်သွားလေ၏။

အဘွားကြီးသည် လက်ထိပ်ပွင့်သွားသဖြင့် လွန်စွာအံ့သြသွားပြီး

'' ဟင်... ငါသေချာခတ်ထားတဲ့ လက်ထိပ်က ဘာဖြစ်လို့ ပွင့်သွားတာလဲ ''

ဟု မေးမြန်းလေရာ ကေရီက တဟင်းဟင်း ရယ်မော၍

'' ကေရီတဲ့... ကေရီဘဝမှာ လုံခြုံအောင်ခတ်ထားတဲ့ သော့ ဆိုတာမရှိဘူး ''

ဟု ပြောလိုက်ရာ အဘွားကြီး၏မျက်နှာ တင်းမာသွားပြီး

'' ဘာပဲဖြစ်ဖြစ် ညည်းမလှုပ်နဲ့၊ လှုပ်တာနဲ့ ငရဲပြည်ပို့ပေးလိုက်မယ် ''

ဟု အော်ဟစ်ပြောဆိုလိုက်လေ၏။

ထိုအခါ ကေရီက အဘွားအိုကို မထီလေးစားကြည့်၍

'' အဘွားအသက်ကြီးနေပြီ၊ ဘုရားကျောင်းကန်လေးသွားပြီး ပုတီးစိပ်ပြီး လောဘဒေါသလေးလျှော့ဖို့ ကြိုးစားပါဦး၊ နောက်ပြီး အဘွား မျက်စိမကောင်းတော့ဘူးနဲ့တူတယ်၊ အဘွားရဲ့သေနတ်ကို သည်း ကြည့်ပါဦး၊ ကျည်ဆန်မှရှိရဲ့လား ''

ဟု မေးမြန်းလိုက်ရာ အဘွားကြီးသည် သေနတ်ကို ဖျောင်းခနဲ ဖြဲ၍ ကျည်ဆန်များကိုကြည့်လိုက်ရာ မရှိတော့သဖြင့်

'' ဟင်... ငါ့ကျည်ဆန်တွေ ဘယ်ရောက်ကုန်ပြီလဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်ရာ ကေရီက သူမ၏လက်ထဲမှ ကျည်ဆန်များကို လုတ်၍

" ဒီမှာလေ အဘွားကျည်ဆန်တွေ၊ စောစောက အဘွားထမင်းချက်နေတုန်းက သစ်လုံးအိမ်ထဲလှည့်ပတ်ကြည့်ရင်း သေနတ်ကိုတွေ့တယ်၊ ဒါကြောင့် အဘွားအိုကြီးအိုမနဲ့ ကျည်ဆန်ထွက်သွားမှာစိုးလို့ ကျွန်မသိမ်းထားပေးတာပါ "

ဟု ပြောလိုက်ရာ အဘွားအိုသည် မည်သို့မျှမတတ်နိုင်တော့ဘဲ လက်မှိုင်ချကာ

" ရွှေတစ်ဆယ်သား မရချင်နေပါစေတော့၊ ညည်းကို ငါ အရှုံးပေးလိုက်ပြီ "

ဟု ဆိုကာ အခန်းထောင့်သို့သွားပြီး ပြောင်းဖူးဖက်ဆေးလိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်နေလေတော့၏။

ကေရီသည် ချစ်စရာအိပ်ရာမှ နိုးလာသောအခါ ထိုင်နေရာမှ လျှင်မြန်စွာထွက်ခဲ့လေ၏။ သူမ၏ရန်သူတော် မောင်မောင်စိုးသည် တောလမ်းခရီးတိုင်အောင် အရောက်အပေါက်ရှိပုံရ၏။

ပြည်လုံးကျော်ပတ္တမြားကြီး၏ အရိပ်အယောင်ကိုမှ မမြင်ရသေးသော်လည်း မောင်မောင်စိုးနှင့် ရန်ငြိုးရန်စဖွဲ့နေမိ၏။

ပုလိပ်များလည်း သူမသွားလေရာနောက်သို့ တကောက်ကောက်လိုက်နေလေ၏။ ကေရီတို့သည် ချစ်စရာနှင့်အတူ ရွာများတစ်ရွာပြီးတစ်ရွာ ခရီးသွားများသဖွယ် သွားလာနေလေ၏။





သူမတို့သည် ခရီးဆက်ကြရင်း ရွာကြီးတစ်ရွာ၏ မနီးမဝေး တွင် စီးဆင်းနေသော စမ်းချောင်းလေးကိုတွေ့သဖြင့် ကိုယ်လက်သုတ်သင်ရန် ဆင်းခဲ့လေ၏။ ချစ်စရာက

" အစ်မရေ ရေကအေးနေတာပဲ၊ ရေမချိုးရတာကြာပြီ ရေဆင်းချိုးရအောင် "

ဟုဆိုကာ ရေထဲသို့ဆင်း၍ ချိုးလေ၏။ ကေရီသည် ချစ်စရာရေချိုးနေခိုက် စမ်းချောင်းလေးတွင် လှည့်လည်ကြည့်ရာ ညောင်ပင်အောက်တွင် တရားထိုင်နေသော လူကြီးကို တွေ့ရလေ၏။

ကေရီသည် စမ်းချောင်းအနီးတွင် တရားထိုင်နေသော လူကြီးကို ကြည့်၍နေစဉ် ထိတ်လန့်ဖွယ်မြင်ကွင်းကြောင့် မျက်လုံးပြူးသွားလေ၏။

အဘယ့်ကြောင့်ဆိုသော် ညောင်ပင်ကြီးအနောက်မှ မြွေဟောက်တစ်ကောင်ထွက်လာပြီး တရားကျင့်နေသောလူကြီးအား ပေါက်ရန်ပြင်လေ၏။

ကေရီသည် လူကြီးအတွက် အလွန်အန္တရာယ်ရှိနေသဖြင့် စိုးရိမ်သွားပြီး သူမ၏အိတ်ထဲမှ ဓားမြှောင်ကိုလျှင်မြန်စွာထုတ်၍ မြွေဟောက်အား ပစ်ပေါက်လိုက်လေ၏။

ကေရီ၏ ဓားမြှောင်သည် မြွေဟောက်၏ပါးပြင်း၌ ထုတ်ချင်းပေါက် စိုက်ဝင်သွားလေ၏။

ထိုအခါမှပင် တရားကျင့်နေသောလူကြီးသည် မျက်လုံးဖွင့်လာပြီး မြွေကြီးကိုကြည့်ကာ အခြေအနေအရပ်ရပ်ကို သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားသုံးရှိန်း

လူကြီးသည် ထိုင်ရာမှထ၍

" ကျေးဇူးတင်လိုက်တာ မိန်းကလေးရယ်၊ ကျုပ်အသက်ကို မင်းကယ်လိုက်တာပဲ၊ ကျုပ်က ဒီရွာမှာနေတဲ့ သိုင်းဆရာကြီး ဦးဂုမ္ဘာန် ပေါ့၊ ကျုပ် ညနေတိုင်း သိုင်းလေ့ကျင့်ပြီးရင် ဒီစမ်းချောင်းလေးဘေးမှာ တရားထိုင်လေ့ရှိတယ်၊ ဒီနေ့တော့ ကျုပ်သမထထိုင်နေရင်း သေဘေးနဲ့ ကြုံရဖို့ သီသီလေးလိုတော့တယ်၊ ကျုပ်အသက်ကို မိန်းကလေး ကယ် လိုက်တာပဲ၊ ကျုပ်အသက်သခင်ကို ကျေးဇူးတုံ့ပြန်ချင်လို့ ရွာမှာလိုက်ပြီး နားခိုပါဦး "

ဟု ပြောလေ၏။ ထိုအခါ ကေရီတို့လည်း သိုင်းဆရာကြီး ဦးဂုမ္ဘာန်ရွာသို့ လိုက်ပါခဲ့လေတော့၏။

သိုင်းဆရာကြီး၏အိမ်သည် ရွာ၏ အလယ်တွင်ရှိသော နှစ်ထပ်အိမ်ကြီးဖြစ်၏။

ခြံဝန်းထဲတွင် သိုင်းလေ့ကျင့်နေသော လူငယ်အတော်များ များကို မြင်သဖြင့် ကေရီသည် အံ့ဩသွားပြန်၏။

ဦးဂုမ္ဘာန်၏ ခြံထဲတွင် သိုင်းလေ့ကျင့်နေသူများသည် ရွာနှင့် မလိုက်ဖက်အောင် များပြားလှ၏။ ဦးဂုမ္ဘာန်က ခြံဝန်းထဲရှိ လူငယ်များကို မျက်လုံးဝေ့ကြည့်၍

" ဒီအနီးအနားရွာက လူငယ်တွေအားလုံး ကျုပ်ဆီမှာ သိုင်းပညာသင်ကြတယ်၊ ကျုပ်တို့ အနီးအနားကရွာတွေမှာ သိုင်း





ပညာနဲ့ပတ်သက်ပြီးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အစဉ် အလာအရ ဝါသနာရှိကြတယ် "

ဟုပြောကာ သိုင်းဆရာကြီးက ကေရီတို့အား အိမ်ထဲသို့ ခေါ်ဆောင်သွားလေ၏။ ချစ်စရာကမူ ဓားသိုင်းလေ့ကျင့်နေသော လူငယ်များကို စိတ်ဝင်စားသဖြင့် ခြံဝန်းထဲ၌သာ လေ့လာကြည့်ရှုရင်း ကျန်ခဲ့တော့၏။

သိုင်းဆရာကြီးသည် သူ၏အသက်ကို ကေရီကယ်တင်ခဲ့ပုံကို သိုင်းဆရာကတော်ကြီးနှင့် သမီးဖြစ်သူအား ပြောပြလေရာ သိုင်း ဆရာကြီးမိသားစုသည် အလွန်ထိတ်လန့် အံ့ဩသွားလေ၏။

ကေရီအား များစွာကျေးဇူးတင်ကြ၏။ ထို့နောက် ကေရီ တို့အား ညနေစာအဖြစ် စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံလေ၏။

ကေရီတို့ကိုလည်း ထိုရွာတွင်အိပ်စက်ရန် သိုင်းဆရာကြီးက ပြောလေ၏။

ကေရီသည် တိုက်ခိုက်ရေးပညာရှင်တစ်ဦးဖြစ်သဖြင့် သိုင်း ဆရာကြီး၏ ကျယ်ဝန်းသော အိမ်ကြီးထဲတွင် ချိတ်ဆွဲထားသော လက်နက်များကို လှည့်လည်ကြည့်ရှုနေမိ၏။

သိုင်းဆရာကြီး၏အိမ်တွင် မြန်မာ့ရိုးရာလှံတို လှံရှည်နှင့် ဓား အမျိုးမျိုး၊ တုတ်အမျိုးမျိုးတို့ကို စုံလင်စွာတွေ့ရှိရလေ၏။

ကေရီသည် လက်နက်များကို စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် အနီးသို့ သိုင်းဆရာကြီးရောက်ရှိလာပြီး



www.burmeseclassic.com

www.burmeseclassic.com



" မိန်းကလေး လက်နက်တွေကို စိတ်ဝင်စားလို့လား၊ ကျုပ်ဆီမှာ မြန်မာ့ရှေးရာ ပညာရှင်တွေအသုံးပြုတဲ့ လက်နက်တွေအပြင် အိမ်နီးချင်းနိုင်ငံတွေက လက်နက်တွေတောင် စုဆောင်းထားတာရှိတယ်၊ ကြည့်ချင်ရင် အပေါ်ထပ်ကိုလိုက်ခဲ့ပါ "

ဟု ဖိတ်ခေါ်လေရာ ကေရီသည် သိုင်းဆရာကြီးနှင့်အတူ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့လေ၏။

အပေါ်ထပ်သို့ရောက်သောအခါ အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုသော လက်နက်အမျိုးမျိုးကို စနစ်တကျ စုဆောင်းထားကြောင်းတွေ့ရသဖြင့် ကေရီသည် အလွန်အံ့ဩသွားပြန်၏။

ကေရီသည် ငွေဖြင့်မြုပ်ထားသော အလွန်လှပသည့် ဓားမြှောင်လေးတစ်ချောင်းကို ဆွဲယူ၍ အလွန်သဘောကျပြီး လှည့်ပတ်ကစားကြည့်မိ၏။

ထိုအခါ အနီးတွင် စောင့်ကြည့်နေသော ဦးဂုဏ္ဍာန်၏ မျက်လုံးများအစုံ ပြုံးကျယ်သွားပြီး

" ဟင်... မိန်းကလေးက သိုင်းပညာရှင် တစ်ယောက်ပါလား အခုလို မမျှော်လင့်ဘဲ ပညာရှင်တစ်ယောက်နဲ့ သိကျွမ်းရတာ ကျုပ်သိပ်ဝမ်းသာတယ် "

ဟု ပြောလေရာ ကေရီက

" ကျွန်မ ပညာရှင်မဟုတ်ပါဘူး ဦးဂုဏ္ဍာန်၊ သိုင်းပညာကိုဝါသနာပါလို့ လေ့လာထားတာပါ "





ဟု ပြောဆိုလေ၏။ ထိုအခါ ဦးဂုဏ္ဍာန်က ခေါင်းခါယမ်း၍

" ကိုယ့်ကိုယ်ကို ဒီလောက်လဲ မနှိမ့်ချပါနဲ့ မိန်းကလေး၊ မိန်းကလေးရဲ့ ဓားသိုင်းကစားဟန်ကို မြင်ကတည်းက၊ တော်တန်ရုံအဆင့်မဟုတ်ဘူးဆိုတာ ကျုပ် ရိပ်စားမိပါတယ် "

ဟု ပြောလေ၏။

ကေရီသည် ဦးဂုဏ္ဍာန်ကို စကားမတုံ့ပြန်တော့ဘဲ ဓားမြှောင်လေးကို သေချာစွာကြည့်ရှု၍

" ဓားလေးက သိပ်လှတာပဲ၊ ကိုင်လို့တွယ်လို့လဲ တော်တော်ကောင်းတယ် "

ဟု ပြောလေရာ ဦးဂုဏ္ဍာန်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီဓားလေးဟာ ယိုးဒယားနိုင်ငံဘက်မှာ အသုံးပြုလေ့ရှိတဲ့ ဓားပါပဲ၊ ဓားရဲ့လက်ကိုင်ရိုးကအစ ထူးခြားလှပပြီး ကိုင်တွယ်လို့ကောင်းတယ် "

ဟု ပြောလေ၏။

ထိုအခါ ကေရီက ကြိုးတပ်သုံးချောင်းဆက် တုတ်ချောင်းကို ကိုင်တွယ်ကြည့်ရှု၍

" ကျွန်မ အံ့ဩတာ တစ်ခုရှိတယ်၊ ဦးဂုဏ္ဍာန်ဆီမှာ ဘာဖြစ်လို့ ဒီလောက် လက်နက်တွေ စုံစုံလင်လင် စုဆောင်းထားရတာလဲ "

ဟု မေးမြန်းလေရာ ဦးဂုဏ္ဍာန်က

" ဒီအကြောင်းတွေ ပြောရရင် အရှည်ကြီးပဲ မိန်းကလေး ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ်နောက်ပိုင်းက အစချီပြီး ပြောရလိမ့်မယ်''

ဟု ပြောလေ၏။

ထို့နောက် ဦးဂုဏ္ဏာနံက ကေရီအား ဘုရားခန်းအနီးသို့ ခေါ်ဆောင်သွားပြီး လွန်စွာကြီးမားသော ပန်းချီကားတစ်ချပ်ကို ပြသလေ၏။

ပန်းချီကားထဲတွင် ခန္ဓာကိုယ်အထက်ပိုင်းကို ဗလာကျင်း၍ ခါးတောင်းကျိုက်ထားသော ရှေးမြန်မာကြီးတစ်ဦး၏ ကိုယ်ဟန်ကို တွေ့ရလေ၏။

ထိုလူကြီးမှာ ယောင်တစောင်းထုံးထားပြီး ခန္ဓာကိုယ်တစ်ခုလုံး ထိုးကွင်းမင်ကြောင်များ ထိုးနှံထားလေ၏။

ဆရာကြီး ဦးဂုဏ္ဏာနံက ပန်းချီကားကို လက်ညှိုးထိုးပြ၍

'' ပန်းချီကားထဲက ပုဂ္ဂိုလ်ကြီးက ဆရာကြီး ဦးဖိုးမှန်လို့ ခေါ်တယ်၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းက မြန်မာ့နန်းတွင်းမှာ မင်းညီမင်းသားတွေကို သိုင်းပညာသင်ပေးတဲ့ သိုင်းဆရာအကျော်အမော်ကြီးပေါ့၊ ဆရာကြီးရဲ့ သိုင်းစွမ်းရည် မြင့်မားလွန်းလို့ မြန်မာပြည်ရောက် ပြင်သစ်သံအဖွဲ့တွေကတောင် မှတ်တမ်းတင်ခဲ့သေးတယ် ''

ဟု ပြောရင်း တစ်နေရာသို့ သွားကာ ပန်းချီကားတစ်ချပ် ထပ်မံပြသပြန်၏။

ထိုပန်းချီကားသည် ပထမပန်းချီကားထက် သေးငယ်ပြီး ပန်းချီကားထဲတွင် ရှေးမြန်မာကြီးတစ်ဦး၏ ကိုယ်ဟန်ကိုတွေ့ရပြန်၏။





ဆရာကြီး ဦးဂုဏ္ဏာနံက ပန်းချီကားကို လက်ညှိုးညွှန်ပြ၍

'' ပန်းချီကားထဲက ပုဂ္ဂိုလ်ကြီးကတော့ ဆရာကြီး ဦးဖိုးသန်လို့ခေါ်တယ်၊ ဦးဖိုးမှန်ရဲ့ ညီအရင်းပေါ့ကွယ်၊ သူတို့နှစ်ယောက်ဟာ ညီအစ်ကိုဖြစ်ပေမဲ့၊ စိတ်သဘောချင်း မတိုက်ဆိုင်ကြဘူးကွဲ့၊ ဦးဖိုးမှန်က စိတ်သဘောထားနူးညံ့သိမ်မွေ့သလောက်၊ ဦးဖိုးသန်က ကြမ်းတမ်းခက်ထန်တယ်၊ ဒါပေမဲ့ မြန်မာ့နန်းတွင်းမှာတော့ ဦးဖိုးမှန်၊ ဦးဖိုးသန် ညီအစ်ကိုနှစ်ယောက်က ပညာရှင်ဆရာကြီး နှစ်ယောက်အနေနဲ့ အထူးကျော်ကြားခဲ့တယ်၊ ဆရာကြီး ဦးဖိုးမှန်က ညီငယ်ဖြစ်တဲ့ ဦးဖိုးသန်ကို ညှာတာထောက်ထားပြီး ရင်းနှီးချစ်ခင်ပေမဲ့ ဦးဖိုးသန်ကတော့ သိုင်းပညာနဲ့ပတ်သက်ရင် အစ်ကိုကြီးကိုတောင် ယှဉ်ပြိုင်လေ့ရှိတယ်၊ သူတို့နှစ်ယောက်ဟာ သိုင်းပညာချင်း မတိမ်းမယိမ်းရှိလို့၊ တပည့်တပန်းအင်အားလဲ မကွာကြဘူး။ တစ်နေ့တော့ အစ်ကိုကြီးဖြစ်တဲ့ ဦးဖိုးမှန်ဟာ မဟာသင်္ကြန်ပွဲတော်မှာ၊ နန်းတွင်းသူ မမြမှီနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တယ်၊ မမြမှီက မြို့ဝန် ဦးသာအိုရဲ့ တစ်ဦးတည်းသောသမီးလေးဖြစ်ပြီး နတ်မိမယ်တမျှ ချောမောလှပလွန်းလို့ နန်းတွင်းမှာ အလွန်ထင်ရှားတာပေါ့၊ ဒီလိုနဲ့ မမြမှီနဲ့ ဦးဖိုးမှန်တို့ ရည်ငံခဲ့ကြတယ်၊ ဒီအခါမှာ မြို့ဝန်ဦးသာအိုနဲ့ အလွန်ရင်းနှီးပြီး၊ သောက်ဖော်စားဖက်ဖြစ်တဲ့ ဆရာကြီး ဦးဖိုးသန်ဟာ မခံချိမခံသာဖြစ်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ မမြမှီဟာ သူကြိုက်ရှယ်တဲ့ စပယ်ကုံးဖြစ်နေတာကိုး၊ မြို့ဝန် ဦးသာအိုကလည်း ဦးဖိုးသန်နဲ့ သူ့သမီးကို ရည်ရွယ်ထားပြီးသားလေ၊ ဒါပေမဲ့ မမြမှီကတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထား ကြမ်းကြုတ်ပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့ ဦးဖိုးသန်ကို မေတ္တာတုံ့ပြန်ဖို့ စိတ်ကူးမရှိဘူး၊ ဦးဖိုးသန်ဟာ ရည်းစားလူလု အနုကျွဲခတ်ဆိုသလို အစ်ကိုကြီးဖြစ်တဲ့ ဦးဖိုးမှန်ကို အငြိုးကြီးခဲ့တယ်၊ မမြမှီကို လိုချင်တပ်မက်စိတ်ဟာလည်း တဖြည်းဖြည်း ကြီးမားလာတယ်၊ ဒီအချိန်မှာ ဦးဖိုးသန်ကို မြှောက်ထိုးပင့်ကော်လုပ်ပေးနေတဲ့ အပေါင်းအဖော်တွေကြောင့် ဦးဖိုးသန်ရဲ့စိတ်ဟာ နေမြင့်လေ အရှုရင့်လေဆိုသလို ဖြစ်လာတာပေ့ါ ''

ဟု ပြောရင်း ဦးဂုမ္ဘာန်သည် အာခြေခက်လာဟန်ဖြင့် အခန်းမထောင့်ရှိ စားပွဲခုံသို့သွားကာ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လေ၏။

ကေရီသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ ဦးဂုမ္ဘာန်၏ အနီးတွင် ဝင်ထိုင်လိုက်၏။ ဦးဂုမ္ဘာန်က ဆက်လက်၍

'' ဒီအကြောင်းတွေက ကြာခဲ့ပါပြီ၊ ဒါပေမဲ့ ပြန်ပြောရင် မနေ့တစ်နေ့ကလိုပဲ ခံစားရတယ်၊ ဆရာကြီး ဦးဖိုးမှန်တို့ သက်ရှိထင်ရှားရှိစဉ်က ကျုပ်အသက်ဟာ ခုနစ်နှစ်သားလောက်ပဲ ရှိသေးတယ် မြန်မာ့နန်းထဲမှာ မငြိမ်မသက်ဖြစ်နေတဲ့ ကာလပေ့ါ၊ အဲဒီတုန်းက ရတနာပုံရွှေမြို့တော်ကြီးမှာ၊ မျက်နှာဖြူ အင်္ဂလိပ်နဲ့ ပြင်သစ်တွေ ခြေချင်းလိမ်နေတဲ့ကာလပေ့ါ၊ ဦးဖိုးသန်က မျက်နှာဖြူပြင်သစ် သံအရာရှိတစ်ယောက်နဲ့ ပူးပေါင်းမိပြီး အကျင့်စာရိတ္တပိုဆိုးရွားလာတယ် နောက်ဆုံး ပြင်သစ်သံအရာရှိရဲ့ မြှောက်ပင့်ပေးမှုကြောင့် မမြမှီ ဝါဆို





ပန်းခူးထွက်တဲ့အချိန်မှာ အတင်းအဓမ္မခိုးယူပြီး ပေါင်းသင်းခဲ့တယ်၊ အစ်ကိုကြီးဖြစ်တဲ့ ဦးဖိုးမှန်ဟာ ညီဖြစ်သူရဲ့ ရိုင်းစိုင်းစော်ကားမှုကြောင့် ဒေါသူပုန်ထပြီး အောက်ပြည်အောက်ရွာအထိ လိုက်လံရှာဖွေခဲ့တယ်၊ လူကြမ်းကြီး ဦးဖိုးသန်ဟာ၊ မမြမှီရဲ့ ကိုယ်ခန္ဓာကိုသာရပြီး၊ အချစ်ကိုတော့ မရခဲ့ဘူး၊ မမြမှီဟာ အခွင့်သာတာနဲ့ ရွှေကျင်ချောင်းနံဘေးမှာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်၊ အဲဒီအချိန်ကစပြီး သူတို့ညီအစ်ကိုနှစ်ယောက်ဟာ တစ်ဦးပေါ်တစ်ဦး ရန်ငြိုးရန်စတွေ ကြီးမားခဲ့တယ်၊ နောက်တော့ နန်းတွင်း လုပ်ကြံမှုကြီးဖြစ်ပြီး ညီအစ်ကို နှစ်ယောက်စလုံး ဒီအရပ်ကိုရောက်လာပြီး မထင်မရှား ဇာတ်မြှုပ်နေခဲ့တယ်၊ အစ်ကိုကြီးဖြစ်တဲ့ ဦးဖိုးမှန်ဟာ ဒီရွာမှာ အခြေချနေထိုင်ပြီး၊ ဦးဖိုးသန်ကတော့ ဒီရွာနဲ့ အတော်တန်ဝေးတဲ့ အနန္တတောအရပ်မှာ နေထိုင်ခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ဝါသနာအတိုင်း သိုင်းပညာတွေကို ဖြန့်ဝေပေးခဲ့တယ်၊ ဦးဖိုးမှန်တို့ ညီအစ်ကိုရဲ့ ပညာစွမ်းဟာ နန်းတွင်းသိုင်းဆရာ အကျော်အမော်တွေပီပီ ထက်မြက်လွန်းလို့ တစ်နေ့တခြား နာမည်ဂုဏ်သတင်း ကျော်ကြားလာခဲ့တယ်၊ အဲဒီအချိန်မှာ တိုင်းရေးပြည်ရေး မငြိမ်မသက်ဖြစ်နေပြီး တောကြောင်တွေ သောင်းကျန်းတဲ့အချိန်ဆိုတော့ ကိုယ်လိုသူ ပညာကို သင်ကြားလိုတဲ့လူငယ်တွေ အများအပြားရှိခဲ့တယ်၊ ဒါကြောင့် ဦးဖိုးမှန်တို့ ညီအစ်ကိုဆီမှာ တပည့်တပန်းအင်အားတွေ တဖြည်းဖြည်းကြီးမားလာတယ်၊ တစ်နေ့ ဦးဖိုးမှန်ရဲ့ တပည့်များနဲ့ ဦးဖိုးသန် တပည့်တွေဟာ ထန်းတောထဲမှာခိုက်ရန်ဖြစ်ပွားရာမှ၊ သိုင်းပညာ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တဲ့အဆင့်ကို ရောက်ခဲ့တယ်၊ နောက်ဆုံးတော့ ဒီအကြောင်းတွေကို ဦးဖိုးမှန်နဲ့ ဦးဖိုးသန် သိသွားပြီး အတိတ်ရန်ငြိုးတွေကို အကြောင်းပြုပြီး တပည့်တွေကို သိုင်းပညာယှဉ်ပြိုင်စေခဲ့တယ်၊ နောက်ပိုင်းမှာ အစဉ်အလာလိုဖြစ်ခဲ့ပြီး ဦးဖိုးမှန်နဲ့ ဦးဖိုးသန် တပည့်တွေဟာ သုံးနှစ်တစ်ကြိမ် သီတင်းကျွတ်လပြည့်နေ့တိုင်းမှာ သိုင်းပညာချင်း ယှဉ်ပြိုင်ခဲ့တယ်၊ အနိုင်ရတဲ့အဖွဲ့ကလူတွေဟာ သူတို့အနိုင်ရတဲ့ သုံးနှစ်ကာလအတွင်း အဲဒီဒေသမှာ ဝံ့ဝံ့ကြွားကြွားနဲ့ ကြီးစိုးနိုင်ခဲ့တယ်၊ အရေးနိမ့်ခဲ့တဲ့ အဖွဲ့ကတော့ အရှက်ရပြီး ငြိမ်ကုတ်နေတာ များပါတယ် ''

ဟု ပြောလေရာ ကေရီက ပြက္ခဒိန်ကို လှမ်းကြည့်၍

'' ဟင်... သီတင်းကျွတ်လပြည့်နေ့က နီးနေပြီပဲ၊ သုံးရက်လိုတော့တယ်၊ ဒီနှစ်မှာ ယှဉ်ပြိုင်ပွဲ ရှိသေးလား ''

ဟု မေးမြန်းလေရာ ဦးဂုဏ္ဍာန်က ခေါင်းညိတ်၍

'' ရှိတယ် မိန်းကလေး လွန်ခဲ့တဲ့ သုံးနှစ်က သိုင်းပြိုင်ပွဲမှာ ကျုပ်တို့ အနိုင်ရထားတယ်၊ ဒါကြောင့် ကျုပ်တို့အဖွဲ့တွေ ဝံ့ဝံ့ကြွားကြွားနေနိုင်တယ်၊ ဦးဖိုးသန်ရဲ့ အဖွဲ့ကတော့အရှက်ရပြီး ဒီအရပ်ကို တောင် မလာဝံ့ဘူး၊ ဒီနှစ်မှာတော့ ကျုပ်တို့ရဲ့ အနိုင်ရထားတဲ့ သရေကို ဆက်ပြီး ထိန်းရမှာပဲ ''

ကေရီက

'' ဦးဂုဏ္ဍာန်ကိုယ်တိုင် တိုက်ပွဲမှာ ယှဉ်ပြိုင်တာလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဂုဏ္ဍာန်က





'' ကျုပ်တို့ခေါင်းဆောင်ပိုင်းကတော့ ဝင်ပြီးတော့ ယှဉ်ပြိုင်လေ့မရှိဘူး၊ ဒါပေမဲ့ တစ်ဖက်ရွာမှာ ခေါင်းဆောင်လုပ်နေတဲ့ အုပ်လှဆိုတဲ့ကောင်က လူပါးဝလွန်းလို့ မနှစ်က ကျုပ်နဲ့သူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ် ''

ဟု ပြောလေရာ ကေရီက

'' ဒါဆိုရင် ဒီနှစ် ဦးဂုဏ္ဍာန်ကိုယ်တိုင် ဝင်ပြိုင်မှာပေါ့ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဂုဏ္ဍာန်က

'' ဒီနှစ် ကျုပ် ဝင်မပြိုင်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အုပ်လှတို့ဘက်ကနေ ကူညီပြီး ယှဉ်ပြိုင်ပေးမဲ့သူတွေရှိတယ်၊ တကယ်တော့ သုံးနှစ်တစ်ကြိမ် ယှဉ်ပြိုင်တဲ့ပြိုင်ပွဲမှာ မဆိုင်တဲ့လူတွေ ဝင်ပြိုင်လို့ရဘူး၊ ကျုပ်တို့ အစဉ်အဆက်ယှဉ်ပြိုင်ခဲ့တာဟာ ဦးဖိုးမှန်နဲ့ ဦးဖိုးသန်ရဲ့ တပည့်တွေနဲ့ ယှဉ်ပြိုင်မှုပဲ ''

ဟု ပြောလေရာ ကေရီက

'' ဒါဆိုရင် မဆိုင်တဲ့လူတွေဟာ ဘာလို့ဝင်ပြီးယှဉ်ပြိုင်ရတာလဲ ''

ဟု မေးမြန်းလေ၏။ ဦးဂုဏ္ဍာန်က

'' အဲဒီလူတွေဟာ ဦးဖိုးသန်ရဲ့ အဆက်အနွယ်တွေလို့ ပြောပြီး ဝင်ရောက်ယှဉ်ပြိုင်တာပဲ၊ တကယ်တော့ ဒီလူတွေဟာ ဦးဖိုးသန်နဲ့ ဘယ်လိုမှမပတ်သက်ဘူးဆိုတာ ငါတို့အားလုံး သိတယ် ''

ဟု ပြောလေ၏။ ကေရီက ရေနွေးကြမ်းတစ်ခွက်ကိုငှဲ၍



www.burmeseclassic.com

www.burmeseclassic.com



" မဆိုင်တဲ့ လူတွေဟာ အကျိုးအမြတ်မရှိဘဲ ဘာ့ဖြစ်လို့ ပြိုင်ပွဲမှာ ဝင်ပြိုင်ရတာလဲ "

ဟု မေးမြန်းလေ၏။ ဦးဂုဏ္ဍာန်က

" ကျုပ်တို့ အစဉ်အဆက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲမှာ ဆုကြေး ရလဒ်ဆိုတာ မရှိပါဘူး၊ သိုင်းပညာချင်း ဖလှယ်တဲ့အနေနဲ့ပဲ ကျင်းပခဲ့တာပါ၊ ဒါပေမဲ့ မဆိုင်တဲ့လူတွေဟာ ကျုပ်တို့ပြိုင်ပွဲကို အမြတ်ထုတ်ပြီး ယှဉ်ပြိုင်လိုကြတယ်၊ ကျုပ်တို့ ရွာလေးမှာ အလွန်ရှေးကျတဲ့ ရန်အောင်မြင်ဘုရားတစ်ဆူရှိတယ်၊ အဲ့ဒီဘုရားမှာ ရှေးဟောင်း လက်ရာ မွန်တွေ အများကြီးရှိတယ်၊ သူတို့ဟာ သိုင်းပြိုင်ပွဲမှာ အနိုင်ရပြီးရင် ကျုပ်တို့ဒေသတွေမှာ အများကြီးသြဇာလွှမ်းမိုး သွားနိုင်တယ်၊ ဒါဆိုရင် တော့ ရန်အောင်မြင်ဘုရား သူတို့လက် ကျရောက်သွားမှာပဲ၊ သူတို့ဟာ ရန်အောင်မြင်ဘုရားက ရှေးဟောင်းပစ္စည်းတွေကို ရယူလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်တယ် "

ဟု ပြောလေ၏။ ထိုအခါ ကေရီက လက်သီးဆုပ်၍

" ဒါဆိုရင် ဒီလူတွေရဲ့အကြံ အတော်ပက်စက်တာပဲ၊ ဘုရားပစ္စည်းကိုတောင် ကြံစည်ဝံ့တယ်ဆိုတော့ ဒီလူဟာ ဘယ်လိုလူမျိုးလဲ"

ဟု ပြောလေ၏။

ဦးဂုဏ္ဍာန်က

" ဒီလူဟာ ဘယ်သူကမှာလဲ၊ ရှေးဟောင်းပစ္စည်းတွေနဲ့ ပတ်သက်ရင် အလွန်အနံ့ခံကောင်းပြီး အမဲလိုက်သလို လိုက်တတ်တဲ့





မောင်မောင်စိုးဆိုတဲ့လူပေါ့ "

ဟု ပြောလေရာ ကေရီသည် အလွန်အံ့သြသွားပြီး

" ဩော်... လောဘအိုးကြီး မောင်မောင်စိုးဟာ ဒီနေရာထိ တောင် ခြေဆန့်နေပြီကိုး "

ဟု ရေရွတ်လေ၏။ ဦးဂုဏ္ဍာန်က မျက်မှောင်ကြုတ်၍

" ဟင်... ကေရီက မောင်မောင်စိုးကို သိနေလို့လား "

ဟု မေးမြန်းလေ၏။ ကေရီက

" သိတာပေါ့၊ မောင်မောင်စိုးဟာ ရှေးဟောင်းပစ္စည်းနဲ့ ပတ်သက်ရင် ဘနဖူးကိုတောင် သိုက်တူးမဲ့သူပဲ၊ သူဟာ လောလော ဆယ် ကျွန်မရဲ့ မဟာရန်သူတော်ကြီးလည်းဖြစ်တယ် "

ဟု ပြောလေရာ ဦးဂုဏ္ဍာန်က အံ့သြဟန်ဖြင့်

" ဘယ်လို ရန်ငြိုးရန်စတွေရှိလို့လဲ မိန်းကလေးရယ်၊ ပြော နိုင်ရင် ပြောပြပါလား "

ဟု မေးမြန်းလေ၏။

ကေရီက ဦးဂုဏ္ဍာန်၏ ရိုးသားဖြောင့် မတ်ပုံကို ရိပ်စားမိသဖြင့် သူမနှင့် မောင်မောင်စိုး ပတ်သက်နေပုံကို အနည်းအကျဉ်းမျှ ပြောပြလေ၏။ ဦးဂုဏ္ဍာန်က

" လွယုတ်မာ မောင်မောင်စိုးဟာ ဘုရားပစ္စည်းကိုတောင် အတင်းအဓမ္မလုယက်ဖို့ ကြံစည်တယ်၊ သူ့လိုလူမျိုးကို ကိုယ်ကျင့်သီလ ညာဏ်စွမ်းရှိသမျှ ကြိုးစားကာကွယ်ရမှာ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် တွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပဲ၊ ကျုပ် အသက်မသေသရွေ့ ရန်အောင်မြင်ဘုရားက ရှေးဟောင်းပစ္စည်းတွေ၊ တိုင်းတစ်ပါးလက်လည်း အရောက်မခံနိုင်ဘူး ''

ဟု ကြုံးဝါးလေ၏။ ထိုအခါ ကေရီက လက်သီးဆုပ်၍

'' ကျွန်မလည်း ဗုဒ္ဓဘာသာဝင်ပါ ဦးဂုမ္ဘာန်၊ လူယုတ်မာ မောင်မောင်စိုးရဲ့ရန်ကို ဦးဂုမ္ဘာန်နဲ့အတူ ကာကွယ်ပါရစေ ''

ဟု ပြောလေ၏။ ထိုအခါ ဦးဂုမ္ဘာန်က စိတ်အားတက်ကြွစွာဖြင့်

'' မိန်းကလေးလို ပညာရှင်မျိုး ကျုပ်တို့နဲ့ ပူးပေါင်းမယ်ဆိုတော့ ဝမ်းသာအားရ ဖိတ်ခေါ်ပါတယ် ''

ဟု ပြောလေ၏။ ကေရီက

'' ဒါဆိုရင် ကျွန်မလည်း သိုင်းပြိုင်ပွဲမှာ ဝင်ပြိုင်မယ်၊ ဒီရွာမှာ သီတင်းကျွတ် လပြည့်နေ့ထိနေမယ် ''

ဟု ပြောလေရာ

'' ကျားနဲ့ဆင်တော့ လယ်ပြင်မှာ တွေ့ကြသေးတာပေါ့ကွယ် ''

ဟု ဦးဂုမ္ဘာန်က တစ်ဦးတည်း ရေရွတ်လိုက်လေတော့၏။

ထို့နောက်တွင်မူ ကေရီတို့သည် ဦးဂုမ္ဘာန်၏ရွာတွင် ညအိပ်လိုက်လေတော့၏။

ထိုနေ့ညက ဦးဂုမ္ဘာန်၏ ပြောစကားများကို ချစ်စရာအား ပြန်လည်ပြောပြသောအခါ ချစ်စရာသည် မျက်လုံးပြူးသွားပြီး

'' ဟင်... ဒါဆိုရင် ကျုပ်အဖေနဲ့ တွေ့ရတော့မှာပေါ့၊ ဒုက္ခပါပဲ၊ အဖေဟာ ကျုပ်ကို ပြန်ဖမ်းခေါ်မယ်နဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ်





မြန်မာပြည်က ဘုရားပစ္စည်းတွေကို ခိုးပြီး နိုင်ငံခြားတိုင်းပြည်တွေကို ရောင်းစားတဲ့အလုပ်ဟာ အတော်ရဲကြီးမဲ့အလုပ်ပဲ [illegible] အဖေ မကြောက်မရွံ့လုပ်တာ အံ့သြဖို့ကောင်းတယ် ''

ဟု ပြောလေ၏။ ကေရီက သက်ပြင်းချ၍

'' မင်းအဖေဟာ လောဘဇောကြီးလွန်းအားကြီး [illegible] ကြေသင့်တဲ့အလုပ်တွေကို လုပ်နေတာပဲ ''

ဟု အစချီကာ ပြည်လုံးကျော် ပဏ္ဍမြားကြီးကို [illegible] အား ရောင်းချမည့်အကြောင်းကို အစမှ အဆုံးတိုင် [illegible]

ချစ်စရာသည် ကေရီ၏ စကားဆုံးသောအခါ စိတ် [illegible] သက်ပြင်းချ၍

'' အဖေဟာ အလွန်ဆိုးသွမ်းနေပြီ၊ သူ့အဖေ [illegible] တယ် ''

ဟု ပြောလေ၏။ ကေရီသည် အဝေးဆီသို့ ငေး [illegible]

'' ငါတို့ တိုင်းပြည်က ရှေးဟောင်းပစ္စည်းတွေ [illegible] ရောက်ဖို့ ငါတို့အစွမ်းကုန် ကြိုးပမ်းရမှာပဲ၊ တိုင်းပြည် [illegible] အမွန်အမြတ် ရှေးဟောင်းပစ္စည်းတွေဟာ အဲဒီနိုင်ငံမှာ [illegible] ဘယ်လို ငါထင်တယ် ''

ဟု ပြောလေရာ ချစ်စရာက အားတက်သရောဖြင့်

'' သိပ်ဟုတ်တာပေါ့ အစ်မရယ်၊ ကျုပ်လည်း ဝေ [illegible] အဖေ့လုပ်ရပ်တွေကို ကျုပ်လည်း တားဆီးရမယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြွေးဝါးလေ၏။

နောက်တစ်နေ့တွင် ကေရီတို့သည် မြို့ဝင်းထဲသို့ ဆင်း၍ သိုင်းလေ့ကျင့်နေသူများအား ကြည့်ရှုလေ၏။

သိုင်းပညာယှဉ်ပြိုင်မည့် လူများသည် သိုင်းလေ့ကျင့်ခန်းများကို အပတ်တကုတ် လေ့ကျင့်နေကြောင်း တွေ့ရ၏။

ကေရီသည် ပညာရှင်တစ်ဦးဖြစ်သဖြင့် သိုင်းလေ့ကျင့်နေသူများကိုကြည့်ရာ ၎င်းတို့၏ သိုင်းပညာအဆင့်အတန်းမှာ မနိမ့်ကြောင်း တွေ့ရလေ၏။

ထိုအခိုက်မှာပင် အနီးသို့ သိုင်းဆရာကြီး ဦးဂုဏ္ဏာန်ရောက်ရှိလာပြီး သိုင်းလေ့ကျင့်နေသူများကို လက်ဝှေ့ယမ်းပြ၍

"သူတို့ဟာ သီတင်းကျွတ်လပြည့်နေ့ကျရင် ယှဉ်ပြိုင်မဲ့ လူ (၁၃) ယောက်လေ၊ သူတို့အားလုံး ဓားနှစ်လက်သိုင်း၊ တုတ်သိုင်း လက်နက်မဲ့သိုင်းတွေ ယှဉ်ပြိုင်ကြမယ်လေ၊ သူတို့ရဲ့သိုင်းပညာ အဆင့်အတန်းကို မိန်းကလေး အကဲဖြတ်ကြည့်ပါဦး"

ဟု ပြောဆိုလေ၏။ ကေရီက ခေါင်းတဆတ်ဆတ်ညိတ်၍

"သူတို့အားလုံး ပြိုင်ပွဲအတွက် အားကြိုးမာန်တက်ရှိနေကြပါတယ်၊ ယှဉ်ပြိုင်မှု တစ်ခုမှာ စိတ်အားထက်သန်တဲ့ စိတ်ဓာတ်ဟာ အဓိကကျမယ်လို့ ကျွန်မထင်တယ်၊ ဒါနဲ့နေပါဦး၊ သိုင်းပြိုင်ပွဲမှာ တစ်ဦးနဲ့တစ်ဦး ထိခိုက်ပြင်းထန်မှုကို ဘယ်လိုသတ်မှတ်ထားသလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဂုဏ္ဏာန်က





"ကျုပ်တို့ အစဉ်အဆက် ယှဉ်ပြိုင်တဲ့ပွဲတွေမှာ တစ်ဦးနဲ့ တစ်ဦး အသက်အန္တရာယ် ဖြစ်အောင် မယှဉ်ပြိုင်ကြပါဘူး၊ ထိခိုက်ဒဏ်ရာ ဆိုတာတော့ရှိပါတယ်၊ ကျုပ်တို့ရဲ့ အစဉ်အဆက် ယှဉ်ပြိုင်တဲ့သက်တမ်းမှာ မတော်တဆဖြစ်ပြီး အသက်အန္တရာယ်ဖြစ်ခဲ့တာ လူနှစ်ယောက်ပဲ ရှိသေးတယ်၊ အဲဒါကတော့ လွန်ခဲ့တဲ့ ၁၀နှစ် လောက်က အဲမောင်းလုံရေး ယှဉ်ပြိုင်ပြီး သေဆုံးရတဲ့ ရွှေသီးဆိုတဲ့ လူနဲ့ ဦးဘမှန်တို့ သက်ရှိထင်ရှားရှိစဉ်က ဓားနှစ်လက်သိုင်းပညာရှင် မောင်တုတ်ဆိုတာပဲ၊ သိုင်းပညာ ပြိုင်ပွဲမှာ ဆက်လက်ပြီး မပြိုင်နိုင်တဲ့သူက အရှုံးပေးရင် ယှဉ်ပြိုင်ပွဲကို ရပ်တန့်ရတယ်၊ ကျုပ်တို့ရဲ့ အစဉ်အဆက် သိုင်းပြိုင်ပွဲဟာ ဥပဒေဘောင် ထဲက မဟုတ်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး အသေအကြေ တိုက်ခိုက်ခြင်းကို လုံးဝခွင့်မပြုဘူး၊ မလိုအပ်ဘဲ ရက်စက်ကြမ်းကြုတ်တဲ့လူကို လူကြီးတွေက တိုက်ပွဲက ချက်ချင်းထုတ်ပစ်တယ်"

ဟု ပြောလေရာ ကေရီက သက်ပြင်းချ၍

"ဒီနှစ်ပြိုင်ပွဲတွေမှာတော့ မောင်မောင်စိုးတို့လူစု ပါလာရင် ရက်စက်ကြမ်းကြုတ်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်"

ဟု ပြောလေ၏။ ထိုအခါ ဦးဂုဏ္ဏာန်က

"မောင်မောင်စိုးဆိုတဲ့လူရဲ့ သိုင်းပညာ အဆင့်အတန်းကိုတော့ ကျုပ်တို့ မသိရသေးဘူး၊ သူကိုယ်တိုင်ရော ပါဝင်ယှဉ်ပြိုင်မှာလား"

ဟု ပြောလေရာ ကေရီက သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" မောင်မောင်စိုးဟာ ရှေးဟောင်းပစ္စည်းနဲ့ ပတ်သက်ရင် ဘနဲ့စူးကိုတောင် သိုက်ဈေးမဲ့သူပဲ၊ သူဝင်ပြီးယှဉ်ပြိုင်မှာ သေချာပါတယ်၊ သူ့ရဲ့ပညာအဆင့်အတန်းက သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ သူက မြန်မာ့သိုင်းပညာအပြင် အရှေ့တိုင်းက သိုင်းပညာ တော်တော်များများကိုလည်း တတ်မြောက်ထားတယ်၊ ဒါကြောင့် မောင်မောင်စိုးကို လျော့တွက်လို့မရဘူး၊ မောင်မောင်စိုးတို့လူစု အုန်းတောရွာကို ရောက်နေပြီလား "

ဟုမေးမြန်းလေ၏။ ဦးဂုမ္ဘာန်က

" သူတို့ရောက်နေကြပြီ၊ အုန်းတောရွာအပြင်ဘက်က သဲ လုံးအိမ်ကြီးမှာ မောင်မောင်စိုးနဲ့တပည့်တွေ ဒီနေ့ပဲရောက်လာကြတယ် တကယ်တော့ မောင်မောင်စိုးတို့လူစုသာမပါရင် ကျုပ်တို့ ဒီပွဲမှာ အနိုင် ရမှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် သီတင်းကျွတ် လပြည့်နေ့မှာတော့ ကျုပ်တို့ အစွမ်းကုန်ကြိုးစားရမှာပဲ "

ဟုပြောကာ သိုင်းလေ့ကျင့်နေသော သူ၏တပည့်များ ရပ်နားနိုင်းပြီး အိမ်ကြီးထဲသို့ခေါ်လေ၏။

ထို့နောက် မိမိတို့နှင့်အတူ ကေရီက ပူးပေါင်း၍ပါဝင်မည် ဖြစ် ကြောင်းပြောလေရာ သူ၏တပည့်များသည် အလွန်ဖဲ့ဩကြလေ၏။

ဦးဂုမ္ဘာန်၏တပည့်များအနက် တုတ်သိုင်းလေ့ကျင့်နေသော ဗလကောင်းကောင်းလူတစ်ဦးက ရှေ့သို့ထွက်၍

" ဆရာကြီး၊ ကျုပ်တို့ပြိုင်ပွဲမှာ မိန်းမသားတစ်ယောက် ဘယ်လိုလုပ်ပြီးတော့ ပါဝင်ကူညီနိုင်မှာလဲ၊ ပွဲစေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုသလိုဖြစ်နေပါလိမ့်မယ် "



ဟုပြောလေရာ ဦးဂုမ္ဘာန်က သက်ပြင်းချ၍

" မင်းတို့က မိန်းမသားတစ်ယောက်ဆိုပြီးတော့ အထင် သေးလို့မရဘူး၊ ကေရီဟာ တိုက်ခိုက်ရေးပညာရှင်တစ်ယောက်ကွ "

ဟုပြောလေရာ ဗလကောင်းသူက မျက်နှာကိုရှုံ့မဲ့၍

" ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ဟာ ယောကျ်ားတွေနဲ့ မယှဉ်နိုင်ဘူးလို့တော့ ကျုပ်ထင်တယ် "

ဟုပြောလေ၏။ ဦးဂုမ္ဘာန်က

" မင်းဟာ အတော်မိုက်မဲတဲ့ကောင်ပဲ၊ လူတစ်ယောက်ကို အပြင်ပန်းနဲ့ဆုံးဖြတ်လို့မရဘူးကွ၊ မင်းတို့အားလုံး ယုံကြည်အောင် ကေရီရဲ့ပညာစွမ်းကို ပြမှဖြစ်တော့မယ် "

ဟုပြောကာ ကေရီဘက်သို့လှည့်၍

" ကေရီ ကျုပ်ရဲ့ မသိနားမလည်တဲ့ တပည့်လေးတွေကို ပညာ နှမ်းရည်နည်းနည်းပြပေးဖို့ မေတ္တာရပ်ခံပါတယ် "

ဟုပြောလေ၏။

ကေရီက သက်ပြင်းချ၍ အခန်းထောင့်သို့သွားကာ ဘုတ် ညီတစ်ချောင်းကိုယူ၍

" အင်း ပညာပြဆိုတော့လဲ ပြရတာပေါ့ "

ဟုပြောကာ ဗလကောင်းကောင်းလူအား





www.burmeseclassic.com

www.burmeseclassic.com



" ရှင် ကျွန်မကို တုတ်နဲ့ဝင်ရိုက်ပေတာ့၊ မိန်းမတစ်ယောက် ဆိုပြီး မညှာနဲ့နော်၊ ရှင်အထိနာသွားလိမ့်မယ် "

ဟုပြောလေ၏။

ထိုအခါ ဗလကောင်းကောင်းလူက သူ၏ လက်ထဲရှိ တုတ် ဝှေ့ယမ်းကာ မိမိကိုယ်မိမိ အထင်ကြီးဟန်ဖြင့်

" မိန်းမတစ်ယောက်နဲ့တိုက်ခိုက်လို့ကတော့ ကျုပ်ဘယ်တော့ အသိမနာစေရဘူး "

ဟုပြောကာ ကေရီအား တုတ်ရှည်ဖြင့် ဝင်ရောက်ရိုက်နှ လေ၏။

ကေရီသည် ဗလကောင်းကောင်းလူ၏ ရိုက်ချက်ကို မြေပြ ဟစ်လက်မမှ မရွှေဘဲ တုတ်ဖြင့်ရိုက်ဖယ်လိုက်ပြီး သူမ၏တုတ် အဖျားအထိ လက်နှစ်ဖက်ဖြင့်ပြောင်းကိုင်ကာ ဗလကောင်းကော လူ၏ ခြေသလုံးကို ခတ်ဆဆရိုက်လိုက်ရာ ထိုလူမြေပေါ် သို့ ဝုန်းခ လေ၏။

ဗလကောင်းကောင်းလူသည် ကေရီ၏တုတ်ချက် တစ်ချ တည်းဖြင့် အရိုက်နက်ခံရသဖြင့် လွန်စွာမခံချိမခံသာဖြစ်သွား ခြေသလုံးကို လက်ဖြင့်ပွတ်၍ ကမန်းကတန်း ကုန်းရုန်းထလေ၏။

ထို့နောက် ကေရီကို ပြင်းထန်သောတုတ်ချက်များဖြင့် ရောက် ရိုက်နှက်လေ၏။

ကေရီသည် ဗလကောင်းကောင်းလူ၏တုတ်ချက်မျာ





အေးဆေးစွာကာကွယ်၍ သူမ၏တုတ်ကို မွှတ်နေအောင်ဝှေ့ယမ်း၍ ထိုလူ၏တုတ်ကိုင်လက်ကို ရိုက်နှက်လိုက်ပြန်ရာ ထိုသူသည် အားခနဲ အော်ဟစ်၍ တုတ်လွတ်ကျသွားလေ၏။

ထိုအခါမှပင် ဆရာကြီးဦးဂုဏ္ဍာန်သည် မြေကွက်လပ်သို့ ထွက် လာပြီး

" တော်လောက်ပြီလေ၊ မင်းကို မိန်းကလေးက အများ ကြီးညှာထားတာကွ၊ သူ့တုတ်ချက်သာ ခပ်ပြင်းပြင်းရိုက်လိုက်ရင် ပထမ တစ်ချီတည်းက မင်းတစ်သက်လုံး ဒုက္ခိတဖြစ်သွားမယ် "

ဟုပြောလေရာ ဗလကောင်းကောင်းလူသည် အလွန် အရှက်ရ သွားဟန်ဖြင့် ခေါင်းငုံ့၍ နေလေတော့၏။

ထိုအချိန်မှစ၍ ဦးဂုဏ္ဍာန်၏ တပည့်များသည်ကေရီအပေါ် ယုံကြည်လေးစားမှုရှိလာပြီး ၎င်းတို့၏ယှဉ်ပြိုင်မှုအတွက် များစွာ စိတ်အားတက်ကြွနေလေ၏။

နောက်တစ်နေ့တွင် ချစ်စရာက ကေရီ၏လက်ကိုဆွဲ၍

" အစ်မ၊ ကုန်းမြင့်မြင့်လေးမှာမြင်ရတဲ့ ဘုရားကို သွားရ အောင် "

ဟု ပူဆာလေ၏။

ကေရီသည် ရန်အောင်မြင်ဘုရားအား ရှေးဘုရားတစ်ဆူ ဖြစ်ကြောင်းသိသဖြင့် ထိုဘုရားသို့သွားရန် သဘောတူလိုက်ပြီး ချစ်စရာ နှင့်အတူ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဂုမ္ဘာန်၏အိမ်မှ အတန်ကြာအောင်လျှောက်လှမ်းပြီး နောက် ရန်အောင်မြင်ဘုရားရှိရာ ကုန်းမြင့်ပေါ်သို့ရောက်လာ၏။

ဘုရားရှေ့တွင် ရေးကျသောကျောက်စာကြီးတစ်ချပ်ကို မြင်မတွေ့ရပြီး ကျောက်စာပေါ်တွင် မြန်မာဘာသာ၊ မွန်ဘာသာ တို့ဖြင့် ရန်အောင်မြင်ဘုရား၏သမိုင်းကို ရေးသားထားလေ၏။

ကေရီသည် ချစ်စရာနှင့်အတူ ဘုရားပေါ်သို့တက်၍ လှည့်ပတ်ကြည့်ပြီး ဘုရားကန်တော့လေ၏။ ထို့နောက် ဘုရားပေါ်ရှိ ရှေးဟောင်းရုပ်ပွားတော်များကို လှည့်လည်ကြည့်ရှုသည်။

ချစ်စရာကမူ ဘုရားနှင့်မလှမ်းမကမ်းရှိ မ႑ပ်ကာပင်ပေါ် သို့တက်၍ ဆော့ကစားနေလေ၏။

ကေရီသည် ဘုရားပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုရင်း ဘုရားအနောက်ဘက်ရှိ ချောက်ကမ်းပါးတွင်ထိုင်နေသော အရွယ်ကြီး ဖြစ်ဟန်ရှိသော မိန်းမတစ်ယောက်၏နောက်ကျောကိုတွေ့ရလေ၏။

အရွယ်ကြီးသည် ကျောက်လှေခါး၏လက်ယမ်းများကို ပွတ်တိုက် ဆေးကြောနေဟန်ရှိ၏။

ကေရီသည် အရွယ်ကြီး၏ထူးခြားသော အပြုအမူကြောင့် စိတ် ဝင်စားစွာ ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် အရွယ်ကြီးသည် အနောက်သို့လှည့်ကြည့်ပြီး ကေရီကို မြင်သောအခါ

" ဟင်... ကျေးဇူးရှင်ကြီးမဟုတ်လား "





ဟုဝမ်းသာအားရ အော်ဟစ်သောအခါမှပင် ကေရီသည် အရွယ်ကြီးအား သုံးဆယ်မြို့ရှိစေတီလေးပေါ်တွင် ကြုံတွေ့ခဲ့သော မသန်းညွန့် ဖြစ်မှန်း သိရှိသွားလေ၏။

အရွယ်ကြီး မသန်းညွန့်သည် ဝေးလံလှသော သုံးဆယ်မြို့ ကလေးမှ ဤအရပ်သို့ ဘယ်အတွက်ကြောင့်ရောက်ရှိနေသည် မသိပေ။

ကေရီက မသန်းညွန့်၏အနီးတွင် ဝင်ထိုင်၍

" မသန်းညွန့်၊ ဘာဖြစ်လို့ ဒီဘုရားပေါ်ရောက်နေတာလဲ "

ဟုမေးမြန်းလေရာ မသန်းညွန့်က

" အိပ်မက်အရ မြန်မာပြည်အရပ်ရပ်က ဘုရားတွေကို လှည့်ပြီး သန့်ရှင်းရေးလုပ်၊ ကုသိုလ်ယူရတာ ကျေးဇူးရှင်ကြီးရဲ့ "

ဟုပြောလေ၏။ ထိုအခါ ကေရီက အရွယ်ကြီးကို ပြုံးကြည့်၍

" ဘယ်သူက အိပ်မက်ပေးတာလဲ "

ဟုမေးမြန်းလေ၏။ အရွယ်ကြီးက

" အထက်ပုဂ္ဂိုလ်တွေက အိပ်မက်ပေးတာပေါ့ ကျေးဇူးရှင် ကြီးရဲ့၊ အထက်ပုဂ္ဂိုလ်တွေက မြန်မာပြည်အရပ်ရပ်က စေတီ တစ်ဆူဆီ မှာ ကိုးရက်စီ သန့်ရှင်းရေးလုပ်ပြီးတော့ ကုသိုလ်ယူရမယ်လို့ ပြော တယ် "

ဟုပြောလေ၏။ ထိုအခါ ကေရီက

" ကုသိုလ်ယူပြီးရင် ဘာဖြစ်မှာလဲ "

ဟု မေးမြန်းလေရာ



www.burmeseclassic.com

www.burmeseclassic.com



" စေတီကိုးဆယ်ပြည့်အောင် ကုသိုလ်ယူပြီးရင် မဟာ ဂန္ဓာရီ ခရီးထွက်လို့ရပြီ ဂန္ဓာရီခရီးထွက်ပြီးရင် ထွက်ရပ်ပေါက်မှာပေါ့ ကျေးဇူးရှင်ကြီးရဲ့ "

ဟုပြောလေရာ ကေရီသည် မည်သည့်စကားမှ မဆိုတော့ဘဲ သူမ၏လွယ်အိတ်ထဲမှ ဂုက်ပျောသီးများကိုထုတ်၍ ပေးလိုက်ပြီး ထွက်ခွာသွားလေ၏။

ထို့နောက် မာလကာပင်ပေါ်တွင် ဆော့ကစားနေသော ချစ်စရာအား ခေါ်လိုက်ရာ ချစ်စရာသည် မာလကာပင်ပေါ်မှ ခုန်ချ၍ ခြေထောက်ထော့နဲ့ထော့နဲ့ဖြင့် သူမထံသို့လျှောက်လှမ်းလာ လေ၏။

ကေရီသည် ချစ်စရာ၏ခြေထောက်ကိုကြည့်၍

" ဟဲ့ နင့်ခြေထောက် ဘာဖြစ်တာလဲ "

ဟုမေးမြန်းလေရာ ချစ်စရာက မျက်နှာရှုံ့မဲ့၍

" ဖိနပ်ပေါက်နေတာကြာပြီ အစ်မရဲ့၊ ယောဝီမှာကြည့် "

ဟုဆိုကာ သူ၏ခြေထောက်ကို ပြလေ၏။ ကေရီသည် ချစ်စရာ၏ခြေထောက်ရှိ ဖိနပ်ပေါက်နေသော ဒဏ်ရာကြီးကို ကြည့်၍

" ဒဏ်ရာက အတော်ကြီးသားပဲ၊ နင့်ဖိနပ်ကြီး ဆက်စီးမနေနဲ့ လွှင့်ပစ်လိုက်တော့ "

ဟုပြောလေရာ ချစ်စရာက ရေ့ခါးထစ်ပေါ်တွင် ရှိသော သူ၏ ရှူးဖိနပ်ကို နှမြောတမ်းတဟန်ဖြင့်

" ဒီရှူးဖိနပ်ကို အဖေကိုယ်တိုင် ရှိုးတိုက်က ဝယ်ပေးထားတာဗျ "

ဟုပြောလေရာ ကေရီက သူ၏ခေါင်းကိုပုတ်၍

" သိပ်ဝမ်းနည်းမနေနဲ့ကောင်လေး၊ နင့်ရှူးဖိနပ်ကြီးကို လွှင့်ပစ်ပြီးတော့ ခြေညှပ်ဖိနပ်ကိုပဲစီး "

ဟုပြောလေရာ ချစ်စရာသည် မတတ်သာတော့ဘဲ သူ၏ ဖိနပ်ကို အဝေးဆီသို့လွှင့်ပစ်လိုက်ကာ ရွာသို့မဖိနပ်ပါသော ခြေဗလာဖြင့် ပြန်ခဲ့လေတော့၏။

ထိုအချိန်မှစ၍ ဦးဂုမ္ဘာန်၏တပည့်များသည် ကေရီအပေါ်တွင် ယုံကြည်လေးစားမှုရှိလာပြီး ၎င်းတို့၏ယှဉ်ပြိုင်မှုအတွက်လည်း များစွာ စိတ်အားတက်ကြွမှုဖြစ်လာ၏။

ဦးဂုမ္ဘာန်တို့အဖွဲ့ ယှဉ်ပြိုင်ရမည့်ရက် နီးလာသောအခါ အနီးပတ်ဝန်းကျင်ရှိ ရွာသူရွာသားများသည် ရွာသို့ စုဝေးရောက်ရှိလာ၏။

နှစ်စဉ်နှစ်တိုင်း ယှဉ်ပြိုင်ပွဲသို့ လာရောက်ရောင်းချလေ့ရှိသော ဆယ်နှစ်ပွဲဈေးသည်များ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်၏။ ရွာပတ်ဝန်းကျင်တွင် သိုင်းပြိုင်ပွဲကို လာရောက်ကြည့်ရှုသူများ၏ လှည်းဝိုင်းကြီးများဖြင့် စည်ကားနေလေ၏။

သိုင်းပြိုင်ပွဲကို ဦးဂုမ္ဘာန်တို့ရွာနှင့်မနီးအဝေးရှိ မြေကွက်လပ်ကြီးတွင် ပြုလုပ်လေ၏။

ထိုကွက်လပ်ကြီးသည် လွန်စွာကျယ်ဝန်းပြီး အရိပ်အာဝါသ ကောင်းစွာရှိခြင်း၊ စမ်းချောင်း၏အနီးတွင်ရှိခြင်းတို့ကြောင့် ပြိုင်ပွဲပြုလုပ်ရန်







www.burmeseclassic.com

www.burmeseclassic.com



အထူးသင့်လျော်၏။

ဦးဂုမ္ဘာန်တို့အဖွဲ့သည် သီတင်းကျွတ်လပြည့်နေ့ မရောက်မီတွင် သိုင်းလေ့ကျင့်ခြင်းကို ရပ်နားလိုက်ကြ၏။

လပြည့်နေ့နံနက်သို့ရောက်သောအခါ ပြိုင်ပွဲပြုလုပ်ရာ အရပ်သို့ လူများ ပိုမိုရောက်ရှိလာ၏။ ဦးဂုမ္ဘာန်တို့အဖွဲ့သားများ သည် နှစ်စဉ် ယှဉ်ပြိုင်နေကျ ထုံးစံအတိုင်း အနီရောင်ဝတ်စုံများ ကို ဝတ်ဆင်ကြ၏။

နံနက်ရှစ်နာရီဝန်းကျင်တွင် အုန်းတောရွာမှ ဦးဖိုးသန်၏ တပည့်များ ရောက်ရှိလာ၏။

၎င်းတို့သည် လှည်းတန်းကြီးများစီတန်း၍ ရောက်ရှိလာပြီး လှည်းတန်း၏ထိပ်တွင် ဦးဖိုးသန်၏ အမှတ်တံဆိပ်ဖြစ်သော ဓားနှစ်လက် တံဆိပ်အလံများကို လွှင့်ထူထားလေ၏။

လှည်းများ၏နောက်ဆုံးတွင် မောင်မောင်စိုးနှင့်အပေါင်းအပါ များ၏ လှည်းလိုက်ပါလာပြီး ဦးဂုမ္ဘာန်တို့သည် အုန်းတောရွာမှ ပညာရှင် များ နားနေရန်နေရာများနှင့် ထိုင်ခုံများကို စီစဉ်ပေးလေ၏။

ဦးဂုမ္ဘာန်တို့သည် အိမ်ရှင်ကောင်းတို့၏ ဝတ္တရားရှိသည့် အတိုင်း ဧည့်သည်များကို စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလေ၏။

မောင်မောင်စိုးနှင့်တပည့်များသည် အုန်းတောရွာရှိ သိုင်း ပညာရှင်များကဲ့သို့ အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားကြ၏။

ပြိုင်ပွဲပြုလုပ်ရန် အချိန်နီးကပ်လာသောအခါ ရွာနှစ်ရွာရှိ ဆိုင်ရာပိုင်ရာလူများက ကြိုတင်ပြင်ဆင်ထားသော အုန်းပွဲ၊ ငှက်





ပျောပွဲများဖြင့် တင်မြှောက်လေ၏။

ထို့နောက် ဦးဂုမ္ဘာန်နှင့် တစ်ဖက်ရွာရှိ ခေါင်းဆောင်မှာ ပြိုင်ပွဲ စည်းကမ်းများကို အပြန်အလှန်ပြောဆိုနေကြ၏။ အတန်ကြာအောင် ညှိနှိုင်းတိုင်ပင်ပြီးနောက် ပြိုင်ပွဲဝင် များကို စတင်ရန် စီစဉ်ကြ၏။

ကေရီနှင့် ချစ်စရာတို့သည် ထိုအချိန်ထိ လူအုပ်ထဲသို့မဝင်ဘဲ နောက်ကွယ်၌သာ ခိုနေကြ၏။

ချစ်စရာသည် သစ်ပင်အကွယ်မှပုန်းကွယ်၍ ဖခင်ဖြစ်သူ မောင်မောင်စိုးကို ချောင်းမြောင်းကြည့်ကာ

" အဖေ ပြိုင်ပွဲမှာဝင်ပြိုင်မှာသေချာပါတယ်၊ အဖေရဲ့ သိုင်း ပညာဟာ သိပ်ကောင်းတယ်၊ အဖေ သိုင်းလေ့ကျင့်နေတာ ကျုပ်အမြဲ မြင်ဖူးတယ်၊ သူဟာ ကျုပ်တို့အိမ်ကြီးရဲ့အနောက်က အခန်းမှာ တစ်ကိုယ်တည်း သိုင်းလေ့ကျင့်လေ့ရှိတယ်၊ တစ်ခါတလေတော့ သူ့ တပည့်တွေထဲက သိုင်းပညာကျွမ်းကျင်တဲ့လူတွေနဲ့ လေ့ကျင့်လေ့ရှိ တယ်၊ အဖေ့တပည့်တွေဟာ သိုင်းပညာတတ် ကျွမ်းတဲ့သူများတယ်၊ ဒါပေမဲ့ အဖေ့တပည့်တွေထဲက တစ်ယောက်မှ အဖေ့ခြေရာကို မမီပါဘူး"

ဟုပြောဆိုလေ၏။

ထိုအချိန်မှာပင် သိုင်းပြိုင်ပွဲစတင်လေ၏။ သိုင်းပြိုင်ပွဲ၏ ပထမ ပိုင်းတွင် နှစ်ဖက်ရွာရှိ တုတ်သိုင်းပညာရှင်များ၏ ယှဉ်ပြိုင်ပွဲများကို စတင်လေ၏။

တုတ်သိုင်းပြိုင်ပွဲများပြီးနောက် ဓားနှစ်လက်သိုင်းများကို ယှဉ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ပြိုင်ပွဲများတွင် တစ်ဖက်ရွာနှင့်တစ်ဖက်ရွာ အပြတ်အသတ်သာလွန်ခြင်းမရှိဘဲ တစ်လှည့်စီသာ အနိုင်ရနေကြ၏။

ပြိုင်ပွဲများကို ကြည့်ရှုနေသော ရွာသူရွာသားများသည် စိတ်အားတက်ကြွစွာဖြင့် အော်ဟစ်အားပေးကြလေ၏။

ချစ်စရာသည် သစ်ပင်အကွယ်မှချောင်းမြောင်းကြည့်ရင်း

" အဖေတို့အဖွဲ့ကလူတွေ တစ်ယောက်မှ မပြိုင်ကြသေးဘူးနော် "

ဟု ကေရီကို ပြောလေ၏။ ကေရီက ခေါင်းညိတ်၍

" အခုပြိုင်တဲ့ပွဲတွေက အခြေခံအဆင့်ပြိုင်ပွဲတွေဟဲ့၊ သိပ် အရေးမပါဘူး၊ တကယ်အရေးပါတဲ့ပြိုင်ပွဲတွေက မကြာမီလာတော့မယ်၊ အဲဒီအခါကျရင် နင့်အဖေရဲ့တပည့်တွေ ပါဝင်ယှဉ်ပြိုင်မှာ သေချာတယ် "

ဟုပြောလေ၏။ ချစ်စရာက

" ဒီနေ့ပွဲမှာ အစ်မလည်း ဝင်ပြိုင်မှာပေါ့ "

ဟုမေးမြန်းလေရာ ကေရီက သက်ပြင်းချ၍

" ငါပြိုင်ဖြစ်ရင် ပြိုင်ဖြစ်မှာပါ၊ ဝါဝင်ပြီးတော့ မပြိုင်ဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ "

ဟုတီးတိုးရေရွတ်လေ၏။

ထိုအချိန်မှာပင် ဦးဂုဏ္ဍာန်နှင့် တစ်ဖက်ရွာရှိ သိုင်းပညာရှင်





အဖိုးကြီး ညီနှိုင်းတိုင်ပင်ကာ အဆင့်မြင့်သိုင်းပြိုင်ပွဲများကို စတင်လေ၏။

အဆင့်မြင့်ပြိုင်ပွဲတွင် ရွာနှစ်ရွာရှိ ပညာရှင်များ သူမသာကိုယ်မသာဖြစ်နေစဉ် မောင်မောင်စိုး၏တပည့်များ စတင်ယှဉ်ပြိုင်လာသည်ကိုတွေ့ရလေ၏။

မောင်မောင်စိုး၏တပည့်များသည် ယှဉ်ပြိုင်ရာတွင် ကြမ်းကြုတ်ရက်စက်သဖြင့် ပြိုင်ပွဲတာဝန်ခံ လူကြီးများက မကြာခဏ တားဆီးရကြောင်းတွေ့ရလေ၏။

ကေရီသည် မောင်မောင်စိုး၏တပည့်များ၏ သိုင်းပညာ အဆင့်အတန်းကိုကြည့်၍ သက်ပြင်းချလိုက်ပြီး ချစ်စရာ၏ဦးခေါင်းကိုပွတ်ကာ

" နင့်အဖေဟာ တပည့်မွေးတဲ့အခါမှာ သိုင်းသမားတွေကိုရွေးပြီး တပည့်မွေးပုံရတယ်၊ ဒါကြောင့် သူတို့ရဲ့ပညာစွမ်းတွေကောင်းနေတာဖြစ်မယ် "

ဟုပြောလေ၏။

ပြိုင်ပွဲများစတင်ပြီး မကြာမီ မောင်မောင်စိုး၏တပည့်များ အနိုင်ရသည့်ပွဲများ ပိုမိုများပြားလာကြောင်းတွေ့ရလေ၏။

မောင်မောင်စိုး၏တပည့်များ အနိုင်ရမှုများပြားလာသဖြင့် ဦးဂုဏ္ဍာန်၏တပည့်များ သတိကြီးစွာထား၍ ယှဉ်ပြိုင်လာကြရာ တဖြည်းဖြည်း ပြန်လည်အနိုင်ရလာလေ၏။

ထိုအခိုက်မှာပင် မောင်မောင်စိုး၏တပည့်တစ်ဦးက တုတ်သိုင်းသားရာတွင် ကြမ်းတမ်းစွာကစားသဖြင့် ဦးဂုဏ္ဍာန်၏တပည့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတွင် ဒဏ်ရာရရှိသွားကြောင်းတွေ့ရလေ၏။

ပြိုင်ပွဲကို စောင့်ကြပ်ရသော လူများက မောင်မောင်စိုး၏တပည့်ကို ပြိုင်ပွဲမှ ထုတ်လိုက်လေ၏။

မောင်မောင်စိုးသည် သူ၏တပည့် ပြိုင်ပွဲမှ အထုတ်ခံရသဖြင့် လူကြီးများကို မကျေနပ်ကြောင်း ပြောဆိုကန့်ကွက်နေလေ၏။

ပြိုင်ပွဲသည် နောက်ပိုင်းတွင် တဖြည်းဖြည်း ပြင်းထန်လာပြီး ဦးဂုမ္ဘာန်၏လက်ထောက် သိုင်းပညာရှင်တစ်ဦးနှင့် မောင်မောင် စိုး၏ ညာလက်ရုံးတစ်ဦးသည် လက်နက်မဲ့သိုင်းကို အပြင်းအထန် ယှဉ်ပြိုင်ကြလေ၏။

၎င်းတို့၏ပြိုင်ပွဲတွင် တစ်ဦးနှင့်တစ်ဦး ဒဏ်ရာများစွာရရှိ သည်အထိ သူမသာ ကိုယ်မသာဖြစ်နေသဖြင့် ပြိုင်ပွဲကိုလူကြီး များက သရေပွဲအဖြစ် သတ်မှတ်လိုက်လေ၏။

ထို့နောက် တစ်ဖက်ရွာရှိ ပညာရှင်အဖိုးကြီးနှင့်ဦးဂုမ္ဘာန်တို့ ယှဉ်ပြိုင်ကြလေ၏။

၎င်းတို့၏ပွဲသည် အဆင့်အမြင့်ဆုံးပွဲဖြစ်သဖြင့် ကြည့်ရှုနေသူအပေါင်း လွန်စွာစိတ်ဝင်စားကြ၏။

အဘိုးကြီးနှစ်ဦးသည် ဓားနှစ်လက်သိုင်းနှင့် တုတ်သိုင်း ယှဉ်ပြိုင်ကြသဖြင့် မကြာမီ ဓားနှစ်လက်သိုင်းကို စတင်ယှဉ်ပြိုင်ကြ၏။

အတန်ကြာအောင် ယှဉ်ပြိုင်ပြီးသည်အထိ အဘိုးကြီးနှစ်ဦးသည် အနိုင်ရရှိခြင်းမရှိသဖြင့် သရေပွဲဖြစ်၍ သတ်မှတ်လိုက်လေ၏။



ထို့နောက် တုတ်သိုင်းပညာကို ဆက်လက်ယှဉ်ပြိုင်ကြရာ အတန်ကြာအောင် ယှဉ်ပြိုင်ပြီးနောက် ၎င်းတို့၏တိုက်ပွဲသည် အလွန်ပြင်းထန်လာ၏။

အဘိုးကြီးနှစ်ဦးသည် အရှယ်နှင့်မလိုက်အောင် ပြင်းထန်သော ရိုက်ချက်များ အသုံးပြု၍ တိုက်ခိုက်ကြလေ၏။ တစ်ချိတွင် အုန်းတောရွာမှ အဘိုးကြီး၏ရိုက်ချက်ကြောင့် ဦးဂုမ္ဘာန်သည် ခြေချော်၍ လဲကျမတတ်ဖြစ်သွားလေ၏။

ထို့နောက် ဦးဂုမ္ဘာန်သည် တုတ်ကိုသိုင်းပြောင်းပြန်နည်း အဝိုင်းအရစ်မှစကိုင်၍ ရိုက်နက်တိုက်ခိုက်ရာ ရိုက်ချက်များ ပိုမိုပြင်းထန်လာပြီး တုတ်အဖျားမှ မီးပွင့်ထွက်လုမတတ် ဖြစ်လာ ကြ၏။

ကြည့်ရှုနေသူများမှာလည်း၊ စိတ်ဝင်စားစွာဖြင့် အော်ဟစ်အားပေးကြ၏။

ကေရီသည် ပြိုင်ပွဲကိုစိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ် တမ်းကြည့်ရှုနေမိ၏။

ချစ်စရာသည် ကေရီ၏လက်မောင်းကိုလှုပ်ခါ၍

" အစ်မ၊ အဘိုးကြီးနှစ်ယောက် ဘယ်သူနိုင်မလဲဟင် "

ဟုမေးမြန်းလေရာ ကေရီကမျက်မှောင်ကြုတ်၍ကြည့်ရှုနေရာမှ

" ဘယ်သူနိုင်မလဲဆိုတာ လောလောဆယ် တိတိကျကျ မပြောနိုင်ဘူး၊ ဒါပေမဲ့ ငါ့အထင်တော့ ဦးဂုမ္ဘာန်ကြီး အနိုင်ရမယ်ထင်တယ် "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ချစ်စရာက

" ဒါဆိုရင်တော့ အဖေကိုယ်တိုင် ပြိုင်ပွဲဝင်မှာသေချာတယ် အဖေပါဝင်လာပြီဆိုရင်တော့ အစ်မလည်း ပြိုင်ပွဲမှာဝင်ပါတော့မှာပေါ့ အဖေနဲ့အစ်မ ပြိုင်ပွဲဝင်ရင် ဘယ်သူနိုင်မလဲ မသိဘူးနော်"

ဟုပြောလေရာ ကေရီက သက်ပြင်းချ၍

" ငါ မပြောနိုင်ဘူး၊ ဒါပေမဲ့ ပြိုင်ပွဲမဝင်ချင်တဲ့ ငါ့ဆုတောင်း မပြည့်တော့ဘူးနဲ့တူတယ် "

ဟုရေရွတ်လေ၏။

ထိုအခိုက်မှာပင် အုန်းတောရွာမှ သိုင်းပညာရှင်အဘိုးကြီးသည် ဦးဂုဏ္ဍာန်၏ပြင်းထန်သောတုတ်ချက်ကြောင့် ကိုယ်ခန္ဓာ ယိမ်းယိုင်သွားပြီး လက်ထဲမှ တုတ်လွတ်ကျသွားလေရာ ကြည့်ရှုသူများ အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်ကြလေ၏။

အုန်းတောရွာမှ အဘိုးကြီးသည် ရှုံးနိမ့်မှုကြောင့် မျက်နှာအကြီးအကျယ်ပျက်ယွင်းသွားပြီး တက်ခေါက်၍ မြေပြင်ကို ဖိနှောင့်ဖြင့်ပေါက်ကာ

" ကျုပ်ရှုံးသွားပြီ "

ဟု ဝန်ခံလိုက်လေတော့၏။ ထိုအခါ ဦးဂုဏ္ဍာန်ကို အားပေးနေသော ရွာသူရွာသားများသည် အုတ်အုတ်ကျွက်ကျွက်ဖြင့် ဆူညံစွာ အော်ဟစ်အားပေးကြလေ၏။

အုန်းတောရွာမှ အဘိုးကြီးသည် မိမိကိုယ်မိမိ မကျေမနပ်





ဖြစ်ဟန်ဖြင့် ပြိုင်ပွဲအတွင်းမှထွက်သွားလေ၏။

အဘိုးကြီးသည် မောင်မောင်စိုးနှင့်တီးတိုးတိုင်ပင်ကြပြီး အဘိုးကြီးက မောင်မောင်စိုးကို ကွင်းထဲသို့ ခေါ်ဆောင်လာလေ၏။

ထို့နောက် အဘိုးကြီးက မောင်မောင်စိုး၏လက်ကိုမြှောက် ၍

" ဟောဒီပုဂ္ဂိုလ်ဟာ ဆရာကြီးဦးဘိုးသန်ရဲ့ ပညာအမွေ ကို ဆက်ခံဖူးပါတယ်၊ ဒါကြောင့် ဦးဘိုးသန်ရဲ့တပည့်တစ်ဦးအနေနဲ့ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ် "

ဟုပြောလိုက်ရာ ကြည့်ရှုနေသူများသည် တစ်ယောက် တစ်ပေါက် ပြောဆိုကြလေ၏။ ထို့နောက် ဦးဂုဏ္ဍာန်က လက်သီးဆုပ်၍

" ရပါတယ်၊ ဆရာကြီးဦးဘိုးသန်ရဲ့ပညာရည်နို့သောက်ဖူးခဲ့တယ်ဆိုရင် ကျုပ်တို့ဆက်လက် ယှဉ်ပြိုင်ပါတယ် "

ဟုခွင့်ပြုလိုက်ရာ ကြည့်ရှုနေသူများသည် ပွဲကြီးပွဲကောင်းကြည့်ရတော့မည်ဟု သဘောပေါက်ကာ ဆူညံစွာ အော်ဟစ် အားပေးကြလေ၏။

မောင်မောင်စိုးသည် ပြိုင်ပွဲပြုလုပ်ရာနေရာနှင့်မနီးမဝေးတွင်ရှိသော လက်နက်များထားရာနေရာသို့ သွား၍ စိတ်ကြိုက် တုတ်ရှည်တစ်ချောင်းကိုယူ၍ လက်ထဲတွင် ဆကြည့်လေ၏။

ပြီးနောက် ပြိုင်ပွဲပြုလုပ်ရာနေရာသို့ ပြန်လည်ရောက်ရှိ လာပြီး ဦးဂုဏ္ဍာန်ကို မထီလေးစားကြည့်ကာ

" ဟောဒီတုတ်နဲ့ပဲ ပြိုင်ပွဲဝင်ဖို့ဆုံးဖြတ်လိုက်ပြီ ဦးဂုဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူရဲ့လား ”

ဟုမေးမြန်းလေ၏။ ဦးဂုဏ္ဍာနိက ခေါင်းညိတ်၍

“ သဘောမတူစရာ အကြောင်းမရှိဘူး၊ မောင်ရင် စိတ်ကြိုက်ရွေးနိုင်တယ် ”

ဟုခွင့်ပြုလိုက်လေ၏။

ထို့နောက် ဦးဂုဏ္ဍာနိက သူ၏လက်ရှိတုတ်ဖြင့်ပင် ပြိုင်ပွဲဝင်ရန် ပြင်ဆင်လေ၏။

ဦးဂုဏ္ဍာနိသည် ထိုနယ်တကြောတွင် အလွန်ထင်ရှားသော သိုင်းဆရာကြီးဖြစ်သဖြင့် ဦးဂုဏ္ဍာနိနှင့်လူစိမ်းတစ်ဦး၏ တိုက်ပွဲကို ရွာသူရွာသားအများစုက စိတ်ဝင်စားကြ၏။

ထို့ကြောင့် တိုက်ပွဲကို ကြည့်ရှုရန် အလွန်စိတ်စောနေကြ၏။

ထို့နောက်တွင်မူ ဦးဂုဏ္ဍာနိသည် တိုက်ပွဲဝင်ရန် မောင်မောင်စိုးကို စောင့်ကြိုနေလေ၏။ မောင်မောင်စိုးသည် ဦးဂုဏ္ဍာနိကို ဦးညွှတ်လိုက်ပြီး

“ အခုလို ဆရာကြီးနဲ့ ပညာချင်းယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူပါတယ် ”

ဟုပြောလေ၏။ ထိုအခါ ဦးဂုဏ္ဍာနိက ခေါင်းခါ၍

“ မလိုပါဘူးကွာ၊ တိုက်ပွဲစကြမယ် ”

ဟုပြောလေ၏။

မောင်မောင်စိုးသည် တုတ်ကို လက်ထဲတွင် ဆုပ်ယမ်း၍ ဦးဂုဏ္ဍာနိကို စတင်တိုက်ခိုက်လေ၏။





ဦးဂုဏ္ဍာနိသည် မောင်မောင်စိုး၏တုတ်ချက်များကို တည် ငြိမ်စွာခုခံလေ၏။ မောင်မောင်စိုးသည် ဦးဂုဏ္ဍာနိအား ပြိုင်ပွဲစတင်သည့်အချိန်မှစ၍ ပြင်းထန်စွာ တိုက်ခိုက်လေ၏။

မောင်မောင်စိုး၏ တုတ်ချက်များကို ဦးဂုဏ္ဍာနိကခုခံရင်း ပြန်လည်တိုက်ခိုက်လေ၏။

၎င်းတို့၏ပြိုင်ပွဲသည် ပြင်းထန်သဖြင့် ကြည့်ရှုနေသူအပေါင်းသည် လွန်စွာစိတ်ဝင်စားကြလေ၏။

ဦးဂုဏ္ဍာနိသည် အုန်းတောရွာမှ သိုင်းဆရာကြီးထက် မောင်မောင်စိုးနှင့်ယှဉ်ပြိုင်ရခြင်းသည် ပိုမိုခက်ခဲဟန်ရှိ၏။

ဦးဂုဏ္ဍာနိသည် ပြိုင်ပွဲနှစ်ပွဲတိတိ ယှဉ်ပြိုင်ရသဖြင့် တဖြည်းဖြည်း မောပန်းလာပြီး ချွေးသီးချွေးပေါက်များ ကျလာလေ၏။

ဦးဂုဏ္ဍာနိသည် မောင်မောင်စိုးကို ခုခံရာမှ တဖြည်းဖြည်း နှေးကွေးလာလေ၏။

မောင်မောင်စိုးသည် ဦးဂုဏ္ဍာနိ မောပန်းနေသဖြင့် ပိုမို၍ ကြမ်းတမ်းစွာတိုက်ခိုက်လေ၏။

ကြာသောအခါ ဦးဂုဏ္ဍာနိသည် မောင်မောင်စိုးကို ပြန်လည်မတိုက်ခိုက်နိုင်ဘဲ ခုခံ၍သာနေရလေ၏။

ဦးဂုဏ္ဍာနိ၏အခြေအနေ ယိမ်းယိုင်လာသဖြင့် သူ၏တပည့်များသည် စိုးရိမ်ပူပန်နေကြလေ၏။

ဦးဂုဏ္ဍာနိတို့ရွာသားများလည်း ဦးဂုဏ္ဍာနိအတွက် များစွာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်နေကြ၏။

တစ်ချီတွင် ဦးဂုဏ္ဍာန်သည် မောင်မောင်စိုး၏တုတ်ချက်ကို ရှောင်တိမ်းရင်း နောက်သို့ဆုတ် လိုက်ရာမှ ဆုတ်စရာနေရာမရှိတော့ဘဲ ဖြစ်နေလေ၏။

ဦးဂုဏ္ဍာန်သည် အံကိုကြိတ်၍ မောင်မောင်စိုးကို အပြင်း အထန် ကာကွယ်ရလေ၏။

ဦးဂုဏ္ဍာန်သည် တုတ်ရှည်ကို အရင်းမှလက်နှစ်ဖက်ဖြင့် ကိုင်၍ မောင်မောင်စိုးကို ရိုက်လိုက်ရာ မောင်မောင်စိုးသည် အနောက်သို့ပြန် လည်ဆုတ်ခွာသွားရလေ၏။

သို့သော် မောင်မောင်စိုးသည် ချက်ချင်းပင် ပြန်လည်တိုက် စစ်ဆင်လာလေရာ ဦးဂုဏ္ဍာန် အခက်ကြုံရပြန်၏။

ဦးဂုဏ္ဍာန်သည် အသက်အရွယ်ကြီးရင့်သည်တစ်ကြောင်း၊ ပြိုင်ပွဲနှစ်ပွဲကို တစ်ပြိုင်တည်း ယှဉ်ပြိုင်ရသည်ကတစ်ကြောင်း ကြောင့် မောင်မောင်စိုးသည် များစွာ အသာစီးရနေလေ၏။

ဦးဂုဏ္ဍာန်သည် မောပန်းလွန်းသဖြင့် မျက်စိများပင် ပြာဝေ လာလေ၏။

မောင်မောင်စိုးသည် ဦးဂုဏ္ဍာန် အခြေမလှမှန်းသိသဖြင့် တဟားဟားရယ်မောကာ ပို၍ပြင်းထန်စွာတိုက်စစ်ဆင်လေ၏။

တစ်ချီတွင် မောင်မောင်စိုး၏တုတ်ချက်ကြောင့် ဦးဂုဏ္ဍာန် ၏လက်များ တုန်ယင်သွားပြီး သူ၏တုတ်ချောင်း မြေပေါ်သို့ ကျသွား





လေ၏။

ဦးဂုဏ္ဍာန်ရှုံးနိမ့်သွားသဖြင့် တိုက်ပွဲကိုကြည့်ရှုနေသူအပေါင်းသည် ငြိမ်သက်သွားလေ၏။

ဦးဂုဏ္ဍာန်သည် ပြိုင်ပွဲတွင်ရှုံးနိမ့်သွားသဖြင့် စိတ်ပျက်အား လျော့ဟန်ဖြင့် မျက်နှာညှိုးငယ်သွားလေ၏။

ထိုအခါ မောင်မောင်စိုး၏တပည့်များနှင့် အုန်းတောရွာရှိ ယှဉ်ပြိုင်ဘက်များသည် ဝမ်းသာအားရ အော်ဟစ်ကြ၏။

ဦးဂုဏ္ဍာန်သည် မောင်မောင်စိုး၏မျက်နှာကိုတည်ငြိမ်စွာ ကြည့်ရှု၍

“ မောင်ရင် ကျုပ်ထက်သာတယ်၊ မောင်ရင့်ကို ကျုပ် မယှဉ် နိုင်ဘူး ”

ဟုပြောလေ၏။ မောင်မောင်စိုးသည် ဦးဂုဏ္ဍာန်ကို အနိုင်ရ သဖြင့် ဝံ့ကြွားဟန်ဖြင့် တုတ်ကိုမြှောက်ကာ ရွာသူရွာသားများ ဘက်သို့လှည့် ၍ ကြွေးကြော်လိုက်လေ၏။

“ ဒီနှစ်ယှဉ်ပြိုင်ပွဲကြီးကတော့ ပြီးဆုံးသွားပါပြီ၊ ဒီနှစ်ပြိုင်ပွဲ မှာ ပရိသတ်များ ရှုမြင်ရတဲ့အတိုင်း ဦးဘိုးသန်ရဲ့အဆက်အနွယ်များဖြစ်တဲ့ အုန်းတောရွာမှ အနိုင်ရရှိသွားပါပြီ၊ ကျုပ်တို့ဟာ အုန်းတောရွာဘက်က ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ ဒီအချိန်စကပြီး အုန်းတောရွာက အောင်မြင်မှု သရဖူကြီးကို သုံးနှစ် ဆက်တိုက် ရရှိသွားပါပြီ၊ ဒီနေ့ပြိုင်ပွဲကြီး ပြီးဆုံးကြောင်း ကြေညာ အပ်ပါတယ်ခင်ဗျား ”



www.burmeseclassic.com

ဟု အော်ဟစ်ပြောဆိုလိုက်လေ၏။

ထိုအခိုက်မှာပင် ကေရီသည် ချစ်စရာ၏ခေါင်းကိုပုတ်၍

" ငါမပြိုင်ချင်တဲ့ပြိုင်ပွဲကြီးကို ဝင်ပြိုင်လိုက်ဦးမယ်၊ နင့် အမေနဲ့ ငါနဲ့တိုက်ပွဲမှာ ဘယ်သူနိုင်မလဲဆိုတာ စောင့်ကြည့်ပေတော့ "

ဟု ပြောကာ လူအုပ်အတွင်းသို့ တိုးဝင်ပြီး

" သိုင်းပြိုင်ပွဲကြီး မပြီးဆုံးသေးပါဘူး။ ဦးဂျွာန်တို့ဘက်က ကျွန်မဆက်ပြီး ယှဉ်ပြိုင်ပါ့မယ်၊ ကျွန်မလည်း ဦးဘိုးမှန်ရဲ့ ပညာအမွေကို ဆက်ခံခဲ့ဖူးတဲ့သူတစ်ယောက်ပါ "

ဟု ဖပြောလိုက်လေ၏။ ကေရီ၏ စကားကြောင့် ရွာသူရွာသားများသည် အလွန်အံ့သြဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

မောင်မောင်စိုးသည် ကေရီကို ရုတ်တရက်မြင်လိုက်သော အခါ အံ့သြသွားပြီး တက်ခေါက်ကာ

" ဩော်... မင်းက ဝါ့ရဲ့အလုပ်တွေမှာ အမြဲဝင်နှောင့်ယှက်နေပါလား၊ လူ့လောကကြီးမှာ ကြာကြာမနေချင်တော့ဘူးနဲ့တူတယ်၊ နေပါဦး ဝါ့သား ဘယ်မှာလဲ "

ဟု ပြောလိုက်ရာ ကေရီသည် မောင်မောင်စိုးကို မထီလေးစား ကြည့်၍

" ရှင့်ရဲ့သား ကျွန်မနဲ့အတူရှိပါတယ်၊ လောလောဆယ် ကျွန်မတို့ရဲ့ပြိုင်ပွဲကို အရင်စလိုက်ရအောင်၊ ရှင်နိုင်အောင် ကြိုးစားနော် "

ဟု ပြောလေရာ မောင်မောင်စိုးက ခွက်ထိုးခွက်လန်ရယ်မော၍





" ဝါ့ဘဝမှာ မိန်းမတစ်ယောက်ကို အရှုံးပေးရတာမရှိဘူး။ ဒါကြောင့် နင့်ကိုဝါ အနိုင်တိုက်မယ်၊ ပြီးမှ ဝါ့သားနဲ့တွေ့မယ် "

ဟုပြောလေ၏။ ကေရီသည် ပြိုင်ပွဲတစ်နေရာရှိ လက်နက်များထားရာ စင်သို့သွားရောက်၍ စိတ်ကြိုက်တုတ်တစ်ချောင်းကို ရွေးချယ်ယူလိုက်၏။

ထို့နောက် တုတ်ကို ဆွဲယမ်းကာ ပြိုင်ပွဲပြုလုပ်ရာ မြေကွက်လပ်သို့ ဦးတည်သွားလေ၏။

ပြိုင်ပွဲပြုလုပ်ရာနေရာသို့ ရောက်သောအခါ ပြိုင်ပွဲကြီးကြပ် သူ အဘိုးကြီးများက ပြိုင်ပွဲစည်းကမ်းများကို ပြောပြလေ၏။

အတန်ကြာသောအခါ တုတ်သိုင်းပညာပြိုင်ပွဲစတင်ရန် နှစ်ဦးစလုံး အသင့်ဖြစ်နေကြ၏။

ရွာသူရွာသားများသည် ကေရီကဲ့သို့ မိန်းမလှလေးတစ်ယောက်က မောင်မောင်စိုးကဲ့သို့ ပညာရှင်မျိုးကို ယှဉ်ပြိုင်မည်ဆိုခြင်းကို လွန်စွာအံ့သြလျက်ရှိနေကြ၏။

မောင်မောင်စိုးသည် ကေရီနှင့် တိုက်ခိုက်ကာနီးတွင် ချစ်စရာ ရှိရာသို့ လျှောက်လှမ်းသွားပြီး ချစ်စရာကို မျက်နှာတည်တည်ဖြင့် ကြည့်၍

" မင်း ဘယ်တွေ လျှောက်သွားနေတာလဲ၊ မင်းအကြောင်း ကြောင့် လူတွေဘယ်လောက် အလုပ်ရှုပ်ကုန်ပြီလဲဆိုတာ မင်းသိရဲ့ လား "



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ကြိမ်းမောင်းလေရာ ချစ်စရာသည် အထိတ်တလန့်ဖြစ်သွားပြီး နောက်သို့ဆုတ်လိုက်လေ၏။ မောင်မောင်စိုးက ချစ်စရာကို အံကိုကြိတ်၍ ကြည့်ရှုလိုက်ပြီး

'' ပြိုင်ပွဲပြီးမှ မင်းနဲ့ငါ တွေ့မယ် ''

ဟုပြောကာ ကွင်းလယ်ဆီသို့ ပြန်လည်လျှောက်သွားလေ၏။ ချစ်စရာသည် ဖခင်ဖြစ်သူက ဆူပူကြိမ်းမောင်းသွားသဖြင့် မျက်စိမျက်နှာပျက်ပြီး ကျန်ရစ်ခဲ့လေ၏။

ထို့နောက် ကေရီနှင့် မောင်မောင်စိုးတို့၏ ယှဉ်ပြိုင်ပွဲ စတင်လေ၏။

မောင်မောင်စိုးသည် ကေရီအား မိန်းမသားတစ်ယောက် ဖြစ်၍ အေးဆေးစွာ အနိုင်ရရှိမည်ဟု ထင်မြင်နေ၏။

ထို့ကြောင့် ကေရီ၏ အောက်ပိုင်းအား ဒူးတုတ်ရှည်ဖြင့် သိမ်းရိုက်လိုက်လေ၏။

ကေရီသည် မောင်မောင်စိုး၏ရိုက်ချက်ကို သူ၏တုတ်ဖြင့် ဖယ်ရှားလိုက်ပြီး မောင်မောင်စိုးအား တုတ်ဖြင့် ဇွေ့ယမ်း၍ ပြန်လည်ထိုးနှက်လိုက်ရာ မောင်မောင်စိုးသည် ထင်မှတ်မထားသဖြင့် ခက်ခက်ခဲခဲ ကာကွယ်လိုက်ရလေ၏။

မောင်မောင်စိုးသည် တခဏချင်းမှာပင် ကေရီ၏အစွမ်းကို ရိပ်စားမိသွားပြီး သတိကြီးစွာထား၍ ပြန်လည်တိုက်ခိုက်လေ၏။

ကေရီသည် ထိုအချိန်မှစ၍ မောင်မောင်စိုးအား ပြင်းထန် စွာ





တိုက်စစ်ဆင်လေတော့၏။ မောင်မောင်စိုးသည် ကေရီကို ခုခံကာကွယ်ရင်း တခဏချင်းမှာပင် ကေရီသည် ဦးဂုမ္ဘာန်ထက် ပိုမို ကြောက်မက်ဖွယ်ကောင်းသော ယှဉ်ပြိုင်ဘက်တစ်ဦးဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

မောင်မောင်စိုးသည် တစ်ခါတစ်ရံတွင် ကေရီ၏ တိုက်ကွက်များကို ခက်ခက်ခဲခဲ ကာကွယ်နေရ၏။

သူသည် မိန်းမသားတစ်ယောက်အား အသက်ရှူမှား မတတ်ကာကွယ်နေရသဖြင့် ခံပြင်းစိတ်များလည်း ဝင်ရောက်လာ၏။

မောင်မောင်စိုးသည် စိတ်ထဲတွင် ဖြစ်ပေါ်လာသော မခံချင်စိတ်ကြောင့် တိုက်ကွက်များ တဖြည်းဖြည်း မှားယွင်းလာ၏။

တစ်ချီတွင် ကေရီ၏ရိုက်ချက်ကြောင့် မောင်မောင်စိုး၏ လက်မောင်းကျုပ်ခနဲဖြစ်သွားပြီး တုတ်လွတ်ကျမတတ်ဖြစ်သွား လေ၏။

ကေရီသည် မောင်မောင်စိုးအခြေအနေမကောင်းကြောင်း သိသဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်ရာ မောင်မောင်စိုးသည် တိုက်ကွက်မဆက်နိုင်တော့ဘဲ ကေရီကို ကာကွယ်၍သာ နေရလေ၏။

ချစ်စရာသည် ဖခင်ဖြစ်သူနှင့်ကေရီတို့တိုက်ပွဲကို ရင်တမမ ဖြင့် ကြည့်ရှုနေလေ၏။ ကြည့်ရှုနေသော ပရိသတ်များသည်လည်း မိန်းမသားတစ်ယောက်ဖြစ်သော ကေရီက ပြိုင်ပွဲတွင် အသာစီးမှ တိုက်ခိုက်နေသဖြင့် ဆူညံစွာအော်ဟစ်အားပေးကြလေ၏။

ဦးဂုမ္ဘာန်တို့အုပ်စုမှ သိုင်းသမားများလည်း ကေရီဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ အားပေးကြလေ၏။

မောင်မောင်စိုးသည် ကေရီကို တုံ့ပြန်တိုက်ခိုက်နိုင်ခြင်း မရှိတော့ဘဲ ပြိုင်ပွဲကျင်းပရာ ကွက်လပ်အတွင်း လှည့်လည် ရှောင်တိမ်းနေရ၏။

ကေရီသည် မောင်မောင်စိုးအား အောက်သို့ရိုက်ရန်ဟန်ပြ၍ အပေါ်ပိုင်းသို့လှည့်ရိုက်လေရာ မောင်မောင်စိုး၏ပခုံးကို ထိမှန်သွားလေ၏။

ထိုနောက်ပိုင်းတွင် မောင်မောင်စိုး၏ ခန္ဓာကိုယ်အနှံ့သို့ ကေရီ၏ ရိုက်ချက်များ တစ်ချက်ပြီးတစ်ချက် ထိမှန်လာ၏။

မောင်မောင်စိုးသည် အဆိနာသောကြောင့် ပိုမို၍ ဒေါသပုန်ထလာပြီး ဝမ်းခေါင်းသံကြီးဖြင့်အော်ဟစ်ပြီး ကေရီ၏ခေါင်း အားအားကုန်ရိုက်နက်လိုက်လေ၏။

ကေရီသည် မောင်မောင်စိုး၏တုတ်ကို ရိုက်ဖယ်၍ မောင်မောင်စိုး၏ ခေါင်းအား ပြန်လည်ရိုက်နက်လိုက်ရာ မောင်မောင်စိုး၏ခေါင်းကွဲသွားပြီး သွေးများ ဖျာကနဲ ကျဆင်းလာ၏။

ထိုအခါ ကြည့်ရှုနေသူအပေါင်းသည် ကေရီကို ဆူညံစွာ အော်ဟစ်အားပေးကြလေ၏။

ထိုယှဉ်ပြိုင်ပွဲတွင် ကြီးကြပ်ရသော အဘိုးကြီးများသည် ပြိုင်ပွဲကို ရပ်ထား၍ မောင်မောင်စိုးအား အရှုံးပေးသင့်ကြောင်း ပြောဆိုကြလေ၏။





မောင်မောင်စိုးသည် ခေါင်းမာစွာဖြင့် ခေါင်းဒဏ်ရာကို အဝတ်ဖြင့်စည်းနှောင်၍ ဆက်လက်ယှဉ်ပြိုင်ရန် ပြောဆိုလေ၏။

ကေရီသည် မောင်မောင်စိုးကို ပြင်းထန်စွာ ဆက်လက်ယှဉ်ပြိုင်ရာ မောင်မောင်စိုးသည် ဒဏ်ရာများ တစ်ခုပြီးတစ်ခုရရှိပြီး နောက်ဆုံးတွင် ကေရီ၏ ပြင်းထန်သောရိုက်ချက်ကို တုတ်ဖြင့် ကာကွယ်ရာမှ သူ၏တုတ် ကျိုးထွက်သွားပြီး ခေါင်းကို ပြင်းထန်စွာ ရိုက်ခတ်မိကာ မေ့မြောသွားလေတော့၏။

မောင်မောင်စိုး ရှုံးနိမ့်သွားသဖြင့် ရွာသူရွာသားများ အားလုံး ဆူညံစွာ အော်ဟစ်၍ အားပေးလိုက်ကြလေ၏။

အုန်းတောရွာမှ သိုင်းပညာရှင် အဘိုးကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ၎င်းတို့ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ဝန်ခံလိုက်ကာ ပြိုင်ပွဲကြီးကို အဆုံးသတ်လိုက်တော့၏။

ဦးဂုမ္ဘာန်တို့အဖွဲ့သားများသည် ကေရီ၏အနီးတွင် ဝိုင်းအုံ၍ အားပါးတရ ချီးမွမ်းကြလေ၏။

ကေရီအား ၎င်းတို့အဖွဲ့၏ ကယ်တင်ရှင်ကြီးသဖွယ် မှတ်ယူကြလေ၏။

ထိုအချိန်တွင် မောင်မောင်စိုးသည် သူ၏တပည့်များက ဝိုင်းဝန်း၍ပြုစုပေးသဖြင့် မေ့မြောနေရာမှ သတိရလာပြီး ကေရီနှင့် ချစ်စရာအား မျက်ထောင့်နီကြီးဖြင့်ကြည့်၍ ချစ်စရာအား ခေါ်ကာ

“ ဟေ့ကောင် ချစ်စရာ၊ ဒီအချိန်ကစပြီး မင်းအိမ်ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ် ''

ဟုပြောလေရာ ချစ်စရာက

'' ကျွန်တော် အိမ်မပြန်တော့ဘူး အဖေ၊ အိမ်ပြန်ရောက်ရင် ကျွန်တော့်ဘဝဟာ အထီးကျန် ဆန်လွန်းတယ်၊ အဖေဟာ ကျွန်တော့်ကို ဂရုစိုက်တာမဟုတ်ဘူး၊ အဖေ့မိန်းမတွေနဲ့ပဲ အဖေ ပျော်နေတာ ''

ဟုပြောလေရာ မောင်မောင်စိုးသည် ချစ်စရာ၏ဆန့်ကျင်သော အပြုအမူကြောင့် ပိုမိုဒေါသထွက်လာလေ၏။

'' ဟေ့ကောင် မင်းကိုဓါးမြှောင်းထားတာကွ၊ ငါ့စကား နားထောင်ရမယ်၊ အိမ်ပြန်လိုက်မလား မလိုက်ဘူးလား ''

ဟုအော်ဟစ်မေးမြန်းလေရာ ကြည့်ရှုနေသော ပရိသတ်များသည် ချစ်စရာနှင့်မောင်မောင်စိုး သားအဖတော်စပ်ပုံကို သိရှိပြီး အံ့ဩသွားကြသည်။

ချစ်စရာက ခေါင်းကိုခါယမ်း၍

'' ကျုပ်မလိုက်ဘူး အဖေ၊ ကျုပ် အိမ်မပြန်ချင်တော့ဘူး၊ ဟောဒီ အစ်မနဲ့ပဲ အတူနေတော့မယ် ''

ဟုပြောဆိုလေ၏။

မောင်မောင်စိုးသည် ချစ်စရာ၏စကားကြောင့် ဒေါသကို မထိန်းနိုင်တော့ဘဲ သူ၏သားကို ကိုယ်တိုင်ဆွဲခေါ်ရန် ရှေ့သို့တိုးလာ၏။ ထိုအခါ ဇာကရီက ရှေ့မှတားဆီးလိုက်ပြီး

'' သူဆန္ဒမရှိဘဲ ရှင်အတင်းမခေါ်ပါနဲ့ ''





ဟုတားဆီးလိုက်ရာ မောင်မောင်စိုးသည် လက်သီးဆုပ်၍

'' ခြော်... မင်းက ငါ့သားကို မိဘအိမ်မပြန်ချင်အောင် သွေးဆောင်ဖျားယောင်းထားတာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို မရရအောင် ပြန်ခေါ်မယ်ကွ ''

ဟုပြောဆိုလေ၏။ ထိုအခါ ချစ်စရာက

'' အဖေ ဘယ်လိုခေါ်ခေါ် ကျုပ်ပြန်မလိုက်ဘူးအဖေ၊ အဖေ ခေါ်ရင် လေကုန်ရုံပဲရှိမှာပဲ ''

ဟုပြောဆိုလေ၏။ ထိုအခါ မောင်မောင်စိုးသည် လူအုပ်ကြား တွင်ရပ်နေသော ချစ်စရာ၏ခြေထောက်ကိုမြင်တွေ့သွားပြီး အလွန် ထိတ်လန့်ဟန်ဖြင့် အလန့်တကြားအော်ဟစ်လိုက်၏။

'' ဟေ့ကောင်၊ မင်းခြေထောက်ကဖိနပ် ဘယ်ရောက်သွားလဲ ပြောစမ်း ''

ဟုမေးမြန်းလေရာ ချစ်စရာက မျက်နှာကိုမဲ့၍

'' အဖေ အခုမှ လူတွေကြားထဲမှ ဟန်ဆောင်ပြီး ဂရုစိုက်ပြနေပါနဲ့ဗျာ၊ အဖေ့မိန်းမတွေနဲ့ နေချင်တိုင်းနေပြီး ကျွန်တော့်ကို ပစ်ထားခဲ့တာပဲ ''

ဟုပြန်လည်ပြောဆိုလေ၏။

ထိုအခါ မောင်မောင်စိုးသည် ချစ်စရာ၏ခြေထောက်ကိုသာ စိုက်ကြည့်၍

'' ဟေ့ကောင်... ပြောစမ်း၊ မင်းဖိနပ် ဘယ်ရောက်သွားလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ပြောစမ်း ''

ဟူ၍သာ မေးမြန်းလေ၏။

ချစ်စရာက ဖခင်၏အမေးကို မဖြေဘဲ

'' အဖေ့အတွက် ဖိနပ်တစ်ရံဟာ ဘာမှအရေးမကြီးပါဘူး။ ဘာဖြစ်လို့ လူတွေကြားထဲမှ ဟန်ဆောင်ပြီး ကျွန်တော့်ကိုချစ်ပြနေတာလဲ ''

ဟုပြန်လည်ပြောဆိုလေ၏။

မောင်မောင်စိုးသည် ချစ်စရာ၏စကားကြောင့် ဒေါသကို မထိန်းနိုင်တော့ဘဲ

'' ခွေးကောင်... မင်းသေသွားရင်တောင် ဝါဂရုမစိုက်ဘူးကွ မင်းဖိနပ်ဘယ်မှာလဲ၊ ငါ့ကိုအမြန်ပြော ''

ဟုမေးမြန်းလေ၏။

ထိုအခိုက်မှာပင် အနီးသို့ အုန်းတောရွာမှ သိုင်းဆရာအဘိုးကြီး ရောက်ရှိလာပြီး

'' ဖိနပ်တစ်ရံအတွက်နဲ့ ကိုယ့်သားကို ဒီလောက်ဆူမနေပါနဲ့ဗျာ ''

ဟုတားဆီးလေရာ မောင်မောင်စိုးသည် အဘိုးကြီးလက်ကို ဆောင့်တွန်း၍

'' ခင်ဗျား ဘာသိလို့လဲ၊ ဖိနပ်က အဖိုးတန်လို့ပြောနေတာဗျ ''





ဟု စိတ် မထိန်းနိုင်ဘဲ အော်ဟစ်လိုက်လေ၏။

ကေရီသည် မောင်မောင်စိုး၏စကားကြောင့် မျက်မှောင် ကြုတ်၍

'' ဖိနပ်က အဖိုးတန်တယ်ဆိုပါလား၊ မောင်မောင်စိုး သူ့သားနောက် သဲကြီးမဲကြီးလိုက်နေတာ ဖိနပ်ကြောင့်များလား၊ ဒါဆိုရင် ဖိနပ်ထဲမှာ အဖိုးတန်တာ တစ်ခုခုရှိရမယ်၊ ပြည်လုံးကျော် ပတ္တမြားကြီးများ ဖြစ်နေမလား ''

ဟုတွေးတောကာ လွှန်ခဲ့သောရက်က ရန်အောင်မြင် စေတီအနီးတွင် ချစ်စရာလွှင့်ပစ်ခဲ့သော ရှူးဖိနပ်အား ပြန်လည်မြင်ယောင်လာ၏။ ချစ်စရာသည် မောင်မောင်စိုး၏ မေးခွန်းကြောင့် ဖိနပ်အား လွှင့်ပစ်လိုက်သည့်အကြောင်းကို အမှန်အတိုင်းပြောပြလေ၏။ ထိုအခါ မောင်မောင်စိုး၏ မျက်လုံးပြူးကျယ်သွားပြီး

'' မင်း ဖိနပ်ကို ဘယ်မှာလွှင့်ပစ်လိုက်တာလဲ ပြောစမ်း၊ ပြောစမ်း၊ တန်ဖိုးရှိတဲ့ ဖိနပ်ဆိုတာ မင်းမသိဘူးလား ''

ဟုမေးမြန်းလေရာ ချစ်စရာသည် ဖိနပ်လွှင့်ပစ်လိုက်သည့်နေရာကို ပြောရန်ပြင်လေ၏။

ထိုအခိုက်မှာပင် ကေရီက ချစ်စရာ၏လက်ကိုဆွဲ၍

'' ချစ်စရာ မပြောနဲ့ မပြောနဲ့ ''

ဟုတားဆီးကာ ချစ်စရာ၏လက်ကိုဆွဲ၍ လူအုပ်ကြားထဲသို့ ပြေးလေ၏။ ချစ်စရာသည် သူမနောက်သို့ ဘုမသိ ဘမသိဖြင့် ပြေးသွားပြီးလိုက်ပါလာ၏။ မောင်မောင်စိုးသည် ကေရီ၏ အကြံအစည်ကို



www.burmeseclassic.com

www.burmeseclassic.com



ရိပ်စားမိသွားပြီး ကျယ်လောင်သောအသံဖြင့် သူ၏တပည့်များဘက်သို့လှည့်၍

" ဟောဒကောင်တွေ ဒီကောင်မကို အလွတ်မပေးနဲ့၊ လိုက်ကြစမ်း "

ဟုအမိန့်ပေးလိုက်လေ၏။

ကေရီနှင့်ချစ်စရာသည် ဆယ့်နှစ်ပွဲဈေးသည်များ၏ကြားတွင် တိုးဝှေ့၍ ပြေးလွှားလေရာ ဈေးသည်များနှင့်ရွာသူရွာသားများ လှုပ်လှုပ်ရှရှဖြစ်သွားလေ၏။ မောင်မောင်စိုးသည် သူ၏လက်ကိုဆွဲ၍ မေးမြန်းနေသော အုန်းတောရွာမှ သိုင်းဆရာကြီးအား ဒေါသတကြီး ဆောင့်တွန်း၍ ကေရီ၏အနောက်သို့ လိုက်ခဲ့လေ၏။

ကေရီနှင့်ချစ်စရာသည် ဆယ့်နှစ်ပွဲဈေးသည်များကြားမှ တိုးဝှေ့၍ ပြေးလွှားနေကြ၏။ ချစ်စရာသည် ကေရီနှင့်အတူ ပြေးလွှားရင်း

" ဘယ်လိုဖြစ်တာလဲ အစ်မရဲ့၊ ကျွန်တော့်သိအောင်လဲ ရှင်းပြစမ်းပါဦး "

ဟုမေးမြန်းလေ၏။ ကေရီသည် ပြေးလွှားရင်း

" မမေးနဲ့ကောင်လေး၊ အချိန်မရှိတော့ဘူး၊ ငါနောက်မှရှင်းပြမယ် "

ဟုပြောလေရာ ချစ်စရာက

" ဒါဆို အခုကျွန်တော်တို့ဘယ်ကိုသွားနေတာလဲအစ်မရဲ့ "

ဟုမေးမြန်းလေ၏။ ကေရီက ပြေးလွှားရင်း





" နင့်ရဲ့ လွှင့်ပစ်လိုက်တဲ့ဖိနပ်စုတ်ကြီးဆီကို ရောက်အောင်သွားမယ် "

ဟုပြောလေရာ ချစ်စရာက ပြေးလွှားရင်း ပြန်လည်မေး မြန်းရန်ပြင်လိုက်စဉ် ဆယ့်နှစ်ပွဲဈေးသည်များအတွက် ရေထမ်း ပေးနေသောလူကြီးတစ်ဦးနှင့်တိုက်မိလေရာ လူကြီး၏ရေအိုး မြေပေါ်သို့ကျကွဲလေ၏။

ချစ်စရာက ထိုလူကြီးကို တောင်းပန်နေစဉ် ကေရီက မစောင့်နိုင်တော့ဘဲ ချစ်စရာ၏လက်ကိုဆွဲ၍ပြေးလေ၏။

ထိုအခိုက်မှာပင် မုန့်ဆီကြော်များကို ဗန်းဖြင့်ရွက်လာသောအဘွားကြီးတစ်ယောက်နှင့်တွန်းတိုက်မိပြီး မုန့်ဆီကြော်များ မြေပေါ်သို့ ပြုတ်ကျသွားလေ၏။

မုန့်ဆီကြော်သည်အဘွားကြီးသည် လွန်စွာစိတ်တိုတတ်သော ဆတ်ဆတ်ကြဲ အဘွားကြီးဖြစ်လေရာ ကေရီတို့နောက်သို့ သဲကြီးမဲကြီး လိုက်ကာ မောင်မောင်စိုး၏တပည့်တစ်ဦး၏ ခေါင်းကို မုန့်ဆီကြော်ထည့်ထားသော သစ်သားဗန်းကြီးဖြင့် ထုထည့်လိုက်လေ၏။

ထိုအချိန်တွင် ကေရီနှင့်ချစ်စရာမှာ ပြေးရင်းလွှားရင်း ဘူးသီးကြော်ရောင်းသောဆိုင်သို့ရောက်ရှိသွားပြီး ကေရီသည် ပြေးလမ်းပိတ်သွားသဖြင့် အကြော်သည်၏ ဒယ်အိုးကြီးကို ခုန်ပျံ ကျော်လွှား၍ ပြေးလေ၏။

ချစ်စရာသည် ဒယ်အိုးကြီးကို ကျော်ပြေးရန်မဖြစ်နိုင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးများတင်ထားသော ခုံတန်းလျားပေါ်သို့ ကျော်လွှား၍ပြေးလေ၏။

ထိုအခိုက်မှာပင် မောင်မောင်စိုး၏တပည့်များသည် ဘူးသီးကြော်ဆိုင်သို့ရောက်ရှိလာပြီး ခုံတန်းလျားများကို ဓားဖြင့်ဆော့ရာမှ ဆီပူအိုးကြီးမှောက်ကျပြီး နာကျင်စွာအော်ဟစ်ကြလေ၏။

ကေရီတို့သည် လူအုပ်ကြီးကိုတိုးဝှေ့ရင်း ဈေးတန်းမှ လွန်မြောက်ဖောင်ကြီးပမ်းနေလေရာ မကြာမီ မောင်မောင်စိုး၏ တပည့်များသည် သူမတို့အား မျက်ခြေပြတ်သွားလေ၏။

ကေရီသည် ရွာအပြင်ရှိ ရန်အောင်မြင်ဘုရားရှိရာသို့ ရှေ့မှ ဦးဆောင်၍ပြေးလွှားနေလေ၏။

ချစ်စရာသည် အနောက်မှ မောကြီးပန်းကြီးဖြင့်လိုက်လာရင်း

" နေပါဦးဗျာ၊ ကျွန်တော့်ရဲ့ဖိနပ်စုတ်ကြီးက ဘာဖြစ်လို့ ဒီလောက်တောင် အဖိုးတန်နေရတာလဲ၊ ကျွန်တော် နားမလည်နိုင်တော့ဘူး "

ဟုမေးမြန်းလေ၏။ ကေရီသည် ချစ်စရာ၏လက်ကိုဆွဲရင်း ရေပင်ကြီးအောက်တွင် အပန်းဖြေကာ

" နင့်ကိုရှင်းပြဖို့ အချိန်မရှိတော့ဘူး ကောင်လေး၊ တကယ်တော့ နင့်အဖေမောင်မောင်စိုးဟာ နင့်နောက်ကို သဲကြီးမဲကြီး လိုက်နေတာ နင့်ကိုချစ်လွန်းလို့မဟုတ်ဘူး၊ နင့်ဖိနပ်စုတ်ကြီးထဲမှာ အဖိုးတန်ပစ္စည်းကို ထည့်ထားလို့ဖြစ်မယ် "





ဟုရှင်းလင်းပြလေရာ ချစ်စရာက

" ဟင်... ကျုပ်ဖိနပ်စုတ်ထဲမှာ အဖိုးတန်ပစ္စည်း ထည့်ထားတယ် ဟုတ်လား၊ အဖေက အဖိုးတန်ပစ္စည်းကို ဘာလို့ ဖိနပ်စုတ်ထဲမှာ လာထည့်ရတာလဲ "

ဟုနားမလည်ဟန်ဖြင့်မေးမြန်းလေ၏။

ကေရီက

" အလုံခြုံဆုံးဆိုတာ မလုံခြုံဆုံးဖြစ်နေတတ်တယ်၊ တကယ်တော့ နင့်အဖေဟာ သူ့ရဲ့မီးခံသေတ္တာကြီးထဲမှာထားရင် သူတစ်ပါးက အလွယ်တကူ ခိုးယူနိုင်မယ်ဆိုတာသိတယ်၊ ဒါကြောင့် ဘယ်သူမှ မထင်တဲ့ နင်ရဲ့ဖိနပ်စုတ်ကြီးထဲမှာ အဖိုးတန်ပစ္စည်းကို သိမ်းဆည်းထားရတာပဲ "

ဟုရှင်းလင်းပြလေ၏။ ထိုအခါ ချစ်စရာက သဘောပေါက်ဟန်ဖြင့်

" အြော်... ဒါကြောင့် အဖေဟာ ကျုပ်ကိုဘယ်တော့မှ ဂရုမစိုက်ဘဲ အခုမှ သဲကြီးမဲကြီး လိုက်နေတာကိုး၊ အဲဒီပစ္စည်းဟာ ဘာပစ္စည်းဖြစ်မယ်ထင်လဲ အစ်မ "

ဟုမေးမြန်းလေရာ ကေရီက မျက်မှောင်ကြုတ်၍

" ငါ့အထင်တော့ ပြည်လုံးကျော်ပတ္တမြားကြီးဖြစ်မယ်ထင်တယ်၊ နင့်အဖေအတွက် ပြည်လုံးကျော်ပတ္တမြားကြီးဟာ အရေးအကြီးဆုံးပဲ၊ တကယ်တော့ ပြည်လုံးကျော်ပတ္တမြားကြီးက ငါတို့မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပြည် မိုးကုတ်မြို့ကထွက်တဲ့ တွင်းထွက်ရတနာအစစ်ပါ၊ ငါတို့ မြန်မာ ဘုရင်မင်းမြတ် ပိုင်ဆိုင်တဲ့ပစ္စည်းလည်းဖြစ်တယ်၊ နင့် အဖေဟာ ကိုယ့် အမျိုးရဲ့မျက်နှာကိုမထောက်ဘဲ ပြည်လုံးကျော် ပတ္တမြားကြီးကို ဘုရင်ခံ ကတော်လက်ထဲ အပြီးရောင်းစားဖို့ ကြံစည်နေတယ်၊ တကယ်တော့ အင်မတန်ရှားပါးတဲ့ မြန်မာ့တွင်း ထွက်ရတနာအစစ်၊ ငါတို့မြန်မာတွေရဲ့ လက်ထဲမှာပဲရှိသင့်တယ်၊ နင့်အဖေရဲ့ မလုပ်သင့်မလုပ်ထိုက်တဲ့အကြံ အစည်ကို တားဆီးဖို့ ငါကြိုးစားနေတာ ကြာပြီ၊ အခုတော့ နင့်အဖေနဲ့ ထိပ်တိုက်တွေ့ရတော့မယ်၊ နင်ဟာ မောင်မောင်နိုးရဲ့သားဖြစ်တဲ့ အတွက် သူနဲ့ သွေးသားတော်စပ်တယ်၊ ဒါကြောင့် နင့်အဖေဘက်က ရပ်တည် မယ်ဆိုရင် ရပ်တည်နိုင်ပါတယ်၊ ငါနင့်ကို အပြစ်မဆိုပါဘူး ကောင် လေး ''

ဟုပြောလေရာ ချစ်စရာက အံကိုကြိတ်၍

'' အဖေဟာ မွေးကတည်းက ကျုပ်အပေါ် ဘယ်တုန်းကမှ မကောင်းခဲ့ဘူး။ သူဟာ ကျုပ်ကို သားဧရင်းတစ်ယောက်လို့ တောင် သဘောထားပုံမရဘူး။ အဖေဟာ အမေ့ကိုလည်း မချစ်ဘူး။ အမေဟာ အဖေ့ရဲ့နှိပ်စက်ညှဉ်းပန်းမှုကြောင့် စိတ်ဒုက္ခရောက်ပြီး သေဆုံးရတာ ဖြစ်တယ်၊ အဖေဟာ ရှေးဟောင်းပစ္စည်းကလွဲရင် ဘာကိုမှ မခင်တွယ်ဘူး ငယ်စဉ်ကတည်းက ကျုပ်ကိုတောင် တစ်ကြိမ်တစ်ခါမှ မချီးမွမ်းခဲ့ဘူး ဒါကြောင့် အဖေ့ဘက်က ရပ်တည်ဖို့အကြောင်းမရှိဘူး၊ နောက်ပြီးတော့ အစ်မရဲ့လုပ်ရပ်ကို ကျွန်တော် ကြိုက်တယ်၊ ကျွန်တော်တို့နိုင်ငံ





အဖိုးတန်ပစ္စည်းတွေကို အဖေ နည်းအမျိုးမျိုးနဲ့ နိုင်ငံခြားကိုရောင်းစား နေတာ ကျွန်တော်အသိဆုံးပဲ၊ အဲဒီတော့ ပြည်လုံးကျော်ပတ္တမြားကြီးကို ကျွန်တော်လည်း အစ်မနဲ့အတူ အစွမ်းကုန်ကာကွယ်မယ် ''

ဟုကတိပေးလေ၏။ ကေရီက ချစ်စရာ၏ပခုံးကိုဖက်၍

'' နင့်ရဲ့စိတ်ဓာတ်ကို ငါကြိုက်သွားပြီ ကောင်လေး။ ကိုယ့် အမျိုးဘာသာ သာသနာနဲ့ပတ်သက်ရင် ကိုယ့်သွေးသားအရင်းရဲ့ မျက်နှာကိုတောင် မကြည့်တဲ့ စိတ်ဓာတ်ကို ငါချီးကျူးပါတယ်''

ဟုပြောလေ၏။ ထို့နောက် ကေရီက ချစ်စရာ၏လက်ကို ဆွဲ၍

'' အချိန်မရှိတော့ဘူးချစ်စရာ၊ ငါတို့ နင့်ဖိနပ်စုတ်ကြီးကို ရှာရအောင် ''

ဟုပြောကာ ရန်အောင်မြင်ဘုရားရှိရာသို့ ပြေးလေ၏။ ထို့ နောက် ဘုရား၏လှေကားထစ်များကို ရောက်သောအခါ

'' နင့်ဖိနပ်ကို ဘယ်နေရာမှာလွှင့်ပစ်လိုက်သလဲ ''

ဟုမေးမြန်းလေရာ ချစ်စရာက

'' ဟိုအရှေ့ ချုံပုတ်ထဲမှာ ပစ်လိုက်တယ် ''

ဟုပြောကာ ချစ်စရာသည် ချုံပုတ်ရှိရာသို့ ပြေးလေ၏။

ထို့နောက် ချုံပုတ်ထဲသို့ မွှေနှောက်ရှာလေ၏။ ကေရီလည်း ချစ်စရာနှင့်အတူ ချုံပုတ်ထဲသို့ ဝင်ရောက်ရှာဖွေလေ၏။ သူမတို့ သည် အတန်ကြာအောင် ရှာဖွေပြီးသည်အထိ ဖိနပ်စုတ်ကြီးကို မတွေ့သဖြင့် ချစ်စရာက အံ့ဩဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟင်... ဖိနပ်ဘယ်ကိုရောက်သွားလဲ၊ မနေ့ကပဲ ဒီထဲကို လှမ်းပစ်လိုက်တယ် "

ဟုပြောကာ ကေရီက

" သေသေချာချာရှာပါဦးဟဲ့ "

ဟုဆိုကာ သူမကိုယ်တိုင် မွှေနှောက်ရှာဖွေလေ၏။

သို့သော် ချုံပုတ်တစ်ခုလုံး ကုန်စင်သည့်တိုင်အောင် ဖိနပ်စုတ်ကြီးကို မတွေ့သဖြင့် ကေရီက စိတ်ပျက်လက်ပျက်ဖြင့်

" တောက်... လက်မတင်လေး လွတ်သွားတယ်၊ ပတ္တမြားကြီးဟာ ငါ့အနားမှာ တစ်ချိန်လုံးရှိနေပြီးမှ ဘယ်သူကများ ကောက်ယူသွားလဲ မသိပါဘူးဟယ် "

ဟု မချိတင်ကဲ ရေရွတ်လေ၏။

ထို့နောက် ကေရီတို့သည် စိတ်ပျက်လက်ပျက်ဖြင့် ရန်အောင်မြင်ဘုရား၏အနောက်ဘက် လှေခါးထစ်များတွင် သွားရောက်ထိုင်လေ၏။ ထိုအခိုက်မှာပင် အနီးသို့ အရူးမ မသန်းညွန့် ရောက်ရှိလာပြီး

" ကျေးဇူးရှင်ကြီး ဘာထိုင်လုပ်နေတာလဲ "

ဟုမေးမြန်းလေရာ ကေရီက စိတ်ရှုပ်ဟန်ဖြင့်

" ဒီအရူးမ ဘာတွေလာပြောနေတာလဲ မသိဘူး "

ဟုရေရွတ်လေ၏။ ထိုအခါ အရူးမက ချစ်စရာခြေထောက်ကို ကြည့်၍

" ဝေဿန္တရာမင်းသားလေး၊ ရှိတဲ့ဖိနပ်ကိုလွှင့်ပစ်ပြီး 'စီးစရာ





မဲ့ဖြစ်နေတယ် မဟုတ်လား၊ နင့်ဖိနပ်ကိုတော့ ရွာထဲက ဘိုရှုးပီတာ ကောက်သွားတာ မြင်လိုက်တယ် "

ဟုပြောလေရာ ကေရီနှင့်ချစ်စရာသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားပြီးလျှင် ကေရီက

" ဟင်... ရှင်တကယ်ပြောတာလား "

ဟုမေးမြန်းလေရာ အရူးမ မသန်းညွန့်က ရင်ကိုကော့၍ လက်မထောင်ကာ

" မဟာဂန္ဓာရီဓိရိုးထွက်မဲ့သူဟဲ့၊ ဘယ်တော့မှ မဟုတ်တာ မပြောဘူး၊ ထွက်ပြီးရင်လည်း ဘယ်တော့မှ ပြန်မဝင်ဘူး၊ နင်တို့ဖိနပ်ကို ဘိုရှုးပီတာကိုယ်တိုင် ကောက်စီးသွားတာဟဲ့ "

ဟုပြောလေရာ ကေရီက

" ဟင်... ဒါဆိုရင် ဘိုရှုးပီတာ ဘယ်သွားနေတာလဲ "

ဟု ကမန်းကတန်း မေးမြန်းလေ၏။

ထိုအခါ မသန်းညွန့်က

" ဘိုရှုးပီတာကို ရန်အောင်မြင်ရွာထဲမှာ မသိတဲ့သူမရှိဘူး၊ သူဟာ မတော်တရော် ဘောင်းဘီကြီးတွေ၊ သူ့ရဲ့ပုနေတဲ့ ဗိုက်ကြီးကိုမှ အားမနာဘဲ အင်္ကျီကျပ်ကျပ်ကြီးတွေဝတ်ပြီး ရွာထဲမှာ ဟန်ရေးပြနေတတ်တယ် "

ဟုပြောလေ၏။

ထိုအခါ ကေရီသည် ချစ်စရာ၏လက်ကိုဆွဲ၍ ရွာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြန်၏။

ရွာထဲသို့အနောက်ဘက်မှဝင်ပြီး ၎င်းတို့ရှေ့မှလျှောက်လှမ်းလာသူတစ်ဦးကို အမောတကောဖြင့်

" ဘိုရှုးပီတာ ဘယ်မှာလဲ "

ဟုမေးမြန်းလေရာ ထိုသူက ဒေါသတကြီးဖြင့်

" ဒီရွာမှ ဘိုရှုးပီတာဆိုတာမရှိဘူး။ ကျုပ်နာမည် ပီတာ"

ဟုပြောလေရာ ကေရီသည် ထိုသူဝတ်ထားသော ပုံပန်း မကျအင်္ကျီနှင့်ဘောင်းဘီရှည်ကိုကြည့်၍ သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

" ရှင့်နာမည် ပီတာမဟုတ်လား "

ဟုမေးမြန်းလေရာ ဘိုရှုးပီတာက ကေရီကို ရွတင်းတင်း ကြည့်၍

" ဟုတ်တယ်၊ ကျုပ်နာမည် ပီတာပဲ၊ ကျုပ်ကို နယ်နယ် ရရတော့ မထင်နဲ့၊ မြို့ပေါ်ကိုတက်ပြီး ခေတ်ပုံဆရာလုပ်မဲ့သူဗျ"

ဟု မဆီမဆိုင် ကြွားဝါလေ၏။ ထိုအခါ ကေရီက

" ရှင့်ဘာသာ ဘာလုပ်လုပ် ကျွန်မ စိတ်မဝင်စားဘူး။ ကျွန်မတို့သိချင်တာက ရှင် ရန်အောင်မြင်ဘုရားရှေ့မှာ ကောက်သွားတဲ့ ဖိနပ် ဘယ်ရောက်သွားလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ဘိုရှုးပီတာက ကေရီတို့ကို နားမလည်ဟန်ဖြင့် ကြည့်၍

" ဒီဖိနပ်နဲ့ ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်သလဲ "





ဟု မေးမြန်းလေရာ ချစ်စရာက

" ဘယ်လိုပတ်သက်ရမှာလဲဗျ၊ ဒီဖိနပ်က ကျုပ်ဖိနပ်ဗျ၊ ရန်အောင်မြင်ဘုရားရှေ့မှာ ထားခဲ့တဲ့ဖိနပ်ကို ခင်ဗျားဘယ်လို ယူထားတာလဲ "

ဟုမေးမြန်းလေရာ ဘိုရှုးပီတာသည် မျက်လုံးပြူးသွားပြီး

" ဩော်... ဒီဖိနပ်က မင်းဖိနပ်လား။ ဘုရားရှေ့မှာတွေ့ရလို့ ပိုင်ရှင်မဲ့ဆိုပြီးတော့ ငါကောက်သွားတာပါ။ ဒီဖိနပ်ကို မင်း ပြန်တောင်းဖို့ မကြိုးစားနဲ့တော့၊ ငါ့ဆီမှာမရှိတော့ဘူး "

ဟုပြောလေရာ ကေရီက စိတ်လှုပ်ရှားစွာဖြင့်

" ဟင်... ရှင်ဒီဖိနပ်ကို ဘယ်မှာသွားပြီး ရောင်းစားလိုက်လဲ "

ဟုမေးမြန်းလေရာ ဘိုရှုးပီတာက မျက်နှာရှုံ့မဲ့ပြီး

" အောင်မယ် ခင်ဗျားတို့ဖိနပ်စုတ်ကြီးက ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ ဒီဖိနပ်စုတ်ကြီးကို ကျုပ်နဲ့မတော်လို့ ရွာထဲမှာ လှည့်ရောင်းတာ ဘယ်သူမှဝယ်မဲ့သူမရှိဘူး၊ ပေါက်စရဲ့ထန်းတောမှာသွားပြီးတော့ ထန်းရည်နဲ့လဲသောက်လိုက်ရတယ် "

ဟုပြောလေရာ ကေရီသည် မျက်လုံးပြူးသွားပြီး

" ဟင်... ဒါဆိုရင် ဖိနပ်က ပေါက်စရဲ့ထန်းတောထဲကို ရောက်သွားပြီပေါ့ "

ဟု ပြောကာ ချစ်စရာ၏လက်ကိုဆွဲ၍ ထန်းတောရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



အမောတကော ပြေးကြလေ၏။ ထန်းတောသည် ရွာတောင်ပိုင်း တွင်ရှိသဖြင့် ဝေးလံလှ၏။ ချစ်စရာသည် ကေရီနောက်မှလိုက်၍

" မောလိုက်တာအစ်မရယ်၊ ဖြည်းဖြည်းပြေးပါဗျ "

ဟုပြောလေ၏။ ကေရီက ချစ်စရာကိုစောင့်ရင်း

" ဖြည်းဖြည်းလုပ်လို့မရဘူး ကောင်လေးရဲ့၊ နင့်အဖေရဲ့ တပည့်တွေ ငါတို့နောက်ကို လိုက်ရှာနေပြီ၊ သူတို့ထက်အရင် နင့်ရဲ့ဖိနပ်စုတ်ကြီးကိုတွေ့မှဖြစ်မယ် "

ဟုပြောလေရာ ချစ်စရာသည် စောဒကမတက်တော့ဘဲ ကေရီနောက်မှ အပြေးလိုက်လေ၏။ ထန်းတောသို့ရောက်သောအခါ တဲငယ်တစ်လုံးအနီးတွင် ထန်းရည်သောက်နေသူအချို့ကိုတွေ့ရ၏။ ထန်းရည်သမားများအကြားတွင် အပေါ်ပိုင်းဗလာကျင်းပြီး ပုဆိုးတိုတိုဝတ်ဆင်ထားသော လူတစ်ဦးကိုတွေ့ရ၏။

ထိုသူသည် ကေရီကိုမြင်သောအခါ မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်၍

" ဘာကိစ္စလဲ မိန်းကလေး၊ ထန်းရည်သောက်ချင်လို့လား "

ဟုမေးမြန်းလေရာ ကေရီကမျက်မှောင်ကြုတ်၍

" ရှင့်နာမည်ပေါက်စ မဟုတ်လား "

ဟုမေးမြန်းလေရာ ပေါက်စက ရင်ကိုကော့၍

" ဟုတ်ပါ့ဗျာ၊ ဟောဒီထန်းတောကြီးတစ်ခုလုံးကိုပိုင်တဲ့ ပေါက်စ (ခေါ်) ဘီလေးဘိုင်ဆိုတာ ကျုပ်ပဲ "





ဟုပြောလေ၏။

ကေရီက

" အပိုတွေပြောမနေနဲ့၊ ရှင် ဘိုရှုးပီတာဆီက ထန်းရည်နဲ့လဲပြီးရထားတဲ့ ဖိနပ်ဘယ်မှာလဲ "

ဟုမေးမြန်းလေရာ ပေါက်စက

" အောင်မယ်လေး၊ ဒီဖိနပ်စုတ်ကြီးရဲ့ပိုင်ရှင်က ခင်ဗျားတို့လား၊ ဘိုရှုးပီတာက ထန်းရည်သောက်ပြီးတော့ ပိုက်ဆံမပေးနိုင်လို့ သူ့ဆီကဖိနပ်ကြီးကို ယူထားလိုက်တာ "

ဟုပြောလေရာ ကေရီက စိတ်လှုပ်ရှားစွာဖြင့်

" အဲဒီဖိနပ် ဘယ်မှာလဲ "

ဟုမေးမြန်းလေရာ ပေါက်စက

" မရှိတော့ဘူး "

ဟု ဒုံးတိတိ ပြောလေရာ ကေရီက

" ဟင်... ဖိနပ် ဘယ်ကိုရောက်သွားလဲ "

ဟုမေးမြန်းလေရာ ပေါက်စက

" ရွာထဲက ကုန်စုံဆိုင်ပိုင်ရှင် တရုတ်လူရုပ်မောင်လှိုင်ကသဘောကျပြီး ကျုပ်ဆီက တောင်းတောင်းပန်ပန်နဲ့ ပြန်ဝယ်သွားတယ် "

ဟုပြောလေရာ ကေရီက တောက်ခေါက်၍

" တောက်... လက်မတင်လေး လွဲသွားပြန်ပြီဟဲ... တရုတ်



www.burmeseclassic.com

www.burmeseclassic.com



လူရှုပ် မောင်လှိုင်ဆီ သွားကြမယ် ''

ဟုဆိုကာ ချစ်စရာ၏လက်ကိုဆွဲ၍ အမောတကောပြေး ပြန်၏။

၎င်းတို့ကိုကြည့်၍ ထန်းရည်သမားများသည် နားမလည် ဟန်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုပြီးကျန်ရစ်ခဲ့လေ၏။

ကေရီတို့သည် ရွာထဲသို့ပြန်လည်ဝင်ရောက်ရပြန်၏။ သူမတို့သည် ရွာလယ်လမ်းမသို့ရောက်သောအခါ အဝေးမှလျှောက် လာသော မောင်မောင်စိုး၏တပည့်များနှင့် ထိပ်တိုက်တိုးသဖြင့် ကောက်ရိုးပုံအနီးတွင် ပုန်းကွယ်ကြလေ၏။ ထိုအနိုက်မှာပင် သူမတို့အနောက်မှ မောင်မောင်စိုး၏တပည့်များ ထပ်မံရောက်ရှိ လာသဖြင့် ကေရီတို့သည် ကောက်ရိုးပုံကိုလှည့်ပတ်၍ ပုန်းကွယ်ကြပြန်၏။

၎င်းတို့သည် ကေရီတို့အား လှုစုခွဲ၍လိုက်လံရှာဖွေနေပုံရ၏။ သူမတို့သည် မောင်မောင်စိုး၏တပည့်များကို ရှောင်လွှဲပြေးရင်း တရုတ်လူရှုပ် မောင်လှိုင်၏ ကုန်စုံဆိုင်သို့ရောက်ရှိသွားလေ၏။

ထိုအချိန်တွင် တရုတ်လူရှုပ်မောင်လှိုင်သည် ရွာထဲရှိ အပျိုကြီး မထားထား၏နေအိမ်သို့ နောက်ပိုးရှုးလုပ်ရန် ရောက်ရှိနေသဖြင့် မောင်လှိုင်၏အဖေ တရုတ်ကြီးအဝိန်နှင့်သာတွေ့ရလေ၏။

ကေရီက တရုတ်ကြီးအား ဖိနပ်နှင့်ပတ်သက်၍ မေးမြန်းလေရာ တရုတ်ကြီးက

'' ဒီဖိနပ်ကို မနေ့ကတည်းက ကျုပ်သား မတော်တရော် စီးနေတာနဲ့ စိတ်ဆိုးပြီးမြို့ထဲကိုလွှင့်ပစ်လိုက်တယ် ''





ဟုပြောလေရာ ကေရီက ဝမ်းသာအားရဖြင့်

'' ဟင်...ဒါဆိုရင် ထောင်ကဲကြီးမြို့ထဲမှာ ဖိနပ်ရှိမှာပေါ့ ကျွန်မတို့ သွားရှာကြရမယ် ''

ဟုပြောကာ မြို့ထဲသို့ အမောတကော ပြေးထွက်သွားသဖြင့် တရုတ်ကြီးအဝိန်သည် နားမလည်ဟန်ဖြင့် ကျန်ရစ်ခဲ့လေ၏။ ကေရီတို့သည် မြို့ထဲသို့ရောက်သောအခါ ဖိနပ်များကို အပြေးအလွှားရှာဖွေကြလေ၏။

အတန်ကြာလျှင် ချစ်စရာ၏ မြို့ထောင့်တစ်နေရာတွင် သူ၏ဖိနပ်စုတ်ကြီးကိုတွေ့ရသဖြင့် အလန့်တကြားဖြင့်

'' ကျွန်တော့်ဖိနပ် ပြန်တွေ့ပြီ ''

ဟုအော်ဟစ်ကာ ဖိနပ်ရှိရာသို့ ပြေးလေတော့၏။ ဖိနပ် အနီးသို့ ရောက်သောအခါ ချစ်စရာ၏ဖိနပ်မှာ ပိုမို၍စုတ်ပြတ်နေကြောင်းတွေ့ရလေ၏။ ဖိနပ်၏ခွာတစ်ဖက်မှာလည်း ပြုတ်ထွက်နေကြောင်းတွေ့ရ၏။

ကေရီသည် ဖိနပ်များကို လှန်လှော၍ ပြည်လုံး ကျော်ပတ္တမြားကြီးကို ရှာဖွေလေ၏။

ဖိနပ်တစ်ရံ၏ ဖိနပ်ခွာမှာ ပြုတ်ထွက်ခြင်းမရှိသေးဘဲ ရှိသေးသဖြင့် ဖိနပ်ခွာအား ဓားမြှောင်နှင့်ခွာ၍ ကြည့်လေရာ ပြည်လုံးကျော်ပတ္တမြားကိုမတွေ့ရချေ။

ကေရီသည် ဖိနပ်တွင် ပတ္တမြားကိုမတွေ့သဖြင့် အခက်ကြုံ၏။ အနီးသို့ တရုတ်ကြီးအဝိန်ရောက်ရှိလာပြီး



www.burmeseclassic.com

www.burmeseclassic.com



" မင်းတို့ဖိနပ်ကိုခွာပြီး ဘာတွေရှာနေတာလဲ "

ဟုမေးမြန်းလေရာ ကေရီက

" ဘာမှ မရှာဘူး၊ ဒီဖိနပ်တွေက ဘာဖြစ်လို့ စုတ်ပြတ်ပြီး တစ်စစီဖြစ်သွားတာလဲ၊ ရှင်လုပ်လိုက်တာလား "

ဟုမေးမြန်းလေရာ တရုတ်ကြီးအဝိနိက ခေါင်းခါယမ်း၍

" ငါမလုပ်ဘူး။ ဖိနပ်တွေကို ခြံထဲ၊ကိုပစ်လိုက်တုန်းက အကောင်း ကြီးပါ၊ ဒါပေမဲ့ မနေ့ကတော့ ငါ့ရဲ့ငန်းကြီးသုံးကောင်က ဖိနပ်တွေကို ထိုးဆွနေလို့ တစ်စစီဖြစ်သွားတာထင်တယ် "

ဟုပြောလေရာ ကေရီသည် တရုတ်ကြီးအဝိနိ၏မျက်နှာကို ရိုးသားမှုရှိမရှိ အကဲဖြတ်၍ ရိုးသားကြောင်း ယူဆသောအခါ

" ခြံထဲကို ဘယ်သူတွေဝင်သေးလဲ "

ဟုမေးမြန်းလေရာ တရုတ်ကြီးအဝိနိက

" အိမ်မှာ ငါ့သားမောင်လှိုင်နဲ့ငါ နှစ်ယောက်တည်းရှိတယ်၊ ငါတို့နှစ်ယောက်စလုံး ခြံထဲကို မဆင်းကြသေးဘူး "

ဟုပြောလေရာ ကေရီသည် တစ်စုံတစ်ရာကိုတွေးတော၍ ခေါင်း တဆတ်ဆတ်ညိတ်လိုက်ပြီး

" ဒါဆိုရင် ရှင့်ရဲ့ငန်းကြီးသုံးကောင်လုံး ကျွန်မကိုရောင်းပါ "

ဟုပြောလေရာ တရုတ်ကြီးအဝိနိက

" နောက်ကျသွားပြီ မိန်းကလေးရယ်၊ ငါ့ရဲ့ငန်းကြီးသုံးကောင်လုံး မရှိတော့ဘူး "





ဟုပြောလေရာ ကေရီသည် အထိတ်တလန့်ဖြင့်

" ဟင်... ရှင့်ရဲ့ငန်းတွေ ဘယ်ကိုရောက်သွားပြီလဲ "

ဟုမေးမြန်းလေ၏။ တရုတ်ကြီးအဝိနိက

" မနေ့ညနေကပဲ စိန်တောရွာက လယ်ပိုင်ရှင်ဦးစိန်လင်း ကိုယ်တိုင် ဘုရားကိုးဆူမှာ ကျွေးမွေးဖို့ဆိုပြီး ငန်းကြီးသုံးကောင်ကို ဝယ်သွားတယ် "

ဟုပြောလေရာ ကေရီသည် အမောတကောဖြင့်

" ဟင်... ဦးစိန်လင်းရဲ့ဘုရားကိုးဆူက ဘယ်တော့လုပ်မှာ လဲ "

ဟုမေးမြန်းလေရာ တရုတ်ကြီးအဝိနိက

" မနက်ဖြန် ညနေပေါ့ မိန်းကလေးရဲ့ ဘာဖြစ်လို့လဲ၊ ဘုရား ကိုးဆူပွဲသွားမလို့လား၊ ဝေးတယ်နော်၊ တို့ရွာကနေ လမ်းလျှောက်ရင် လေးနာရီလောက် လမ်းလျှောက်ရတယ် "

ဟုပြောဆိုလေရာ ကေရီသည် စိတ်ပျက်လက်ပျက်ဖြင့် တရုတ် ကြီး အဝိနိထံမှထွက်ခဲ့လေ၏။

ကေရီတို့သည် တရုတ်ကြီးအဝိနိ၏ခြံဝသို့ရောက်သောအခါ အဝေးမှလျှောက်လှမ်းလာသော မောင်မောင်စိုး၏တပည့်များကို မြင် သဖြင့် ကမန်းကတန်း သုတ်ခြေတင်လေ၏။ မောင်မောင်စိုး၏ တပည့် များသည် သူမကိုမြင်တွေ့ဟန်မတူပေ။

ကေရီတို့သည် ရွာထဲသို့ မဝင်ရဲတော့ဘဲ ရွာနှင့်ဝေးရာသို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



လွှားရသဖြင့် ညှမှောင်ရီသန်းလာပြီး ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့သဖြင့် ဇရပ်ပျက်ကြီးတစ်ဆောင်တွင် အိပ်စက်ခဲ့လေ၏။

ကေရီသည် မနက်အရုဏ်တက်အချိန်တွင် အိပ်ရာမှထ၍ ချစ်စရာကိုနှိုးလေရာ ချစ်စရာသည် အိပ်ရာမှ မထချင်ဟန်ဖြင့် ညည်းညူလေရာ ကေရီက ချစ်စရာ၏ဂုတ်ကိုဆွဲကိုင်၍

'' ဟဲ့ကောင်လေး ထစမ်း၊ ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် အအိပ်မက်ရသလား၊ ငါတို့ လယ်ပိုင်ရှင်ဦးစိန်လင်းရဲ့ဆီကို အချိန်မီ သွားရမယ် ''

ဟုပြောလေရာ ချစ်စရာသည် အညောင်းဆန့်၍

'' နေပါဦးအစ်မရယ်၊ ကျုပ်မသိလို့မေးပါရစေ၊ တရုတ်ကြီး အဝိန်ရဲ့ငန်းသုံးကောင်ကို အစ်မက ဘာဖြစ်လို့ ဒီလောက်သဲကြီး မဲကြီး လိုချင်နေတာလဲ ''

ဟုမေးမြန်းလေ၏။ ကေရီက သက်ပြင်းချ၍

'' ငါ့ရဲ့ထင်မြင်ချက်သာ မှန်မယ်ဆိုရင် ပြည်လုံးကျော် ပတ္တမြားကြီးဟာ ငန်းကြီးတစ်ကောင်ကောင်ရဲ့ ဗိုက်ထဲမှာရှိရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ကြီးအဝိန်ရဲ့ ငန်းကြီးတွေဟာ နှင့်ရဲ့ဖိနပ်စုတ်ကြီးကို တစ်စစီဖြစ်အောင် နှုတ်သီးနဲ့ထိုးဆွကြတယ်၊ ဒီလို ထိုးဆွရင်း ပတ္တမြားကြီးဟာ ငန်းကြီးတစ်ကောင်ကောင်ရဲ့ဗိုက်ထဲကို ရောက်သွားနိုင်တယ် ''

ဟုပြောလေရာ ချစ်စရာက နားမလည်ဟန်ဖြင့်





'' ဖြစ်နိုင်ပါ့မလား အစ်မရယ် ''

ဟုမေးမြန်းလေ၏။ ကေရီက မျက်မှောင်ကြုတ်၍

'' ငါတို့ယယ်တုန်းက ကျောက်နီကြီးတစ်လုံးကို သားတစ်ကောင် မျိုလိုက်မိလို့ လှမ်းမျိုဖူးတဲ့ ငန်းကြီးတစ်ကောင် အကြောင်းကိုကြားဖူးတယ်၊ ဒါကြောင့် တရုတ်ကြီးအဝိန်ရဲ့ငန်းကြီးတွေနဲ့ ဆက်စပ်တွေးမိတာပဲ၊ ငါ့ရဲ့စိတ်ကူးမှန်မမှန် ငန်းကြီးတွေနဲ့ တွေ့ရင် လက်တွေ့ သိရမှာပဲ ''

ဟုဆိုလေရာ ချစ်စရာသည် အိပ်နေရာမှ ကမန်းကတန်း ခုန်ထ၍

'' ဒါဆိုရင် ဦးစိန်လင်းတို့ရွာကို အမြန်ဆုံးပြေးမှဖြစ်မယ် ''

ဟုပြောကာ ကေရီနှင့်အတူ ခရီးဆက်ခဲ့လေ၏။

ကေရီတို့သည် ထိုနေ့နံနက် ခရီးကြမ်းနှင်ပြီးနောက် နံနက် ကိုးနာရီတွင် ဦးစိန်လင်းတို့ရွာသို့ရောက်ရှိပြီး ငန်းကြီးသုံးကောင်နှင့် ပတ်သက်၍ မေးမြန်းလေရာ အလှူအိမ်မှလူများသည် ကေရီ တို့အား နားမလည်ဟန်ဖြင့် ဝိုင်းအုံကြည့်ရှုလေ၏။

အလှူရှင် ဦးစိန်လင်းက ကေရီကို မကျေမနပ်ကြည့်၍

'' သူများတကာ အလှူပွဲမှာ ဘာကြောင့် ရှုပ်ရှုပ်ယှက် ယှက် လာလုပ်ရတာလဲ မိန်းကလေး ''

ဟု မေးမြန်းလေရာ ကေရီက စိတ်မရှည်တော့ဘဲ ခါးကြားမှ ဓားမြှောင်ကို ဆတ်ခနဲထုတ်၍ ဦးစိန်လင်း၏လည်ပင်းကို ထောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ဘုရားဒကာကြီး၊ ငန်းကြီးသုံးကောင်ကို ဘယ်မှာထားသလဲ၊ မြန်မြန်ပြောစမ်း "

ဟု ခြိမ်းခြောက်လိုက်ရာ အလှူအိမ်တွင် ရောက်ရှိနေသူများသည် လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။ ဘုရားဒကာ ဦးစိန်လင်းသည် ထိုအခါမှပင်

" ငန်းကြီးတွေကို အိမ်အနောက်မှာ စောစောကပဲ လှုပ်နေပါတယ် "

ဟု ပြောလေ၏။

ဦးစိန်လင်း၏စကားဆုံးသည်နှင့် ကေရီသည် အိမ် အနောက်သို့ ပြေးလေရာ ခြံဝိုင်းထဲတွင် သတ်ဖြတ်ပြီးကာစ ငန်းကြီးများကို တွေ့ရလေ၏။ ဒကေရီသည် အလောတကြီးဖြင့်အစာအိမ်ကိုခွဲကြည့်ရာ မည်သည့်အဖိုးတန်ရတနာကိုမျှ မတွေ့ရချေ။

ထိုအခါမှပင် ချစ်စရာက အထိတ်တလန့်ဖြင့်

" ဟင်... ငန်းက နှစ်ကောင်ထဲပါလား အစ်မ၊ တစ်ကောင်ဘယ်ရောက်သွားလဲမသိဘူး "

ဟု ပြောဆိုလေရာ စိတ်စောနေသော ကေရီသည် ထိုအခါမှပင် သတိပြုမိသွားပြီး

" ဟင်... ဟုတ်သားပဲ၊ ငန်းတစ်ကောင်ဘယ်ရောက်နေလဲ"

ဟု မေးမြန်းလေ၏။

ထိုအခိုက်မှာပင် အလှူရှင်ဦးစိန်လင်းနှင့်အတူ သတ္တိကောင်း





ဟန်ရှိသော ရွာသားလေးငါးယောက်သည် တုတ်၊ ဓား လက်နက်များကိုင်၍ ခြံဝိုင်းထဲသို့ ဆင်းလာရာ ချစ်စရာက အလန့်တကြားဖြင့်

" အစ်မရေ ဒုက္ခပါပဲ၊ ဟိုမှာ ဓားကြီးတွေနဲ့ လာနေကြပြီ "

ဟု ပြောဆိုလေရာ ကေရီသည် အလျင်လိုနေသည့်ကြားမှ အနှောင့်အယှက်ဝင်လာသဖြင့် စိတ်မထိန်းနိုင်အောင်ဖြစ်သွားပြီး

" ဒီမှာ ဘုရားဒကာကြီး၊ ငန်းတစ်ကောင်ဘယ်ရောက်နေလဲ၊ ကျွန်မကို အမြန်ဆုံးပြောစမ်း "

ဟု အော်ဟစ်မေးမြန်းလေ၏။ ထိုအခါ ဘုရားဒကာ ဦးစိန်လင်းက မျက်နှာကိုရှုံ့မဲ့လိုက်ပြီး

" အောင်မယ်... ရာရာစစ၊ မိန်းမတစ်ယောက်ကများ ငါတို့ရွာကိုလာပြီး စော်ကားသေးတယ်၊ နိုင်စော်ကားတိုင်း ငါတို့က ခံမယ်ထင်လို့လား၊ ဓားပြမကိုဖမ်းပြီး ပုလိပ်လက်အပ်ရမယ် "

ဟု ပြောလေရာ ကေရီသည် ပို၍ ဒေါသူပုန်ထသွားပြီး တက်ခေါက်၍

" တောက်... ဒီလူကြီးကို ငါစောစောကတည်းက မသတ်လိုက်မိတာမှားတယ်၊ အချိန်မရှိတော့ဘူး "

ဟု ပြောဆိုရင်း အနီးတွင်ရှိသော ချစ်စရာကို ခါးမှမြှောက်ချီ၍ ကောက်ရိုးပုံပေါ်သို့ ပစ်တင်လိုက်၏။

ချစ်စရာသည် ဆယ်ပေခန့်ရှိသော ကောက်ရိုးပုံပေါ်သို့ ရောက်ရှိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ကေရီသည် အနီးဆုံးလူတစ်ဦး၏ ပေါင်ကြားကို ခြေဖြင့်တကားဆောင့်ကန်၍ သူ၏လက်ထဲရှိ လှံရှည်ကို လုယူလိုက်၏။

ထို့နောက် လှံအဖျားနှင့်ပင် ဓားကိုင်သူတစ်ဦး၏ လက်ကို ပင့်ရိုက်လိုက်ရာ ဓားသည် လေထဲသို့မြောက်ပြီး ကောက်ရိုးပုံပေါ်သို့ ရောက်ရှိသွားလေ၏။

ထိုဓားကို ချစ်စရာက အသင့်ဖမ်းကိုင်လိုက်၏။ တဆက်တည်းမှာပင် ကေရီသည် သူ၏ရှေ့တွင် ကာဆီးထားသော တုတ်သမားနှစ်ယောက်အား လှံရှည်ဖြင့် ဝှေ့ယမ်းလိုက်ရာ တုတ်သမားများ အနောက်သို့ ကမှန်းကတန်း ဆုတ်ခွာပြေးကြပြီး ကေရီသည် ဘုရားဒကာ ဦးစိန်လင်းရှေ့သို့ မျက်စိတစ်မှိတ်အတွင်း ရောက်ရှိသွားလေ၏။

ကေရီသည် ဦးစိန်လင်း၏ ဗိုက်ကို လှံဖြင့်ထောက်လိုက်ရင်း

" ဘုရားဒကာကြီး ငန်းတစ်ကောင် ဘယ်မှာရှိလဲ၊ မြန်မြန်ပြောစမ်း၊ မပြောရင်တော့ ရှင်ရဲ့ဖောင်းပူနေတဲ့ဗိုက်ကြီးကို ဖောက်ပစ်လိုက်မယ် "

ဟု ခြိမ်းခြောက်လိုက်လေရာ ဦးစိန်လင်းသည် လွန်စွာ ကြောက်ရွံ့သွားပြီး

" မလုပ်ပါနဲ့ မိန်းကလေး၊ ကျုပ်အမှန်အတိုင်းပြောပါ့မယ်၊ ကျုပ်တို့ ဝယ်လာတဲ့ငန်းကြီးသုံးကောင်ဟာ လမ်းတစ်ဝက်မှာ ခရီးတစ်ထောင့်နားတုန်း ငန်းကြီးတစ်ကောင် ပျောက်ဆုံးသွားတယ်၊ ဒါကြောင့် ကျုပ်ရဲ့အလှူမှာ ငန်းကြီးနှစ်ကောင်ပဲ ကျန်ရစ်တာပါ "





ဟု ပြောလေရာ ကေရီသည် လွန်စွာစိတ်ခတ်ကျသွားပြီး

" တောက်... သွားပါပြီဟယ်၊ လမ်းစပျောက်ပါပြီ "

ဟု ရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ချစ်စရာသည် သူမ၏အနီးသို့ ရောက်ရှိလာလေ၏။ ကေရီသည် ပြည်လုံးကျော်ပတ္တမြားကြီးနှင့် ပတ်သက်၍ လွန်စွာ စိတ်ခတ်ကျသွားလေ၏။

ပတ္တမြားကြီးနှင့် ပတ်သက်၍ မျှော်လင့်ချက်ကင်းမဲ့သလိုဖြစ်သွားလေ၏။ ထို့ကြောင့် ချစ်စရာ၏ပုခုံးကို ဘယ်လက်ဖြင့်ဖက်၍ ညာလက်တွင် လှံရှည်ကြီးကို ကိုင်ကာ ဦးစိန်လင်း၏ ခြံထဲမှထွက်ခဲ့လေ၏။

ကေရီသည် ခြံဝသို့ရောက်သောအခါ နောက်သို့လှည့်ကြည့်လိုက်ရာ သူမကို ထူးဆန်းအံ့သြဟန်ဖြင့် ကြည့်ရှုနေသော လူအများကို တွေ့ရလေ၏။

ကေရီသည် စိတ်ထဲတွင် အလွန်မကျေမချမ်း ဖြစ်နေသဖြင့် လှံရှည်ကြီးကိုမြှောက်၍ ဦးစိန်လင်း၏အိမ်ဘက်သို့ အားကုန်ပစ် ထည့်လိုက်ရာ လှံရှည်ကြီးသည် အိမ်ရှေ့တွင် စိုက်ထားသော သမင်ချိုကြီး၏ ခေါင်းတွင် ဗိုင်းခနဲစွဲဝင်သွားလေ၏။

ကေရီ လှံချက်ကြောင့် အလှူအိမ်ရှိလူများသည် အထိတ်သလန့်ဖြင့် အော်ဟစ်ကြလေ၏။

ကေရီသည် ဦးစိန်လင်းနှင့်တကွ အားလုံးကို ကြည့်ရှု၍

" ကျွန်မနောက်ကို တစ်ယောက်မှ လိုက်ပြီးနှောင့်ယှက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မကြိုးစားနဲ့၊ ငရဲပြည်ရောက်သွားမယ် ''

ဟု ကြိုးဝိုင်းကာ ထိုရွာမှ ထွက်ခဲ့လေတော့၏။

ကေရီနှင့် ချစ်စရာသည် မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် လျှောက်လှမ်းနေကြပြီး အတန်ကြာသောအခါ ညောင်ပင်ကြီး တစ်ပင်အောက်တွင် အပန်းဖြေကြလေ၏။

ကေရီသည် ဆားပုလင်းမင်းအောင် အကူအညီတောင်းသော ပြည်လုံးကျော်ပတ္တမြားကြီးကို ပြန်လည်မရယူနိုင်သဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေလေ၏။

ချစ်စရာမှာလည်း ကေရီနည်းတူ ပြည်လုံးကျော်ပတ္တမြားကြီး အတွက် ခံစားနေရသည်။ ပြည်လုံးကျော်ပတ္တမြားသည် မည်သည့် အရပ်သို့ ရောက်ရှိနေသည်မသိ။

ပြည်လုံးကျော်ပတ္တမြားကို သယ်ဆောင်သွားသော နေ့်းကြီး မှာလဲ မည်သူ၏လက်ဝယ်သို့ ရောက်ရှိနေသည်မသိပေ။

ချစ်စရာက

'' အစ်မရေ ပတ္တမြားကြီးကိုတော့ ဘယ်မှာမှ ရှာလို့မတွေ့တော့ဘူး၊ ကျွန်တော်တို့တော့ လက်လျှော့ဆုံးရှုံးရပြီထင်တယ် ''

ဟု ပြောလေရာ ကေရီကလည်း

'' အေးဟယ်၊ ငါလည်း ဘယ်လိုမှ မကြံစည်တတ်တော့ဘူး၊ နေ့်းကြီးကိုရသွားတဲ့သူကတော့ ပတ္တမြားကြီးကို ရသွားတာပဲ''

ဟု ပြောလေ၏။ ချစ်စရာက





'' ပတ္တမြားကြီးသာ အဖေ့လက်ထဲရောက်သွားရင် မလွယ်ဘူးနော် ''

ဟု ပြောဆိုလေ၏။ ကေရီက

'' ပတ္တမြားကြီး နင့်အဖေလက်ထဲရောက်သွားရင်တော့ တိုင်းတစ်ပါးလက်ကို ရောက်မှာသေချာတယ် ''

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဘုရားဖူးအချို့ရောက်ရှိလာပြီး ညောင်ပင်အောက်တွင် နားခိုကြလေ၏။

ခရီးသွားများသည် ထမင်းထုပ်များကိုဖြေ၍ စားသောက်ကြလေ၏။ ခရီးသွားများထဲမှ ကလေးငယ်တစ်ဦးသည် ကောက်ညှင်းထုပ်တစ်ထုပ်ကို ဖြေ၍ စားသောက်လေ၏။

ကျန်ကလေးငယ်တစ်ဦးက

'' ငါ့ကိုလည်း ကောက်ညှင်းထုပ်ကျွေးပါဦး ''

ဟု တောင်းလေရာ ကျန်တစ်ဦးက

'' မင်းရဲ့ကောက်ညှင်းထုပ်ကို နေ့်းကြီးကို အကုန်လုံး ကျွေးလိုက်သလား ''

ဟု မေးမြန်းလေရာ ကျန်တစ်ဦးက

'' ကျွေးလိုက်တာပေါ့ ''

ဟု ပြောလေ၏။ ထိုအခါ ကေရီနှင့် ချစ်စရာသည် မျက်လုံးပြူးသွားပြီး ကေရီက ကမန်းကတန်းထ၍



www.burmeseclassic.com

" ဟင်... နေ်းကြီးကို ဘယ်မှာတွေ့တာလဲ ပြောစမ်း ပြောစမ်း "

ဟု မေးမြန်းလေရာ ကလေးငယ်တစ်ဦးက

" နေ်းကြီးလား၊ ဟိုး... တောင်ပေါ်တက်တဲ့လမ်းပေါ်မှာ တွေ့ရတာဗျ "

ဟု ဆိုကာ ခပ်ဝေးဝေးတွင်ရှိသော မှိုင်းပျပျတောင်းကုန်း ကြီးကို လက်ညှိုးညွှန်ပြလေ၏။ ချစ်စရာက ကလေးတစ်ဦး၏ ပခုံးကိုဖက်၍

" မင်းတို့တွေ့တဲ့နေ်းက တစ်ကောင်တည်းလား "

ဟု အလောတကြီး မေးမြန်းလေရာ ကလေးတစ်ဦးက

" ဟုတ်တယ်၊ တစ်ကောင်ထဲပဲ၊ နေ်းဖြူကြီးဗျ၊ နည်းတဲ့ ကောင်ကြီးမဟုတ်ဘူး "

ဟု ပြောလေ၏။

ကေရီတို့သည် လူငယ်များ၏စကားကြောင့် ဝမ်းသာအားရ ဖြစ်သွားပြီး တောင်ပေါ်သို့ ဦးတည်၍ ပြေးလွှားသွားလေ၏။

တောင်ပေါ်တွင် သစ်ရိပ်ဝါးရိပ်များ အေးမြနေပြီး အတန် ကြာအောင် တက်သွားပြီးနောက် တောင်ပေါ်သို့ ရောက်လေ၏။

တောင်ပေါ်တွင် တဲအိမ်ကလေးတစ်လုံးရှိ၏။ ညီညာသော မြေပြင်ပေါ်ရှိအမှိုက်သရိုက်များကို ပြောင်ရှင်းနေအောင် လှဲကျင်း ထားသဖြင့် လူရှိနေပုံရ၏။

ကေရီတို့သည် နေ်းကြီးကိုတွေ့ရမည်ဆိုသောကြောင့် တောင် ပေါ်တွင် လှည့်လည်ရှာဖွေနေကြ၏။ သို့သော် အတန်ကြာအောင်





ရှာဖွေသည်အထိ နေ်းကြီးကို မတွေ့ဘဲရှိလေ၏။

ကေရီသည် စူးရှသောမျက်လုံးများဖြင့် တောင်ပတ်ဝန်းကျင် အနှံ့ လှည့်ပတ်ကြည့်ရှုလေရာ တောင်၏တစ်နေရာတွင် အဖြူရောင် အရိပ်တစ်ခုကို တွေ့မြင်သဖြင့် လွန်စွာ စိတ်လှုပ်ရှားသွားပြီး

" ဟင်... ဟိုမှာ အဖြူရောင်အရိပ်တစ်ခုကို တွေ့လိုက် တယ်၊ နေ်းကြီးနဲ့တူတယ် "

ဟု ပြောကာ ထိုနေရာသို့ ကမန်းကတန်း ပြေးလွှားသွား လေ၏။ နေ်းကြီးသည် မြက်ခင်းပေါ်တွင် ဟိုသည်သွားလာနေ၏။

ကေရီသည် နေ်းကြီးကို ဝမ်းသာအားရကြည့်၍

" အောင်မယ်လေး... ရှာလိုက်ရတာဟယ်၊ တွေ့မှ တွေ့တော့ လဲ လွယ်လွယ်လေးပါလား "

ဟု ရေရွတ်ကာ နေ်းကြီးကို ဖမ်းရန် တစ်ရွေ့ရွေ့တိုးကပ် သွားလေ၏။

နေ်းကြီးသည် လူရိပ်ကိုမြင်သောအခါ ပြေးလွှားရန် ကြိုးစား သော်လည်း ကေရီက ခုန်လွှား၍ ဖမ်းလိုက်သဖြင့် နေ်းကြီးသည် မရုန်းကန်နိုင်ဘဲ တောင်ပံတဖျပ်ဖျပ်ခတ်နေ၏။

ကေရီသည် နေ်းကြီးကိုကြည့်၍ သဘောကျဟန်ဖြင့် ဝမ်းသာ အားရ ရယ်မောလိုက်ပြီး

" ဟားဟားဟား... ငါ့ကို ဒုက္ခပေးတဲ့နေ်း၊ အခုတော့ ဘယ် ပြေးမလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်လိုက်လေ၏။ ထိုအခိုက်မှာပင် ညောင်ပင်ကြီးနောက်မှ တစ်စုံတစ်ယောက် ထွက်လာပြီး

" လက်ထဲက ငန်းကိုချလိုက်ပါ ကေရီ "

ဟုပြောလေရာ ကေရီသည် အသံရှင်ကိုကြည့်ပြီး မျက်လုံးပြူးသွားလေ၏။ ထိုသူမှာ မောင်မောင်စိုးဖြစ်ပြီး ကေရီအား နှစ်လုံးပြူးသေနတ် ဖြင့် ချိန်ရွယ်ထားလေ၏။

ကေရီသည် သူမ၏အကြံ အောင်မြင်ခါနီးမှ မောင်မောင်စိုးရောက်ရှိလာသဖြင့် ဒေါသတကြီး တက်ခေါက်လိုက်ပြီး

" တောက်... ရှင်ရောက်လာပြန်ပြီ၊ ရှင်တို့ ကျွန်မကို ဒုက္ခအမျိုးမျိုးပေးနေတာပဲ "

ဟု မကျေမချမ်းရေရွတ်လိုက်လေ၏။ ထိုအခါ မောင်မောင် စိုးက တဟားဟားရယ်မော၍

" လျှင်သူစားစတမ်းပဲ ကေရီ၊ လက်ထဲက ငန်းကြီးကို လွှတ်လိုက်စမ်း "

ဟု အော်ဟစ်လေ၏။

ကေရီက မောင်မောင်စိုးကို မထီလေးစားကြည့်၍

" ရှင် မရှက်ဘူးလား၊ ရှင်လည်း ပညာရှင်၊ ကျွန်မလည်း ပညာရှင်၊ ပညာရှင်နှစ်ယောက် ဆုံတွေ့တဲ့ပွဲမှာ သေနတ်ကြီးနဲ့ ချိန်ထားတာ ရှက်စရာကောင်းလိုက်တာ၊ နောက်ပြီးတော့ ကျွန်မက မိန်းမသားလေ "





ဟုပြောလေရာ မောင်မောင်စိုး၏မျက်နှာ နီးမြန်းသွားပြီး

" ဟုတ်ပြီ မင်းပြောတာမှန်တယ်၊ မင်းနဲ့ငါ တရားမျှမျှတတ ယှဉ်ပြိုင်ကြရမယ် "

ဟုကြုံးဝါးကာ သူ၏နှစ်လုံးပြူးသေနတ်ကို မြေပေါ်သို့ ပစ်ချလိုက်လေ၏။

ကေရီက မဲ့ပြုံးပြုံး၍ ငန်းကြီးကို မြေကွက်လပ်တွင် လွှတ်ပေးလိုက်လေ၏။ ထို့နောက် မောင်မောင်စိုးနှင့်ကေရီသည် လက်နက်မဲ့နှင့်ပင် အပြင်းအထန် ယှဉ်ပြိုင်တိုက်ခိုက်ကြလေတော့၏။

မောင်မောင်စိုးသည် ကေရီကို ရှုံးနိမ့်ခဲ့ဖူးသော ရန်ငြှိုးရှိသဖြင့် သဲကြီးမဲကြီး တိုက်ခိုက်လေ၏။

သို့သော် အတန်ကြာအောင် တိုက်ခိုက်ပြီး နှစ်ဦးစလုံး မောပန်းလာသည်အထိ တစ်ဦးနှင့်တစ်ဦး အပြတ်အသတ်အနိုင် မယူနိုင်ဘဲရှိလေ၏။

ချစ်စရာသည် ကေရီနှင့် ဖခင်၏တိုက်ပွဲကို စိတ်လှုပ်ရှားစွာ ကြည့်ရှုနေလေ၏။

၎င်းတို့သည် အတန်ကြာအောင် တိုက်ခိုက်ကြပြီးနောက် အနိုင်မရရှိသေးကြဘဲ နှစ်ဦးစလုံး ရေချိုးထားသကဲ့သို့ ချွေးများ ရွှဲနစ်နေ၏။

မောင်မောင်စိုးသည် ဒဏ်ရာဒဏ်ချက်များရရှိပြီး ပင်ပန်း နွမ်းနယ်နေသော်လည်း လောဘဇောကြောင့် ကေရီကို သဲကြီးမဲကြီး တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

နှစ်ဦးစလုံး ခြေလှမ်းများ ယိမ်းယိုင်လာပြီး မျက်လုံးများ ပြာဝေလာသောအခါ တစ်ဦးကိုတစ်ဦး အနိုင်တိုက်ရန်မကြိုးပမ်း တော့ဘဲ ငန်းကြီးကို လုယူရန်သာ ကြိုးပမ်းလာကြ၏။

မောင်မောင်စိုးသည် ကေရီကို ခြေဖြင့်သုံးချက်ဆင့်၍ ခတ်လိုက်ပြီး ငန်းကြီးရှိရာသို့ ဒိုင်ဗင်ထိုး၍ ဖမ်းလိုက်၏။

သို့သော် ငန်းကြီးကိုမမိဘဲ ငန်းကြီးသည် အထိတ်တလန့်ဖြင့် မြေပြင်မှ အတော်မြင့်မြင့်သို့ ပျံသွား၍ ပြေးပြန်၏။

ကေရီလည်း ငန်းကြီးကိုမြေပေါ်သို့မကျမီ ခုန်ပျံလွှား၍ ဖမ်းပြန်၏။ ငန်းကြီးသည် တောင်ပံတဖျပ်ဖျပ်ခတ်၍ အော်ဟစ် ပြေးလွှားနေရ၏။

ချစ်စရာသည် ကေရီနှင့်ဖခင်ကိုကြည့်၍ အလွန်စိတ်လှုပ်ရှားနေ၏။ ကေရီတို့သည် တစ်ဦးနှင့်တစ်ဦး အနိုင်တိုက်ခိုက်ရန်ထက် ငန်းကြီးကို လက်ဝယ်ရရှိရန်သာ အပြင်းအထန်ကြိုးစားနေလေ၏။

ငန်းကြီးသည် အထိတ်တလန့်ဖြင့် ချုံကြီးတစ်ခုပေါ်သို့ ခုန်ပျံလွှား၍ တက်သွား၏။ ကေရီနှင့်မောင်မောင်စိုးသည် ငန်းကြီးကို အစွမ်းကုန်ကြိုးစား၍ လုယက်ရန် ဆုံးဖြတ်လိုက်ပြီး ငန်းကြီးရှိရာသို့ ပြိုင်တူ ခုန်ပျံလွှားလိုက်၏။

၎င်းတို့သည် ချုံကြီးပေါ်သို့ ပြိုင်တူ ရောက်ရှိသွားပြီး ငန်းကြီး၏ ခြေတစ်ဖက်ဆီကို နှစ်ဦးစလုံး ဆုပ်ကိုင်မိ၏။ မောင်မောင်စိုးသည် ငန်းကြီးကို မိမိဘက်ပါအောင် အားစိုက်၍ဆွဲယူလိုက်၏။





ကေရီသည် ငန်းကြီးကို မောင်မောင်စိုးဘက်သို့ မရောက် ရန် ခြေတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်၏။

ငန်းကြီးသည် မောင်မောင်စိုးနှင့်ကေရီ၏ အပြိုင်အဆိုင် လုယက်မှုကြောင့် နာကျင်စွာ အော်ဟစ်နေလေ၏။

ကေရီသည် သနားစဖွယ်အော်ဟစ်နေသော ငန်းကြီးကိုကြည့်၍ ဆက်လက် ဆွဲကိုင်မထားရက်တော့ဘဲ မျက်လုံးကိုစုံမှိတ်၍ ငန်းကြီးကို လွှတ်ပေးလိုက်ရလေ၏။

အသိဉာဏ်ကင်းမဲ့သော သတ္တဝါတစ်ကောင်အား ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းလိုစိတ်မရှိပေ။

မောင်မောင်စိုးသည် သူ၏လက်ထဲသို့ ငန်းကြီးရောက်ရှိလာသောအခါ ဝမ်းသာအားရဖြင့် တဟားဟား အော်ဟစ်ရယ်မောကာ

“ ဟားဟားဟား… ငန်းကြီးကို ရပြီဟေ့၊ ပတ္တမြားကြီး ငါ့ဆီပြန်ရောက်ပြီ၊ ကေရီ မင်းဘာတတ်နိုင်သေးလဲ၊ ငါ့ကိုယှဉ်နိုင်သေးရဲ့လား ”

ဟု ကြုံးဝါးလေရာ ကေရီက နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်လိုက်ပြီး

“ ကျွန်မမှာ ရှင့်လောက် ရက်စက်ကြမ်းကြုတ်တဲ့စိတ်မရှိဘူး၊ သတ္တဝါတွေအပေါ်မှာ သနားကြင်နာတတ်တယ် ”

ဟု မချိတင်ကဲဟန်ဖြင့်ပြောဆိုလေ၏။

မောင်မောင်စိုးက တဟားဟားရယ်မောလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



" ဟားဟားဟား... ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါရဲ့ယှဉ်ပြိုင်ပွဲမှာ မင်းရှုံးသွားပြီ၊ ငန်းကြီးကို လုယက်ဖို့ မကြိုးစားနဲ့၊ မင်းကတိ တည်ပါစေ "

ဟုပြောလေရာ ကေရီသည် အံကိုသာကြိတ်၍ နေမိ၏။ မောင်မောင်စိုးနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် သူမ ရှုံးနိမ့်သွားသဖြင့် ငန်းကြီးကို လက်လွှတ်ဆုံးရှုံးလိုက်ရလေသည်။

မောင်မောင်စိုးသည် လက်ထဲသို့ရောက်လာသောငန်းကြီးကိုကြည့်၍ ခါးကြားမှ ဓားမြှောင်ထုတ်ကာ ငန်းကြီး၏လည်ပင်းကို ရက်စက်စွာလှီးဖြတ်လိုက်လေ၏။

မောင်မောင်စိုးသည် ငန်းကြီး သေဆုံးသွားသောအခါ လောဘဇောကြောင့် ငန်းကြီး၏ရင်ကို အလျင်စလို ခွဲလိုက်ပြီး ပတ္တမြားကြီးကို ရှာဖွေလေ၏။

ချစ်စရာသည် ဖခင်ဖြစ်သူကိုကြည့်ရင်း သွေးများဆူပွက်လာသယောင် ခံစားရ၏။ ဖခင်သည် မြန်မာ့တွင်းထွက်ရတနာပစ္စည်း အစစ်အမှန်ဖြစ်သော ပြည်လုံးကျော်ပတ္တမြားကြီးကို တိုင်းတစ်ပါးသို့ အရောက်ပို့ရန်ကြိုးစည်နေလေပြီ။

လောဘစိတ်ကြောင့် ဘနဖူးကို သိုက်တူးရန်ကြိုးစည်နေသော ဖခင်ကို အစွမ်းကုန်တားဆီးရပေတော့မည်။

ထိုအခိုက်မှာပင် မောင်မောင်စိုးသည် ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်ပြီး





" ဟားဟားဟား... တွေ့ပြီ၊ ပြည်လုံးကျော်ပတ္တမြားကြီးကို ပြန်တွေ့ပြီ၊ ဝမ်းသာလိုက်တာ ဟားဟားဟား "

ဟုအော်ဟစ်လိုက်လေ၏။

မောင်မောင်စိုး၏တစ်ကိုယ်လုံး ငန်း၏ကိုယ်မှထွက်သော သွေးများဖြင့် ပေကျံနေပြီး သူ၏လက်ထဲတွင် သွေးသံရဲရဲနှင့် ပတ္တမြားကြီးကို တွေ့ရလေ၏။

ကေရီသည် မောင်မောင်စိုး၏လက်ထဲမှ ပတ္တမြားကြီးကို ကြည့်၍ မခံချိမခံသာဖြစ်သွားပြီး မျက်လုံးအစုံကို စုံမှိတ်ထားလိုက်လေ၏။

မောင်မောင်စိုးသည် ပတ္တမြားကြီးကို ပြန်လည်ရရှိသဖြင့် တောင်အောက်သို့ဆင်းရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင်

" အဖေ လက်ထဲက ပတ္တမြားကြီးတို့ချလိုက်ပါ "

ဟူသောအသံကြားသဖြင့် မောင်မောင်စိုးသည် ငုံ့စောင်း ကြည့်လိုက်ရာ မိမိအား သေနတ်ဖြင့်ချိန်ထားသော သားဖြစ်သူ ချစ်စရာကိုတွေ့လိုက်ရလေ၏။

ချစ်စရာသည် မောင်မောင်စိုး ပစ်ချလိုက်သော နှစ်လုံးပြူး သေနတ်ကိုယူ၍ ချိန်ရွယ်ထားခြင်းဖြစ်၏။ မောင်မောင်စိုးသည် သားဖြစ်သူ၏အမူအရာကိုကြည့်၍ အလွန်အံ့ဩသွားပြီး ဒေါသတကြီးဖြင့်

" ဟေ့ကောင် မင်းဘာလုပ်တာလဲ၊ ရူးနေလား၊ အဖေကို တောင် သေနတ်နဲ့ပြန်ချိန်နေတယ်၊ ငရဲကြီးမှာ မကြောက်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေါက်ငမ်းလိုက်ရာ ချစ်စရာက

" မကြောက်ဘူးအဖေ၊ ကျုပ်ငရဲကြီးရင် ကြီးပါစေ၊ ပြည်လုံးကျော်ပတ္တမြားကြီးကို တိုင်းတစ်ပါးကို မရောက်ဖို့ ကျုပ်အစွမ်းကုန်ကြိုးစားမယ် "

ဟုပြောလေရာ မောင်မောင်စိုးက ဒေါသတကြီးဖြင့်

" ဟေ့ကောင်၊ မင်းလက်ထဲက သေနတ်ကို ချဆိုချလိုက်စမ်း "

ဟုအမိန့်ပေးလေ၏။ ချစ်စရာက နိုင်မာစွာဆုံးဖြတ်ပြီးဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

" မချဘူးအဖေ၊ အဖေသာ ပတ္တမြားကြီးကိုထားခဲ့ပါ၊ ပတ္တမြားကြီးကို ယူသွားရင် အဖေ့ကိုပစ်ရလိမ့်မယ် "

ဟုဆိုကာ သေနတ်မောင်းကို ဖြုတ်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ

" ဒီလိုမလုပ်နဲ့ငါ့မြေး၊ အဖေကိုပြန်သတ်ရင် ငါ့မြေးကံကြီးထိုက်မှာပေါ့ "

ဟူသောအသံကိုကြားလိုက်ရာ ၎င်းတို့အားလုံး အံ့ဩဟန်ဖြင့် ကြည့်လိုက်လေ၏။

ထိုအခါ ယောဂီဝတ်စုံဝတ်ဆင်ထားပြီး လက်ထဲတွင် ပုတီးကိုင်ထားသော အဘွားကြီးတစ်ယောက်ကိုတွေ့ရလေ၏။

ထိုအဘွားကြီးကိုမြင်သောအခါ မောင်မောင်စိုး၏မျက်လုံးပြူးသွားပြီး





" ဟင်... အမေ၊ အမေအိမ်ကထွက်သွားပြီး ဒီကိုရောက်နေတာကိုး "

ဟုပြောလိုက်လေ၏။

ထိုအဘွားကြီးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပျောက်ဆုံးသွားသော မောင်မောင်စိုး၏ မိခင်ကြီးပင်ဖြစ်၏။ အဘွားကြီးက မောင်မောင်စိုးလက်ထဲရှိ ပတ္တမြားကြီးကိုကြည့်၍

" လောဘသားတွေ... လောဘသားတွေ... ပြည်လုံးကျော်ပတ္တမြားကြီးနဲ့ပတ်သက်ပြီး ငါတို့မျိုးရိုးစဉ်ဆက် ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရတယ်၊ ဝမ်းနည်းကြေကွဲခဲ့ရတယ်၊ နာကြည်းမုန်းတီးခဲ့ရတယ်၊ ဒါတွေအားလုံးဟာ သံဝေဂယူစရာပဲ၊ အရှင်နှစ်ပါး ပါတော်မူတဲ့ညနန်းတွင်းမှာ ဗရုတ်ဗရက်ဖြစ်နေတုန်း နန်းတွင်းအပျိုတော်တစ်ဦးဖြစ်တဲ့ ငါ့အမေဟာ ပြည်လုံးကျော်ပတ္တမြားကြီးကို ခိုးယူပြီး အောက်ပြည်အောက်ရွာကို တိမ်းရှောင်ထွက်ပြေးခဲ့တယ်၊ အဲဒီတုန်းက ငါ့အသက်ဟာ ဆယ်ကျော်သက်အရွယ်ပဲရှိသေးတယ်၊ နောက်တော့ ငါဟာ ပဲခူးရိုးမထဲမှာ အမဲလိုက်လေ့ရှိတဲ့ မုဆိုးကြီး ဦးမာတင်နဲ့အကြောင်းပါခဲ့တယ်၊ ငါ့ယောကျ်ား လောဘအိုးကြီးမာတင်ဟာ ပြည်လုံးကျော်ပတ္တမြားကြီးအကြောင်းကိုသိတာနဲ့ ငါ့အမေကိုသတ်ပြီး ပတ္တမြားကြီးကို အရယူခဲ့တယ်၊ နောက်တော့ ဟော့ဒီကောင် လောဘသား မောင်မောင်စိုးကို မွေးခဲ့တယ်၊ မောင်မောင်စိုးဟာ ပြည်လုံးကျော်ပတ္တမြားကြီးအကြောင်းကိုသိတဲ့အခါ ဖခင်အရင်းဖြစ်တဲ့ မုဆိုးကြီးဦးမာတင်ကို သတ်ခဲ့တယ်၊

www.burmeseclassic.com



ဒါတွေကိုကြည့်ပြီး ငါဟာ သံဝေဂရပြီး၊ တရားဓမ္မလမ်းပေါ်ကို ရောက်ခဲ့တယ်၊ ဒါကြောင့် နင်တို့မသိအောင် ငါတစ်ယောက်တည်း ထွက်သွားခဲ့တာပဲ၊ ငါတို့မျိုးရိုးစဉ်ဆက် ပြည်လုံးကျော်ပတ္တမြားကြီးကြောင့် ဒုက္ခပင်လယ်ဝေခဲ့တယ်၊ အခု ငါ့မြေးလည်း ပြည်လုံးကျော်ပတ္တမြားအတွက် ဖခင်အရင်းကို သတ်ဦးမှာလား၊ အဇာတသတ်လိုသားမျိုး ဖြစ်ချင်လို့လား ''

ဟုပြောလိုက်ရာ ချစ်စရာသည် ခေါင်းထဲတွင် မူးမိုက်သွားပြီး ဖခင်ကို ချိန်ရွယ်ထားသော သေနတ်သည် လေးလံလာသယောင် ခံစားရ၏။

သူ၏ခေါင်းထဲတွင်လည်း အိုးထိန်းစက်ကဲ့သို့ ချာချာလည်နေ၏။ ဖခင်ကို ခွသံနတ်ဖြင့်ပစ်ရန်းနိုးဖြင့် ဝေခွဲမရ ဖြစ်နေ၏။

နောက်ဆုံးတွင် မျက်လုံးများပျာဝေလာပြီး သေနတ် မြေပြင်ပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျသွားလေ၏။

တစ်နေ့သ၌ ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော်ဝင်းအတွင်း ဘုရင်ခံကတော်ကြီး၏အသက် ငါးဆယ်ပြည့်နှစ်မြောက်မွေးနေ့ပွဲကို ခြိမ်းခြိမ်းသဲသဲကျင်းပရန် ပြင်ဆင်နေ၏။

ဘုရင်ခံကတော်ကြီးသည် သူမ၏ငါးဆယ်ပြည့်မြောက် မွေးနေ့ပွဲကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်ရန် ရည်ရွယ်၏။

ယခုနှစ်တွင် သူမ နှစ်ပေါင်းများစွာ လိုချင်တောင့်တခဲ့သော ဆန္ဒတစ်ခုပြည့်သွားသဖြင့် များစွာကျေနပ်နှစ်သိမ့်နေမိ၏။





သူမ၏သရဖူအတွက် လိုအပ်သောပတ္တမြားကြီးကို မြန်မာပိုင် ပြည်လုံးကျော်ပတ္တမြားကြီးဖြင့် ဖြည့်ဆည်းနိုင်သဖြင့် ဘုရင်ခံကတော်ကြီးသည် များစွာပျော်ရွှင်နေ၏။

ယနေ့ည သူမ၏မွေးနေ့ပွဲသို့ လာရောက်မည့်သူများသည် ပြည်လုံးကျော်ပတ္တမြားကြီးကို ရင်သပ်ရှုမော ကြည့်နေကြပေလိမ့်မည်။

ဘုရင်ခံကတော်ကြီးသည် မှန်ထဲတွင်မြင်ရသော သရဖူကြီးအားကြည့်၍ ပီတိများဖြာဝေနေတော့၏။ သူမ၏ သရဖူသည် အင်္ဂလန်ရှိ ဝိတိုရိယဘုရင်မကြီး သရဖူထက်ပင် ခမ်းနားကြီးကျယ်နေသယောင် ခံစားရ၏။

ယနေ့ညမွေးနေ့ပွဲသို့ ကြွရောက်လာသော လူကုံထံ ဧည့်ပရိသတ်များအားလုံး သူမ၏အလှကို အံ့မခန်း ချီးကျူးကြပေလိမ့်မည်။

သူမ၏ငါးဆယ်ပြည့်မြောက်မွေးနေ့ပွဲတွင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံလေမည်ဟု ထင်မြင်နေမိ၏။

ညနေသို့ရောက်သောအခါ ဘုရင်ခံအိမ်တော်ဝင်းတစ်ခုလုံးတွင် အိမ်တော်ရှိအစေခံများနှင့် မွေးနေ့ပွဲပြင်ဆင်နေသူများသည် မအားလပ်နိုင်အောင် အလုပ်ရှုပ်နေကြ၏။

အိမ်တော်၏ခြံအဝင် ပေါက်မှ ဆင်ဝင်ရှေ့အထိ လွန်စွာရှည်လျားသော ကော်ဇောနီကြီး တစ်ချပ်ကို ခင်းကျင်းထားလေ၏။

ထိုကော်ဇောမှ နင်းလျှောက်မည့်သူများသည် မျက်နှာဖြူ ထိပ်တန်းအရာရှိကြီးများပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်ဝင်းအတွင်းရှိ သစ်ပင်များအားလုံးကိုလည်း မီးထွန်းရန် မီးများသွယ်တန်းထားလေ၏။ ဧည့်သည်များကိုကျွေး မွေးရန် အိမ်တော်အတွင်းတွင်သာမက မြက်ခင်းပြင်ပေါ်တွင်လည်း စားပွဲခုံများ ခင်းကျင်းထားလေ၏။

အိမ်တော်ရှိအစေခံများသည် ခြံဝင်းထဲရှိ စားပွဲခုံကြီးများတွင် စားပွဲခင်းအဖြူရောင်များနှင့်အလှ ဆင်ပန်းအိုးကြီးများကို ပြင်ဆင်နေကြ၏။

မွေးနေ့ပွဲတွင် ကျွေးမွေးရန် ဂင်ဇာဟိုတယ်နှင့် ဂရင်းဟိုတယ်မှ စားဖိုမှူးများနှင့် စားပွဲထိုးများသည် ထိုနေ့မနက်မှာပင် စားဖိုဆောင်၌ ချက်ပြုတ်နေပြီဖြစ်သည်။

မွေးနေ့ပွဲ ကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ အိမ် တော်ရှိ တာဝန်ရှိသူများသည် ဟိုသည်ပြေးလွှားရင်း အလုပ်များ နေတော့၏။

ဘုရင်ခံကတော်ကြီး၏ မွေးနေ့ပွဲသည် ထိပ်တန်းမျက်နှာဖြူ အသိုင်းအဝိုင်းများအနက် အကြီးကျယ်ဆုံးမွေးနေ့ပွဲကြီးဖြစ်သည်။

ဧည့်သည်များ၏လုံခြုံရေးအတွက် အိမ်တော်လုံခြုံရေးတပ်သားများသာမက ရန်ကုန်မြို့တော်ရှိ ပုလိပ်များ၊ အင်းစိန်စီအိုင်ဒီရှိ စုံထောက်များ စသည်ဖြင့် စုံစုံညီညီရှိနေကြ၏။

ညမှောင်ရီသန်းစပြုသောအခါ ဧည့်သည်များ အိမ်တော်သို့ တဖွဲဖွဲရောက်ရှိလာ၏။ ဘုရင်ခံကတော်၏ ညီအစ်မများနှင့် ဆွေမျိုးများသည် ဧည့်သည်များကို ကြိုဆို၍ နေရာချထားပေးနေကြ၏။





ဘုရင်ခံကတော်ကြီးသည် ဧည့်သည်များ အတော်အတန် စုံလင်သောအခါမှပင် အိမ်တော်၏အပေါ်ထပ်မှ ဆင်းလာ၏။

ဘုရင်ခံကတော်ကြီးသည် လွန်စွာလှပသော အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမ၏ခေါင်းပေါ်ရှိ သရဖူမှာလည်း အရောင်တလက်လက် တောက်ပနေလေ၏။

ဘုရင်ခံကတော်ကြီးကို မြင်သောအခါ ပရိသတ်များသည် အားရသောအမူအရာဖြင့် လက်ခုပ်တီးယမ်းပြလေ၏။

ဘုရင်ခံကတော်ကြီးသည် ဧည့်သည်များအား လှိုက်လှဲပျူငှာစွာ အပြုံးဖြင့် လိုက်လံဧည့်ခံလေ၏။

မကြာမီ ဘုရင်ခံကြီးမှာလည်း အိမ်တော်အပေါ်မှ ဆင်းလာပြီး ဇနီးနှင့်အတူ လိုက်လံနှုတ်ဆက်လေ၏။

ဘုရင်ခံကတော်ကြီးသည် ဧည့်သည်များကို လိုက်လံနှုတ်ဆက်ရင်း စားပွဲဝိုင်းတစ်ခုသို့ရောက်သောအခါ ဧည့်သည်တစ်ဦးက သူမ၏သရဖူကိုကြည့်၍

" ဘုရင်ခံကတော်ကြီးရဲ့ သရဖူဟာ ပြည်လုံးကျော်ပတ္တမြားနဲ့ အလွန်လိုက်ဖက်ညီပါတယ် "

ဟုချီးမွမ်းလေ၏။ ဘုရင်ခံကတော်ကြီးက ခေါင်းညိတ်၍

" ပြည်လုံးကျော်ပတ္တမြားကြီးအတွက် ရှင့်ကိုကျေးဇူးတင် ပါတယ်၊ ဒီနေ့ဧည့်ခံပွဲကြီးပြီးရင် ရှင့်အတွက် ပေါင်တစ်သောင်းတန် ချက်လက်မှတ်ကို ပေးမှာပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဧည့်သည်က

" ကျေးဇူးတင်ပါတယ် ဘုရင်ခံကတော်ကြီးခင်ဗျာ "

ဟုပြောလေ၏။

ထိုဧည့်သည်သည် ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်၍ အမဲလိုက်သလို သဲကြီးမဲကြီး လိုက်တတ်သော မောင်မောင်စိုးပင်ဖြစ်၏။

မောင်မောင်စိုးသည် ဝီစကီကို တစ်ငုံမျှ သောက်ရင်း ပေါင်တစ်သောင်းတန်ချက်လက်မှတ်ကြီးအကြောင်းကို တွေးတောရင်း ပီတိဖြစ်နေလေ၏။

မကြာမီ မြန်မာပြည်၌ အချမ်းသာအကြွယ်ဝဆုံး သူဌေးသူကြွယ်ကြီးအဝကို ရောက်ရှိပေတော့မည်။ ဧည့်သည်များသည် ဧည့်ခံပွဲတွင်ကျွေးမွေးသော စားသောက်ဖွယ်ရာများကို စားသောက်ပြီးစီးသည်နှင့် ပီယာနိုသံနှင့်အတူ စုံတွဲအလိုက် ကကြလေ၏။

မောင်မောင်စိုးသည် မိမိနှင့်ကမည့်အဖော် မရှိသေးသဖြင့် ဝီစကီကိုသာ အရသာခံ၍ သောက်နေလေ၏။

ဘုရင်ခံကတော်ကြီးသည် မျက်နှာဖြူမိန်းမများနှင့်အတူ စားပွဲရှည်ကြီး တစ်ခု၏ထိပ်တွင်ထိုင်၍ ဧည့်ခံနေလေ၏။ မောင်မောင်စိုးသည် တစ်ကိုယ်တည်းဖြစ်နေသဖြင့် အနောက်တိုင်းတေးသွားနှင့် ကနေသောစုံတွဲများကို ငေးကြည့်နေလေ၏။

ထိုသို့ကြည့်ရှုနေရင်း မျက်နှာဖြူတစ်ဦးနှင့်ကနေသော မိန်းမတစ်ယောက်၏မျက်နှာကို မြင်သည်နှင့်အလွန်အံ့သြထိတ်လန့်ဟန်ဖြင့်





" ဟင်... ကေရီ... ကေရီ ပါလား၊ ဒီကောင်မ ဒီကိုဘာကိစ္စရောက်နေတာလဲ "

ဟုရေရွတ်နေလိုက်၏။

ကေရီသည် မျက်နှာဖြူတစ်ဦးနှင့်တွဲကနေရာမှ မောင်မောင်စိုးကို မြင်တွေ့သွားပြီး သူမ၏အကြံအစည်ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်၏။

ဘုရင်ခံကတော်ကြီးအနီးသို့ ကရင်းတိုးကပ်သွားရန် ကြံစည်နေစဉ် လူယုတ်မာမောင်မောင်စိုး သူမကိုတွေ့မြင်သွားချေပြီ။

ထိုအခိုက်မှာပင် မောင်မောင်စိုးသည် ထိုင်ရာမှ အလောတကြီးထ၍ အိမ်တော်လုံခြုံရေးအစောင့်များကိုခေါ်ပြီး သူမအား လက်ညှိုးညွှန်ပြနေလေသည်။

ကေရီသည် အချိန်ဆွဲရန် မဖြစ်နိုင်တော့ဘဲ ပြည်လုံးကျော်ပတ္တမြားကြီးကို ရယူရန်ဆုံးဖြတ်လိုက်လေတော့၏။

ထိုအခိုက်မှာပင် သူမနှင့်ယှဉ်တွဲကနေသော မျက်နှာဖြူက

" ဆွီတီ မင်းကိုကိုယ်ချစ်တယ် "

ဟုတီးတိုးပြောလေရာ ကေရီက 'တဈာရှး' ဟုရေရွတ်ပြီး မျက်နှာဖြူကို ဆောင့်တွန်းကာ ဘုရင်ခံကတော်ကြီးရှိရာသို့ လျင်မြန်စွာ ပြေးသွားလေ၏။

ကေရီ၏အမူအပြုကြောင့် ဧည့်ခံပွဲတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး အိမ်တော်လုံခြုံရေးအစောင့်များကလည်း ကေရီနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်ကြလေ၏။

လုံခြုံရေးအစောင့်တစ်ဦးသည် ကေရီပြေးရာလမ်းမှ ကာဆီး၍ ကေရီကို ဖမ်းဆီးရန်ကြိုးစား၏။ ကေရီသည် လုံခြုံရေး အစောင့်၏ ပေါင်ကြားကို ညာခြေဖြင့် တအားဆောင့်ကန်ပြီး ထွက်ပြေးခဲ့လေ၏။

လမ်းတစ်ဝက်မှာပင် အစောင့်နှစ်ဦးက သူမကို တားဆီးရန် ကြိုးစား၏။ ကေရီသည် အစောင့်တစ်ဦး၏မေးရိုးကို လက်သီးဖြင့် အားကုန်ထိုး၍ ကျန်တစ်ဦးအား တတောင်ဖြင့် ထိုးလိုက်၏။

ထို့နောက် စားပွဲဝိုင်းတစ်ခုကို လက်ဖြင့်ထောက်၍ ခုန်ပျံ လွှားလိုက်ပြီး ဘုရင်ခံကတော်ကြီး၏ စားပွဲရှည်ကြီးရှေ့သို့ရောက် သွားလေ၏။

ကေရီသည် ဘုရင်ခံကတော်ကြီးအနီးသို့ရောက်သွားသဖြင့် အိမ်တော်မှ လုံခြုံရေးအစောင့်များသည် အလွန်စိုးရိမ်သွားပြီး ကေရီရှိရာ သို့ အပြေးအလွှားရောက်ရှိလာ၏။

ကေရီသည် သူမအတွက် အလွန်အရေးကြီးနေသဖြင့် အရှိန်မသတ် နိုင်တော့ဘဲ စားပွဲရှည်ကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ ဘုရင်ခံ ကတော်ကြီးရှိရာသို့ စားပွဲရှည်ကြီးကိုနင်း၍ ပြေးလွှားခဲ့လေ၏။

ဘုရင်ခံကတော်ကြီးသည် စားပွဲရှည်ကြီးအတိုင်း ပြေးလွှား လာသော ကေရီကိုကြည့်၍ ထိတ်လန့်ဟန်ဖြင့် ထိုင်ရာမှ ကမန်းကတန်း ထရပ်လိုက်၏။

ထိုအချိန်တွင် ကေရီသည် သူမရှေ့သို့ရောက်ရှိလာပြီး





ခေါင်းပေါ်ရှိ သရဖူကို ဆွဲယူလိုက်ပြီး စားပွဲခုံပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ ကြမ်းပေါ်သို့ကျသွားလေ၏။ ကေရီသည် သရဖူလက်ထဲသို့ ရောက် သည်နှင့် ဘုရင်ခံအိမ်တော်မှထွက်ပြေးရန်လမ်းကို ရှာဖွေလေ၏။

ထိုအခိုက်မှာပင် ဘုရင်ခံကတော်ကြီးက

" သရဖူကြီးပါသွားပြီ လုပ်ကြပါဦး "

ဟုအော်ဟစ်အကူအညီတောင်းလေ၏။

ကေရီအနီးသို့ လုံခြုံရေးအစောင့်များ စုပြုံရောက်ရှိလာသဖြင့် ကေရီသည် အိမ်တော်၏လှေကားထစ်များအတိုင်း အပေါ်ထပ်သို့ တက်ပြေးလေ၏။

ထိုအခိုက်မှာပင် လှေကား၏အလယ်ဆင့်တွင် မောင်မောင် စိုးနှင့်ထိပ်တိုက်တွေ့ပြီး မောင်မောင်စိုးသည် ကေရီအား ဖမ်းဆီး ချုပ် နှောင်ရန် ကြိုးစားလေ၏။

ကေရီသည် မောင်မောင်စိုးကို အချိန်ဆွဲတိုက်ခိုက်ရန် မကြိုး ပမ်းတော့ဘဲ ခြေဖြင့်တစ်ချက်ပြီးတစ်ချက် ဆင့်ကန်လိုက်ရာ မောင် မောင်စိုးသည် လှေခါးထစ်များမှ နောက်ပြန်လန်ကျသွားလေ၏။

ကေရီသည် အိမ်တော်အပေါ်ထပ်သို့ ထွက်ပြေးရန် ကြိုးစား စဉ် အိမ်တော်အပေါ်ထပ်မှ လက်နက်ကိုင်အစောင့်များ ပြေးလွှား လာ၏။ ကေရီသည် လှေခါးအလယ်ဆင့်မှာပင် ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေလေ၏။

ကေရီသည် ရှုတ်တရက်အခက်အခဲကြုံသဖြင့် ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကစားလိုက်ရာ မျက်နှာကြက်တွင် ချိတ်ဆွဲထားသော မီးဆိုင်းကို မြင်တွေ့သွားပြီး ခိုဆွဲလိုက်ရာ ကေရီခန္ဓာကိုယ်သည် မီးဆိုင်းကြီးတွင် တန်းလန်းကြီးဖြစ်နေလေ၏။

ညစ်ခံပွဲတစ်ခုလုံး ပရိသတ်များလည်း ကေရီနှင့်လုံခြုံရေး တပ်သားများ၏ တိုက်ပွဲကြောင့် ဆူညံပွက်လောရိုက်ကာ အထိတ်တလန့် ဖအော် ဟစ်ပြေးလွှားနေလေ၏။

လုံခြုံရေးအစောင့်များသည် အိမ်တော်အပေါ်ထပ်သို့ ရောက်ရှိ သွားသဖြင့် ညာသံပေး၍ အိမ်တော်အပေါ်ထပ်သို့ လိုက်ရန် ကြိုးပမ်း ကြလေ၏။

ကေရီသည် လေ့ခါးဝရှိ စားပွဲခုံကြီးတစ်လုံးကိုမြင်၍ ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ စားပွဲခုံကြီးသည် လှေခါးမှ ပြုတ်ကျ သွားပြီး လုံခြုံရေးအစောင့်များ အထိနာသွားလေ၏။

ထိုအခိုက်မှာပင် ကေရီသည် အိမ်တော်အပေါ်ထပ်တွင် ပြေး လွှားပြီး လွတ်မြောက်ရန် လမ်းစကိုရှာဖွေလေ၏။

အိမ်တော်ကြီးသည် အဆောင်အခန်းများပြားလှသဖြင့် လွတ် မြောက်ရန် ခက်ခဲလှ၏။ လုံခြုံရေးအစောင့်များလည်း တစ်ခန်းဝင် တစ်ခန်းထွက် သူ့မနောက်သို့ လိုက်လံရှာဖွေနေ၏။

ကေရီသည် ပြေးလွှားရင်း အိမ်တော်၏အနောက်ဖက်ဆုံးသို့ ရောက်ရှိသွားလေ၏။ အိမ်တော်၏အနောက်တွင် သန့်ရှင်းရေး ပြု လုပ်နေသော မြန်မာလူမျိုး အစေခံမိန်းကလေးနှစ်ဦးရှိ၏။





ကေရီက မိန်းကလေးနှစ်ဦးကိုကြည့်၍

" မြန်မာလူမျိုးအချင်းချင်း ရိုင်းပင်းကူညီချင်တဲ့စိတ်ရှိရင် အစ်မကို တစ်ခုကူညီပါ၊ အိမ်တော်က ထွက်ပြေးမဲ့ ကုန်းပေါက် ဘယ်မှာရှိလဲ "

ဟု မေးမြန်းလေရာ မျိုးချစ်စိတ်ရှိသော အမျိုးသမီးတစ်ဦးက

" အိမ်တော်အနောက်က ကြောင်လိမ်လှေခါးပေါက်ရှိတယ်၊ အစ်မကို ကျွန်မပြမယ် "

ဟု ဆိုကာ အိမ်တော်၏အနောက်သို့ ခေါ်ဆောင်သွားပြီး သံတံခါးတစ်ခုကို ဖွင့်ပြလေ၏။ ထိုအခါ အိမ်တော်၏အနောက်သို့ ဆင်းသော ကြောင်လိမ်လှေခါးကို တွေ့လေ၏။

ကေရီသည် မိန်းကလေးအား ကျေးဇူးတင်စကားပြော၍ ကြောင်လိမ်လှေခါးမှ လျင်မြန်စွာ ပြေးဆင်းလေ၏။

မြေပေါ်သို့ ရောက်သောအခါ မမျှော်လင့်ဘဲ သူမ၏အနီးသို့ ပုလိပ်များ ရောက်ရှိလာပြီး သူမကို ဖမ်းဆီးရန် ကြိုးပမ်းပြန်၏။

ကေရီသည် ပုလိပ်နှစ်ဦးကို တိုက်ခိုက်လိုက်ပြီး သူမကို သေနတ် ဖြင့် ပစ်ခတ်ရန်ကြံလေသော ပုလိပ်အား ခါးကြားမှ ဓားမြှောင်ကိုထုတ်၍ ရိုက်လိုက်ရာ ပုလိပ်၏သေနတ်လွင့်ထွက်သွားလေ၏။

ကေရီသည် အချိန်မဆွဲတော့ဘဲ အိမ်တော်အနောက်ဘက်ရှိ ခရေပင်များကို ဖြတ်သန်း၍ အုတ်တံတိုင်းရှိရာသို့ ပြေးလေ၏။

ထို့နောက် အုတ်တံတိုင်းကို ကြိုးဖြင့်မစ်၍ ကျော်လွှားရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေစဉ် သူမအနီးသို့ လုံခြုံရေးအစောင့်များနှင့် ပုလိပ်များ ရောက်ရှိလာပြီး သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်လေ၏။

ကေရီသည် အုတ်တံတိုင်းပေါ်သို့ ခုန်လွှားတက်လိုက်ပြီး အပြင်သို့ ခုန်ချလိုက်လေ၏။ အိမ်တော်အတွင်း ဖြစ်ပွားခဲ့သော မှုခင်းများကြောင့် အိမ်တော်အပြင်ဘက်တွင် ပုလိပ်များ လုံခြုံရေး အစောင့်များနှင့် ခြေခြင်းလိမ်နေတော့၏။

ကေရီသည် အိမ်တော်အပြင်သို့ရောက်သည်နှင့် မိမိ ကိုယ်ကို ရုပ်ပြောင်းရုပ်လွှဲပြုလုပ်ရန် ကြိုတင်ပြင်ဆင်ထားသော နေရာသို့ ပြေးလွှားလေ၏။

ကေရီသည် ပြေးလွှားရင်း သူမ၏အပေါ်အင်္ကျီကို ချွတ်၍ လွှင့်ပစ်လိုက်ရာ အင်္ကျီအောက်တွင် ခံဝတ်ထားသော ပဖုံမာ အင်္ကျီ အနွမ်းလေးအဖြစ် ပြောင်းလဲသွားလေ၏။

ထို့နောက် သူမ၏ဂါဝန်ကိုချွတ်၍ လမ်းဘေးချုံပုတ်ထဲသို့ ပစ်လိုက်၏။ ထိုအခါ ဂါဝန်အောက်ခံဝတ်ထားသော သရက်ထည် လုံချည် အနွမ်းလေးကို တွေ့ရ၏။

ကေရီသည် ဘုရင်ခံ၏အိမ်တော်နှင့် မလှမ်းမကမ်းရှိ တိုက်အိုကြီးတွင်ဖွက်ထားသော တောင်းကလေးကိုယူ၍ ခေါင်းပေါ်သို့ ရွက်လိုက်ပြန်၏။

သူမ၏ခြေထောက်တွင် စီးထားသော အဖြူရောင်လေဒီရှူးဖိနပ်လေး လည်း တိုက်အိုကြီး၏အနီးရှိ မြောင်းထဲသို့ ရောက်ရှိ





သွားပြီဖြစ်၏။

ထိုအခါ သူမ၏ပုံသဏ္ဌာန်သည် ဆင်းရဲနွမ်းပါးသော ဈေးသည်လေးတစ်ဦးနှင့် ခွဲမရအောင် တူသွားလေ၏။ သူမ၏ခေါင်း ပေါ်ရှိ တောင်းထဲတွင် အသင့်ပြုလုပ်ထားသော မုန့်ဖက်ထုပ်များလည်းရှိ၏။

ကေရီသည် မုန့်ဖက်ထုပ်တောင်းကို ရွက်ရင်း

" မုန့်ဖက်ထုပ် ပူပူနွေးနွေးလေးရမယ် "

ဟု အော်ဟစ်လိုက်လေ၏။

ထိုအချိန်တွင် အိမ်တော်မှလုံခြုံရေးအစောင့်များ အင်းစိန်စီအိုင်ဒီမှ စုံထောက်များသည် ခရာများကိုမှုတ်၍ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် အိမ်တော်ပတ်ဝန်းကျင်အနှံ့ သူမကို လိုက်လံရှာဖွေနေ၏။

ကေရီသည် မုန့်ဖက်ထုပ်တောင်းလေးကို ရွက်ရင်း ထိုနေရာသို့ ဣန္ဒြေရရ လျှောက်လှမ်းသွားလေ၏။ သူမသည် လက်နှိပ် ဓာတ်မီးတဝင်းဝင်းဖြင့် အရှေ့မှပြေးလာသော ပုလိပ်များကို ကြည့်၍

" မုန့်ဖက်ထုပ် ပူပူနွေးနွေးလေး "

ဟု အော်ဟစ်လိုက်လေ၏။

ပုလိပ်များသည် သူမကို သံသယမရှိဘဲ ကျော်လွှားသွားလေ၏။ အိမ်တော်အနီးသို့ ရောက်သောအခါ ခြံဝန်းတစ်ခုလုံး မီးမောင်းများဖြင့် လင်းနေကြောင်း တွေ့ရ၏။

ထိုအချိန်တွင် အိမ်တော်ခြံဝန်းအနီးတွင် မောင်မောင်စိုးနှင့်

www.burmeseclassic.com



အင်းစိန်နီအိုင်ဒီမှ စုံထောက်ကြီးများသည် ကေရီကို ဖမ်းမိနိုင်ရန် အတွက် အရေးတကြီး တိုင်ပင်ဆွေးနွေးကြ၏။

ကေရီသည် ဆောက်တည်ရာမရဖြစ်နေသော မောင်မောင် စိုးကိုကြည့်၍ ပြုံးလိုက်ပြီး မုန့်ဖက်ထုပ်တောင်းကိုရွက်၍ အနီးသို့ ရောက်သွားလေ၏။

မောင်မောင်စိုးအနီးသို့ရောက်သောအခါ ကေရီက

" မုန့်ဖက်ထုပ်စားပါဦးလား အစ်ကိုကြီး "

ဟု ပြောလိုက်ရာ မောင်မောင်စိုးက ဒေါသတကြီးဖြင့်

" ရင်ထဲမှာ မီးတောက်နေရတဲ့အထဲ ဘာတွေလာပြောနေ တာလဲ၊ မစားဘူးကွာ... မစားဘူး "

ဟု အော်ဟစ်မောင်းထုတ်လေ၏။

ထို့နောက် မောင်မောင်စိုးနှင့် စုံထောက်များသည် ကေရီ ထွက်ပြေးရာ အရပ်သို့ အလောတကြီး ပြေးလွှားသွားလေ၏။

ကေရီသည် လောဘဇောကပ်နေသော မောင်မောင်စိုးနှင့် စုံထောက်များ ထွက်သွားသောအခါ မုန့်ဖက်ထုပ်တောင်းအတွင်း ရှိ ပြည်လုံးကျော်ပတ္တမြားကြီးကို ဆုပ်ကိုင်၍ အားရကျေနပ်ဟန်ဖြင့် တဟားဟားရယ်မောလိုက်လေတော့၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ



www.burmeseclassic.com